
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

| | |
|---|---|
| **ဒို့တာဝန်အရေးသုံးပါး** | |
| ❂ ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| ❂ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| ❂ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ❂ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❂ နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❂ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❂ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- ❂ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❂ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❂ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❂ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- ❂ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❂ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❂ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❂ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လက်ဝယ်၌ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- ❂ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❂ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❂ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❂ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၃ / ၂၀၀၃ ( ၁ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၁၄/၂၀၀၂ ( ၁၂ )

ပုံနှိပ်ခြင်း
၂၀၀၃-ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၆၅၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကောနိုင် (၀၁၆၉၂)
ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ
ဦးညွန့်ဝေ (၀၄၄၂၈)
ပြုံးပန်းတစ်ရာပုံနှိပ်တိုက်
၃၉၊ ကွင်းကျောင်းလမ်း
အလုံ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ
ဖုန်း - ၂၄၄၃၆၀

BURMESE CLASSIC .com

www.burmeseclassic.com

# မိုးဝေ

## ဖဆောဝင်ရင်

BURMESE CLASSIC .com



www.burmeseclassic.com

အခန်း ( ၁ )

# တစ်ကိုယ်တော်မတောရင်

တစ်နေ့သ၌ ရန်ကုန်မြို့ ကုက္ကိုင်းဘက်ရှိ 'ရွှေဂဲ' အမည်ရှိ အထည်စက်ရုံကြီးတစ်ရုံ၏ အရိပ်တွင် လူငါးယောက်တို့သည် စကား လက်ဆုံကျလျှက်ရှိ၏။ ထိုငါးယောက်အနက် တစ်ယောက်သောသူသာ လျှင် ယောကျ်ားဖြစ်ပြီး ကျန်လေးယောက်မှာမူ မိန်းမများဖြစ်ကြကုန် ၏။ ယောကျ်ားဖြစ်သောထိုသူမှာ ရွှေဂဲစက်ရုံသူဌေး၏ ကားကိုမောင်းရ သော ဒရိုင်ဘာကိုသန်းမောင်ဆိုသူဖြစ်၏။ မိန်းမလေးယောက်အနက် သုံးယောက်မှာ စက်ရုံ အလုပ်သမားများဖြစ်ကြကုန်၏။ ကျန်တစ်ယောက် မှာမူ မကြာသေးမီအချိန်ကမှ အလုပ်ခန့်ထားခြင်းခံရသော စက်ရုံစာရေး မကလေး မမြတ်လှဖြစ်၏။ ၎င်းတို့ငါးယောက်သည် စက်ရုံ၏အရိပ်



BURMESE CLASSIC .com

www.burmeseclassic.com


တွင်ခို၍ပါလာသောထမင်းဘူး၊ ထမင်းချိုင့်များကိုဖွင့်ကာ နံနက်စာ စားသောက် နေကြခြင်းဖြစ်၏။ ထမင်းစားပြီးသောအခါ၌ ထမင်းဘူးများ၊ ချိုင့်များကို ဆေးကြောပြီးနောက် စက်ရုံအတွင်းသို့ မဝင်ကြသေးဘဲ ရောက်တတ်ရာရာစကားများကို ပြောဆိုနေကြခြင်းဖြစ်၏။

"ဒီမှာ ကိုသန်းမောင်ရဲ့ ...၊ အိမ်ကြီးမှာ မအောင်ရင်ကြီးတစ်ယောက် ပြန်ရောက်နေပြီဆို"ဟု အလုပ်သမားတစ်ဦးဖြစ်သော မကုလားမဆိုသူက မေးလိုက်ရာ ဒရိုင်ဘာကိုသန်းမောင်ဆိုသူက–

"အဲဒါကို ပြောမလို့ပေါ့မကုလားမရဲ့၊ မအောင်ရင် ပြန်ရောက်နေပြီ မနေ့ညက ပြန်ရောက်တာ၊ ကျုပ်ကိုတောင် ခေါင်းခေါက် လွှတ်လိုက်သေးတယ် ..."ဟု ပြန်၍ပြော၏။

"နေစမ်းပါဦးတော် ... ဒီမိန်းမကြီး ပိန်သွားသလား၊ ဝလာသလား ..."ဟု အလုပ်သမားတစ်ဦးဖြစ်သော သန်းသန်းဆိုသူက လည်းမေး၏။

"ဒီမှာ သန်းသန်းရဲ့၊ ပိန်လည်းမပိန်ဘူး၊ ဝလည်းမဝဘူး၊ နဂိုအတိုင်းပဲ ...၊ တစ်ခုတော့ရှိတယ်၊ အသားနည်းနည်းညိုသွားတယ် ..." ဟု ကိုသန်းမောင်က ပြန်၍ပြောလေ၏။ ထိုအခါ မခင်သိန်းဆိုသော အလုပ်သမက–

"မအောင်ရင်ကြီးနဲ့ တွေ့ချင်လိုက်တာ၊ ဘာပဲဖြစ်ဖြစ် ဒီညနေ အလုပ်ဆင်းရင်တော့ အိမ်မပြန်သေးဘဲ အိမ်ကြီးကိုသွားမယ်၊ မအောင်ရင်ကြီးနဲ့ တွေ့ဖြစ်အောင်ကိုတွေ့မယ်၊ မတွေ့ရမချင်း ပြန်ကိုမပြန်ဘူး..." ဟု ဆုံးဖြတ်ချက်ချသောလေသံဖြင့် ပြောလိုက်လေ၏။

"အောင်မလေး ... ခင်သိန်းရယ်၊ နင်တစ်ယောက်တည်း


BURMESE CLASSIC .com

ကြိမ်းမနေပါနဲ့ ငါတို့လည်းဒီအတိုင်းပါပဲ၊ မအောင်ရင်ကြီးနဲ့မတွေ့ရရင် မပြန်ဘူးဟေ့. . ."ဟုမကုလားမကအော်ဟစ်ကာပြောလိုက်လေ၏။

ထိုအခါ တစ်ချိန်လုံး ဟိုလူ့မျက်နှာကြည့်လိုက်၊ ဒီလူ့မျက်နှာကြည့်လိုက်၊ ဟိုလူပြောသည်ကို နားထောင်လိုက်၊ ဒီလူပြောသည်ကို နားထောင်လိုက်လုပ်နေသော စာရေးမလေး မမြတ်လှက–

"အစ်မတို့ပြောနေတဲ့ မအောင်ရင်ကြီးဆိုတာက ဘယ်သူလဲ" ဟု မေးလိုက်ရာ မကုလားမက

"မအောင်ရင်ဆိုတာ တခြားလူမဟုတ်ဘူးဟေ့ . . .၊ ငါတို့ စက်သူဌေးဦးမြို့၊ ဒေါ်ခင်မမတို့ရဲ့အိမ်မှာ အိမ်ဖော်လုပ်ရတဲ့ မိန်းမ တစ်ယောက်ပါ။ ဒါပေမဲ့ ငါတို့က သူ့ကို သိပ်ပြီးချစ်တယ်၊ သိပ်ပြီးလည်း လေးစားတယ်၊ သူ့အသက်က ၃၆ နှစ်ပဲရှိသေးတာ၊ သူ ဒီမှာရှိရင် တစ်ပတ်ကို နှစ်ရက် လောက်ရောက်လာတယ်၊ သူဌေးရုံးခန်းကို ရှင်းလင်းပေးရတယ်. . ." ဟု ရှင်းပြလိုက်လေ၏။

"နေပါဦး အစ်မရဲ့၊ အဲဒီ မအောင်ရင်ကြီးက ဘယ်ရောက်သွားလို့တုံး. . ."ဟု မြတ်လှက မေးလိုက်ပြန်ရာ မခင်သိန်းက–

"အရမ်းတွေလျှောက်ပြီး ပြောမနေနဲ့ဦး . . . ကုလားမရေ၊ မြတ်လှက ညည်းတို့ ငါတို့လို အလုပ်သမမဟုတ်ဘူးနော်၊ သူက သူဌေးဦးမြို့ရဲ့ တူမဆိုတာလည်း မမေ့နဲ့ဦး..." ဟု သတိပေးလိုက်ရာမြတ်လှက–

"မခင်သိန်းကလည်းသူဌေးတူမ ဆိုပေမဲ့ ငရုတ်သီး ဆယ်တောင့်စားမှ တစ်တောင့်စပ်တာမျိုးကပါ၊ ဘကြီးမြို့ရဲ့ ညီမနှစ်ဝမ်းကွဲက မွေးတာဆိုတော့ တူမလို့တောင်ပြောလို့မရပါဘူး၊ နေရတာလည်း အိမ်ပေါ်မှာ နေရတာမဟုတ်ပါဘူး၊ အစေခံတန်းလျားမှာနေရတာ"ဟု ပြန်၍

ပြောလိုက်ရာ မကုလားမက

"သူဟာသူ နှစ်ဝမ်းကွဲတူမပဲဖြစ်ဖြစ်၊ တူမအရင်းပဲဖြစ်ဖြစ် အရေးစိုက်စရာမလိုဘူး၊ ပြောစရာရှိတာတော့ ပြောရမှာပဲ၊ အမှန်ကိုပဲပြောမှာ" ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မခင်သိန်းက–

"ကဲ . . . ပြောတော့ပြောတော့၊ ကြိုက်သလိုပြောတော့ . . ." ဟု ပြန်၍ပြောလေ၏။ ထိုအခါ မကုလားမက နှုတ်ခမ်းကို လျှာဖြင့် လျက်လိုက်ပြီး–

"မအောင်ရင်ကြီးက သူဌေးအိမ်မှာ တစ်လကို ၅၀ နဲ့အလုပ်လုပ်ရတာ၊ တစ်နှစ်စာကိုအပြီး စာချုပ်နဲ့ယူပြီးလုပ်တာ၊ တစ်နှစ်ပြီးတစ်နှစ် စာချုပ်နဲ့ အလုပ်လုပ်လာတာ သုံးနှစ်ရှိပြီ၊ သူဌေးရဲ့ သမီးအကြီး မိမိကြီးက အလိုမကျလို့ အိမ်မှာမထားဘဲ မှော်ဘီက ခြံကြီးထဲမှာ ခြံစောင့်အဖြစ်သွားနေရတာ . . ." ဟု ပြောလိုက်လျှင် မြတ်လှက–

"မိန်းမတစ်ယောက်ကို ခြံစောင့်ထားတယ်လို့ မကြားဖူးပါဘူး၊ ယောကျ်ားတွေပဲ လုပ်ရတာမဟုတ်လား အစ်မရဲ့ . . ." ဟု ပြန်၍မေးလိုက်ရာ

"အေးဟုတ်တယ်၊ မအောင်ရင်ကြီးကိုတော့ အဲဒီခြံထဲမှာ တစ်ယောက်တည်း သွားထားတာ၊ မှော်ဘီဆိုပေမဲ့ မြို့ပေါ်မှာ မဟုတ်ဘူး၊ တောပိုင်းမှာ မီးလည်းမရှိဘူး၊ ရေလည်းမရှိဘူး၊ ခြံဆိုပေမဲ့ ကာရံထားတာ မဟုတ်ပါဘူး၊ တကယ့်တောကြီးပဲ၊ တော်ရုံတန်ရုံ ယောကျ်ားတောင် အဲဒီခြံ ကြီးထဲမှာ ညအိပ်ဝံ့မှာမဟုတ်ဘူး၊ သက်သက် ယုတ်မာနှိပ်စက်တာပဲ" ဟု မကုလားမကပြောလေ၏။ ထိုအခါ ဒရိုင်ဘာကိုသန်းမောင်ဆိုသူက

"ခြံကြီးက သုံးကေလောက်ရှိမယ်ဗျ၊ မရမ်းပင်တွေ၊ သီဟိုဠ်ပင်


BURMESE CLASSIC .com

တွေ့အုပ်ဆိုင်းနေတာပဲ၊ ကျုပ်ဖြင့် နေ့ခင်းတောင် မနေဝံ့ပါဘူးဗျာ၊ မိမိကြီး သဘောက မနေနိုင်လို့ မနေဝံ့လို့ ထွက်ပြေးချင်လည်းပြေးဆိုတဲ့ သဘော မျိုးနဲ့ထားတာ၊ ဒါပေမဲ့ ကျုပ်တို့ မအောင်ရင်ကြီးက မပြေးဘူး ဗျာ၊တကယ့်သတ္တိခဲမကြီးပဲ၊ အဲဒီမှာနေတယ်၊ သူ့ကိုထားပြီး လေးလလောက်ကြာတဲ့ အခါမှာကျုပ်နဲ့ သူဌေးဦးမြို့ အဲဒီခြံကို တစ်ခေါက်ရောက်တယ်၊ ဝါးတွေခုတ်ပြီး ခြံတောင်ကာထားသေးတယ်၊ ဝါးတဲလေးတစ်လုံးလည်း ထိုးထားပြီးပြီ၊ကွတ်ကွတ်ရွှတ်ရွှတ်လေးဗျာ၊ တဲလေးကလှမှလှ၊ အဲ...ပြော ရဦးမယ်၊ ရေတွင်းလည်း တူးထားပြီးပြီဗျို့၊ အခင်း လေး လုပ်ထားပြီး ပူစီနံတို့ ဂေါ်ဖီထုပ်တို့ ကြက်သွန် တို့တောင် စိုက်ထားတယ်၊ သူတို့ မအောင်ရင်ကြီးကို ထားခဲ့တုန်းက စားဖို့သောက်ဖို့ ဘာမှစီစဉ်မပေးခဲ့ဘူး၊ မအောင်ရင်ကြီးက သူ့ဟာသူ ကြိုးပမ်းယူရတာ၊ ကျုပ်ကိုတောင် ထမင်းကျွေးလိုက်သေးတယ်၊ သီဟိုဠ် သီးနဲ့ ငါးကွင်း ရှပ်ခြောက်ချက်ထားတာဗျာ၊ စားလို့ ကောင်းလိုက်တာ မပြောပါနဲ့တော့၊ ပြီးတော့ မအောင်ရင်ကြီးက ငါးပိအိုးတွေဘာတွေ သိပ်ထားသေးတယ် ဗျ...'' ဟု အားရပါးရပြောလေ၏။

''နေစမ်းပါဦး ...ဦးသန်းမောင်ရယ်၊ အဲဒီ မအောင်ရင်ကြီးကို သွားပြီးထားတာ စားဖို့သောက်ဖို့ ဘာမှမပေးခဲ့ဘူးဆိုတော့ အစဦးဆုံး ရက်တွေမှာ အဲဒီ မအောင်ရင်ကြီး ဘယ်လိုစားသောက်နေထိုင်သလဲ'' ဟု မြတ်လှက မေးလိုက်လေ၏။

''အဲဒါလည်း ငါ သိချင်တဲ့ကိစ္စပဲ၊ အဲဒါလည်း ငါ မအောင်ရင်ကြီး ကို မေးကြည့်တယ်၊ မအောင်ရင်နေတဲ့ခြံနဲ့ သိပ်မဝေးတဲ့နေရာမှာ တောင်ကုန်းလေးတစ်ကုန်းရှိတယ်၊ စေတီဟောင်းတစ်ဆူလည်း

ရှိတယ်၊ အဲဒီစေတီနားမှာ တောရကျောင်းလေး တစ်ကျောင်းရှိတယ်၊ ဘုန်းကြီးအိုကြီးတစ်ပါး တောရဆောက်တည်နေတယ်၊ အဲဒီဘုန်းကြီး အိုကြီးဆီသွားပြီးအကျိုးအကြောင်းလျှောက်ထားပြီး ဆွမ်းကျန်ဟင်း ကျန်လေးတောင်းပြီးစားရတယ်၊အဲဒီဘုန်းကြီးအိုကြီးဆီကပဲခါးမတွေ့၊ ပေါက်တူးတွေငှားတယ်၊ ပြီးတော့ ခြံကိုရှင်းတော့တာပဲ၊ အဲဒီဘုန်းကြီး အိုကြီးက သူဆွမ်းခံတဲ့ ကုလားကြီးကုန်း ဆိုတဲ့ရွာက ဒေါ်ဒွေးဖြူဆိုတဲ့ ဆွေမရှိမျိုးမရှိအဒေါ်ကြီးတစ်ယောက်ကို မအောင်ရင်ကြီးနဲ့သွားနေဖို့ ပြောပေးတယ်၊ အဲဒီ ဒေါ်ဒွေးဖြူက မအောင်ရင်ကြီးနဲ့ သွားပြီးနေပေးတယ်၊ ရွာနီးချုပ်စပ်မှာရှိတဲ့ ဘုန်းကြီးရဲ့ ဒကာအချို့ကလည်း မအောင်ရင်ကြီးကို ဝိုင်းပြီး ကူညီကြပါတယ်၊ နောက်တော့လည်း မအောင်ရင်ကြီးရဲ့စိုက်ခင်းက ဟင်းသီးဟင်းရွက်တွေ ထွက်လာတော့ မအောင်ရင်ကမနက်ဆို မှော်ဘီ ဈေးမှာ သွားရောင်းတယ်၊ အဲဒီကရတဲ့ငွေနဲ့ဆန်လေးဘာလေးဝယ်ပြီး ဒေါ်ဒွေးဖြူနဲ့နှစ်ယောက် စားသောက်ကြတာပေါ့၊စားသောက်တဲ့အပြင် အဲဒီဘုန်းကြီးအိုကြီးကိုတောင် ဆွမ်းလောင်းနိုင်သေးတယ်၊ အစပထမမှာ တော့ဘုန်းကြီးကျောင်းက ရေကိုအိုးနဲ့သွားရွက်ပြီး သုံးရတယ်၊နောက် တော့ရေတွင်းကို ကိုယ်တိုင်တူးတယ်၊လက်ခုပ်တစ်ဖောင်လောက် တူးမိတော့မှ ဘုန်းကြီးရဲ့ဒကာတွေသိလို့ ကူညီပြီးတူးပေးကြတယ်''ဟု ဒရိုင်ဘာ ကိုသန်းမောင်က စိတ်အားတက်ကြွစွာပြောပြလေ၏။

''အမလေး . . .ဦးလေးကိုသန်းမောင်ရယ် ကျွန်မသာ အဲဒီ မအောင်ရင်ကြီးလို တစ်ယောက်တည်း နေရမယ်ဆိုရင် သရဲကြောက်တာ နဲ့ သေမှာပဲ''ဟု မြတ်လှကပြောလိုက်ရာ–

''သရဲလည်း ကြောက်ရမှာပဲ၊ မြွေကလည်း အလွန်ပေါတယ်၊


BURMESE CLASSIC .com

ပြီး တော့ မိန်းမသားတစ်ယောက်အဖို့ မလွယ်ပါဘူးကွယ်၊ အဲဒါကြောင့် ဦးလေးက 'မအောင်ရင်ကြီး...၊ လူဆိုးလူမိုက်ရောက်လာပြီး ခင်ဗျားကို မတော်မတရားလုပ်မှာ မကြောက်ဘူးလား' လို့ မေးတော့ သူက ခါးကြား ထဲမှာ ဓားအိမ်နဲ့ထည့်ထားတဲ့ ဓားမြှောင်ကို ဆွဲထုတ်ပြတယ်၊ အတော့်ကို သတ္တိကောင်းတဲ့ မအောင်ရင်ကြီးပါပဲ...''ဟု ပြောလိုက်ရာ စိတ်ဝင်စားစွာ နားထောင်နေသော မြွတ်လှက မျက်လုံးပြူး၍ပြလေ၏။ ထိုအခါ၌ ကိုသန်းမောင်ကြီးက–

''သူဌေးဦးမြို့လည်း မအောင်ရင်ကြီးကို အတော့်ကို အံ့ဩနေ တယ်၊ မအောင်ရင်ကြီးက ညည်းညူတဲ့စကားတွေ ပြောလိမ့်မယ်လို့ဦးမြို့ က ထင်ထားတာ၊ မအောင်ရင်ကြီးက အဲဒီလို သူ့ကိုပို့ထားတာကို နှိပ်စက် တယ်လို့တောင်မထင်ဘူး၊ အပန်းဖြေဖို့ ပို့ထားတယ်တောင် အောက်မေ့ နေသလား မဆိုနိုင်ဘူး၊ ပြန်တဲ့အခါမှာ ကားပေါ်ကို ငှက်ပျောတစ်ခိုင်၊ မချစ်စု သရက်သီးအလုံးငါးဆယ်၊ ဂေါ်ဖီထုပ် ငါးထုပ်၊ ပူစီနံ၊ သီဟိုဠ်စေ့ လျော်တစ်ထုပ် တင်ပေးလိုက်သေးတယ်၊ အဲဒီအခါမှာ ဦးမြို့က 'ဟဲ့ အောင်ရင် နင်ဘာဖြစ်လို့ ဒီလောက်ကြိုးကြိုးစားစား စိုက်လားပျိုးလား လုပ်နေရတာတုံး' လို့မေးတော့ မအောင်ရင်ကြီးက 'လူတွေစားဖို့ပေါ့..' လို့ ပြန်ပြီးဖြေတယ်၊ 'နင့် ငှက်ပျောသီးတွေကလည်း ကောင်းလိုက်တာ၊ အဲဒီ ငှက်ပျောခိုင်တွေကိုညဘက်သူခိုးလာခိုးရင် ဘယ်နှယ့်လုပ်မလဲ' လို့ ဦးမြို့က မေးတော့ မအောင်ရင်ကြီးက 'သူခိုးလာခိုးရင် အဲဒီသူခိုး ငှက်ပျော သီးစားရတာပေါ့၊ သူခိုးမယားလည်းစားရတာပေါ့၊ သူခိုးရဲ့ သားသမီး လေးတွေလည်း ဝဝစားရတာပေါ့၊ စောစောက ကျွန်မပြောတဲ့ လူတွေ စားရတာပေါ့လို့ဆိုတဲ့ စကားဟာ လာပြီးခိုးမယ့် သူခိုးနဲ့ သူ့မိသားစု


BURMESE CLASSIC .com

လည်းပါတယ်. . .’လို့ ပြန်ပြောတယ်ဟေ့၊ အဲဒီမှာ ဦးမြို့လည်း ဘာမှ မပြောနိုင်တော့ဘဲ ပြန်လာရတော့တာပဲ၊ ကားပေါ်ရောက်တော့ စကား တစ်ခွန်းတော့ပြောတယ်၊ ‘ဒီမိန်းမဟာ ထူးတော့ထူးတယ်၊ သာမန် မိန်းမ စားမျိုးတော့ မဟုတ်ဘူး’လို့ ပြောတယ်. . .”ဟု ရှည်လျားစွာ ပြောပြ လေ၏။ ထိုအချိန်၌မှာပင် မကုလားမက–

“ဟောတော်. . .အသက်ရှည်ဦးမယ်၊ သူ့အကြောင်းပြောနေ တုန်း ဟောဟိုမှာ မအောင်ရင်ကြီး မဟုတ်လား . . .”ဟု ပြောလိုက်လျှင် ကျန်လူ အားလုံးတို့သည် စက်ရုံဝင်ပေါက်တံခါးဆီသို့ လှမ်းမျှော်၍ ကြည့်ရှုလိုက်ကြရာ အရပ်မြင့်မြင့်၊ ထောင်ကောင်းကောင်း၊ ထောင်ထောင် မောင်းမောင်း၊ ဖျင်ကြမ်းလုံချည်အနက်၊ ဖျင်ကြမ်းအင်္ကျီအနီရဲရဲကို ဝတ် ဆင်ထားသော မအောင်ရင်ကို ဖျင်တဘက်လေး ပုခုံးပေါ်တွင်တင်၍ အေးချမ်းစွာ (သို့မဟုတ်) အကြောင့်ကြမဲ့စွာ လျှောက်လှမ်းလာသည်ကို တွေ့မြင်ကြရလျှင် ဒရိုင်ဘာကိုသန်းမောင်၊ မကုလားမ၊ သန်းသန်း၊ မခင်သိန်းတို့သည် မအောင်ရင်ထံသို့ ပြေးသွားကြလေ၏။ မြတ်လှလည်း နောက်မှ အပြေးအလွှားလိုက်သွားရလေ၏။ မကုလားမ၊ သန်းသန်း၊ မခင်သိန်းတို့သည် မအောင်ရင်၏အနီးသို့ ရောက်လျှင် ဝိုင်း၍ဖက်ကြလေ ၏။ နမ်းသူက နမ်းကြလေ၏။ ထို့နောက် ၎င်းတို့သည် ၎င်းတို့မူလနေခဲ့ သော စက်ရုံအရိပ်ဆီသို့ မအောင်ရင်ကို ဆွဲခေါ်လာကြလေ၏။ မအောင် ရင်ကလည်း ၎င်းတို့၏မိသားစုကျန်းမာရေးမှအစ နေရေးထိုင်ရေးပါ မကျန်မေးမြန်းလေ၏။ ထို့နောက် မကုလားမကပင် မအောင်ရင်အား မြတ်လှနှင့် မိတ်ဆက်ပေးလိုက်လေ၏။

ဒရိုင်ဘာကိုသန်းမောင်သည် မအောင်ရင်အား ခြေဆုံး ခေါင်း

www.burmeseclassic.com


ဆုံးကြည့်ပြီးနောက်–

“ကျုပ်ဖြင့်ဗျာ . . . တောကြီးမျက်မည်းထဲမှာ မအောင်ရင် တစ်ယောက် အထီးကျန်နေနေရတဲ့အဖြစ်ကို စိတ်မကောင်းပါဘူး. . .” ဟု ပြောလိုက်ရာ မအောင်ရင်က–

**“*အထီးကျန်*တယ်ဆိုတာက ကိုယ့်အနားမှာ အခြားသူမရှိတာကိုပြောတာ၊ ဒါမှမဟုတ် အဖော်မရှိတာကို ပြောတာ၊ ငါက *အထီးကျန်*ဖြစ်တာမဟုတ်ဘူး၊ အဖော်မဲ့တာမဟုတ်ဘူး၊ ဒါကြောင့် *အထီးကျန်*ဆိုတဲ့ စကားကို သုံးလို့မရဘူး၊ တကယ်လို့ တစ်ယောက်တည်းဖြစ်နေတာကို ပြောချင်ရင်တော့ ငါဟာ*တစ်ကိုယ်တော်*ဖြစ်နေတာ၊ ငါ့ဘဝမှာ ဘယ်တော့မှ *အထီးကျန်*မဖြစ်ဘူး၊ ဖြစ်ခြင်းဖြစ်ရင် *တစ်ကိုယ်တော်*ပဲဖြစ်မယ်၊ *အထီးကျန်*ဆိုတာက အားငယ်တဲ့သဘောပါတယ်၊ *တစ်ကိုယ်တော်*က အားငယ်တာ မဟုတ်ဘူး၊ အားရှိနေတာ၊ *တစ်ကိုယ်တော်*ရဲ့ရလဒ်ဟာ မိမိဘဝ ဖြစ်တည်နေမှုကိုအမှန်အတိုင်း သိမြင်ခွင့်ရသွားနိုင် တယ်လို့ ငါထင်တယ်၊ ဒါကြောင့် တရားရှာတဲ့ သူတော်စင်တွေဟာ *တစ်ကိုယ်တော်*နေလေ့ရှိတာပေါ့ . . .”ဟုပြန်၍ ပြောလိုက်လေတော့သတည်း။**

◆


BURMESE CLASSIC .com

www.burmeseclassic.com



အခန်း ( ၂ )

# ကြာပန်းနှင့်တူသောမေတ္တာတော်တဲ့ နှင်းဆီပန်းမအောင်ရင်

ထို့နောက် မအောင်ရင်သည် သူဌေးဦးမြို့၏ ရုံးခန်းကို ရှင်းလင်းရန်အတွက် ထွက်သွားလေ၏။ ဒရိုင်ဘာ ကိုသန်းမောင်သည် မော်တော်ကားကို ဖုန်သုတ်ရန်အတွက် ကားဆီသို့ထွက်သွား၏။ မကုလားမတို့ သုံးဦးလည်း စက်ရုံအတွင်းသို့ဝင်ကြလေ၏။ မြတ်လှမှာမူ စက်ရုံ၏ ရုံးခန်းသို့မသွားဘဲ မအောင်ရင်နှင့်အတူ ဦးမြို့၏ ရုံးခန်းကို ရှင်းလင်းပေးလေ၏။ ဦးမြို့၏ ရုံးခန်းမှာ စက်ရုံအတွင်းသီးခြားဆောက်လုပ်ထားသော တိုက်ပုကလေးဖြစ်၏။

ဦးမြို့သည် အထည်စက်ရုံကြီးပိုင်သကဲ့သို့ တာမွေဘက်တွင်



BURMESE CLASSIC .com

လည်း 'ရွှေဂုံသာ'အမည်ရှိ ဘီစကွတ်စက်ရုံကြီးတစ်ရုံကိုလည်း ပိုင်သေး၏။ ထို့အတူ သဃ်န်းကျွန်းဘက်တွင်လည်း ကြွက်တူရွေး တံဆိပ်တံခါး၊ မင်းတုန်း၊ ပတ္တာများလုပ်သော အလုပ်ရုံတစ်ခုလည်း ပိုင်သေး၏။ ထို့အပြင် အင်းစိန်ဘက်တွင်လည်း အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ကို ခရီးသည်များ ပို့ဆောင်နေသော 'ရွှေတူရွေး'အမည်ရှိ ကားကြီးများ ပြေးဆွဲ သည့် ဂိတ်ကြီးတစ်ခုလည်း ပိုင်ဆိုင်လေ၏။ ၎င်း၏စက်ရုံတိုင်းတွင် ၎င်း၏ရုံးခန်းသည်ရှိ၏။ ထိုရုံးခန်းများမှာလည်း ဝင်းအတွင်း၌ သီးခြားဆောက်လုပ်ထားသော တစ်ထပ်တိုက်ပြားကလေးများသာလျှင်ဖြစ်၏။

မအောင်ရင်သည် ဦးမြို့၏ ရုံးခန်းအတွင်းသို့ ရောက်သောအခါ၌ ကြက်မွေးများဖြင့် ဖုန်များခါ၏။ အဝတ်ဖြင့် ပြောင်စင်အောင်သုတ်၏။ ထို့နောက် ကြမ်းပြင်ကို တံမြက်စည်းလှည်း၏။ ခင်းထားသော ကောဇောများကိုထုတ်၍ဖုန်ခါ၏။ ပြတင်းပေါက်မှန်များကို ပြောင်ဝင်းအောင်တိုက်၏။ ရုံးခန်းအတွင်း အလှစိုက်ထားသော ပန်းပင်များကိုထုတ်၍ ရေလောင်း၏။ မြတ်လှကလည်း ဝိုင်းဝန်းကူညီ၏။ ထိုသို့ကူညီရင်း

''အစ်မအောင်ရင် . . . မြတ်လှလည်း အိမ်ကြီးမှာပဲနေတာပဲ၊ ဟိုးနောက်က ဆားပစ်ကွာတာမှာ အစွန်ဆုံးအခန်းမှာနေတယ်၊ လောလောဆယ်မှာတော့ ဒီစက်ရုံရဲ့ ငွေစာရင်းဌာနမှာ စာရေးလုပ်နေရတယ်၊ နယ်ကနေ ဆယ်တန်းအောင်လာတာ၊ သက်ကြီး တက္ကသိုလ်တက်ပြီး ဘွဲ့တစ်ခုတော့ရအောင်လုပ်ရမှာပဲ . . .'' ဟုပြောရာ မအောင်ရင်က . . .

''အစ်မလည်း အိမ်ကြီးမှာ နေတာပါပဲ၊ မီးဖိုဘေးက ထမင်းချက်တဲ့ နာနီကြီးအခန်းမှာ နာနီကြီးနဲ့အတူနေတယ်၊ ဘာပဲဖြစ်ဖြစ် မြတ်လှအနေနဲ့ ဒီကိုလာနေတာ ရည်ရွယ်ချက်နဲ့ လာနေတာမဟုတ်



BURMESE CLASSIC .com

www.burmeseclassic.com


လား၊ ရည်ရွယ်ချက် ပြည့်မြောက်အောင် ကြိုးစားရမယ်ကွယ့် ...” ဟု ပြန်၍ ပြောလေ၏။

“ကြိုးစားပါတယ် မအောင်ရင်၊ မြတ်လှကိုလည်း ညီမအရင်းလို သဘောထားပါ၊ မတော်တာတွေ့ရင်လည်း ပြောဆိုဆုံးမနိုင်တယ်၊ မြတ်လှကလည်း ကြိုးစားပါမယ်၊ ကျောင်းကမတက်ရသေးပါဘူး၊ အလုပ်က ပြန်သွားတာနဲ့ လျှော်စရာ ဖွပ်စရာတွေ လျှော်ပြီးရင် အင်္ဂလိပ်စာလုံးတွေ ရသမျှကျက်တယ်၊ ညအိပ်ခါနီးတော့လည်း ဘုရားတွေ ဘာတွေ ရှိခိုးပြီးရင် သမာဓိရင့်သန်အောင်ဆိုပြီး ကမ္မဋ္ဌာန်းတစ်ခု အမြဲပွားများတယ်၊ အဲဒါ မကောင်းဘူးလား...” ဟု မေးလိုက်လေ၏။

“ကောင်းပြီလား...မြတ်လှရယ်၊ အဲဒါတွေဟာ လုပ်ကို လုပ်ရမယ့်ဟာတွေပဲ...” ဟု မအောင်ရင်က ပြန်၍ပြောလေ၏။

“မြတ်လှအမြဲလုပ်တာကတော့ ရင်ညွန့်မှာ စိတ်ကလေးကို စိုက်ပြီး ငြိမ်နိုင်သမျှ ငြိမ်အောင်လုပ်တာပါပဲ...” ဟု မြတ်လှက ပြန်၍ ပြောလေ၏။

**“မြတ်လှရယ် ...ဘယ်နည်းနဲ့ပဲ ပွားပွားပါ ကောင်းပါတယ်၊ တစ်ခုတော့ရှိတာပေါ့လေ၊ အကြံပေးရမယ်ဆိုရင်တော့ ဘာကိုပဲပွားပွား မေတ္တာထည့်ပြီးပွား၊ ပြီးတော့လည်း မေတ္တာထဲမှာလည်း ပွားတဲ့နည်းကို ပြန်ထည့်ထား၊ အဲဒါမြတ်လှကို အစ်မက သင်ပေးတာ ...”**ဟု မအောင်ရင်က ပြောလိုက်ရာ မြတ်လှသည် ကျေနပ်စွာ ပြုံးပြလိုက်လေ၏။

“အစ်မပြောတာကို မြတ်လှနားလည်နေသလိုပဲ၊ ဒါပေမယ့် မမှတ်မိဘူး၊ ပြန်ပြီးပြောပါဦး...”ဟု မြတ်လှက ပြောလေ၏။ ထိုအခါ


BURMESE CLASSIC .com

မအောင်ရင်က စားပွဲပေါ်မှ မှန်ကိုသုတ်ရင်း–

**“အတိုမှတ်ထားပေါ့ မြတ်လုရယ်၊ ပွားတာထဲမှာ မေတ္တာထည့်၊ မေတ္တာထဲမှာပွားတာထည့်၊ ဒါပါပဲ နောက်တစ်ခုပြောချင်တာက ဘယ်ဘဝပဲရောက်ရောက်၊ ဘယ်အခြေအနေပဲရောက်ရောက်၊ ဘာကိုပဲလေ့လာလေ့လာလူဟာ ညှိုးချုံးအားငယ်နေတာမဖြစ်ရဘူး၊ ရှင်သန်ထက်မြက်ပြီး အားတွေရှိနေရမယ်၊ ရှင်သန်ထက်မြက်တဲ့အဖြစ်ကိုလည်း ရယူရမယ်၊ မအောင်ရင် ပြောချင်တာက ဒါပါပဲ. . .”**ဟု ပြောလိုက်လေ၏။

ထို့နောက်အလုပ်ပြီးသွားပြီဖြစ်သဖြင့် ရုံးခန်းတံခါးကို အပြင်မှ ပိတ်ကာ ချက်ထိုးလိုက်လေတော့၏။ ထို့နောက် ၎င်းတို့ နှစ်ဦးသည် စက်ရုံဘက်ဆီသို့ လျှောက်လာလေ၏။ ထိုသို့လျှောက်လာရင်း မအောင်ရင်က–

“ကဲ့ . . .မြတ်လု ရုံးခန်းထဲသွားပြီး အလုပ်လုပ်ပေတော့၊ မအောင်ရင်ကတော့ မပြီးသေးဘူး၊ ဟိုဘက်က မြက်တွေ ရိတ်ရဦးမယ်”ဟု ပြောလိုက်ရာ မြတ်လုက–

“အစ်မအောင်ရင်ရယ် အဲဒီမြက်တွေကို ရိတ်ဖို့ မြက်ရိတ်ကုလားတွေ ငှားထားပါတယ်၊ အစ်မရိတ်ဖို့မလိုဘူး. . .” ဟုပြောရာ–

“မဟုတ်ဘူး မြတ်လုရဲ့၊ ကိုထွေးလေးက မနက်က ယုန်လေးတွေ ဝယ်လာတယ်၊ အဲဒီယုန်လေးတွေကို ကျွေးဖို့ရိတ်ရမှာ . . .” ဟုမအောင်ရင်က ပြန်၍ပြောလိုက်လျှင် မြတ်လုက–

“ဒါကတော့ သက်သက် အလုပ်ပိုခိုင်းတာ ပဲ. . .” ဟု ပြောပြန်ရာ မအောင်ရင်က–



BURMESE CLASSIC .com

www.burmeseclassic.com


"မအောင်ရင် ကိုယ်တိုင်ကလည်း ယုန်လေးတွေကို ချစ်တတ်ပါတယ်၊ ကိုထွေးလေးဝယ်လာလို့ ကိုထွေးလေးယုန်လို့ ယူလိုက်ရင်တော့ အခုလုပ်ရမယ့် အလုပ်ဟာ အပိုခိုင်းနေသလိုဖြစ်နေတာပေါ့၊ ဒီလိုမဟုတ်ဘူး မြတ်လှရဲ့ ..." ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မြတ်လှက–

"အစ်မအောင်ရင်က အဲဒီယုန်လေးတွေကို အစ်မအောင်ရင်ရဲ့ ယုန်လို့ယူဆလိုက်တယ်ပေါ့ ..." ဟု ပြန်၍ မေးလိုက်လေ၏။

**"ဟင့်အင်း ... မဟုတ်ဘူး၊ အဲဒီလိုလည်း မယူဆဘူး၊ ကိုထွေးလေး ယုန်လေးတွေလည်းမဟုတ်ဘူး၊ မအောင်ရင်ရဲ့ ယုန်လေးတွေလည်းမဟုတ်ပါဘူး၊ သူတို့ဖာသာသူတို့ ယုန်ဖြစ်နေကြတာပါ၊ ဘယ်သူ့ယုန်မှ မဟုတ်ပါဘူး၊ ဒါပေမဲ့ ယုန်ဖြစ်တော့လည်း မြက်စားဖို့လိုလာတယ်၊ လှောင်အိမ်ထဲရောက်နေတော့ သူတို့ဖာသာ ရှာပြီးမစားနိုင်ရှာဘူး၊ အဲဒီ့အတွက် မအောင်ရင်က မြက်ရိတ်ပေးမှာပါ၊ ကိုထွေးလေး အပိုခိုင်းတာကို လုပ်တာမဟုတ်ဘူး၊ ကိုယ့်ဖာသာကိုယ် ကျေကျေနပ်နပ်ဆောင်ရွက်တာ၊ မအောင်ရင်ပြောချင်တာကတော့ ဒါပါပဲ...**" ဟု မအောင်ရင်က ပြန်၍ ပြောလိုက်လေ၏။

မြတ်လှသည် စက်ရုံအတွင်းသို့ ဝင်သွားပြီဖြစ်၏။ မအောင်ရင်သည် ဘတ်စ်ကားမှတ်တိုင်သို့ သွားပြီး ဘတ်စ်ကားဖြင့် တာမွေ 'ရွှေဂဲသာ' ဘီစကွတ်စက်ရုံသို့သွားပြီဖြစ်၏။ ထိုစက်ရုံသို့ရောက်သောအခါ၌ စက်ရုံ ဝင်းအတွင်း ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် စက်ရုံဝင်းစောင့်မှ အစ အလုပ်သမား မန်နေဂျာအဆုံး–

"မအောင်ရင်ကြီး ပြန်လာပြီဟေ့ ..."ဟု ဝမ်းသာအားရ


BURMESE CLASSIC .com

www.burmeseclassic.com


အော်ဟစ်ကြလေ၏။ အချို့သောအလုပ်သမများက မအောင်ရင်ကြီးကို နမ်းကြ၏။ အချို့က–

"အသားညိုသွားတယ်…" ဟု ပြောကြ၏။ အချို့က ၎င်းတို့ တွင်ပါလာသော လက်ဖက်၊ ဂျင်းသုပ်များကျွေးကြ၏။ မအောင်ရင်သည် ၎င်းတို့နှင့် စကားစမြည်ပြောပြီးနောက် သူဌေးဦးမြို့၏ ရုံးခန်းသို့သွား ရောက်၍ ရှင်းလင်းရ၏။ တစ်ယောက်သောအလုပ်သမားက မအောင်ရင် ကြီးအား လက်ဖက်ရည်ဝယ်၍ တိုက်၏။ တစ်ယောက်သော အလုပ်သမား က ရေနွေးကြမ်းယူပေး၏။ မအောင်ရင်ကိုချစ်ကြ၏။ အလုပ်သမတစ်ဦး ကဆိုလျှင်–

"မအောင်ရင်ရယ် . . .သူဌေးသမီး မိမိကြီးက မတည့်လို့ အလုပ်ဖြုတ်လိုက်လည်း မပူပါနဲ့၊ ကျွန်မတို့ အားလုံးက တစ်ယောက် တစ်ကျပ်စီ ဝိုင်းပြီး ပေးရင်တောင် ဒီလခထက်တော့များပါတယ် …" ဟု ပြော လိုက်ရာ ကြားရသူအပေါင်းက ဝါးကနဲ ရယ်မောလိုက်ကြ၏။

"အခုလိုကြားရတာ ကျေးဇူးတင်ပါတယ်၊ မအောင်ရင် ဒုက္ခိတ ဖြစ်သွားရင်တော့ မပြောတတ်ဘူး၊ အခုလို အကောင်းပကတိကတော့ ကိုယ့်ဟာကိုယ်အလုပ်လုပ်ပါမယ်…" ဟု မအောင်ရင်က နှစ်သိမ့်စကား ပြန်၍ပြောလိုက်လေ၏။ ညနေပိုင်းသို့ ရောက်သောအခါ၌ အိမ်ကြီးသို့ ပြန်၍ ရောက်လာလေ၏။ မြတ်လှလည်း မအောင်ရင်ကို မြင်လျှင် မအောင်ရင်ထံသို့ လျှောက်လာပြီး စကားစမြည်ပြောလေ၏။ သို့ရာတွင် မအောင်ရင်က မြတ်လှအားသွား၍ စာကျက်ရန်ပြောသဖြင့် မြတ်လှလည်း ၎င်း၏အခန်းသို့ ပြန်သွားလေ၏။

ဤသို့နေလာခဲ့ရာ တစ်လကျော်ကျော်ခန့် ကြာသောအခါ၌


BURMESE CLASSIC .com

မအောင်ရင်နှင့်မြတ်လှသည် လွန်စွာခင်မင်သွားကြလေ၏။ တစ်နေ့တွင် ၎င်းတို့နှစ်ဦးသည် အထည်စက်ရုံသို့ အတူတကွ လျှောက်လာကြလေ၏။ ထိုသို့လျှောက်လာရင်း မြတ်လှက–

"အစ်မအောင်ရင်ကို တွေ့တဲ့လူတိုင်းက ချစ်ကြတယ်နော်၊ တော်တယ်၊ တတ်တယ်လို့လည်း ချီးကျူးကြတယ်၊ မြတ်လှဖြင့် သိပ်ပြီးအားကျတာပဲ၊ အဲဒါကြောင့် အစ်မအောင်ရင်လိုဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်..." ဟု ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က ပြုံးလျက်

**"နှင်းဆီပန်းတွေက ပွင့်တဲ့အခါ သိပ်ပြီးလှကြတယ်၊ ဘာကြောင့် အဲဒီလို လှကြသလဲဆိုရင် သူတို့ဟာ ကြာပန်းနဲ့ မတူလို့ဘဲ၊ ကြာပန်းနဲ့ တူအောင်လည်း သူတို့ မကြိုးစားကြဘူး၊ ရေကန်ထဲမှာ ပွင့်နေတဲ့ကြာတွေဟာလည်း လှကြတာပဲ၊ ဘာကြောင့် အဲဒီလိုလှကြသလဲဆိုတော့ အဲဒီကြာ ပန်းတွေဟာ တခြားပန်းတွေ ဘယ်လောက်လှနေကြတယ်ဆိုတာလည်း မကြားဖူးကြဘူး၊ ပြီးတော့ တခြားပန်းတွေလှသလို လှအောင်လုပ်မယ်ဟဲ့ လို့လည်း မကြိုးစားကြဘူး၊ ဒါကြောင့် ကြာပန်းတွေဟာ ကြာပန်းတွေလိုပဲ လှနေကြတာ၊ သဘာဝတရားကြီးမှာရှိတဲ့ သဘာဝအရာတွေအားလုံး သူ့ပုံစံနဲ့သူလှနေကြတယ်၊ ဘာကြောင့်လဲဆိုတော့ နှင်းဆီပန်းကလည်း ကြာပန်းထက်ပိုပြီး လှအောင်မလုပ်ဘူး၊ ကြာပန်းကလည်း နှင်းဆီပန်းနဲ့ အလှမပြိုင်ဘူး၊ အနိုင်ရအောင် မကြိုးစားကြဘူး၊ အဲဒီလို မပြိုင်သလို အတုလည်းမခိုးဘူး၊ တူအောင်လည်း မလုပ်ဘူး၊ အဲဒီအချက်ကိုစဉ်းစားပါ၊ အဲဒါကြောင့် မင်းဟာ ဘယ်**



BURMESE CLASSIC .com

www.burmeseclassic.com


**သူ့ကိုမှလည်းမပြိုင်နဲ့၊ ဘယ်သူနဲ့မှလည်း တူအောင်မလုပ်နဲ့၊ ဘယ်သူဖြစ်အောင်ဆိုပြီးတော့လည်း မလုပ်နဲ့၊ မင်းဘာကိုပဲ လုပ်လုပ် အဲဒီလိုလုပ်ခဲ့ရင် လုပ်သမျှဒုက္ခလို့ မှတ်ပေတော့၊ မင်းဟာ မင်းပဲ၊ အခြားတစ်စုံတစ်ယောက်မဖြစ်နိုင်ဘူး၊ တကယ်လုပ်ရမှာက မြတ်လှက မအောင်ရင်ဖြစ်အောင် လုပ်ရမှာမဟုတ်ဘူး၊ မြတ်လှက မြတ်လှပဲ ဖြစ်အောင်လုပ်ရမှာ၊ နှင်းဆီပန်းဟာ ကြာပန်းဖြစ်အောင် မလုပ်ဘူး၊ ကြာပန်းကလည်း နှင်းဆီဖြစ်အောင် မကြိုးစားဘူး၊ မအောင်ရင်ပြောချင်တာကတော့ ဒါပါပဲ ...**'' ဟု မအောင်ရင်က ပြောလိုက်လေ၏။ မြတ်လှကမူ–

''ဟုတ်ကဲ့...'' ဟုသာ ပြန်၍ဖြေနိုင်တော့၏။ ဤသို့နှင့်ပင် ၎င်းတို့နှစ်ဦးသည် စကားတပြောပြောနှင့် အထည်စက်ရုံသို့ရောက်သွားကြလေ၏။ စက်ရုံသို့ရောက်လျှင် မကုလားမက–

''ဒီနေ့ မအောင်ရင်ကြီး လာမယ့်နေ့ဆိုတာ ကျွန်မတို့သိတယ်၊ ဒါကြောင့် သုံးယောက်သားတိုင်ပင်ပြီး ဟင်းတွေ၊ ထမင်းတွေ အပို ထည့်လာတယ်၊ ထမင်းစားရမယ်နော်...'' ဟုပြောလေ၏။ ထိုအခါ မအောင်ရင်က ၎င်း၏လွယ်အိတ်အတွင်းမှ ချိုင့်ကလေးတစ်လုံးကို ထုတ်၍ မကုလားမလက်သို့ ပေးလိုက်လေ၏။ မကုလားမသည် ချိုင့်ကို လှမ်းယူရင်း–

''ဘာဟင်းတွေလဲ မအောင်ရင်ရဲ့ ...'' ဟု မေးလိုက်ရာ မအောင်ရင်က–

''ဟင်းမဟုတ်ပါဘူးဟယ်၊ တို့ပြီးစားဖို့ တို့စရာတွေပါ၊ ရဲယိုရွက်၊ ငှက်ပျောဖူး၊ ဘူးသီးပြုတ်၊ ကြောင်လျှာသီး...''ဟု ပြောလိုက်ရာ

"အတော်ပဲ...အတော်ပဲ၊ ကျွန်မက ငါးပိထောင်း ကောင်းကောင်း လုပ်လာတယ်၊ ထမင်းကတော့ စားလို့မြိန်ပြီပဲ..."ဟု မကုလားမက အားရပါးရပြောလိုက်လေ၏။

"တို့ချည်းပဲ မဟုတ်သေးဘူး၊ သန်းမောင်ကလည်း တစ်ညလုံး မအိပ်ဘဲဖားတွေရှာနေတယ်၊ အလုပ်သမားမီးဖိုမှာ ဖားသားဆီပြန်ချက် နေလေရဲ့ ..." ဟု မအောင်ရင်က ပြောလေ၏။

မအောင်ရင်သည် သူ့ခွေး၏ ရုံးခန်းကိုရှင်းလင်း၏။ ထမင်းစားသောအခါ၌ စက်ရုံအရိပ်မြေကြီးပေါ်တွင် ဝိုင်းဖွဲ့၍ မအောင်ရင်နှင့် မကုလားမတို့လူစုသည် ထမင်းစု၍စားကြလေ၏။ ၎င်းတို့ကိုမြင်တွေ့ရသည်မှာ အလုပ်ရုံသို့ အလုပ်ဆင်းလာကြသည်နှင့်မတူဘဲ ပျော်ပွဲစားထွက်၍လာသကဲ့သို့ ရှိလေတော့၏။ ထို့ကြောင့် ၎င်းတို့၏ ထမင်းဝိုင်းကို မြင်တွေ့သွားသူတိုင်းက–

"ပျော်စရာကြီးဟေ့...မြိန်စရာကြီးဟေ့ ..."ဟု ပြောဆိုရေရွတ်သွားကြလေတော့သတည်း။

◆



BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၃ )

## လွှတ်ချထားတာ လွှတ်ကျတာမဟုတ်ဘူး

တစ်နေ့သ၌ မအောင်ရင်သည် သူဌေး၏ အိမ်ကြီး၏ ခြံဝတွင် ပေါက်နေသောမြက်များကို ပေါက်တူးဖြင့် ရှင်း၍ ပေါက်နေလေ၏။ ထိုအချိန်၌ ခြံအပြင်ဘက်တွင် ကလေးနှစ်ယောက်သည် ဂျင်ပေါက်တမ်းကစားနေလေ၏။ ထိုကလေးနှစ်ယောက်အနက် တစ်ယောက်သော ကလေးမှာ သူဌေးကတော် ဒေါ်ခင်မမ၏ တူကလေး မိုက်ကယ်ဆိုသူ ဖြစ်၏။ မိုက်ကယ်သည် ကျောင်းပိတ်ရက်များတွင် ဤအိမ်ကြီးသို့ လာရောက်နေထိုင်ကြ၏။ ကျန်ကလေးတစ်ယောက်မှာ ကပ်လျက်ခြံမှ ဆပ်ပြာစက်ပိုင်ရှင် ဦးမြခင်၏သား မောင်ကွန့်ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com


၎င်းတို့သည် ဂျင်များကို မြေပြင်ပေါ်တွင် ပေါက်ချပြီး ကြိုးဖြင့် ပတ်၍ မြှောက်တင်ကာ လက်ဖြင့်ဖမ်းရ၏။ ပါးစပ်မှလည်း 'စို့'ဟု အော်ကြရ၏။ နောက်ကျသောသူက ဂျင်ကိုချပေးရ၏။ အရင်စို့နိုင်သော သူက ထိုဂျင်ကို မိမိ၏ဂျင်မှ သံချွန်ဖြင့် ထုခွင့်ရ၏။ မောင်ကွန့် ဂျင်ခံအလှည့် ရောက်သောအခါ၌ သူ၏ ဂျင်ကို ချပေး၏။ မိုက်ကယ်က သူ၏ဂျင်ဖြင့် ထု၏။ မိုက်ကယ့်ဂျင် ခံအလှည့်ရောက်သောအခါ၌ မိုက်ကယ်သည် သူ၏ ဂျင်အကောင်းကို ချမပေးဘဲ အပိုယူလာသော ဂျင်ဟောင်းကိုချပေး၏။ ထိုအခါ မောင်ကွန့်က ဤသို့မပြုလုပ်ရန် ကန့်ကွက်၏။ သို့သော် မိုက်ကယ်က ဖွတ်လုပ်၏။

ထို့ကြောင့် မောင်ကွန့်က မကစားတော့ဘူးဟု ဆိုကာ ရပ်ပစ်လိုက်၏။ ထိုအခါ မိုက်ကယ်က မောင်ကွန့်၏ ပခုံးကို လက်ဖြင့် ဆောင့်တွန်း၏။

"ဟေ့ကောင်...သတ္တိရှိလား..."ဟု မေးလေ၏။

"ငါတစ်ယောက်တည်းမဟုတ်ဘူး၊ တစ်မျိုးလုံး သတ္တိရှိတယ်၊ ဘာကြောင့်လဲသိလား၊ မြန်မာအစစ်ဖြစ်လို့ကွ၊ ငါ့အဖေလည်း မြန်မာ၊ ငါ့ အဘိုးလည်း မြန်မာ၊ ငါလည်း မြန်မာ..."ဟု မောင်ကွန့်က ပြန်၍ ပြောလေ၏။ ထိုအခါ မိုက်ကယ်က–

"သတ္တိရှိရင် ချမလား..."ဟု မေးပြန်၏။

"ရပါတယ်၊ ဒါပေမဲ့ ငါကတော့စပြီး မချဘူး၊ မင်း ငါ့ကို လာထိရင်တော့ချမယ်..."ဟု မောင်ကွန့်က ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မိုက်ကယ်သည် မောင်ကွန့်၏မျက်နှာကို လက်သီးဖြင့် ထိုး၏။ မောင်ကွန့်ကလည်း ပြန်၍ထိုး၏။ ထိုအခါ၌ မိုက်ကယ်သည် သဲများကို ကောက်


BURMESE CLASSIC .com

၍ မောင်ကွန့်၏မျက်လုံးကိုပက်လိုက်၏။ မောင်ကွန့်သည် သဲများဝင်သွားသဖြင့် မျက်လုံးကို ပွတ်သပ်နေစဉ် မိုက်ကယ်သည် မောင်ကွန့်အား လက်သီးဖြင့် အဆက်မပြတ် ထိုးလေတော့၏။

ထိုအဖြစ်အပျက်ကို မအောင်ရင်သည် အစအဆုံး တွေ့မြင်နေရ၏။ ထို့ကြောင့် ပြေးထွက်လာပြီးလျှင် မိုက်ကယ့်အား ဆွဲထားလိုက်၏။ မိုက်ကယ်လည်း ရုန်းကန်၏။ ပါးစပ်မှလည်း–

''လွှတ်စမ်းပါ၊ ခင်ဗျားက ဘာဖြစ်လို့ဆွဲထားတာလဲ . . .'' ဟုပြောသော်လည်း မအောင်ရင်က မလွှတ်သေးပေ။ ဆွဲမြဲဆွဲထား၏။ မိုက် ကယ်လည်း ရုန်း၍မရသောအခါ၌ မအောင်ရင်အား မကြားဝံ့ မနာသာဆဲလေတော့၏။ မအောင်ရင်သည် မိုက်ကယ်ကို ရိုက်ချလိုက်၏။ မိုက်ကယ်လည်း အော်၍ငိုလေတော့၏။ ထို့ကြောင့် ရုတ်ရုတ်သဲသဲဖြစ်ကာ ခြံနှစ်ခြံမှလူကြီးများထွက်လာ၏။

တစ်ဖက်ခြံမှ ဆပ်ပြာသူဌေး ဦးမြခင်နှင့် သူဌေးကတော်ပါ ထွက်လာ၏။ မိုက်ကယ်တို့ဘက်မှ လည်း ဒေါ်ခင်မမနှင့် သူ၏သမီးကြီး မိမိကြီးပါထွက်လာ၏။ ဒေါ်ခင်မမက မအောင်ရင်အား–

''ဟဲ့အောင်ရင်...ဘယ်သူက လွန်တာလဲ...''ဟု မေးလေ၏။ မအောင်ရင်က–

''မိုက်ကယ်လွန်တာပေါ့ . . .၊ ကစားတဲ့နေရာမှာလည်း ညစ်တယ်၊ ရန်ဖြစ်တဲ့နေရာမှာလည်း ညစ်တယ် . . .''ဟု ပြောလိုက်၏။ မောင်ကွန့်၏ဖခင် ဦးမြခင်က ပြုံးလေ၏။ မောင်ကွန့်၏မိခင်ကမူ မောင်ကွန့်၏မျက်လုံးထဲဝင်နေသော သဲများကို ထုတ်ပေးနေ၏။

ထိုအချိန်၌ မိမိကြီးက မိုက်ကယ်ငိုရသည့်အကြောင်းကို မေး


BURMESE CLASSIC .com

www.burmeseclassic.com


မြန်းရာ မအောင်ရင်က သူ့ကိုရိုက်ကြောင်းတိုင်တန်းလေ၏။ မိမိကြီး လည်းအသား ဆတ်ဆတ်တုန်သည်အထိဒေါပွသွား၏။ ထို့ကြောင့်–

"ဟဲ့အောင်ရင်၊ နင်က မိုက်ကယ့်ကို ဘာကြောင့် ရိုက်ရတာ လဲ. . ."ဟု ဒေါနှင့်မောနှင့်မေးလေ၏။

"မတရားသဖြင့် လုပ်နေလို့ ဆွဲထားတာပါ"ဟု မအောင်ရင် က အေးအေးဆေးဆေးပင် ဖြေလေ၏။ မိမိကြီးသည် ပို၍ဒေါသဖြစ် သွား၏။

"ဟဲ့ . . .အစေခံမရဲ့၊ မိုက်ကယ်က နင့်သခင်ရဲ့တူအရင်းပဲ၊ ဦးမြို့ ဒေါ်ခင်မမတို့တူဆိုတာ မေ့သွားပြီလား . . ."ဟု မိမိကြီးက လက် ညှိုးတငေါက်ငေါက်ထိုး၍ပြောလေ၏။

"ဒီမှာ မိမိကြီး၊ ငါဟာ အစေခံမဟုတ်ဘူး၊ ငါဟာ အလုပ် သမားဖြစ်တယ်၊ အစေခံဆိုတာက အိမ်ရှင်စေသမျှကို ခံနေမယ့်သူ၊ ငါက အလုပ်သမား၊ လခရလို့ အလုပ်လုပ်နေတာ. . . မကျေနပ်ရင် အလုပ် ဖြုတ်ခွင့်တော့ရှိတယ်၊ ဆဲခွင့်မရှိဘူး၊ မိမိကြီး ယူဆသလို အစေခံလို့ ယူဆရင် အစေခံပေါ့၊ ဒါပေမဲ့ အဆဲခံတော့မဟုတ်ဘူး . . ."ဟု မအောင်ရင်က ဒိုးဒိုး ဒေါက်ဒေါက်ပြန်၍ပြောလိုက်လျှင် တစ်ဖက်ခြံမှ ဦးမြခင်သည်ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ"လေးစားတယ်. . ." ဟု ပြောကာ ခြံအတွင်းသို့ ဝင်သွားလေ၏။

မိမိကြီးသည် ဒေါသထွက်၍ ခုန်နေလေတော့၏။ ပြီးလျှင် သူ ၏ မိခင်ဘက်သို့ လှည့်ကာ–

"မာမီ ကြည့်စမ်း. . .ကြည့်စမ်း. . .၊ မာမီနဲ့ ဒယ်ဒီ့ကိုတောင် မိုက်ကယ်ကို ရိုက်သလိုရိုက်မယ်တဲ့ . . ."ဟု ပြောလိုက်လေ၏။


BURMESE CLASSIC .com

ဒေါ်ခင်မမလည်း မျက်နှာကိုမဲ့ရွဲ့၍

"ကာလပြောင်းပြန် သမီးရေ ...၊ ပြောမနေပါနဲ့တော့၊ ညည်း ဒယ်ဒီက မျက်နှာသာပေးထားတော့လည်း ဒီလောက်တော့ ရောင့်တက်မှာပဲ..." ဟု ဆိုကာ မြေကြီးကို ခြေထောက်ဖြင့်ဆောင့်၍ ခြံအတွင်းသို့ဝင်သွားလေ၏။ မိမိကြီးသည် မိုက်ကယ်၏လက်ကို ဆွဲကာ ဝင်သွားလေ၏။ မိုက်ကယ်သည် မအောင်ရင်ဘက်သို့လှည့်ကာ လက်သီးထောင်ပြသွား၏။ မအောင်ရင်က ပြုံးလေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး (၁၀) ရက်ခန့်ကြာသောအခါ၌ မအောင်ရင်သည် ခုံဖိနပ်တစ်ရံဝယ်ရန်အတွက် ဈေးသို့သွားလေ၏။ လမ်းတွင် ဦးမြခင်၏ကားနှင့်တွေ့လေ၏။ ဦးမြခင်သည် ကားကို မအောင်ရင်အနီးသို့ ရပ်စေပြီး–

"မအောင်ရင် မုန့်ဖိုး ..."ဟု ဆိုကာ ရာတန်တစ်ရွက် ထုတ်ပေး၏။

"ဟုတ်ကဲ့ ...မယူပါရစေနဲ့ရှင်...၊ ကျွန်မ မုန့်မစားတတ်ပါဘူး..."ဟု မအောင်ရင်က ပြန်၍ပြောလိုက်ရာ ဦးမြခင်က ပြုံးလေ၏။ ပြီးလျှင်

"မအောင်ရင်က သိပ်ရိုးပြီး သိပ်ဖြောင့်တာကိုး၊ အိမ်ရှင်တွေက မတရားနှိပ်စက်ရင်တော့ အန်ကယ့်ကိုပြောပါ...အန်ကယ် ကူညီပါ့မယ် ..."ဟု ပြောလေ၏။

"ဟုတ်ကဲ့...သူတို့က မနှိပ်စက်ဝံ့ပါဘူး၊ အဲဒီလိုနှိပ်စက်လို့လည်း မရပါဘူး..."ဟု မအောင်ရင်က ပြောလိုက်ရာ ဦးမြခင်က–

"လေးစားတယ်..."ဟု ပြောကာ ထွက်သွားလေတော့၏။


BURMESE CLASSIC .com

မအောင်ရင်လည်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားရင်း အိမ်သို့ပြန်လာလေ၏။ အိမ်သို့ရောက်၍ နောက်ဖေးအလုပ်သမား တန်းလျားသို့သွားလျှင် မြတ်လှက–

''အစ်မအောင်ရင် မိုက်ကယ့်ကို သွားရိုက်တယ်ဆို၊ ဒီကောင်လေးကို တစ်အိမ်လုံးက ဖူးဖူးမှုတ်ထားတာ. . .၊ ဘာဖြစ်လို့ သွားရိုက်တာလဲ. . .'' ဟု စိုးရိမ်သောလေသံဖြင့် မေးလေ၏။

''ဒီလိုမြတ်လှရဲ့ . . . ဆုံးမလိုက်တာပါ၊ ဒေါသမပါဘူး၊ ရိုက်ရုံသပ်သပ်ရိုက်လိုက်တာ. . .၊ လိုအပ်လို့ ရိုက်လိုက်တာပေါ့ကွယ်. . .'' ဟု မအောင်ရင်က ပြောလိုက်လေ၏။

''ဦးလေးနဲ့ အန်တီ့ပါးကို ရိုက်ဦးမယ်ဆို'' ဟု မြတ်လှက စိုးရိမ်တကြီးမေးလိုက်ပြန်၏။

''ဒီလို အဓိပ္ပာယ်မျိုးမဟုတ်ဘူး၊ မိမိကြီးက နားမလည်လို့ ပြောပြတာပါ၊ လိုအပ်ရင် ဘာမဆို မအောင်ရင် လုပ်မယ်ဆိုတာ ရှင်းပြတာပါ၊ မလိုအပ်ရင် ကိုယ့်ခြင်ထောင်ထဲမှာ လာပြီးပျံနေတဲ့ ခြင်ကိုတောင် ထပြီး မရိုက်ဘူး၊ လိုအပ်မယ်ဆိုရင်တော့ သေမင်းရဲ့နှုတ်ခမ်းမွေးကို တစ်ပင်ချင်း နှုတ်ပစ်လိုက်မယ်၊ အဲဒါက အစ်မရဲ့သဘောထားပဲ. . .''ဟု မအောင်ရင်က ပြောလိုက်လျှင်–

''နှုတ်ခမ်းမွေးပဲ နုတ်နုတ်၊ ဆံပင်မွေးပဲ နုတ်နုတ်၊ အလုပ်က တော့ပြုတ်တော့မယ် . . .'' ဟု မြတ်လှက ညည်းညူလိုက်လျှင် မအောင်ရင်က–

''ဒီမှာ ညီမလေးရဲ့ . . .၊ အလုပ်က ချက်ချင်းဖြုတ်လို့မရဘူး၊ ဖြုတ်ချင်ရင် အလုပ်ရှင်က တစ်လကြိုတင်အသိပေးရတယ်၊ အစ်မက


ထွက်ချင်ရင်လည်း သူတို့ကို တစ်လကြိုတင် အသိပေးပြီးမှ ထွက်လို့ ရတယ်. . .'' ဟု ပြောလိုက်လေ၏။

''အစ်မကြည့်ရတာ ဘာမှမပူသလိုဘဲ၊ အမြဲတမ်း တည်တည် ငြိမ်ငြိမ် အေးအေးချမ်းချမ်းပဲ . . .'' ဟု မြတ်လှက ပြောလိုက်လေ၏။

**''အော် . . . ဒါက ဒီလိုပါကွယ် . . .၊ အစ်မက အားလုံးကို လွှတ်ချထားတာ၊ လွတ်ကျတာ မဟုတ်ပါဘူး၊ အဲဒီလို လွှတ်ချ ထားတာဆိုတော့ ဘာမှသိမ်းပိုက်မထားဘူး၊ အဲဒီလို သိမ်းပိုက် မထားတော့ အစ်မမှာ ပျောက်ဆုံးစရာ ဘာမှမရှိဘူး၊ ဘာမှမရှိ တော့ ဘာမှမပူတော့ဘူးပေါ့၊ မပူတော့ အေးချမ်းတာပေါ့ မြတ်လှ ရယ် . . .၊ မအောင်ရင်ပြောချင်တာက ဒါပါပဲ . . .''**ဟု မအောင်ရင်က အေးချမ်းစွာ ပြောလိုက်လေတော့သတည်း . . .။ ။

◆

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၄ )

## မအောင်ရင် ကလူပေါ်ဖြုတ်ပြီ

တစ်နေ့သ၌ မအောင်ရင်သည် ရွှေဂုံအထည်စက်ရုံဝန်းကြီးအတွင်း သူဌေးဦးမြို့၏ ရုံးခန်းကို ရှင်းလင်းနေလေ၏။ ထိုသို့ ရှင်းလင်း ပေးပြီးနောက် စက်ရုံ၏ဘေးတွင် ထမင်းစုစားနေကြသော မကုလားမ၊ သန်းသန်း၊ မမြတ်လှ၊ မခင်သိန်းနှင့် သန်းမောင်တို့ဆီသို့ သွားရောက်လေ၏။ ထိုအခါ နှုတ်သွက်အာသွက်နိုင်လှသော မကုလားမက–

''အမလေး မအောင်ရင်ရယ် . . . မြန်မြန် သူဌေးမကြီးဖြစ်ပြီး ရွှေဂုံအထည်စက်ရုံကြီးကို ဝယ်စမ်းပါ၊ ပြီးတော့ ကျွန်မတို့ အပန်း

BURMESE CLASSIC .com

www.burmeseclassic.com


ဖြေဖို့ ထမင်းစားဖို့ တန်းလျားလေးတစ်ခု ဆောက်ပေးပါ၊ ဒီသူဌေးကတော့ ဆောက်ပေးမယ့်ပုံ မပေါ်ဘူး. . .''ဟုပြောလေ၏။ ထိုအခါ၌သန်းမောင်က

''မအောင်ရင်ကြီးက စက်သူဌေးဖြစ်ဖို့ နေနေသာသာ၊ အိမ်ဖော် အလုပ်တောင် ပြုတ်တော့မယ်၊ ဒီနှစ်ကုန်တာနဲ့ အလုပ်ဖြုတ်ပစ်မယ်လို့ သူဌေးသမီး မိမိကြီးက ပြောနေတယ်၊ အဲဒါကိုလည်း စဉ်းစားဦး နော်'' ဟု စိုးရိမ်သော လေသံဖြင့်ပြောလေ၏။ ထိုအခါ မအောင်ရင်သည် ၎င်းတို့အားဦ၀င်ထိုင်ရင်း

''မပူစမ်းပါနဲ့ သန်းမောင်ရယ်. . .၊ အလုပ်ဖြုတ်တဲ့နေ့ကစပြီး ချမ်းသာတဲ့နေ့ပဲ၊ ငါ အလုပ်ပြုတ်ပြီး မကြာခင်မှာ နင့်ကိုစပြီး အလုပ် ခန့်မယ်၊ ကားမောင်းဖို့ပါပဲ၊ ကုလားမကိုလည်း အလုပ်ခန့်မယ်၊ ထမင်း ချက်ဖို့ပါပဲ၊ သန်းသန်းက ဈေးဝယ်ရမယ်၊ ခင်သိန်းက ပန်းကန်တွေ အိုးတွေ ဆေးရ ကြောရမယ်၊ မြတ်လှက ငွေကိုင်ရမယ်. . .''ဟု ပြော လိုက်လျှင်

''အားလုံးကတော့ ထောင့်စေ့နေပြီ . . .၊ မအောင်ရင်က ဘာလုပ်မှာလဲ. . .'' ဟု သန်းသန်းက မေးလိုက်ရာ မအောင်ရင်က

''ငါက ဖိုထိုးမယ်. . .''ဟု ပြောလိုက်သဖြင့် အားလုံးက ဝိုင်း၍ ရယ်ကြလေ၏။

''နင်တို့ ဘာရယ်တာလဲ၊ အဂ္ဂိရတ်ထိုးမယ်လို့ ပြောတာ. . .'' ဟု မအောင်ရင်က ထပ်၍ပြောလိုက်ရာ ကုလားမက

''မအောင်ရင်တော့ မသိဘူး၊ ကျွန်မတို့ အိမ်နားက ဦးရှိန်ဆို တဲ့လူ ဖိုထိုးလိုက်တာရတဲ့အမွေတွေ ကုန်သွားတယ်၊ တိုက်တစ်လုံး ပြုတ် သွားတယ်'' ဟု ပြောလိုက်လျှင် ကျန်လူများကလည်း ရယ်မောလိုက်ကြ


BURMESE CLASSIC .com

www.burmeseclassic.com


လေ၏။ ထိုအခါ ဒရိုင်ဘာသန်းမောင်က

"ကြုံကြိုးစည်ရာ မအောင်ရင်ရယ်. . .၊ အဂ္ဂိရတ်ထိုးရမယ်လို့ ထားပါတော့လေ၊ ခင်ဗျားက ကျုပ်တို့ ငါးယောက်ကို အလုပ်ပေးထားမယ်ဆိုတော့ ဘာအလုပ်ရှိလို့လဲဗျ. . ." ဟု မေးလေရာ မအောင်ရင်က–

"ထမင်းဆိုင်ဖွင့်ပြီး ထမင်းရောင်းရမှာပေါ့" ဟု တုံးတိတိပြန်၍ ဖြေလိုက်လေ၏။

"မအောင်ရင်. . .မအောင်ရင်. . .၊ အတော့်ကို စိတ်ကူးယဉ်တာပဲကို၊ ထမင်းဆိုင်ဖွင့်တယ်ဆိုတာ လွယ်တယ်များမှတ်နေလား၊ ဆိုင်ဖွင့်ဖို့ အခန်းကျယ်ကျယ်တစ်ခုကို သိန်းနဲ့ချီပြီး ပေးရတာ၊ ခင်ဗျားမှာ ပိုက်ဆံ ဘယ်လောက်များရှိလို့လဲ. . ." ဟု သန်းမောင်ကပြန်၍ မေးလိုက်လေ၏။

"ရန်ကုန်မြို့ထဲမှာဆိုရင်တော့ ဟုတ်တာပေါ့ သန်းမောင်ရဲ့. . ငါက ရန်ကုန်မြို့ထဲမှာ ဖွင့်မှာမှမဟုတ်ဘဲ၊ ရန်ကုန်ကနေ မိုင်သုံးဆယ်ဝေးတဲ့ မှော်ဘီမြို့၊ အဲဒီမှော်ဘီမြို့ထဲကနေ ပြည်–ရန်ကုန်သွားတဲ့ ကားလမ်းကြီးက ဖြတ်သွားတာ. . .၊ ငါဖွင့်မယ့်ဆိုင်ဆိုတာက မှော်ဘီမြို့လယ်ခေါင်မှာလည်းမဟုတ်ဘူး၊ အဲဒီမှော်ဘီမြို့အစွန် ကားလမ်းဘေးမှာ ဖွင့်မှာ၊ အဲဒီမှာက မြေကွက်တွေ ဈေးပေါပါတယ်၊ မဝယ်နိုင်ရင်တော့ငှားလို့ရတယ်၊ ဝယ်နိုင်တော့မှ အပိုင်ဝယ်လိုက်မှာ သန်းမောင်ရဲ့" ဟု မအောင်ရင်က ပြန်၍ပြောလေ၏။

"အဲဒီ မြို့အစွန် ဒီလောက်ခေါင်တဲ့နေရာက ခင်ဗျားဆိုင်ကို ဘယ်သူက ထမင်းလာစားမှာလဲ" ဟု သန်းမောင်က မေးလေ၏။ "ဟဲ့ မြို့ထဲက လူကတော့ ဘယ်ကလာပြီး စားမှာလဲ၊ ပြည်–ရန်ကုန် မောင်းနေ


BURMESE CLASSIC .com

တဲ့ ကားတွေကတော့ လာစားမှာပေါ့ . . .၊ ကုန်တင်ကားတွေလည်း ရှိတယ်၊ ခရီးသည်တင်ကားတွေလည်းရှိတယ် . . .''ဟု မအောင်ရင်က ပြန်၍ ပြောလေ၏။ အထက်ပါ စကားများပြောကြပြီး သုံးလခန့်ကြာသောအခါ၌ သူဌေးဦးမြို့၏သမီး မိမိကြီးက မအောင်ရင်ကို အပြီးအပိုင် အလုပ်ဖြုတ်လိုက်လေတော့သတည်း . . .။

**ဘူးသီးရေဘူး ထမင်းဆိုင်**

မအောင်ရင်သည် မော်ဘီတွင် ဒေါ်ဒွေးဖြူနှင့် သွားရောက်နေထိုင်ခဲ့၏။ ထိုသို့ နေထိုင်ရင်း မော်ဘီမှ ပြည်ဘက်သို့ထွက်သောကား လမ်း၏နံဘေးတွင်ရှိသည့် သီဟိုဠ်ပင်၊ သရက်ပင်၊ ဝါးပိုးဝါးပင်များဖြင့် အုံ့ဆိုင်းမှိုင်းညို့နေသော သုံးကေခန့် ကျယ်ဝန်းသည့် ခြံကြီးတစ်ခြံကို နှစ်ချုပ်ဖြင့် ငှားရမ်းလိုက်လေ၏။ ထိုသို့ ငှားရမ်းပြီးနောက် အလုပ်သမားများ ငှားရမ်းကာ ခြံကြီးကို အောက်ခြေများ ရှင်းလင်းပစ်လိုက်၏။မညီသော နေရာများကို ညှိပစ်လိုက်၏။ ပြီးလျှင် ခြံ၏ အနောက်ဘက်လယ်ကွင်းနှင့် ဆက်နေသောနေရာများတွင် အိမ်သာဆောက်ရန်အတွက် ကျွင်းနက်နက် တူးလေ၏။ ပြီးလျှင် တောသစ်များဖြင့်ပင် အိမ်သာဆောက်လေ၏။ အိမ်သာမှာ နှစ်ဖက်ဖြစ်၏။ တစ်ဖက်တွင် သုံးလုံးပါ၏။ အခြားတစ်ဖက်မှာ သုံးလုံးပါ၏။ တစ်ဖက်မှာ မိန်းမများအတွက်ဖြစ်၍ ကျန်တစ်ဖက်မှာ ယောကျ်ားများအတွက်ဖြစ်၏။ ရေတွင်း နှစ်တွင်းတူး၍ ဝါးမောင်းတက်များ တပ်ဆင်ထား၏။ ထို့နောက်မှ လွန်စွာကြီးမားသော တဲပိုင်းကြီးကို ထိုးပြန်၏။ ထိုတဲတွင် ဝါးစားပွဲခုံများ၊ ဝါးထိုင်ခုံများကို ဝါးကိုင်ကျွမ်းကျင်သောသူအားပြုလုပ်စေခဲ့၏။ ခြံ၏ ထောင့်ကျကျနေရာတွင် မီးဖိုဆောင်တဲကြီး တစ်လုံးကိုဆောက်လေ၏။ ထို့နောက် လူနေရန်အတွက် ခြေတံရှည်တဲ


BURMESE CLASSIC .com

ကြီးများထိုး၏။ အလုံးစုံပြီးသောအခါတွင် ဒန်အိုး၊ ဒယ်အိုး၊ ဇွန်း၊ ပန်းကန်ခွက်ယောက်များ ဝယ်လေ၏။ မအောင်ရင်၏ လှူ့ဒါန်းမှုကြောင့် ကုလားမ၊ မခင်သိန်း၊ သန်းသန်း၊ မြတ်လှတို့ အလုပ်မှထွက်ခဲ့ကြ၏။ ဒါရိုင်ဘာသန်းမောင်တစ်ယောက်သာ ကျန်ခဲ့၏။ အိုးခွက်ပန်းကန်များကို မခင်သိန်းအား သိမ်းဆည်းရန် တာဝန်ပေး၏။ ချက်ရေး၊ ပြုတ်ရေးတာဝန်ကို ကုလားမနှင့် ဒေါ်ဒွေးဖြူက တာဝန်ယူရ၏။ သန်းသန်းနှင့် မြတ်လှက စားပွဲထိုးရ၏။ မြတ်လှသည် စားပွဲထိုး အလုပ်တာဝန်အပြင် ငွေစာရင်းကိုင်ရသော တာဝန်ကိုပါယူရ၏။ မိုးချုပ်၍ ဆိုင်သိမ်းသောအခါ၌ ငွေများကို ဒေါ်ဒွေးဖြူအား အပ်ရ၏။ နောက်တစ်နေ့ ဈေးဝယ်ရန်အတွက် ဒေါ်ဒွေးဖြူထံမှ ငွေထုတ်ရ၏။ ထို့နောက် မအောင်ရင်သည် တိုက်ကြီးဘက်တွင်ရှိသော မုဆိုးများနှင့် လှမ်း၍ဆက်သွယ်ရ၏။ ကျီ၊ ဆတ်၊ ဖွတ်၊ ပဒတ်၊ ယုန်၊ ခါ ရသမျှကို ဝယ်မည်ဖြစ်ကြောင်း အကြောင်းကြား၏။ တောကောင်၏ သားရေများ၊ ချိုများကိုပင် ဝယ်မည်ဖြစ်ကြောင်း အကြောင်းကြားလိုက် သောကြောင့် မုဆိုးများကလာ၍ ရောင်းကြ၏။ ထို့ကြောင့် မအောင်ရင်၏ တဲပိုင်းကြီးအတွင်း၌ တောဆိတ်သားရေများ၊ ဝက်ဝံများ၏ သားရေများ၊ သမင်ချိုများ၊ ပြောင်ချိုများ၊ တောဆိတ်ချိုများ ချိတ်ဆွဲထားသည်ကို တွေ့ရလေ၏။ ထို့ပြင် မအောင်ရင်သည် ပန်းချီဆရာတစ်ဦးထံ သွားရောက်၍ သံပြားပေါ်တွင် မုဆိုးကြီးတစ်ဦး တောလိုက်၍ ပြန်လာပုံကို ဆီဆေးဖြင့် ရေးခိုင်းလေ၏။ မုဆိုး၏ လက်ထဲတွင် ဒူးလေးတစ်လက်ပါ၏။ ပခုံးထက်တွင် တောင်ဆိတ် အသေကြီးတစ်ကောင်ကို ထမ်းထား၏။ ထိုပုံကြီးကို မအောင်ရင်သည် ဆိုင်ရှေ့ကားလမ်းဘေးတွင် ထောင်၍ထား၏။ ထို့ပြင် ‘မုဆိုးကျော်’

www.burmeseclassic.com


ထမင်းဆိုင်ဟူသော စာတန်းကို ရေး၍လည်း ဆိုင်ကိုညွှန်ပြထား၏။ မအောင်ရင်သည် ဆိုင်မဖွင့်မီ တစ်လလောက်ကပင် အသိမိတ်ဆွေများကို ဖိတ်ခေါ်၍ ချက်ပြုတ်ကျွေးမွေးခဲ့လေ၏။ သူ၏ ဆိုင်တွင် အလုပ်လုပ်သောသူများ ကျွမ်းကျင်စွာချက်နိုင်၊ ကျွမ်းကျင်စွာ စားပွဲထိုးနိုင်မှသာ မုဆိုးကျော်ထမင်းဆိုင်ကိုဖွင့်ခဲ့၏။

သူ၏ဆိုင်တွင် ဖွတ်သားဆီပြန်၊ ပတတ် ကင်ပါရ၏။ တောဝက်သားရော၊ အိမ်ဝက်သားပါရ၏။ မအောင်ရင်၏ဆိုင်၌ မဆလာကို အသုံးပြုခဲ၏။ စပါးလင်၊ ဂျင်းတို့ကို နိုင်နိုင်သုံးခဲ့၏။ လတ်ဆတ်သော အသားများကို စားရသောကြောင့် သဘောကျကုန်၏။ ခရီးသည်များသည် အခြားနေရာများ၌ ထမင်းစားရန် ကားရပ်ပေးလျှင် မဆင်းကြဘဲ 'မုဆိုး ကျော်ထမင်းဆိုင်ကျမှပဲ ရပ်ပေးပါ'ဟုပြောကြကုန်၏။ ထို့ကြောင့် မအောင်ရင်၏ မုဆိုးကျော်ထမင်းဆိုင်သည် နေ့ချင်း ညချင်း အောင်မြင်သွားလေတော့၏။

အလကားတိုက်သော ရေနွေးကြမ်းကို ဖြစ် ကတတ်ဆန်း မလုပ်ဘဲသောက်၍ကောင်းအောင်စီမံ၏။ နှစ်လခန့်ကြာသောအခါ၌ မအောင်ရင်သည် ပျဉ်ကာသွပ်မိုးဖြင့် ဖိုရုံလေးတစ်ရုံဆောက်ပြီးလျှင် အင်္ဂရိတ်ဆရာထံတွင် ဖိုထိုးနည်းကိုသင်ပြီးနောက် ထိုအင်္ဂရိတ်ဆရာအား ငွေကြေး အလုံအလောက်ပူဇော်ကာ လမ်းခွဲလိုက်လေတော့၏။ ထိုသို့ လမ်းခွဲပြီးနောက် တစ်ခါက ဒေါ်ဒွေးဖြူထံအပ်နှံထားသော ပစ္စည်းများကို မုဆိုးကျော် ခြံအတွင်းရှိ ၎င်း၏နေအိမ်သို့ ရွှေ့ပြောင်းလေတော့၏။ ဆိုင်မှာ တစ်နေ့တစ်နေ့ရောင်းကောင်းလာသောကြောင့် အလုပ်သမားများတိုးချဲ့ခန့်ထားရ၏။ ထိုအလုပ်သမားများမှာ တခြားလူများမဟုတ်ဘဲ သူဌေးဦးမြို့၏


BURMESE CLASSIC .com

စက်ရုံများမှ အလုပ်ပြုတ်ခဲ့သော အလုပ်သမားများသာဖြစ်၏။

“မုဆိုးကြီးက အတော့်ကို ဟန်ကျလာပြီ၊ နောက်ဆိုရင် ဦးမြို့ရဲ့ ရွှေဂဲကြက်တူရွေးကို ပစ်ချတော့မယ်ထင်တယ်”ဟု အလုပ်သမားများက မကြာခဏ ပြောတတ်ကြလေ၏။

မအောင်ရင်၏ မုဆိုးကျော်ထမင်းဆိုင်သည် ထမင်းစားပြီးသူများအား ရာသီအလိုက်ပေါ်သော အသီးအနှံများကို အခမဲ့ ချ၍ကျွေးလေ၏။ မအောင်ရင်၏ ထမင်းဆိုင်တွင် ထူးခြားသောအချက်မှာ သောက်ရေ လွန်စွာသန့်၍ ပေါ့ခြင်း ငံခြင်းမရှိဘဲ လွန်စွာသောက်၍ ကောင်းခြင်းပင်ဖြစ်၏။ မအောင်ရင်သည် ဘူးသီးခြောက်ရေဘူးကလေးများတွင် ရေဖြည့်ကာ ထမင်းစားသူများကို လက်ဆောင်ပေး၏။

ထို့ကြောင့် မအောင်ရင်၏ဆိုင်ကို မုဆိုးကျော်ဆိုင်ဟူ၍ လည်းကောင်း၊ အချို့က ဘူးသီးခြောက်ဆိုင်ဟူ၍လည်းကောင်း၊ အချို့က ဘူးသီးခြောက် ရေဘူးဆိုင်ဟူ၍လည်းကောင်းခေါ်ကြ၏။ မအောင်ရင်သည် ဂျစ်ကားလေးတစ်စီး ဝယ်ထား၏။ ထိုဂျစ်ကား၏နောက်တွင် ထွေလာခေါ် နောက်ဆက်တွဲလေးပါ ပါ၏။ ထိုနောက်တွဲလေးများသည် ဈေးဝယ်ရာတွင် အလွန်အသုံးဝင်၏။ မအောင်ရင်၏ ဆိုင်တွင် နာမည်ကြီးသော ဟင်းများမှာ တောကြက်သား၊ အရည်သောက်ဟင်း၊ ငါးရံ့ဆန်လှော်ဟင်း၊ ဘူးသီးသုပ်၊ ငါးလင်ဗန်းအချဉ်ဆီပြန်၊ ဆတ်သား၊ ဇရပ်သီး လေးစိပ်ကွဲ၊ ဂျီသားကြပ်တင်ဟင်းတို့ဖြစ်၏။ မအောင်ရင်သည် ဈေးဆိုင်ကြီးအား စီမံရန်အတွက် မကုလားမကို တာဝန်ပေးထား၏။ ဒရိုင်ဘာကိုသန်းမောင်မှာ ဂျစ်ကားကိုမောင်းရ၏။ ပျက်လျှင်ပြင်ရ၏။

မအောင်ရင်သည် ဆိုင်၏လိုအပ်ချက်များကို ကြည့်ရှု၍ ဖြည့်



BURMESE CLASSIC .com

ဆည်းပေး၏။ အားလျှင် အင်္ဂလိပ်ထိုး၏။ အင်္ဂလိပ်ဆရာများသည် ဤဆိုင်သို့ရောက်လာပြီးလျှင် မအောင်ရင်နှင့် အင်္ဂလိပ်အကြောင်းများကို ဆွေးနွေးကြ၏။ ၎င်းတို့တွင်ပါလာသော ခါတ်လုံးများကို မကြာခဏ ထုတ်၍ပြ၏။ အင်္ဂလိပ်ဆရာများသည် မအောင်ရင်၏ ခါတ်လုံးကြီးကို ကိုင်စမ်းကြည့်ရှုပြီးနောက်–

"တော်ပါပေရဲ့ မအောင်ရင်ရယ်၊ ခင်ဗျားခါတ်လုံးက တကယ့်ကိတ်ကြီးပါပဲ . . . " ဟု ပြောသူက ပြောကြ၏။ အချို့ကလည်း–

"ဆေးဒါန်းကြီးပါဗျာ . . ." ဟု ပြောသူက ပြောကြ၏။

"ခင်ဗျားတို့ပြောတာ တစ်ခုမှ မဟုတ်ဘူး၊ မအောင်ရင် ခါတ်လုံးက ဒန်ကိုဒန်သတ်၊ ငမှတ် စကြဂ်တင်ဆိုတဲ့ ခါတ်လုံးမျိုးပါဗျာ၊ အမှန်စင်စစ် ကြေးနီ၊ ကြေးဝါတွေလုံးထားတဲ့ ခါတ်လုံးကြီးပါ၊ ဘာမှ မဟုတ်ပေမဲ့ လူအထင်ကြီးတဲ့ ခါတ်လုံးမျိုးပေါ့ဗျာ"ဟုပြောလေ၏။ မအောင်ရင်ကမူ တစ်စုံတစ်ရာပြန်၍မပြောဘဲ ကျေကျေနပ်နပ်ကြီး ပြုံးနေလေ့ရှိ၏။

တစ်နေ့တွင် မအောင်ရင်၏ မုဆိုးကျော် ထမင်းဆိုင်ကြီးဆီသို့ မော်တော်ကားတစ်စီး ဆိုက်ရောက်လာ၏။ မိသားတစ်စု ကားပေါ်မှ ဆင်းလာပြီး ထမင်းစားကြလေ၏။ ၎င်းတို့သည် ငါးရံ့ဆန်လျော်ဟင်းနှင့် ငါးလင်ပန်းအချဉ်ဆီပြန်ဟင်းကို မှာယူစားသောက်ကြလေ၏။ လွန်စွာမှ မြိန်ယှက်ကြလေ၏။ ထို့ကြောင့် ထမင်းဆိုင်ကို ချီးကျူးကြလေ၏။ ထိုသို့ ချီးကျူးပြီးနောက် ယောကျ်ားလုပ်သူသည် တစ်နေရာသို့ လှမ်းကြည့်ပြီးလျှင် မိန်းမကို လက်တို့လေ၏။ မိန်းမသည် ယောကျ်ားညွှန်ပြရာကို ကြည့်လိုက်လေ၏။ ထို့နောက်မှ–


BURMESE CLASSIC .com

www.burmeseclassic.com


''ဟုတ်ပါရဲ့၊ အဲဒါ မအောင်ရင်မှ မအောင်ရင် အစစ်ပါ...'' ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်ကား ယောကျ်ားကြီးရော၊ မိန်းမပါ မအောင်ရင်ကို အော်ခေါ်၍ နှုတ်ဆက်ကြလေ၏။ ထိုယောကျ်ားကြီးမှာ သူဌေးဦးမြို့၏ ခြံဘေးမှ ဆပ်ပြာသူဌေး ဦးမြခင်ဖြစ်၏။ မအောင်ရင်က လည်း ပြန်၍နှုတ်ဆက်လေ၏။

''ဒီဆိုင်ကြီးက မအောင်ရင်ဆိုင်ကြီးလား''ဟု ဦးမြခင်က မေး လိုက်ရာ မအောင်ရင်က–

''ဟုတ်ပါတယ်ရှင်၊ ကျွန်မဆိုင်ပါပဲ၊ ဒီမှာ လုပ်နေတဲ့ အလုပ် သမားတွေဟာ သူဌေးဦးမြို့ရဲ့ စက်ရုံက အလုပ်ပြုတ်ခဲ့တဲ့ လူတွေပါ၊ ကျွန်မနဲ့ ဒိုးတူပေါင်ဖက် လုပ်စားနေကြတာပါ၊ ဟိုမှာ ကားပြင်နေတဲ့ သန်းမောင်ကိုတော့ သိမှာပေ့ါ၊ ဦးမြို့အိမ်က ဒရိုင်ဘာလေ၊ အခု အလုပ် ပြုတ်လာလို့ခေါ်ပြီး ဒီမှာ ဒရိုင်ဘာ လုပ်ခိုင်းထားတာ...'' ဟု ပြောလိုက် လေ၏။ ထိုအခါ ဆပ်ပြာသူဌေးဦးမြခင်က–

''မအောင်ရင် အလုပ်ကထွက်လာတာ သိပ်မကြာသေးဘူး၊ အခု လောက်ကြီးပွားတယ်ဆိုတော့ မအောင်ရင်နောက်မှာ ဘက်ဂရောင်းရှိ တယ်ထင်တယ်...''ဟု ပြောလေ၏။ ထိုအခါ မအောင်ရင်က ပြုံးလျက်–

**''လှိုင်းလုံးကြီးတွေကို ကြည့်ပြီး အဲဒီလှိုင်းလုံးကြီးတွေ နောက်မှာ သမုဒ္ဒရာကြီးရှိမယ်လို့ထင်တတ်ကြတာပါပဲ၊ အမှန်က တော့ ဒီလှိုင်းလုံးကြီးတွေ ကိုယ်၌က သမုဒ္ဒရာပဲ မဟုတ်ပါလားရှင်၊ လှိုင်းလုံးကသပ်သပ်၊ သမုဒ္ဒရာက သပ်သပ်မှမဟုတ်ဘဲ၊ မအောင်ရင် ပြောချင်တာကတော့ဒါပါပဲ''**ဟု ပြောလိုက်ရာ ဆပ်ပြာ သူဌေး ဦးမြခင်က–


BURMESE CLASSIC .com

www.burmeseclassic.com


"ဟုတ်ပါ့ဗျာ..."ဟု ကျေကျေနပ်နပ်ကြီးဝန်ခံလိုက်လေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၅ )

# ဒရိုင်ဘာသန်းမောင်နှင့် သန်းသန်းလိုက်ပြေးပြီ

မအောင်ရင်၏ 'မုဆိုးကျော် ထမင်းဆိုင်' ကြီးသည် လွန်စွာလူသိများသွားပြီဖြစ်၏။ မအောင်ရင်သည် ဒေါ်ဒွေးဖြူကြီးအား ထမင်းဆိုင်ကို စီမံအုပ်ချုပ်တတ်ရန် အသေးစိပ်သင်ကြားလေ၏။ ထို့အတူ မြတ်လုကိုလည်း ရွှေဆိုင်ဖွင့်နိုင်ရန်အတွက် လိုအပ်ချက်များကို အသေးစိပ် သင်ကြားပြသပြီးလျှင် မော်ဘီဈေး ရွှေဆိုင်တန်းတွင် ရွှေမရမ်းဟူသောအမည်ဖြင့် ရွှေဆိုင်တစ်ဆိုင် ဖွင့်ပေးထားလေ၏။ မုဆိုးကျော် ထမင်းဆိုင်ကြီးအတွက် အမျိုးသမီးအလုပ်သမားများကို မော်ဘီမြို့အစွန်ရှိ ကုလားကြီးကုန်းဆိုသော ရွာမှ လုပ်တတ်၊ ကိုင်တတ်၊ သွက်သွက် လက်



BURMESE CLASSIC .com

www.burmeseclassic.com


လက်နိုင်သော အမျိုးသမီးများကို ခေါ်ယူထားလေ၏။

သန်းသန်းကိုမူ ကြည့်မြင်တိုင်ဈေး တွင် ရွှေ ဆိုင်ထွက်ခိုင်းလေ၏။ မခင်သိန်းကိုလည်း ကျောက်မြောင်းဈေး၌ ရွှေဆိုင်တစ်ဆိုင် ဖွင့်ပေးထားလေ၏။ ရွှေဆိုင်ဖွင့်မည့်သူများကို သန်းမောင်က နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကားဖြင့်လိုက်ပို့ရ၏။ ရွှေဆိုင်သိမ်းသောအခါ၌ ကားဖြင့်လိုက်၍ကြိုရ၏။ မကုလားမတစ်ဦးသာလျှင် မုဆိုးကျော်ထမင်းဆိုင်၏ ထမင်းချက်အကြီးအကဲအဖြစ်ကျန်ရစ်ခဲ့လေ၏။

ဒေါ်ဒွေးဖြူသည် ထမင်းဆိုင်၏ တာဝန်ခံဆိုသော်လည်း တကယ်အုပ်ချုပ်နေသူမှာ မကုလားမသာဖြစ်၏။ ရွှေဆိုင်ထွက်သော မြတ်လုတို့ လူစုသည် ရွှေဆိုင်သိမ်းသောအခါ၌ ၎င်းတို့သည် ထမင်းဆိုင်တွင် ဝိုင်းဝန်းလုပ်ကိုင်ပေးကြရလေ၏။ ဆိုင်တွင် လူရှင်းသောအခါ၌ ၎င်းတို့သည် ရောင်းရေးဝယ်တာ ကိစ္စများကို မအောင်ရင်နှင့်ပြောဆိုဆွေးနွေးကြလေ၏။ ရောင်းမှား ဝယ်မှားကိစ္စများကိုလည်း မအောင်ရင်က မည်သို့ မည်ပုံပြုလုပ်ရမည်၊ မည်သို့မည်ပုံဖြေရှင်းရမည်ကို ပြောပြလေ့ရှိလေ၏။

တစ်နေ့တွင် ကျောင်းဆရာမတစ်ဦး၏ ဆွဲကြိုးကို ခါးပိုက်နှိုက်တစ်ဦးကဖြတ်၏။ ထိုခါးပိုက်နှိုက်ကို ရဲကဖမ်းဆီးမိသောအခါ၌ ခါးပိုက်နှိုက်၏ လက်တွင် ဆွဲကြိုးသည်မရှိတော့။ ရောင်းပစ်လိုက်ပြီ ဟု ထွက်ဆို၏။ ထိုအခါ၌ ခါးပိုက်နှိုက်အား ရဲက ကြည့်မြင်တိုင်ဈေးသို့ခေါ်လာပြီး ရောင်းခဲ့သောဆိုင်ကိုပြခိုင်းရာ ထိုခါးပိုက်နှိုက်က သန်းသန်း၏ဆိုင်ကို လက်ညှိုးထိုးပြလေတော့၏။

ထို့ကြောင့် သန်းသန်းကို စခန်းသို့ ခေါ် သွားပြီးလျှင် ဆွဲကြိုးကို တောင်းလေ၏။ သန်းသန်းလည်း ၎င်းထံတွင် မရောင်းကြောင်း ငြင်းဆို


BURMESE CLASSIC .com

www.burmeseclassic.com


သော်လည်း မရပေ။ ထို့ကြောင့် ဆွဲကြိုးတစ်ကုံး လျော့လိုက်ရလေ၏။

မအောင်ရင်သည် ထိုအဖြစ်အပျက်ကို နမူနာယူရန် သူ၏ရွှေဆိုင်များတွင် ရွှေမဝယ်ပါဟူသော ဆိုင်းဘုတ်များကို ချိတ်ဆွဲထားလေ၏။ မြတ်လှက–

"အစ်မ မအောင်ရင်ရယ် ဘာပဲလုပ်စား၊ လုပ်စား မလွယ်ပါလား ..." ဟု ညည်းညူလိုက်ရာ–

**"ဒါပေါ့ မြတ်လှရယ်၊ ဘဝဆိုတာ ရယ်ဒီ မိတ်အကျီလိုမျိုး မဟုတ်ဘူးဟဲ့၊ ဖန်တီးယူရတဲ့အရာမျိုးဖြစ်တယ်၊ အဲဒီတော့ ကြိုးပမ်းမှုတွေ၊ ဖန်တီးမှုတွေဟာ ဘဝဆိုတာမှာ ပါမှာပဲ၊ ဘာပဲဖြစ်ဖြစ်ကိုယ့်ဘဝကိုတော့ ဖန်တီးရမှာပဲ၊ အခက်အခဲတွေ့လို့ အားငယ်နေလို့မဖြစ်ဘူး၊ ဖြစ်တဲ့နည်းနဲ့ တည်ဆောက် ဖန်တီးသွားရမှာ၊ အဲဒီလို တည်ဆောက်ဖန်တီးပြီး လောင်းထည့်ရမဲ့ ပစ္စည်းကတော့ အဓိပ္ပာယ်ဆိုတဲ့အရာဖြစ်တယ်၊ ဒါမှ ဘဝဟာ အဓိပ္ပာယ်နဲ့ ပြည့်နက်နေမှာ၊ အဓိပ္ပာယ်ပြည့်စုံတဲ့ ဘဝမှာလည်းပဲ အရောင်၊ အဆင်းတွေ၊ အသံတွေ၊ ပြည့်စုံလာပြီး ဘဝဟာပုံပေါ်လာမှာ၊ အသက်ရှင်ရုံရှင်နေပြီး ဘာအတွက် ရှင်နေမှန်းမသိတဲ့ ဘဝဟာ စက်ရုပ်ပဲ၊ လူမဟုတ်ဘူး၊ လူဆိုရင် ပျော်ရွှင်မှုတွေ၊ ကြည်နူးမှုတွေ၊ အားတက်သရောဖြစ်မှုတွေ၊ စိတ်ညစ်မှုတွေ၊ ငြီးငွေ့မှုတွေ၊ စိတ်ပျက်မှုတွေ၊ ငိုကြွေးမှုတွေနဲ့ အဖက်ဖက်က ပြည့်စုံနေရမယ်၊ မအောင်ရင်ပြောချင်တာကတော့ဒါပါပဲ"**ဟု မအောင်ရင်ကပြန်၍ ပြောလိုက်လေ၏။ ထိုအခါ မြတ်လှက ခေါင်းတဆတ်ဆတ်ညိတ်၍ သန်းသန်းကမူ–

"မအောင်ရင်ပြောတာ ကျွန်မ သဘောပေါက်ပြီ ..." ဟု


BURMESE CLASSIC .com

ဝင်၍ ပြောလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး ရက်အတန်ငယ်ကြာသောအခါ၌ မအောင်ရင်သည် ကုလားကြီးကုန်းရွာဘက်မှ စိန်ဝင်းမောင်ဆိုသော ဒရိုင်ဘာလေးတစ်ဦးကိုခေါ်ယူ၍ အလုပ်ခန့်လေ၏။

"အစ်မအောင်ရင် ကားတစ်စီး ထပ်ဝယ်မလို့ စိန်ဝင်းမောင်ကို ခန့်တာလား"ဟု မြတ်လှက မေးလေ၏။

"မဟုတ်ပါဘူး မြတ်လှရယ်၊ ဒီရက်ပိုင်းအတွင်းမှာ သန်းမောင် အလုပ်ထွက်ချင်ထွက်လိမ့်မယ်၊ မအူပင်မှာ ကျန်ခဲ့တဲ့ သူ့အစ်မကြီး မမာလို့ဆိုပြီး ထွက်သွားလိမ့်မယ်..." ဟု မအောင်ရင်က ပြန်၍ ပြောလေ၏။ ထိုနေ့ညပိုင်း ဆိုင်လူရှင်းချိန်လောက်တွင် သန်းမောင်က မအောင်ရင်အား–

"မအောင်ရင် ကျုပ်ကတော့ အလုပ်ထွက်ရဦးမယ်၊ ကျုပ်အမေကြီးက ပြုစုမယ့်လူလည်းမရှိဘူး..."ဟု ပြောလေ၏။

ထိုအခါ မြတ်လှသည် မအောင်ရင်၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်လေ၏။ မအောင်ရင်သည် သန်းမောင်အား အလုပ်မှ ထွက်ခွင့်ပေးလိုက်လေ၏။ ထို့အပြင် ဘောက်ဆူးအဖြစ်လည်း ငွေများပေးလိုက် လေ၏။

နောက်တစ်နေ့ နံနက်စောစောတွင် မအူပင် ကားဂိတ်ဆင်းရမည်ဟုဆိုကာ ကုန်တင်ကားအကြုံဖြင့် ရန်ကုန်သို့လိုက်၍သွားလေတော့၏။ သန်း မောင်ထွက်သွားပြီး များမကြာမီ၌ စိန်ဝင်းမောင် ရောက်လာလေ၏။ မအောင်ရင်သည် စိန်ဝင်းမောင်အား ကားသော့ပေးလိုက်လေ၏။

"စိန်ဝင်းမောင်ရေ နေ့တိုင်းကြိုရမှာတော့ သုံးဆိုင်ပဲ၊ ဒီနေ့တော့ နှစ်ဆိုင်ပိတ်တယ်၊ မြတ်လှကတော့ မိန်းမကိစ္စကြောင့် ဆိုင်မထွက်နိုင်ရှာဘူး၊ မခင်သိန်းကလည်း တုပ်ကွေးဖြစ်နေပြီ၊ သန်းသန်းတစ်ယောက်ကို


BURMESE CLASSIC .com

www.burmeseclassic.com


ပို့လိုက်...”ဟု မအောင်ရင်က ပြောသဖြင့် စိန်ဝင်းမောင်သည် သန်းသန်းကိုပို့လေ၏။ သန်းသန်းသည် ရွှေသေတ္တာလေးကိုဆွဲကာ စိန်ဝင်း မောင်နှင့်အတူ ကြည့်မြင်တိုင်ဈေးသို့ ထွက်သွားလေတော့၏။ သန်းသန်းတို့ ထွက်သွားသောအခါ၌ မြတ်လှက–

“အစ်မအောင်ရင်ကလည်း ဘာတွေလျှောက်ပြောနေတာတုန်း၊ ဆိုင်ထွက်နိုင်ပါတယ်...” ဟု ပြောလေ၏။ ထို့အတူ မခင်သိန်းက–

“ကျွန်မလည်း တုပ်ကွေးမဖြစ်ပါဘူး...” ဟု ပြောပြန်လေ၏။

“ညည်းတို့နှစ်ယောက်ကို တမင်တကာ နားခိုင်းလိုက်တာပါ၊ နေ့တိုင်းဈေးထွက်ရတာဆိုတော့ ညည်းတို့ကို သနားလို့၊ ဒီနေ့ အေးအေးဆေးဆေးနားကြ၊ ဒီနေ့ဘာအလုပ်မှ မလုပ်နဲ့၊ သန္တေပင်က အနှိပ်ကောင်းတဲ့ မိန်းမကြီးတောင်ခေါ်ထားသေးတယ်၊ ညည်းတို့နှစ်ယောက် တစ်ယောက်တလဲ အနှိပ်ခံပြီးအိပ်ကြ...” ဟု ပြောလေ၏။

မျှားမကြာမီ၌ စိန်ဝင်းမောင် ပြန်၍ ရောက်လာ၏။ စိန်ဝင်းမောင်သည် ကားပြင်စရာရှိသည်ကို ပြင်၏။ နေ့လယ်ထမင်းစားချိန်လောက်တွင် ကြည့် မြင်တိုင် အုန်းသီး၊ ငှက်ပျောသီးရောင်းသောအတန်းမှ အုန်းသီး၊ ငှက်ပျောသီးသည် ဒေါ်ထားကြည်ဆိုသူတစ်ဦး ရောက်လာပြီးလျှင် မအောင်ရင်အား စာတစ်စောင်ပေးလေ၏။

ထိုစာမှာ သန်းသန်းက ပေးခိုင်းလိုက်သော စာဖြစ်၏။ စာတွင်ပါသော အဓိပ္ပာယ်မှာ သူ့ကိုခွင့်လွှတ်ရန်၊ သူသည် ကိုသန်းမောင်နှင့် လိုက်သွားပြီဖြစ်ကြောင်း ဖော်ပြထား၏။ မအောင်ရင်သည် မြတ်လှနှင့် မခင်သိန်းအားခေါ်ယူကာ စာကိုပြလေ၏။ ၎င်းတို့လည်း စာကိုဖတ်ကြလေ၏။ မြတ်လှသည် ထိုစာကိုဖတ်ပြီးနောက် စိတ်ပူသောလေသံဖြင့်–


BURMESE CLASSIC .com

www.burmeseclassic.com


"မသန်းသန်းဆီမှာ ဆိုင်ဖွင့်ဖို့ပေးထားတဲ့ ရွှေထည်ပစ္စည်းတွေ အကုန်ပါသွားပြီပေါ့ . . ." ဟု အလောတကြီး မေးလိုက်လေ၏။

"မပါပါဘူး မြတ်လှရယ်၊ ညထဲက ရွှေသေတ္တာကိုဖွင့်ပြီး ပစ္စည်းတွေအကုန်လုံး နှိုက်ယူထားလိုက်တယ်၊ အဲဒီရွှေတွေနဲ့ အလေးချိန်တူအောင် အိမ်ရိုက် သံငါးဆယ်သား ထည့်ပေးထားတယ်၊ အဲဒီသံတွေနဲ့အတူ စာတစ်စောင်ပါထည့်ပေးထားတယ်"ဟု မအောင်ရင်က ပြောလိုက်လေ၏။ ထိုအခါ မြတ်လှက–

"အဲဒီ စာရွက်အဖြူအပေါ်မှာဘာတွေရေးထည့်ထားသလဲ . . ." ဟု မေးလိုက်လေ၏။ မအောင်ရင်သည် အနီးရှိမြေ ဖြူကိုဆွဲယူ၍ ဝါးစား ပွဲခုံပေါ်တွင် ခင်းထားသော ငါးထပ်သားပေါ်၌ အောက်ပါအတိုင်း ရေးပြ လေ၏။

**"ချစ်ခြင်းမေတ္တာဆိုတာ ဘဝခရီးရဲ့ ပထမခြေလှမ်းပဲရှိသေးတယ်၊ တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်ပြီး လိုက်လျောတာဟာ ဘဝရဲ့နောက်ဆုံးခြေလှမ်းဖြစ်တယ်၊ ဘဝခရီးမှာ ခြေလှမ်းပေါင်းများစွာ ရှိပါတယ်၊ ဒါပေမဲ့ ဒီခြေလှမ်းနှစ်လှမ်းက အရေးကြီးဆုံးဖြစ်တယ်၊ မအောင်ရင် ပြောချင်တာကတော့ ဒါပါဘဲ"။**

မြတ်လှသည် ထိုစာကို ဖတ်ပြီးနောက် သူ၏မှတ်စုတွင် ကူးယူလိုက်၏။ ထိုသို့ ကူးယူရင်း–

"သိပ်ကောင်းတာပဲ မအောင်ရင်"ဟု ပြောလေ၏။

ထိုအချိန် မီးဖိုခန်း၌ ထမင်းချက်နေသော မကုလားမသည် မအောင်ရင်အနားသို့ ရောက်လာပြီး–

"နေပါဦး မအောင်ရင်ရယ်၊ သန်းသန်းတစ်ယောက် သန်းမောင်နဲ့


BURMESE CLASSIC .com

www.burmeseclassic.com


လိုက်ပြေးမယ်ဆိုတာကို မအောင်ရင်အနေနဲ့ ဘယ်လိုလုပ် ကြိုတင်သိနေသလဲ. . .” ဟု သန်းသန်းက မေးလေ၏။

“သန်းမောင်တစ်ယောက် ခုတလောက ကားကို ဝပ်ရှော့မှာ ခဏခဏထိုးပြီး ပြင်ရတယ်၊ ကားပြင်ခလည်း ခဏခဏတောင်းတယ်၊ ဟိုပစ္စည်းဝယ်ထည့်ရ၊ ဒီပစ္စည်းဝယ်ထည့်ရတယ်ဆိုပြီး ခဏခဏ တောင်းတယ်၊ အမှန်က ကားလည်းမပြင်ရဘူး၊ ပစ္စည်းလည်း မဝယ်ရပါဘူး၊ အမှန်က ပိုက်ဆံလိမ်ထုတ်ပြီး စုနေတာ၊ သန်းသန်းကို ခိုးဖို့စောင့်နေတာလေ၊ ဒီကစျေးပို့တဲ့အခါမှာလည်း သန်းသန်းကို အရင်ပို့တယ်လေ၊ မြတ်လှက ဒုတိယ၊ မခင်သိန်းကတတိယ၊ မခင်သိန်းကိုပို့ပြီး မှော်ဘီကိုပြန်မလာသေးဘူး၊ သန်းသန်းဆိုင်ကို တစ်ခေါက်ပြန်သွားပြီး အဲဒီမှာ အချိန်ဖြုန်းနေတာ၊ ဘဲပေါင်းဆီချက် နှစ်ပွဲဝယ်ပြီး နှစ်ယောက်သားစားကြတယ်၊ လူထုလက်ဖက်ရည်ဆိုင်က လက်ဖက်ရည်အချိုနှစ်ခွက်မှာပြီး နှစ်ယောက်သားသောက်ကြတယ်၊ အဲဒီလို သောက်ပြီးတော့မှ သန်းသန်းက စီးကရက်တစ်ဗူးဝယ်ပေးပြီး သန်းမောင်အိတ်ထဲကို ငွေငါးကျပ်နဲ့အတူ ထည့်ပေးလိုက်တယ်၊ သန်းမောင် ဆေးပေါ့လိပ်မသောက်တာကြာပြီ၊ နင်တို့ သတိမထားမိလို့ပါ၊ သန်းသန်းရဲ့ရွှေဆိုင်နဲ့ မျက်စောင်းထိုးမှာရှိတဲ့ အထည်ရောင်းတဲ့ အပျိုကြီးမလှစိန်ဆိုတာက ငါရဲ့လခစား၊ အဲဒီဆိုင်ကို ဝယ်ပြီး သန်းသန်းကို ရွှေဆိုင်မဖွင့် ပေးခင်ကတည်းက သန်းသန်းကို စောင့်ကြည့်ပေးဖို့ တစ်လငါးဆယ်ပေးပြီး ခန့်ထားတာ. . .” ဟု ပြောလိုက်လျှင် မြတ်လှနှင့် မခင်သိန်းတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြလေ၏။ အဓိပ္ပာယ်မှာ ၎င်းတို့၏ ဆိုင်နား၌လည်း တစ်ယောက်ယောက်ကို လခပေး၍ ၎င်းတို့လုပ်သမျှကို စောင့်ကြည့်ရန် ခန့်ထားမည်မှာ သေချာပေ၏ဟူ၍ဖြစ်ပေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၆ )

# တောင်ကျော်မ ရောက်ရှိလာခြင်း

တစ်နေ့သ၌ မအောင်ရင်သည် ဒေါ်ဒွေးဖြူနှင့် မြတ်လှကို စာတစ်စောင်နှင့်ငွေကြေးစရိတ်စက အပြည့်အစုံပေးကာ စစ်ကိုင်းချောင်သို့ လွှတ်လိုက်လေ၏။

"ဒီလို မြတ်လှရဲ့ . . . ၊ စစ်ကိုင်းတောင်မှာက ချောင်တွေ အများကြီးပဲ၊ အခု ငါပြောတဲ့ ချောင်ကို ရအောင်ရှာ၊ တွေ့ပြီဆိုရင် အသက်ငါးဆယ်ကျော် အရွယ်လောက် သီလရှင် ဒေါ်ခေမာတဲ့၊ သူ့ကို ဒီစာပေးလိုက်၊ ဟောဒီခြင်းက သူ့ကို ကန်တော့ဖို့၊ သူ့ဆီမှာ ငါပို့ထားတဲ့ ကလေးမလေးတစ်ယောက်ရှိတယ်၊ ဒီနှစ် ခြောက်တန်းအောင်သွားပြီ၊

သူ့ကို ငါနဲ့ အတူထားပြီး မှော်ဘီမှာပဲ ကျောင်းထားတော့မယ်လို့ ဒါကြောင့် ကျောင်းထွက်လက်မှတ်ပါ ရအောင်လုပ် ပေးလိုက်ပါလို့ပြောပါ၊ စာထဲမှာ လည်း ငါ ရေးထားပါတယ်၊ ဟော့ဒီငွေက ဒေါ်ခေမာကိုလှူဖို့ ညည်းတို့ ဒီကို ခေါ်ရလာရမယ့်ကလေးက အသက်တစ်ဆယ့်တစ်နှစ်ရှိပြီ၊ သူ့နာမည် က အောင်ကျော်မတဲ့၊ ဗုဒ္ဓဟူးသမီးလေး၊ ငါလည်း ဗေဒင်မတတ်တတတ်နဲ့ ပေးထားတာဟေ့၊ ပဥ္စပွတ်၊ ဆပွတ်၊ အညွန့်လို့ခေါ်တယ်၊ သူ့ကို မှော်ဘီ ကျောင်းမှာ ခုနစ်တန်းကစပြီးထားရမှာပဲ ...''ဟု မအောင်ရင်က ရှင်းပြ ၍ စေလွှတ်လိုက်လေ၏။

မြတ်လှနှင့် ဒေါ်ဒွေးဖြူလည်း ကလေးခေါ်ရန်အတွက် ခရီးထွက်သွားကြပြီဖြစ်၏။ ထမင်းဆိုင်တွင် ထမင်းချက်ရသောအလုပ်အတွက် သရက်ညို့ကုန်းမှ မသိန်းကြည်ဆိုသော မိန်းမအား လခဖြင့် ခေါ်ယူခန့်ထားလိုက်လေ၏။ မသိန်းကြည်၏လက်ထောက် အဖြစ် ထိုအနီးအပါးမှ အောင်ညွန့်ဆိုသော သူငယ်လေးတစ်ဦးအား ခေါ်ယူခန့်ထားလိုက်လေ၏။ ထမင်းချက်သော ကုလားမကိုမူ ရွှေအကြောင်းအခြင်းအတွယ်အကြောင်း၊ အတွက်အချက်အကြောင်း သင်ပြပြီးနောက် သန်းသန်းထွက်ခဲ့သော ကြည့်မြင်တိုင်ဈေးမှ ရွှေဆိုင်ကို ပြန်ထွက်ခိုင်းလေ၏။ ယခင်က ဒရိုင်ဘာ သန်းမောင် ဈေးအပို့အကြိုလုပ်ရသောနေရာတွင် စိန်ဝင်းမောင်ဆိုသော လူသစ်ကလေးက လုပ်ရလေ၏။

မအောင်ရင်သည် မုဆိုးကျော်ထမင်းဆိုင် ကြီးအတွက် ပြင်ဆင်သင့်သည်ကို ပြင်ဆင်၏။ အလုပ်သမားတိုးရမည့်နေရာကို အလုပ်သမားများတိုး၏။ ချက်ပြုတ်ပုံ၊ စားပွဲထိုးပုံကို စစ်ဆေး၏။ ဆိုင်အတွက် လိုအပ်သောပစ္စည်းများကို ဝယ်ယူဖြည့်ဆည်းရမည့်နေရာများ၌ ဝယ်ယူဖြည့်


BURMESE CLASSIC .com

www.burmeseclassic.com


ဆည်း၏။

ငါးရက်ခန့်ကြာသောအခါ၌ ဒေါ်ဒွေးဖြူနှင့် မြတ်လှတို့သည် အောင်ကျော်မနှင့်အတူ ပြန်၍ရောက်လာ၏။ အောင်ကျော်မသည် မအောင်ရင်ကိုမြင်လျှင် ပြေး၍ဖက်ကာ ငိုကြွေးလေ၏။ ငိုရင်းနှင့် လည်း

"အမေကလည်း . . . သမီးဆီကို အကြာကြီး မလာဘဲနေ တယ် . . ."ဟု ပြောလေ၏။ မအောင်ရင်လည်း အောင်ကျော်မ၏ ခေါင်းမှ ဆံပင်များကို ပွတ်သပ်ကာ ချော့မော့လေ၏။

"သမီးကို အမေ ခဏခဏပြောတယ်မို့လား၊ အခြေအနေ လေ . . . အခြေအနေ၊ အခြေအနေ မပေးတော့ မလာနိုင်ဘူးပေါ့ ကွယ့် . . .၊ အခု အခြေအနေပေးတော့ အမေ သမီးကိုခေါ်တာပဲ၊ သမီးတစ်ခု သိထားဖို့ကတော့ အမေနဲ့ နီးနီးနေရတာဖြစ်စေ . . . ဝေး ဝေးနေရတာဖြစ်စေ အကြောင်းမဟုတ်ပါဘူး၊ သမီးလုပ်ရမယ့်အလုပ် ကဘာလဲ၊ အဲဒီအလုပ်ကို ကျေပွန်အောင်လုပ်ဖို့ပါပဲ၊ သမီးကို မော်ဘီ ကျောင်းမှာ ပြောင်းပြီးထားမယ်၊ ဒီမှာ အမေတို့က ထမင်းဆိုင်ဖွင့်ပြီး ထမင်းရောင်းကြတာ၊ ဆိုင်မှာ လုပ်တဲ့လူတွေကလည်း အလုပ်သမား တွေမဟုတ်ဘူး၊ အမေ့ရဲ့မိတ်ဆွေတွေပဲ၊ ဒေါ်ဒွေးဖြူကြီးဆိုရင် အမေ့ရဲ့ အမေဆိုပါတော့၊ မကုလားမဆိုရင် အမေ့ရဲ့ ညီမ၊ မခင်သိန်းဆိုရင် လည်း အမေ့ရဲ့ညီမပဲ၊ သန်းသန်းဆိုတဲ့ ညီမတစ်ယောက်ရှိသေးတယ်၊ အခုတော့ အပြင်ရောက်သွားပြီ၊ သူလည်း ပြန်ရောက်လာမှာပါ၊ အဲဒီ တော့ သူတို့တွေဟာ သမီးရဲ့အဒေါ်တွေ ဦးလေး တွေပဲပေါ့၊ ဒေါ်ဒွေးဖြူ ဆိုရင် အမေကြီးပေါ့၊ စိန်ဝင်းမောင်ဆိုရင်လည်း သမီးရဲ့ဦးလေးပေါ့..." ဟု မအောင်ရင်က ပြောလိုက်လျှင် အောင်ကျော်မက . . .


BURMESE CLASSIC .com

“အရင် အမေပြောတုန်းက အမေ့မှာ ဆွေမျိုးမရှိဘူးဆို. . .၊ အခုတော့လည်း ဆွေမျိုးတွေများ လှချေလား၊ ညီမတွေ၊ မောင်တွေများလှချေလား”ဟု ပြန်၍မေးလိုက်လေ၏။

“မှန်တာပေါ့ သမီးရယ်. . .ဆွေမျိုးမရှိတော့လည်း လူတွေအားလုံးဟာ အမေ့ရဲ့ ဆွေမျိုးဖြစ်သွားတာပေါ့ . . .၊ မကောင်းဘူးလားဟဲဟဲ. . .”ဟု မအောင်ရင်က ရယ်မောလိုက်လေတော့၏။

ထို့နောက်မကုလားမ၊ မခင်သိန်း စသူတို့ အား အောင်ကျော်မနှင့် ရင်းနှီးစေရန် မိတ်ဆက်ပေးလေ၏။ မကုလားမတို့လူစုသည် အောင်ကျော်မလေးအား ဝိုင်းဝန်းနမ်းရှုံ့ကြလေ၏။

ကျောင်းဖွင့်ချိန်သို့ရောက်သောအခါ၌ အောင်ကျော်မအား မော်ဘီအထက်တန်းကျောင်းတွင် အပ်နှံလိုက်လေ၏။ အောင်ကျော်မသည် ခုနစ်တန်းတွင်တက်ရ၏။ ကျောင်းဆင်း၍အိမ်သို့ရောက်သောအခါ၌ ထမင်းချက်သောမသိန်းကြည်အား အကူအညီပေးရလေ၏။ အလုပ်အားသောအခါ၌ ကျောင်းစာများကို ကျက်ရ၏။

ဆိုင်သည် တစ်နေ့ကုန်လူစည်ကားသော်လည်း ၇ နာရီမှ ၉ နာရီ အတွင်း လွန်စွာလူပါးလေ၏။ အဝေးပြေးကားများမှာလည်း ထိုအချိန်တွင် ရောက်မလာသေးပေ။ ထိုသို့ လူရှင်းသောအချိန်၌ မအောင်ရင်နှင့် သူ့လူများသည် ဝိုင်းဖွဲ့၍ စကားပြောတတ်ကြ၏။ ထမင်းမစားရသေးသည့် လူများ ထိုအချိန်၌ ထမင်းစားရ၏။

ထိုစကားပြောချိန်၌ ဆိုင်အတွက် လိုအပ်ချက်များကို မအောင်ရင်က ညွှန်ပြသကဲ့သို့ အလုပ်လုပ်သူများဘက်မှလည်း တင်ပြစရာရှိသည်များကို တင်ပြသည်။


BURMESE CLASSIC .com

များသောအားဖြင့် မအောင်ရင်သည် မှတ်သားဖွယ်ရာ ကောင်း သော အကြောင်းအရာများကို ပြောပြတတ်၏။

ထို လူရှင်းသောအချိန်ပိုင်းတွင် အောင်ကျော်မသည် ကျောင်းစာများကျက်လေ့ရှိ၏။ အိမ်စာပေးလိုက်သည်များကို ပြုလုပ်လေ့ရှိ၏။

တစ်ညတွင် အောင်ကျော်မသည် ကျောင်းမှသင်သော အင်္ဂလိပ် ကဗျာတစ်ပုဒ်ကို အော်၍ကျက်နေ၏။ မအောင်ရင်သည် ရေနွေးကြမ်း သောက်ရင်း အောင်ကျော်မစာကျက်နေသည်ကို နားထောင်နေ၏။ ထိုသို့ နားထောင်ရင်း . . .

''ဒီမှာ သမီး. . .သမီး အခုဆိုနေတဲ့ အသံထွက်တွေ မှားနေ တယ်. . .''ဟုပြောကာ အောင်ကျော်မအား ရှင်းပြ၍ အသံထွက်အမှန်ကို ဆိုပြလေ၏။ ထိုအခါ၌ မကုလားမနှင့် မခင်သိန်းသည် တစ်ဦးမျက်နှာကို တစ်ဦးလှမ်း၍ကြည့်ပြီးနောက် နှစ်ဦးသား ပူးကပ်သွားကြ၏။ ထိုသို့ ပူးကပ်သွားပြီး မကုလားမက မခင်သိန်းအား. . .

''ကြည့်စမ်း ကြည့်စမ်း . . .မအောင်ရင်ကြီးက အင်္ဂလိပ်စာ ကောင်းကောင်းတတ်တာပဲ. . .၊ တစ်ခါမှ အဲဒီလိုတတ်တယ်လို့လည်း မပြောဖူးဘူး၊ ဒီမိန်းမကြီးလုပ်လိုက်ရင် အဲဒီလိုအံ့သြစရာတွေချည်းပဲ'' ဟုပြောလေ၏။ ထိုအခါ မခင်သိန်းက. . .

''အောင်ကျော်မဖတ်နေတာ ရတနာ အင်္ဂလိပ်စာနော်. . . အဲဒါ ကို သူကပြပေးနေတာ. . .၊ တော်တော်တတ်ပုံရတယ်. . .'' ဟု ပြော လိုက်လေ၏။ မအောင်ရင်မှာမူ အောင်ကျော်မအား အသေအချာ သင်ပြ ပေးနေ၏။ ထိုသို့ သင်ပြပေးပြီးနောက် မအောင်ရင်က အောင်ကျော်မ အား. . .


BURMESE CLASSIC .com

“ဒီမှာသမီး . . .လောကကြီးမှာ ‘တစ်ခုလုံးနဲ့ အစိတ်အပိုင်း’ ဆိုတာနှစ်မျိုးရှိတာပေါ့ကွယ် . . .၊ တစ်ခုလုံးဟာ အစိတ်အပိုင်းထက်တော့ အစဉ်သဖြင့်ကြီးမားတယ်၊ အစိတ်အပိုင်းဟာလည်း တစ်ခုလုံးထက် အစဉ်သဖြင့် သေးတယ်၊ သဘာဝအတိုင်းပြောရင် သေးတာက ကြီးတာထဲကို ထည့်လို့ရတယ်၊ ကြီးတာကတော့ သေးတာထဲကို ထည့်လို့မရဘူးမို့လား၊ ဒါပေမဲ့ သမီးအခုရွတ်နေတာ ကဗျာခေါ်တယ်၊ ကဗျာဟာ အင်္ဂလိပ်လို ပိုထရီလို့ခေါ်တယ် . . .၊ ကဗျာဟာ အကြောင်းအရာတစ်ခုရဲ့ အစိတ်အပိုင်းပဲ . . .၊အကြောင်းအရာတစ်ခုလုံးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူ့မှာ ထူးဆန်းတာက အစိတ်အပိုင်းဖြစ်ပေမဲ့ အကြောင်းအရာတစ်ခုလုံး အကျုံးဝင်နေတတ်တယ်။ အဲဒါ ကဗျာဆိုတဲ့ ဖရီဆိုတာအံ့သြစရာကောင်းတဲ့ အ ချက်ပဲ၊ လွယ်လွယ်မှတ်မိအောင်ပြောရင် သမုဒ္ဒရာကြီး တစ်ခုလုံးဟာ ရေ စက်ကလေးတစ်စက်ထဲမှာဝင်ပြီး နေရသလိုပါပဲ၊ ဘယ်လောက်အံ့သြဖို့ကောင်းသလဲ၊ သမုဒ္ဒရာကြီးတစ်ခုလုံးဟာ ရေစက်တစ်စက်ထဲမှာ ပျောက်ကွယ်နေရတယ်၊ အဲဒါဟာ ပိုထရီရဲ့ အံ့ဖွယ်သူရဲကိစ္စပဲ . . .၊ အင်္ဂလိပ်လို မှတ်ချင်ရင်လည်း မှတ်ထားလိုက်ဦး . . .” ဟု ဆိုကာ ဟင်းစာရင်းကြော်ငြာသော ကျောက်သင်ပုန်းပေါ်တွင် အောက်ပါအင်္ဂလိပ်စာကို ရေးပြလေ၏။

**Poetry is the white descending into the part,**

**the ocean disappearing into the dewdrop.**

**Poetry is a miracle.**

အောင်ကျော်မသည် ထိုစာကို သူ၏စာအုပ်တွင် ကူးရေးထားလိုက်လေ၏။ ထို့နောက် ၎င်းတို့သည် ဝိုင်းဖွဲ့၍စကားပြောကြလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com


လက်ဖက်သုပ်များ၊ ထမင်းချိုးကြော်များကို ရေနွေးကြမ်းနှင့်မြည်းကြလေ၏။

“နေစမ်းပါဦး မအောင်ရင်ရယ်. . .၊ ခုလို အင်္ဂလိပ်စာတတ်မှန်းမသိဘူး၊ အသေအချာတတ်တာပဲ. . .” ဟု မကုလားမက ပြော၏။

“စကားမစပ်မိလို့ မပြောတာပါ. . .” ဟု မအောင်ရင်က ခပ်လွယ်လွယ်ပင် ပြန်ဖြေလိုက်လေ၏။

“ဒီလို တတ်ရဲ့သားနဲ့ တခြားအလုပ်မလုပ်ဘဲ မိမိကြီးတို့အိမ်မှာ အိမ်ဖော်ဝင်လုပ်တာကတော့ အံ့သြစရာပါပဲ. . .”ဟု မခင်သိန်းက ပြောလိုက်လေ၏။

“ဒီလိုရှိတယ် မခင်သိန်းရဲ့ . . .၊ အလုပ်ရှာချိန်မရဘူး၊ အောင်ကျော်မအတွက် သိပ်ပြီးအရေးကြီး နေတဲ့အချိန်မို့လား . . .၊ ရရာအလုပ်ကို အမြန်ဆုံးဝင်ပြီးလုပ်ရတာ . . .၊ ကိုယ်နဲ့တန်တဲ့အလုပ်ဆိုတာက ချက်ချင်းရတာမဟုတ်ဘူး၊ ဒါပေမဲ့ အောင်ကျော်မကတော့ အဲဒီအချိန်မှာ နို့ဘူးတိုက်ပြီး မွေးနေရတာ. . .၊ သူနေ့တိုင်း နို့သောက်နိုင်အောင် အမြန်ဆုံးရတဲ့အလုပ်ကို ရှာပြီးလုပ်ရတာ . . .၊ ဦးမြို့အိမ်မှာ မလုပ်ခင်ကတည်းက အဲဒီလိုပဲ တခြားမှာ ဝင်လုပ်ခဲ့ရတာပဲ . . .၊ အဲဒီ အိမ်ဖော်လုပ်တဲ့ အလုပ်ကရတဲ့ငွေနဲ့ ငါ့သမီးအောင်ကျော်မလေး တစ်ယောက် လူ့လောကမှာ အသက်ရှင်ရပ်တည်နိုင်ဖို့ ကြိုးပမ်းခဲ့ရတာ . . .၊ အခုလို ကိုယ့်အလုပ် ကိုယ်လုပ်နိုင်တော့လည်း ဟိုတုန်းက ပင်ပမ်းခဲ့ရတာတွေဟာ ရယ်စရာတွေ ဖြစ်သွားပါပြီးကွယ်. . .၊ ဘာပဲဖြစ်ဖြစ် . . . အောင်ကျော်မတစ်ယောက် လူ့လောကမှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်သွားအောင်တော့ လုပ်ပေးရမှာပဲ. . .” ဟု ရှည်လျား


BURMESE CLASSIC .com

www.burmeseclassic.com


စွာ ပြောလိုက်လေ၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ၂ လခန့်ကြာသောအခါ၌ ဒရိုင်ဘာသန်းမောင်နှင့် သန်းသန်းတို့လင်မယား ဆိုင်သို့ရောက်လာလေတော့၏။ ၎င်းတို့သည် စားဝတ်နေရေးအဆင်မပြေကြောင်း၊ ထို့ ကြောင့် မအောင်ရင်ထံပြန်၍လာရကြောင်းကိုပြောလျှင် မအောင်ရင်သည် ပြန်လည်၍ လက်ခံထားလိုက်လေ၏။ သန်းသန်းကိုမူ ဆိုင်အလုပ်များကိုသာ လုပ်ခိုင်းသော်လည်း သန်းမောင်မှာမူ ကားကိုပြန်၍ မောင်းရလေ၏။ မကုလားမနှင့် မခင်သိန်း၏ရွှေဆိုင် သို့ အပို့အကြိုလုပ်သောလုပ်ငန်းကို သန်းမောင်အား ပြန်၍လုပ်ခိုင်းလေ၏။ ၎င်းတို့လင်မယားနေထိုင်ရန် အတွက်လည်း ထိုခြံထဲ၌ပင် အိမ်ကလေးတစ်လုံး သီးခြားဆောက်လုပ်ပေး ထားလိုက်လေတော့၏။

တစ်နေ့တွင် မကုလားမက မအောင်ရင်အား...

"ဒီမှာမအောင်ရင်...သန်းမောင်နဲ့ သန်းသန်းဟာ တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိကြတာမဟုတ်ဘူး...၊ ဒါပေမဲ့ သူတို့နှစ်ယောက် ညားသွားကြတယ်၊ ဘာဖြစ်လို့ အဲသလိုဖြစ်သလဲဆိုတော့ နီးစပ်ရင်းနဲ့ တဏှာရမ္မက်စိတ်တွေဝင်လာပြီး လိုက်ပြေးကြတာ...၊ တကယ့်မေတ္တာ မဟုတ်ဘူး...' ဟု သူ၏သုံးသပ်ချက်ကို ပြောပြလေ၏။ ထိုအခါ မအောင်ရင်က...

**"ဒီမှာ မကုလားမ...တကယ့်မေတ္တာပဲ ဖြစ်ဖြစ်၊ ညည်းပြောတဲ့ တဏှာပဲဖြစ်ဖြစ်၊ နှစ်ခုစလုံးမှာ စွမ်းအားရှိတယ်...၊ အဲဒီစွမ်းအားဟာလည်း အတူတူလောက်ကိုရှိတယ်၊ ဒါပေမဲ့ ပန်းတိုင်ကတော့ မတူဘူး ...၊ တကယ့် မေတ္တာက ခွင့်လွှတ်မှုတွေ၊**


BURMESE CLASSIC .com

**သည်းခံနားလည်မှုတွေဖြစ်စေပြီး အေးချမ်းတယ်၊ အေးချမ်းမှုကို ရောက်သွားမယ်၊ တဏှာကတော့ စွမ်းအားရှိပေမဲ့ အလိုမကျမှု တွေ၊ သဝန်တိုမှုတွေ မနာလိုမှုတွေဖြစ်စေပြီး မုန်းတီးတဲ့ဘက်ကို သယ်ဆောင် သွားတတ်တယ်၊ မအောင်ရင်ပြောချင်တာက ဒါပါပဲ . . .**''ဟု ပြောလိုက်ရာ မကုလားမသည် ခေါင်းတဆတ်ဆတ်ညိတ်၍ မအောင်ရင်၏မျက်နှာကို ငေးစိုက်ကြည့်နေလိုက်လေတော့သတည်း။

◆



BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၇ )

## ကိုပိုတာရောက်လာခြင်း

မအောင်ရင်သည် ညနေပိုင်းအချိန် အားရသည့်အချိန်တိုင်း၌ အောင်ကျော်မအား စာပြပေးလေ၏။ မှတ်သားဖွယ်ရာများကို ပြောပြလေ့ ရှိ၏။ လူအချင်းချင်း ချစ်ခင်လေးစားတတ်ရန်သင်ပြ၏။ ထို့ကြောင့် အောင်ကျော်မလေးသည် လပိုင်းအတွင်း၌ပင် ရောက်ကာစနှင့် မတူဘဲ ပြောင်းလဲတိုးတက်လာသည်ကို မုဆိုးကျော် ခြံအတွင်း နေထိုင်သူအားလုံး သတိပြုမိကြလေ၏။

တစ်နေ့နံနက်တွင် ဆိုင်အတွင်းသို့ အသက် (၃၀) ကျော်အရွယ် လူတစ်ယောက်ရောက်လာ၏။ ထိုသူသည် ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်ပြီးနောက်...

BURMESE CLASSIC .com

www.burmeseclassic.com


''ထမင်းအဝစား ဘယ်လောက်လဲဗျ. . .'' ဟု မေးလေ၏။ ထိုအခါ ဒေါ်ဒွေးဖြူက–

''ဒီလိုသူငယ်ရဲ့၊ ဒီဆိုင်က အဝစားရောင်းတဲ့ဆိုင်မဟုတ်ဘူး၊ ဟင်းတစ်မျိုးနဲ့တစ်မျိုးလည်း တန်ဖိုးချင်းမတူဘူး၊ စားပြီးမှ ဘယ်လောက်ကျတယ်ဆိုတာ တွက်ရတာ. . .'' ဟု ရှင်းပြလိုက်လျှင် ထိုလူက–

''အဲဒီလို မပေးနိုင်လို့မေးတာပေါ့အဒေါ်ရဲ့၊ ကျုပ်မှာက ပိုက်ဆံဆိုလို့ တစ်မတ်ပဲပါတယ်ဗျ။ အဲဒီတစ်မတ်နဲ့ စားလို့ရတဲ့ထမင်းဟင်း ကျွေးစမ်းပါဗျာ၊ ဆာလွန်းလို့ပါ'' ဟု ပြောလေ၏။

''တစ်မတ်နဲ့တော့ ဘယ်လိုမှကျွေးလို့မရဘူး ...'' ဟု ဒေါ်ဒွေးဖြူကပြန်၍ပြောလေ၏။

''ဒီလိုဆိုရင်လည်း ကျုပ်ကိုခိုင်းဗျာ၊ ဒါပေမဲ့ လုပ်ခမပေးပါနဲ့၊ ထမင်းတစ်နပ်ကျွေးလိုက်ရင် ကျေနပ်ပါတယ်...''ဟု ထိုသူသည် ပွင့်ပွင့်လင်းလင်းပင် ပြောလေ၏။

''ဒီဆိုင်မှာက သူ့နေရာနဲ့သူ ထောင့်စေ့နေတာ သူငယ်ရဲ့၊ ဘာမှ ခိုင်းစရာမရှိဘူး၊ နေစမ်းပါဦး . . .၊ မောင်ရင်က ဘာလုပ်တတ်သလဲ''ဟု ဒေါ်ဒွေးဖြူက မေးလိုက်ရာ ထိုသူက–

''ကျုပ်တတ်တာတွေပြောရရင်တော့ ခင်ဗျားတို့ဆိုင်နဲ့ အသုံးဝင်မှာမဟုတ်ဘူး၊ကျုပ်ကပေ၂၀လောက်မြင့်တဲ့တန်းပေါ်မှာကင်းမြီးကောက်ထောင်တတ်တယ်၊ကျွမ်းထိုးတတ်တယ်၊ ကြိုးတန်းအမြင့်ကြီးပေါ်မှာလျှောက်ပြတတ်တယ်၊အထစ်၁၅ထစ်လောက်ရှိတဲ့လှေကားကိုမှီစရာနံရံမရှိဘဲ ဒီအတိုင်းထောင်ပြီးတက်နိုင်တယ်၊ ဆင်းနိုင်တယ်၊ ကဲ...အဒေါ်ကြီး ခင်ဗျားဘာခိုင်းမလဲ. . .'' ဟု ပြန်၍ပြောလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


''နေစမ်းပါဦး၊ မောင်ရင်က အဲဒါတွေ ဘာလုပ်ဖို့တတ်နေရ တာတုံး...'' ဟု ဒေါ်ဒွေးဖြူက မေးလေ၏။

''ကျုပ်က ဆပ်ကပ်အဖွဲ့ကြီးတစ်ဖွဲ့ထဲက ကလောင်း လူရွှင်တော်ဗျ၊ ကျုပ်မှာက အဲဒီပညာနဲ့ ပတ်သက်လို့ တတ်ဖို့ကျန်တာတွေ အများကြီးရှိသေးတယ်၊ ကိုပြည်သိမ်းဆိုတာက ကျုပ်ရဲ့ဆရာ၊ ပျောက်သွားလို့ လိုက်ရှာတာဗျို့၊ ရှာရင်းနဲ့ စားစရိတ်ပြတ်ပြီး ထမင်းငတ်လာတာ၊ ကျုပ်ကို ထမင်းတော့ ကျွေးပါဗျာ၊ ကင်းမြီးကောက် ထောင်ပြပါမယ်...'' ဟု ပြောလိုက် စဉ်၌ပင် အောင်ကျော်မသည် ထမင်းဟင်းများ ယူလာပြီးလျှင် ထိုလူ၏ရှေ့၌ ချလေ၏။

''ဟောဒါက တောဝက်သားကို မရမ်းသီး သနပ်နဲ့ချက်ထားတာ၊ ဟောဒါက ကြက်ရိုးတွေကို ပြုတ်ပြီး ဆူးပုပ်ရွက်ခပ်ထားတဲ့ ဟင်းချို၊ ဟောဒါက ငါးပိရည်နဲ့တို့စရာ၊ ကြိုက်သလောက်စားပါ၊ ပိုက်ဆံလည်း မပေးပါနဲ့၊ ကင်းမြီးကောက်လည်း ထောင်မပြပါနဲ့၊ နောက်နောင် ထမင်းစားဖို့မရှိတဲ့ အခါလည်း လာပြီးစားနိုင်ပါတယ်...'' ဟု ပြောလိုက်ရာ ထိုသူက–

''ဂွတ်ဒ့်'' ဟု ရေရွတ်လိုက်လေ၏။ ထိုသို့ရေရွတ်ပြီးနောက် အောင်ကျော်မ၏မျက်နှာကို သေ ချာကြည့်ပြီးလျှင်–

''သမီးလေးက စိတ်လှသလို ရုပ်ကလည်း လှတာကိုး၊ နာမည်ကလေးကလည်း အန်ကယ့်ကို ပြောပါဦး၊ အိုး ... ဆောရီး ...ဆောရီး...၊ အန်ကယ်က အရင်ပြောမယ်၊ အန်ကယ့်နာမည်က ဦးပိုကာတဲ့၊ ဒါတီးဘွိုင်းဆပ်ကပ်ထဲက ကလောင်းလူရွှင်တော်ပါကွယ်...'ဟု ပြောလေ၏။ ထိုအခါ အောင်ကျော်မက လွန်စွာသဘောကျသွား၏။

www.burmeseclassic.com


"အန်ကယ်က အမြဲတမ်းပျော်နေတာပဲနော်၊ သမီးနာမည်က အောင်ကျော်မတဲ့၊ အမေပေးထားတာပါ . . ." ဟု ပြောလိုက်လျှင် ကိုပိုကာက–

"အိုး . . . သိပြီ . . . သိပြီ၊ ဒီနာမည်မျိုးက ပဉ္စပွတ်၊ ဆပွတ်၊ အညွှန့်တွဲပြီးပေးတတ်တဲ့ ဆရာတွေပေးတဲ့ နာမည်မျိုး၊ သမီးက ဗုဒ္ဓဟူး သမီးထင်တယ်၊ အခု ဘယ်နှစ်တန်းရောက်ပြီလဲ . . ."ဟု မေးလိုက်ရာ အောင်ကျော်မက–

"၇ တန်းရောက်ပါပြီ၊ အန်ကယ်ပြောတာမှန်ပါတယ်၊ သမီးက ဗုဒ္ဓဟူးသမီးပါ၊ ဆရာတွေပေးထားတာ မဟုတ်ပါဘူး၊ အမေကိုယ်တိုင် ပေးထားတာပါ . . ." ဟု ချစ်စဖွယ်ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ကိုပိုကာက . . .

"ပညာတွေအများကြီးတတ်ပြီး နောက်ဆုံးမှာ ဒေါက်တာ အောင်ကျော်မဖြစ်သွားမှာ . . .၊ ကြိုးစား . . .၊ သမီးဒေါက်တာဘွဲ့ရရင် လူတွေကိုဖိတ်ပြီး ကျွေးမွေးမယ့်ပွဲ ဝမ်းသာတဲ့အထိမ်းအမှတ်ပေါ့၊ အဲဒီမှာ တီးဝိုင်းလည်းပါမယ်၊ ဆပ်ကပ်လည်းထည့်မယ်၊ ဆပ်ကပ်မှာ အန်ကယ်က ကြိုးတန်းလျှောက်မယ်၊ ဟိုးဝါးလုံးထိပ်ဖျားပေါ်မှာ ကင်းမြီးကောက် ထောင်မယ်၊ ကျွမ်းထိုးမယ်၊ မကောင်းဘူးလား . . .၊ လောကကြီးထဲကို ရောက်လာတာဟာ လူတွေအတွက် ကောင်းကျိုးပြုဖို့လို့ မြဲမြဲမှတ်ထား ရမယ်သမီးရဲ့၊ အဲဒီစိတ်နဲ့ ဘဝကို ဖြတ်သန်းသွားရတဲ့အခါမှာ သမီးကလေး လောက ကြီးထဲကိုရောက်လာတာဟာ လာခြင်းကောင်းစွာနဲ့ ရောက်တာပဲ၊ အဲဒီတော့ လာခြင်းကောင်းသော သမီးလေးပေါ့ကွယ် . . ." ဟု ပြောလိုက် စဉ်၌ပင် ၎င်းတို့နောက်မှ အသံတစ်သံထွက်ပေါ်လာလေ၏။ ထိုအသံမှာ


BURMESE CLASSIC .com

မအောင်ရင်၏အသံဖြစ်၏။

“ကိုပိုကာ ဒီကိုရောက်လာတာဟာလည်း လာခြင်းကောင်းသော ကိုပိုကာပါပဲ. . .” ဟူ၍ဖြစ်၏။ ကိုပိုကာသည် မအောင်ရင်ကို လှမ်း၍ ကြည့်ပြီးနောက် အံ့ဩ၍သွား၏။

“နေစမ်းပါဦး မအောင်ရင်၊ ခင်ဗျား ဘယ်တုန်းက ဒီဆိုင်ထဲ ရောက်နေတာလဲ. . .” ဟု မေးလိုက်လေ၏။

“ဒါ ကျွန်မဆိုင်ပဲ. . .” ဟု မအောင်ရင်က ပြန်၍ပြောလိုက်လျှင် ကိုပိုကာက အောင်ကျော်မကို မျက်စိနှင့်ညွှန်ပြ၍–

“သူက. . .” ဟု မေးလိုက်ရာ–

“သူက ဘယ်သူကမှာလည်း ကိုပိုကာရယ်၊ စောစောက ရှင်ပြောသလိုပေါ့၊ လာခြင်းကောင်းသော သမီးကလေးပေါ့. . .” ဟု မအောင်ရင်က ပြန်၍ပြောလိုက်လေ၏။

“ဟားဟား. . .ကျုပ်က ခင်ဗျားဆိုင်မှန်း မသိပါဘူးဗျာ၊ ထမင်းဝင်စားလို့ဝင်လာတာပါ. . .” ဟု ကိုပိုကာက ပြောလေ၏။

“ရှင်တို့ ဒါးတီးဘွိုင်းဆပ်ကပ်က ဘယ်ရောက်သွားပြီလဲ. . .” ဟု မအောင်ရင်က မေးလိုက်ရာ. . .

“ဒီလိုဗျ . . .ကျုပ်တို့ ဒါးတီးဘွိုင်းဟာ ပိုင်ရှင်ကလည်း တကယ် ဒါးတီးဖြစ်လာတယ်၊ အဖွဲ့သူအဖွဲ့သားတွေကလည်း စိတ်ဓာတ်တွေညံ့ပြီး ဒါးတီးဖြစ်လာတယ်၊ အဲဒါနဲ့ အဖွဲ့ပျက်သွားတယ်၊ ဒါနဲ့ ကျုပ်လည်း ရန်ကုန်မှာ အလုပ်ရှာမယ်ဆိုပြီး ဆင်းလာတာ . . .၊ အခုတော့ ရန်ကုန်ကို ဆက်မသွားတော့ဘူးဗျာ၊ မအောင်ရင် ကျုပ်ကို အလုပ်ပေးပါ၊ ဆပ်ကပ်အဖွဲ့ ကောင်းကောင်းမတွေ့လို့ ဆပ်ကပ်ထဲ ပြန်မလိုက်မချင်း



BURMESE CLASSIC .com

ခင်ဗျားဆီမှာ အလုပ်လုပ်မယ်. . .” ဟု ကိုပိုကာက ပြောလေ၏။

“ကောင်းပါတယ်ရှင်. . .၊ ဒါပေမဲ့ ရှင်က ဘယ်နေရာမှာ လုပ်မှာလဲ၊ လခဘယ်လောက်ပေးရမလဲဆိုတာလည်း ပြောပါဦး. . .” ဟု မအောင်ရင်က ပြန်၍မေးလိုက်လေ၏။

“ကျုပ်ဟာ တစ်ခါက ထမင်းချက်တစ်ယောက်ပဲ၊ ထမင်းဟင်း ကောင်းကောင်းချက်တတ်တယ်၊ ပြီးတော့ တစ်ခါက ကျုပ်ဟာ ဒရိုင်ဘာ တစ်ယောက်ပဲ၊ မော်တော်ကားမောင်းတတ်တယ်၊ ပြင်တတ်တယ်၊ ပြီး တော့ ကျုပ်ဟာ တစ်ခါက စားပွဲထိုးတစ်ယောက်ပဲ၊ ဆိုင်ကိုလာတဲ့ ဧည့်သည်တွေအတွက် အဆင်ပြေအောင် စားပွဲထိုးနိုင်ပါတယ်၊ ပြီးတော့ ကျုပ်ဟာတစ်ခါက ညကျောင်းဆရာတစ်ယောက်ပါ၊ ကလေးကို စာမသင်ရတောင် ဂိုက်ဒ် လုပ်နိုင်ပါတယ်၊ အဲဒီတော့ မအောင်ရင် ကျုပ်ကို ဘယ်နေရာမှာ ထားမလဲ၊ ကြိုက်တဲ့နေရာမှာထား၊ ကျုပ်လုပ်နိုင်ပါတယ်၊ လခဘယ်လောက်ယူမလဲလို့ မမေးပါနဲ့၊ တန်ရာတန်ကြေးပြောစတမ်း ဆိုရင်တော့ မင်းကြီးတစ်ယောက်ရဲ့ လခထက်တော့ လျော့ယူလို့တော့ ဘယ်ဖြစ်မလဲဗျာ၊ ခင်ဗျားအနေနဲ့ သင့်တော်သလောက်ပေးပါ၊ ရသင့် ရထိုက်တာထက် လျော့ပြီးရရင်တော့ ပြည့်အောင်ခိုးရမှာပါပဲ၊ ရသင့် ရထိုက်တာထက် ပိုပြီး ရတယ်ထင်ရင်လည်း ဒီဆိုင်က ကျုပ်ထွက်သွား တဲ့နေ့မှာ အဲဒီငွေတွေအကုန်ပြန်ပြီးပေးခဲ့မှာ. . .၊ မောင်ပိုကာပြောချင် တာကတော့ ဒါပါပဲ. . .”ဟု ပြောလိုက်လျှင် မအောင်ရင်က ပိုက်ဆံ သိမ်းသောကောင်တာ စားပွဲပေါ်တွင်ရှိသည့် အံဆွဲသော့ကို ကိုပိုကာ၏ ရှေ့စားပွဲပေါ်သို့ ပစ်ချပေးလိုက်လေ၏။

“ဆိုင်မှာနေ့စဉ်ဝင်တဲ့ ပိုက်ဆံတွေ အဲဒီအထဲမှာ ထည့်ထားတယ်၊


BURMESE CLASSIC .com

www.burmeseclassic.com


လိုသလောက်ယူ၊ လုပ်နိုင်သလောက်. . .လုပ်''ဟု ပြောလိုက်လေ၏။ ကိုပိုကာသည် သော့တွဲကိုကောက်၍ယူပြီးလျှင် သူ၏ခါးတွင် ချိတ်လိုက်လေ၏။ ၎င်း၏အမူအယာမှာ တစ်ဆိုင်လုံးကို တာဝန်ယူလိုက်ပြီဟူ၍ ပေါ်နေ၏။

ထိုနေ့ညဆိုင်တွင် လူရှင်းသွားသောအခါ၌ မအောင်ရင်သည် ဆိုင်သူဆိုင်သားများကိုခေါ်၍ ကိုပိုကာနှင့် မိတ်ဆက်ပေးလိုက်လေ၏။ တစ်ဆိုင်လုံးလည်း ထမင်းလက်ဆုံစားကြလေ၏။ ကိုပိုကာသည် ဤဆိုင်၏ တာဝန်အရှိဆုံးလူ ဖြစ်ကြောင်းကိုလည်း မအောင်ရင်က ပြောပြလိုက်လေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၈ )

# မအောင်ရင်အပိုရှိရတတ်ဆိုးရခြင်းအကြောင်းရင်း

ကိုပိုကာသည် မုဆိုးကျော်ဆိုင်ကြီးသို့ ရောက်လာသည့်နေ့မှစ၍ မနားမနေ အလုပ်လုပ်လေ၏။ ကိုယ်တိုင်ဈေးဝယ်၏။ ဟင်းလျာများချက်ပြုတ်နည်းကို သန်းသန်းအား သင်ပြပေး၏။ ဆိုင်ကြီး၌ ရနိုင်သည့်ဟင်းလျာစာရင်းကိုလည်း နေ့စဉ် ဘောတွင်ရေး၍ ကြေညာ၏။ ငါးရံ့ခေါင်းဟင်းချက်သောနေ့၌

**"ယနေ့ ဒီဆိုင်မှာ ငါးရံ့ခေါင်း အကောင်းဆုံး"** ဟူ၍ လည်းကောင်း၊ ဝက်သားအိုးကြီးချက်ချက်သောနေ့၌

**"ယနေ့ ဒီဆိုင်မှာ ဝက်သားဆီုးကြီးချက် ကောင်းတယ်..."** ဟူ၍လည်းကောင်း စိတ်ဝင်စားဖွယ်ရာ ကြော်ငြာလေ၏။



BURMESE CLASSIC .com

ပြည်လမ်းတွင် မောင်းနှင်လျက်ရှိသော အဝေးပြေးကားတို့သည် မုဆိုးကျော်ထမင်းဆိုင်တွင် မစားရလျှင် ကားမောင်းလိုင်စင် မရမည်ကဲ့သို့ သူ့ ထက်ငါ အလုအယက် စားသောက်ကြလေ၏။

တစ်ခုသောညနေတွင် မြတ်လှတစ်ဦးတည်း အငှားကားဖြင့် ပြန်လာလေ၏။ သူ၏လက်ထဲတွင်လည်း စာတစ်စောင်ပါလာ၏။ ထိုစာကို မအောင်ရင်သို့ပေးလိုက်လေ၏။ မအောင်ရင်သည် မြတ်လှပေးသော စာကိုဖတ်ပြီးနောက် ပြုံးလိုက်လေ၏။ မအောင်ရင်သည် ထိုစာကို သန်းသန်းအားခေါ်၍ပေးလိုက်လေ၏။ သန်းသန်းလည်း စာကိုဖတ်ပြီးနောက် ချုံးပွဲချလျက်ငိုလေတော့၏။ ထို့ကြောင့် ကိုပိုကာက–

"ဘယ်လိုလဲ မအောင်ရင်၊ ကုလားမနဲ့ သန်းမောင် လိုက်ပြေးကြပြီလား. . ."ဟု မေးလိုက်လေ၏။ ထိုအခါ မအောင်ရင်က–

"ဟုတ်ပါတယ်. . ."ဟု ပြန်၍ဖြေနေစဉ်၌ပင် ရှိုက်ကြီးတငင်ငိုနေသော သန်းသန်းကို မြတ်လှကချော့၍နေလေ၏။ မအောင်ရင်က တောက်တစ်ချက် ခေါက်လိုက်ပြီးနောက်–

"သန်းမောင်မှာ ဘာဝင်ငွေမှ မရှိဘူး၊ ကားပြင်မယ်ဆိုပြီး ငါ့ဆီက လိမ်ထုတ်တဲ့ပိုက်ဆံလေး နည်းနည်းပါးပါးပဲရှိတယ်၊ ပုံမှန်ဝင်ငွေရယ်လို့ ရှိတာမဟုတ်ဘူး၊ ဒီကြားထဲက မယားကြီးကိုထားပြီး မယားငယ်ယူ တာတော့ အံ့စရာပါပဲ. . ." ဟု ညည်းတွားလိုက်လျှင် ကိုပိုကာက–

"မယားငယ်ယူတယ်လို့ပြောတော့ ရိုင်းတာပေါ့ဗျာ. . .၊ အချစ်ဟောင်းကုန်ဆုံးလို့ အချစ်သစ် အစားထိုးတာပါဗျ၊ အချစ်အနုပဋိလောမလို့တောင်ပြောနိုင်ပါတယ်. . ." ဟု ရယ်စရာဝင်၍ပြောလိုက်လေ၏။ ကိုပိုကာသည် အလုပ်ကိုထောင့်စေ့အောင် လုပ်သည့်အပြင် အောင်ကျော်မ


BURMESE CLASSIC .com

လေးအား ကျောင်းကြိုကျောင်းပို့ အလုပ်ကိုလည်း လုပ်ရလေ၏။ အောင်ကျော်မလေးသည် ကိုပိုကာအား လွန်စွာခင်မင်၏။ ''ဦးကာ. . .''ဟု ခေါ် ၏။ ကိုပိုကာကမူ အောင်ကျော်မလေးအား ''ဒေါက်တာအောင်ကျော်မ'' ဟုခေါ်၏။

မိုးသည်းသောညတစ်ညတွင်ဆိုင်၌ စားသောက်မည့်သူများ ရှင်းနေ၏။ ကိုပိုကာနှင့် မအောင်ရင်တို့သည် ဆိုင်တွင်းရှိစားပွဲတွင် ထိုင်ကြကာ ရေနွေးကြမ်းသောက်နေကြ၏။

''ပြောစမ်းပါဦး မအောင်ရင်ရယ်...''ဟု ကိုပိုကာက စကားစလိုက်လေ၏။

''ဘာပြောစရာရှိလဲ ကိုပိုကာရယ်...၊ ရှင်က ကလေးကိုပွေ့လာပြီး ကျွန်မဆီကို နာရီပြန်နှစ်ချက်ထိုးကြီး ရောက်လာတာလေ...၊ အဲဒီညက မိုးတွေရွာလိုက်တာမပြောနဲ့တော့ ...'' ဟု မအောင်ရင်က ပြောလေ၏။

''ဒီလိုဗျ...၊ ရွှေဂဲကုမ္ပဏီပိုင်ရှင် သူဌေး ဦးမြို့ရဲ့သမီးက သူ့ကောင်နဲ့ ကိုယ်ဝန်ရတယ်၊ သူ့အမေက ဒီကောင့်ကို သဘောမတူဘူးလိုလို ဘာလိုလို အသံလွှင့်တာနဲ့ ဟိုကမယူဘဲ နိုင်ငံခြားကို ထွက်သွားတယ်၊ အဲဒီမှာ ကိုယ်ဝန်ကလည်း ရင့်နေတော့ ဖျက်လို့လည်း မလွယ်တော့ဘူး၊ အဲဒါကြောင့် မိမိကြီးကို မတ္တရာဘက်မှာ ခြံနဲ့အိမ်နဲ့ဝယ်ပြီး သွားပြီးထားရတာဗျ၊ အဲဒီမှာ ကျုပ်က ဒရိုင်ဘာလေ. . .၊ မွေးတဲ့အချိန်ကျတော့ အရပ်လက်သည်နဲ့ပဲ မွေးတယ်၊ သန်းခေါင်ကြီးမွေးတာဗျ. . .၊ ကျုပ် သေချာ နာရီမှတ်ထားတယ်၊ ဝမ်းကကျွတ်ပြီး ကလေးငိုတဲ့အချိန်ဟာ ညသန်းခေါင်ကျော် ၈မိနစ်နဲ့ စက္ကန့် ၂၀ဗျ၊ အင်္ဂါနေ့ကိုလွန်ပြီး


BURMESE CLASSIC .com

www.burmeseclassic.com


ဗုဒ္ဓဟူးနေ့ ထဲကိုရောက်သွားပြီ၊ သူဌေးကတော် ဒေါ်ခင်မမလည်း ရှိနေတယ်၊ ဝမ်းဆွဲလက်ထဲက ကလေးကိုယူပြီး ကျုပ်ကို ပစ်ခိုင်းလိုက်တာ . . .၊ ကျုပ်က မပစ်ရက်လို့ မန္တလေးအထိ တက်လာပြီး ခင်ဗျားကို လာနှိုးရတာ မအောင်ရင်ရေ . . .'' ဟုပြောကာ ကိုပိုကာသည် မအောင်ရင်၏ မျက်နှာကို လှမ်း၍ကြည့်လိုက်လေ၏။

''ကလေးလည်းရောက်လာရော . . .၊ ကျွန်မလည်း စာပြတဲ့ အလုပ်ကို လုပ်လို့မရတော့ဘူး၊ စစ်ကိုင်းက ဒေါ်ခေမာဆီ ပြေးရတော့တာပဲ၊ အကျိုးအကြောင်းပြောပြီး အဲဒီဇရပ်မှာ ကလေးနဲ့သွားနေတယ်၊ ကလေးက နို့ဘူးတိုက်ရတာဆိုတော့ ကျွန်မမှာလည်း ဝင်ငွေမရှိ အတော့်ကို ဒုက္ခဖြစ်တာပေါ့ . . .၊ အဲဒီမှာ စစ်ကိုင်းအိုးဘိုရပ်ထဲက မငယ်မဆိုတဲ့ သားသည် အမေတစ်ယောက်ကို လခပေးပါမယ်ဆိုပြီး ကလေးကို အပ်ရတယ်၊ မငယ်မနဲ့ သူ့ကလေးကိုလည်း မယ်သီလရှင်ဇရပ်မှာပဲ ခေါ်ထားလိုက်ရတယ်၊ ပြီးတော့ ကျွန်မက ရန်ကုန်ကိုဆင်းလာပြီး ကြုံရာအလုပ်ကို အမြန်ဆုံးလုပ်ပြီး ပိုက်ဆံပို့ရတယ်၊ ရယ်စရာကောင်းတာ တစ်ခုက မိမိကြီး မွေးပြီး ပစ်ခဲ့တဲ့ကလေးကို အသက်ရှင်အောင်မွေးဖို့အတွက် ကျွန်မဟာ မိမိကြီးအိမ်မှာ ကျွန်ခံခဲ့ရတယ်၊ ဒီအချက်ကတော့ လောကကြီးက ကျွန်မကို လှောင်ပြောင်လိုက်တဲ့အချက်ပဲ ကိုပိုကာရေ့'' ဟု မအောင်ရင် က ပြော၍ ကျေကျေနပ်နပ်ရယ်လိုက်လေ၏။ ထိုအခါ ကိုပိုကာက 'ကောင်းဗျာ . . .'ဟု ဆိုကာ စားပွဲကိုလက်ဝါးနှင့် ဗျန်းကနဲ ရိုက်လိုက် လေ၏။ ထိုအခါ၌ မအောင်ရင်က–

''ဒီ့ထက်ကောင်းတာပြောရဦးမယ် ကိုပိုကာရဲ . . .''ဟု ပြောလိုက်လျှင် ကိုပိုကာက –


BURMESE CLASSIC .com

''ပြောပါ မအောင်ရင်၊ ခင်ဗျား ဇာတ်လမ်းကလည်း ကုလား ဘိုင် စကုပ်ကြည့်ရသလိုပဲ၊ အချိတ်အဆက်တွေနဲ့ နားထောင်လို့ ကောင်းတယ်ဗျ . . .''ဟု ပြောလိုက်လေ၏။

''ကျွန်မကို မိမိကြီးက ညစ်ပြီးတော့ ဟိုး မှော်ဘီမြို့အစွန် မရမ်းတောကြီးဘက်မှာ ခြံစောင့်ခိုင်းတယ်လေ . . .၊ မိန်းမတစ်ယောက် တည်း တောထဲမှာ ခြံစောင့်လုပ်ရတာ . . .၊ မီးလည်းမရှိဘူး၊ သောက်စရာ ရေတောင်မရှိဘူး၊ နေစရာလည်းမရှိဘူး၊ကိုယ့်တဲ ကိုယ်ထိုးနေရတာ . . .၊ အနီးအပါး ရွာသူရွာသားတွေကတော့ ကူညီကြပါတယ် . . .၊ အစ ပထမ မှာ စားဖို့သောက်ဖို့မရှိလို့ အနီးအနားဘုန်းကြီးကျောင်းက ဆွမ်းကျန် ဟင်း ကျန်လေး တောင်းစားရတယ်၊ မိမိကြီးလုပ်ပုံများ ရက်စက်လိုက် တာကွယ်'' ဟု မအောင်ရင်က ပြောလိုက်လေ၏။

''မအောင်ရင် . . . ခင်ဗျားမို့လို့ မိန်းမသား တစ်ယောက်တည်း တောကြီးမြက်မည်းထဲမှာ နေဝံ့တယ်ဗျာ . . .'' ဟု ကိုပိုကာက ပြော လိုက်လေ၏။

''မနေဝံ့လို့ မရဘူး၊ အောင်ကျော်မလေး အသက်ရှည်ဖို့ ကျွန်မနေဝံ့ရမှာပဲ၊ အဲဒီအချိန်မှာ ကျွန်မခေါင်းထဲမှာ ဘာမှမရှိဘူး၊ အောင်ကျော်မပဲ ရှိတယ်''ဟု မအောင်ရင်က ပြောလိုက်လေ၏။

''ပြောစမ်းပါဦးဗျ . . .၊ နောက်တော့ ဘာတွေဖြစ်ကုန်လဲ . . .'' ဟု ကိုပိုကာက မေးလေ၏။

''နောက်တော့ ဘာတွေဖြစ်သလဲဆိုတော့ ကိုယ်သောက်ဖို့ ရေတွင်းလေးတော့ ကိုယ်တိုင်တူးမှဆိုပြီး ရေတွင်းတူးတာပေါ့ရှင် . . .၊ လူတစ်ရပ်ကျော်ကျော်လောက်လည်း တူးမိရော စဥ့်အိုးကြီးနှစ်လုံးကို


BURMESE CLASSIC .com

www.burmeseclassic.com


တူးမိတယ်၊ တစ်လုံးက စဥ့်အညိုရောင်ကြီး၊ တစ်လုံးက စဥ့်အပြာရောင်ကြီး၊ အထဲမှာလည်း ကုလားစာတွေ ရေးထားတယ်၊ တစ်ခါက ဒီနေရာမှာ ကုလားတွေ နေသွားတယ်နဲ့တူတယ်၊ အဲဒီမှာ ပစ္စည်းတွေ သိုဝှက်ထားခဲ့တာဖြစ်မှာပေါ့၊ ပစ္စည်းဝှက်ခဲ့တဲ့ ကုလားကြီးသေတော့လည်း ဆွေစမျိုးစပြတ်ပြီး ပိုင်ရှင်မဲ့ မြေကြီးထဲရောက်နေတာကို ကျွန်မက သွားတွေ့တာပေါ့၊ ကုလားမတွေဝတ်တဲ့ ခြေကျင်းကြီးတွေ၊ လက်ကောက်ကြီးတွေလည်းပါတယ်၊ ဘယ်လိုလုပ်ပြီး စုဆောင်းထားသလဲမသိဘူး၊ ပစ္စည်းက စဥ့်အိုးနှစ်လုံးနဲ့အပြည့်ပဲ. . .၊ အပြာရောင်စဥ့်အိုးထဲမှာကတော့ ဒင်္ဂါးတွေ၊ အဲဒီအိုးကြီးနှစ်လုံးကို ကျွန်မက တဲပေါ်တင်ပြီး အပေါ်က ပွဲလျက်တွေ အပြည့်သိပ်ပြီး ရုပ်ဖျက်ထားလိုက်တယ်လေ၊ ကျွန်မရေတွင်းတူးနေမှန်းလည်းသိရော အနားကရွာသားတွေကလာပြီး ကူပြီးတူးပေးကြပါတယ်၊ ရေကလည်း ကြည်စိမ်းနေအောင်ထွက်တယ်ရှင့်. . .၊ သူတို့တူးပေးတဲ့အခါကျတော့ ဘာမှမရတော့ပါဘူး၊ အဲဒီမှာ ကျွန်မက အဖော်ရအောင်ဆိုပြီး ကုလားကြီးကုန်းရွာထဲက ဆွေမရှိ မျိုးမရှိ ဒေါ်ဒွေးဖြူကြီးကို အစ်မအဖြစ် မွေးစားလိုက်တာ. . .၊ ကျွန်မ ရန်ကုန်ပြန်လာတဲ့အခါမှာ အဲဒီ အိုးနှစ်အိုးကို ဒေါ်ဒွေးဖြူကြီးရဲ့တဲမှာပဲ အပ်ပစ်ခဲ့တာ . . .၊ ဒီမိန်းမကြီးက ရိုးတော့ မသိရှာပါဘူး. . .'' ဟု မအောင်ရင်ကပြော၍ ရေနွေးကြမ်း တစ်ခွက်သောက်လိုက်လေ၏။

''ခင်ဗျားဇာတ်လမ်းက အတော့်ကို စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ မင်းသိခ်ရေးတဲ့ ဝတ္ထုကျနေတာပဲ. . .'' ဟု ကိုပိုကာက ပြောလိုက်လေ၏။

''သူဌေးအိမ်က အလုပ်ထွက်တဲ့အခါမှာ ဒီခြံကို ကျွန်မက ဝယ်


BURMESE CLASSIC .com

www.burmeseclassic.com


လိုက်တာပေါ့၊ ပြီးတော့ ပြည်–ရန်ကုန်ကားလမ်းနံဘေးဆိုတော့ ထမင်းဆိုင် ဖွင့်တာဟာ အကောင်းဆုံးပဲ၊ ထမင်းဆိုင်ဖွင့်မှလည်း ကျွန်မက လူများများနဲ့ နေလို့ရမှာကိုး . . .၊ အဲဒီအခါမှာ ရွှေဂဲစက်ရုံက အလုပ်ပြုတ်တဲ့ ကျွန်မရဲ့ အပေါင်းအသင်းအားလုံးကို ဒီမှာခေါ်ပြီး ကျွန်မက အလုပ်ပေးထားတာ'' ဟု မအောင်ရင်က ပြောလိုက်လျှင် ကိုပိုကာက ပြုံး၍

''မအောင်ရင်တစ်ယောက် အဂ္ဂိရတ်ထိုးနေတယ် ဆိုတာ ကတော့ ဓာတ်လုံးထိုးနေတာ ဟုတ်မယ် မထင်ပါဘူးဗျာ...၊ စဋ္ဌအိုးအညိုကြီးထဲက လက်ဝတ်လက်စားတွေကို ပုံဖျက်နေတာဖြစ်မှာပါ ...'' ဟု ပြောလိုက်လျှင် မအောင်ရင်က–

'' မှန်တာပေါ့ ကိုပိုကာရယ်၊ ပုံဖျက်ရုံ ဖျက်ဖို့လောက်ကတော့ မခက်ဘူးရှင့်၊ ကျွန်မက အခေါက်အဆင့်ရောက်အောင် ချွတ်ချင်လို့ ဖိုထိုးချင်ယောင်ဆောင်နေရတာ...'' ဟု ပြောလေ၏။

''ဒါက ဒီလိုပါဗျာ...၊ ခင်ဗျားချွတ်ချင်တဲ့ ရွှေတွေကို ကျိုပြီး ရေထဲလောင်းချလိုက်၊ ဥစိပ်ချ တယ်ခေါ်တာပေါ့ ...၊ အဲဒီလိုလုပ်ပြီး တော့မှ အဲဒီ ရွှေအဖတ်တွေကို ဘော်နှစ်ဆကပ်ပြီး အကွာရေဂျာဆိုတဲ့ ငရဲမီးနဲ့ ချွတ်ရမယ်၊ ချွတ်တဲ့အခါမှာ ဘော်တွေ လွင့်မသွားအောင် ကြေးချောင်းတစ်ချောင်း ထည့်ထားရမယ်၊ ဘော်တွေဟာ အဲဒီကြေးချောင်းမှာ ကပ်မှာပေါ့ဗျာ...၊ တခြားဟာတွေက အခိုးဖြစ်ပြီးထွက်သွားလိမ့်မယ်၊ ကော်ဖီမှုန့်ရောင်ဖြစ်နေတဲ့ ရွှေတွေကျန်မယ်၊ အဲဒီအမှုန့်တွေကို ကျိုလိုက်ရင် အခေါက်ရွှေပေါ့ဗျ၊ မဂ္ဂရီကာချောက်တရီးဆိုတဲ့ ကုလားတစ်ယောက် မြန်မာပြည်မှာလာပြီး ရွှေချွတ်သွားတာ ဒီနည်းပါပဲဗျာ...၊ သူလုပ်တဲ့ ရွှေကြိုးတွေလည်း ရောင်းသွားတယ်၊ သူ့ကြိုးတွေကို


BURMESE CLASSIC .com

www.burmeseclassic.com


သူ့နာမည်တပ်ပြီး ခေါ်တာပေါ့၊ ဒါပေမဲ့ မဂ္ဂရီကာချောက်တရီးဆိုပြီး နာမည်အရှည်တပ် ပြီး မခေါ်တော့ဘူးလေဗျာ ...၊ အတိုပဲခေါ်တော့တယ်၊ အမ်–စီလို့ ခေါ်တယ်၊ အမ်စီ ကြိုးဆိုရင် လူတိုင်းသိပါတယ်ဗျာ...'' ဟု ကိုပိုကာက ပြောလိုက်လျှင် မအောင်ရင်က–

''ကိုပိုကာ ရှင်ပြောတဲ့အတိုင်းပဲရှင် . . .၊ ကျွန်မ ချွတ်နေတာ၊ ကျွန်မ မလုပ်တတ်လို့ အင်္ဂလိပ်ရတ် ဆရာတစ်ယောက်ဆီမှာ သင်ရသေးတယ်...''ဟု မအောင်ရင်က ပြောလိုက်လေ၏။

''ပြီးတော့မှ ဒီရွှေတွေကနေ ငွေအဖြစ် ပုံပြောင်းဖို့ ခင်ဗျားက မြတ်လှနဲ့ သန်းသန်းကို ရွှေဆိုင်ထောင်ပေးထားတာပေါ . . .''ဟု ကိုပိုကာက ပြောလိုက်လျှင် မအောင်ရင်က–

''ကိုပိုကာရယ် . . . ရှင်ပြောတဲ့အတိုင်းပါပဲရှင် . . .'' ဟုပြောလိုက်လေတော့သတည်း . . .။

◆


BURMESE CLASSIC .com



www.burmeseclassic.com

အခန်း ( ၉ )

# ကိုပိုကာနှင့် မိမိကြီး ပြန်လည်တွေ့ဆုံခြင်း

ကိုပိုကာသည် မအောင်ရင်၏ အင်္ဂရုတ်မှိုရုံသို့ဝင်ကာ မှိုထိုးနေပြီဖြစ်၏။ ကျန်အချိန်များတွင် ဆိုင်၏ကိစ္စများဆောင်ရွက်ရ၏။ ကား ပျက်လာလျှင် ကိုပိုကာ ကားပြင်၏။ ထမင်းချက်သော သန်းသန်း နေမကောင်း၍ မချက်နိုင်လျှင် ကိုပိုကာဝင်၍ချက်၏။ မီးပျက်လျှင် ကိုပိုကာပြင်၏။ အောင်ကျော်မကို ကျောင်းပို့၏။ မအောင်ရင်က အောင်ကျော်မအား အင်္ဂလိပ်စာပြ၏။ ကိုပိုကာက သင်္ချာနှင့် အခြား ဘာသာ ရပ်များပြပေး၏။

ထိုသို့ ထောင့်စေ့အောင် လုပ်နေသည့် ကြားမှပင် ကိုပိုကာ သည် အလုပ်တစ်ခု တိုးလာပြန်၏။ ရန်ကုန်သို့ မကြာခဏထွက်

BURMESE CLASSIC .com

www.burmeseclassic.com


သွားတတ်၏။

တစ်နေ့တွင် ကိုပိုကာသည် ရန်ကုန်သို့ ထွက်သွားပြီး အပြန်တွင် သစ်သားဘောင်များ၊ နိုင်လွန်ပိတ်စများ၊ ဆေးလုံးများ ပါ၍လာလေ၏။

ညပိုင်းသို့ရောက်၍ ဆိုင်တွင်လူရှင်းသောအခါ၌ ကိုပိုကာနှင့် မအောင်ရင်တို့ စကားပြောဖြစ်ကြလေ၏။

"ကိုပိုကာရေ . . . ရှင့် အလုပ်အခြေအနေ ပြောပါဦး . . .' ဟု မအောင်ရင်က မေးလျှင် ကိုပိုကာက

"ဆေးဆိုးပန်းရိုက်လုပ်ငန်းစ,မယ်လေ မအောင်ရင်ရဲ . . .၊ အထည်တွေ အုပ်လိုက်ဝယ်ပြီး ကိုယ်ကြိုက်တဲ့အဆင်တွေရိုက်ပြီး ရောင်းမှာပေါ့ဗျာ. . .၊ အထူးသဖြင့်ကတော့ အမျိုးသမီးဝတ် လုံချည်ဆင်တွေပေါ့ . . .၊ အဲဒီလုပ်ငန်းစဉ်နဲ့ လုပ်ရမယ့် အလုပ်တွေ၊ ကုန်ကျစရိတ်တွေ၊ အမြတ်အစွန်းရရှိ နိုင်မယ့် အခြေအနေတွေကို ဟောဒီမှာ ရေးထားတယ်၊ စာအုပ်တစ်အုပ်စာလောက်ရှိတယ်၊ အဲဒါကို ဖတ်ကြည့်ပေါ့ . . .၊ ဖတ်ကြည့်ပြီးတော့ မအောင်ရင် သဘောတူတယ်ဆိုရင် အလုပ် စ,ရုံပဲ . . ."ဟု ကိုပိုကာက ပြောလေ၏။

"ဖတ်တာလည်း ဖတ်ပါမယ် . . .၊ ဘယ်လိုလုပ်ရတယ်ဆိုတာလည်း ကျွန်မကို သဘောပေါက်အောင် ပြောပြစမ်းပါဦး . . ."ဟု မအောင်ရင်က ပြောလေ၏။

"ရှေးတုန်းက အစဉ်လာလုပ်နည်းကတော့ ဥပမာဗျာ . . . ပိတ်စပေါ်မှာ နှင်းဆီပန်းပွင့်ပုံကြီး ရိုက်ချင်တယ်ဆိုပါတော့. . .၊ ပန်းချီဆရာကို နှင်းဆီပန်း ပုံဆွဲခိုင်းရတယ် ပြီးတော့မှ ထရေဇင်ပေပါလို့ခေါ်တဲ့ ပုံကူးစက္ကူ အုပ်ပြီးခဲတံနဲ့အပေါ်က လိုက်ပြီးကူးရတယ်၊ ကူးတဲ့အခါမှာ


BURMESE CLASSIC .com

အရောင်တွေ ခွဲပြီးကူးရတယ်၊ ရေးထားတဲ့ နှင်းဆီပန်းက အနီရယ်၊ အနက်ရယ်၊ အစိမ်းရယ် သုံးရောင်ပါတယ်ဆိုပါတော့ဗျာ ...၊ အနီရောင်ကိုသတ်သတ်ကူးရတယ်၊ အစိမ်းရောင်ပါတဲ့အပိုင်းကို သတ်သတ်ကူးရတယ်၊ အနက်ရောင်ပါတဲ့အပိုင်းကိုလည်း သတ်သတ်ကူးရတယ်၊ အဲဒီကူးပြီးသား ပုံတွေကို ဘရောင်းပေပါပေါ်မှာ ကပ်ရတယ်၊ကပ်ပြီးတော့မှ ဓားနဲ့လှီးထုတ်ရတယ်၊ အဲဒီလိုလှီးထုတ်ပြီးရင် သစ်သားဘောင်ကြွတ်ပြီး နိုင်လွန်အုပ်ထားတဲ့ အပေါ်မှာ အဲဒီ ဘရောင်းပေပါကို သွားပြီးကပ်ရတယ်၊ အဲဒီတော့ ဘောင်မှာ မလိုအပ်တဲ့နေရာတွေကို ဘရောင်းပေပါက ပိတ်ပေးထားတယ်၊ အနီရောင်လိုချင်တဲ့နေရာမှာတော့ နိုင်လွန်ရှိနေတယ်၊ ဟိုဘက် ဒီဘက် ဖောက်ပြီး မြင်နေရတယ်၊ အဲဒီနည်းစနစ်ကို စတင်ဆေးလို့ခေါ် တယ်၊ ပြီးတော့မှ အထည်ရိုက်တဲ့ ဆေးအနီရောင်ကို အပေါ်ကနေ သုတ်တာပေါ့ဗျာ...၊ အဲဒီတော့ အနီရောင်ဟာ နိုင်လွန်ကိုဖောက်ပြီး ပိတ်စမှာ သွားထင်တာပေါ့၊ အဲဒါကိုခြောက်အောင်လှမ်း၊ အစိမ်းရောင်တစ်ခါ ရိုက်ပြန်တာပေါ့၊ ပြီးတော့တစ်ခါ အနက်ရောင်ရိုက်ရပြန်တာပေါ့၊ အရောင်စုံလာ တော့ နှင်းဆီပန်းပုံကြီး ပိတ်စမှာပေါ်လာတာပေါ့၊ အဲဒီလိုအရောင်စုံတဲ့ အခါကျမှ ချုပ်ဆေးနဲ့ချုပ်ပြီး လျှော်ရတယ်ဗျ။ လျှော်ပြီးလှမ်းပြီးတော့ မီးပူထိုးတာပေါ့ ...၊ ပြီးတော့ ရောင်းမယ့်ဆိုင်ကိုပို့ ဒါပေမဲ့ အဲဒီနည်းစနစ်က ပန်းချီ ဆရာရေးပေးတဲ့ပုံကို အသေးစိပ်မရဘူးဗျာ အခုကျူပ် လုပ်မယ့်နည်း က အသေးစိပ်ရတယ်၊ ဒါက နည်းသစ်ပေါ့ဗျာ၊ ဖိုတိုနည်းလို့ခေါ်တယ် ပန်းချီ ဆရာရေးထားတဲ့ ဒီဇိုင်းပေါ်မှာ ကုန်ထုတ်စက္ကူ မအုပ်တော့ဘူးဗျို့ လချေးပြားအုပ်ပြီး တရုတ်မှင်တောင့်နဲ့ အပေါ်ကလိုက်ရေးတာဗျ၊ သူလည်း အရောင်



BURMESE CLASSIC .com

www.burmeseclassic.com


ရှိသလောက်ဆွဲရေးရတယ် သူ့နည်းကတော့ ဓါတ်ပုံကူးသလို မှောင်ခန်းလိုတယ်ဗျ . . .၊ ဓါတ်ပုံဖလင်မှာ ပါတဲ့ဆေးလဗါး နိုက်ထရိတ်နဲ့ ကြက်ဥအကာနဲ့ ခေါက်ရတယ်ဗျ၊ ပြီးတော့ နိုင်လွန်ဘောင်မှာ သုတ်ရတယ်၊ အဲဒီဘောင်မှာ သုတ်ပြီးတာနဲ့ စောစောကပုံရေးထားတဲ့ လချေးပြားကို ကပ်ပြီး အလင်းရောင်ပေးလိုက်ရင် ဘောင်ပေါ်မှာ သွားပြီးထင်တာပေါ့ဗျာ၊ မလိုအပ်တဲ့ နေရာ တွေကို ရှပက်လို့ခေါ်တဲ့ ချိတ်ရည်သုတ်ပြီး ပိတ်ရတယ်၊ လိုအပ်တဲ့နေရာကိုတော့ ခေါက်ပြီးချလိုက်ရင် ကြက်ဥအကာနဲ့ ဆေးလဖားနိုက်ထရိတ်က ကွာကျသွားတာပါပဲ၊ အဲဒီဘောင်ကို ပိတ်စပေါ်မှာတင်ပြီး အထည်ရိုက်တဲ့ဆေးနဲ့ ရိုက်တာပါပဲဗျာ၊ အဲဒီအလုပ်ကို လုပ်ဖူးတဲ့ အလုပ်သမားတွေလည်း ကျုပ်အနေနဲ့ချိတ်ခဲ့ပြီးပါပြီ၊ မအောင်ရင် သဘောတူတယ်ဆိုရင် ကျုပ်အနေနဲ့ လုပ်ရုံပဲ၊ ဟောဟိုခြံကို ငှားပြီးလုပ်မယ်. . .''ဟု ကိုပိုကာကပြောလေ၏။ ထိုအခါ မအောင်ရင်က

''ရှင်ဘာဖြစ်လို့ ဒီလုပ်ငန်းကို ရွေးချယ်ရတာလဲ . . .'' ဟု မေးလေ၏။

''မအောင်ရင်က အထည်စက်နဲ့ နီးစပ်တဲ့ လုပ်ငန်းလုပ်ချင်တယ်ဆို၊ ဒီလုပ်ငန်းက အထည်စက်နဲ့ နီးစပ်တာပေါ့ဗျ၊ ရွှေခဲအထည်စက်ရုံက ပိတ်အုပ်တွေ မှာမယ်လေဗျာ၊ ဒီထက်နီးစပ်တာရှိသေးလို့လား၊ တစ်နေ့နိုင်ငံခြားကိုမှာတဲ့ အိုဂျီအယ်စာရင်းမှာ ချည်တွေသွင်းခွင့်မပြုဘူးဆိုရင် စက်ရုံကြီး အကျပ်ရိုက်ပြီလေ၊ အဲဒီအခါမှာ ချည်မလုံမလောက်နဲ့ စက်ရုံလည်လို့မရဘူး၊ အရှုံးပေါ်လာမှာပေါ့၊ အဲဒီအခါကျတော့ ဦးမြို့ရဲ့စက်ကို မအောင်ရင်က ဝယ်လိုက်ပေါ့ဗျာ၊ ဝယ်ပြီးတော့ ပြည်တွင်းဖြစ်ချည်နဲ့ ယက်လို့ရတဲ့ အလုပ်တွေလုပ်တာပေါ့. . .'' ဟု ကိုပိုကာက ပြောလေ၏။


BURMESE CLASSIC .com

မအောင်ရင်သည်ကိုပိုကာပေးသောလုပ်ငန်းရှင်းလင်းချက်စာအုပ်ကို ဆွဲယူ၍ လှန်လိုက်ရာ အောက်ပါစာရင်းစဉ်ကို တွေ့ရလေ၏။

**မယ်ပေါ် ဆေးဆိုးပန်းရိုက်လုပ်ငန်း**

မအောင်ရင်သည် ထိုစာကိုဖတ်ပြီးနောက် ပြုံးလိုက်လေ၏။ ကျေနပ်အောင် ပြုံးပြီးနောက်–

"ဘာအဓိပ္ပါယ်လဲရှင်. . ." ဟု မေးပြန်လေ၏။

"ဘာအဓိပ္ပါယ်ရမလဲဗျ၊ ခင်ဗျားက ရွှေဂဲသူဌေးကို အနိုင်ယူမှာမဟုတ်လား၊ ရွှေဂဲဆိုတာ ကြက်တူရွေးပဲဗျ၊ ကျုပ်တို့ မြန်မာစကားမှာ ကြက်တူရွေးက တော်တော်၊ မယ်ပေါ်ကသည်းသည်းဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား၊ အဲဒီစကားပုံကို သရုပ်ဖော်ထားတာဗျ၊ ကြက်တူရွေးနဲ့ မယ်ပေါ်နဲ့မှလိုက်မှာပေါ့ဗျ..." ဟု ကိုပိုကာက ပြောလိုက်ရာ မအောင်ရင်က–

"ကတ်သီးကတ်သပ်ရှင်..." ဟု ပြောကာ လုပ်ငန်းကို သဘောတူလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ၌ မော်တီမြို့မှ ပြည်မြို့အထွက် ကားလမ်းဘေးရှိ ခြံကြီးတစ်ခြံတွင် လှပဆန်းပြားသော အထည်များရိုက်နှိပ်၍ လှန်းနေသော အလုပ်သမားများကိုလည်းကောင်း၊ လျှော်ဖွပ်နေသော အလုပ်သမားများကို လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်ကြီး တွေ့ရလေတော့၏။

ကိုပိုကာ၏ ဆေးဆိုးပန်းရိုက်လုပ်ငန်းမှ ရိုက်နှိပ်သော မယ်ပေါ်ပါတိတ်၊ မယ်ပေါ်ရွှေနား၊ မယ်ပေါ်ငွေသရဖီ အဆင်ဆန်းများသည် ပျိုတိုင်း ကြိုက်သည့် နှင်းဆီခိုင်ဆိုသော စကားကဲ့သို့ အမျိုးသမီးများ နှစ်သက်


BURMESE CLASSIC .com

www.burmeseclassic.com


ကြလေ၏။

ကိုပိုကာနှင့် ရွှေဂဲအထည်စက်ရုံသည် ခွဲ၍မရအောင် ရှိလေတော့၏။

တစ်နေ့တွင် ကိုပိုကာသည် ရွှေဂဲအထည်စက်ရုံသို့ သွား၍ ဦးမြို့၏သမီး မိမိကြီးနှင့် ပက်ပင်းတိုးလေတော့၏။ မိမိကြီးသည် ကိုပိုကာကိုတွေ့လျှင်–

''ဟဲ့ ...ပိုကာ...'' ဟု ခေါ်လေ၏။ ကိုပိုကာသည် မိမိကြီး၏ မျက်နှာကို စူးစူးဝါးဝါးကြည့်၍–

''ဘယ်လိုခေါ်လိုက်တာလဲဗျာ၊ ခင်ဗျား မြန်မာအမျိုးသမီး မဟုတ်လား၊ ကိုယ့်ထက်အသက်ကြီးတဲ့လူကို ဟဲ့...ပိုကာလေးဘာလေးနဲ့၊ ရိုင်းလှချေလား၊ ခင်ဗျားအဖေက ခင်ဗျားကို မဆုံးမဘူးလား၊ ခင်ဗျားအမေရော မဆုံးမဘူးလား၊ မိ,မဆုံးမ ဖ,မဆုံးမပေါ့ ...'' ဟု ပြန်၍ပြောလျှင် မိမိကြီးသည် လွန်စွာစိတ်ဆိုးသွား၏။

''အောင်မာ...ကြီးကျယ်လိုက်တာ၊ နင့်ကို ငါအရင်ကလည်း ဒီအတိုင်းခေါ်ခဲ့တာပဲ...'' ဟု မိမိကြီးက ပြန်၍ပြော၏။

''အရင်က ခင်ဗျားကို ကျုပ်မသိဘူး၊ ဘယ်အရင်ကလဲ . . .''ဟု ကိုပိုကာ ပြန်၍ပြောရာ မိမိကြီးက–

''ဘယ်အရင်ကရမှာလဲ၊ နင် ငါ့အိမ်မှာ ဒရိုင်ဘာလုပ်သွားတာပဲ ကိုပိုကာရဲ့ ...'' ဟု အော်၍ ပြောလေ၏။

''တောက်တီးတောက်တဲ့ဗျာ၊ သူများအိမ်မှာ ကျုပ် ဒရိုင်ဘာ လုပ်ရမယ်ဟုတ်လား၊ သူဌေးသားဗျ၊ ကျုပ်အဖေက မြန်မာပြည်မှာ အထည်လုပ်ငန်းနဲ့ အကြီးအကျယ်လုပ်သွားတဲ့ ကုလားသူဌေးဆရာ


BURMESE CLASSIC .com

ဆပ်တဲ့၊ မကြားဖူးရင်လည်း မှတ်ထားဦး၊ ကျုပ်က ဆရာဆပ်ရဲ့ သားအကြီး ပိုကာဆပ်တဲ့၊ ကျုပ် အမေက မြန်မာအမျိုးသမီး၊ ကျုပ်အဖေ ကုလားပြည်ကို ပြန်သွားတော့ မလိုက်ဘဲနေခဲ့တာ၊ ဘယ်တုန်းကမှ သူများ ဆီမှာ ဒရိုင်ဘာ မလုပ်ဖူးဘူး၊ အခြေနဲ့ အနေနဲ့ နေခဲ့တဲ့ ပိုကာဗျ ...'' ဟု ကိုပိုကာက ပြောလျှင် မိမိကြီးသည် စွေ့စွေ့ခုန်အောင်နာလေတော့ ၏။

''အောင်မယ်လေးဟယ်...၊ ဘယ်လိုပြော ရမှန်းတောင် မသိ တော့ပါဘူး၊ မတ္တရာဘက်က ဟိုရွာလေးမှာ သွားနေတော့ နင် ငါ့အိမ် မှာ ကားမောင်းရတာပဲ၊ နင်ဘာငြင်းမလဲ...'' ဟု မိမိကြီးက လက်ညှိုး တငေါက်ငေါက်ထိုး၍ ပြောလေ၏။

''သူဌေး သူကြီးရင့်မကြီးကဗျာ... ရွာကလေးတစ်ရွာမှာ မ ထင်မရှားသွားပြီး နေတယ်ဆိုတာ ဘာလုပ်တာလဲ ...လင်ကောင်မပေါ် ဘဲ ကိုယ်ဝန်ရှိလို့ လူမသိအောင် ကလေးမွေးတဲ့ ကိစ္စကလွဲလို့ အခြား အလုပ်မဖြစ်နိုင်ပါဘူး...ဟုတ်လား''ဟု ကိုပိုကာကပြောလိုက်၏။

''အေး...ဟုတ်တယ်၊ အဲဒီကလေးကို နင်ပဲ သွားပစ်တာ လေ၊ အမျိုးယုတ်ရဲ့ ...''ဟု မိမိကြီးက ပြန်၍ပြောလေ၏။ ထိုအခါ၌ ကိုပိုကာသည် တဟားဟားရယ်လိုက်လေတော့သတည်း။

◆

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၀ )

# မကောင်ရင်နှင့် ကောင်ကျော်

ကိုပိုကာသည် အားရပါးရရယ်နေ၏။ မိမိကြီးသည် မခံမရပ်နိုင်ဖြစ်နေ၏။

''ဟဲ့ ...ပိုကာ၊ နင်ငါ့ကို လှောင်နေတာလား...၊ နင်နဲ့ငါနဲ့ အဆင့်အတန်းချင်းတူလို့လား...၊ နင်က ငါ့အိမ်က ခိုင်းတဲ့ကောင်၊ နင်ရယ်တာကို ရပ်မလား၊ မရပ်ဘူးလား၊ မရပ်ရင် ငါ့လက်နဲ့ နင့်ပါးနဲ့ တွေ့သွားမယ်...'' ဟု ကြိမ်းမောင်းလိုက်လေ၏။ ထိုအခါ ကိုပိုကာက

''အကြမ်းဖက်ဖို့ စိတ်မကူးပါနဲ့ ဒေါ်မိမိကြီးရယ်...၊ အဖြစ်အပျက်လေးပြောပြပါဦးမယ်၊ ခင်ဗျားမွေးတဲ့ကလေးက မိန်းကလေးဗျ၊ ခင်ဗျားက ရက်ရက်စက်စက် ပစ်ခိုင်းပေမဲ့ ကျုပ်ကမပစ်ရက်ဘူး၊ မန္တလေး



BURMESE CLASSIC .com

www.burmeseclassic.com


က ကျုပ်မိတ်ဆွေ မအောင်ရင်ကို ရှာရတယ်''ဟု ပြောလိုက်လျှင် မိမိကြီး သည် ခပ်တွေတွေဖြစ်သွား၏။ ထို့နောက်မှ

''ဘယ် မအောင်ရင်လဲ'' ဟု မေးလိုက်လေ၏။

''ဘယ် မအောင်ရင်ရမလဲဗျာ. . .၊ ခင်ဗျားတို့အိမ်မှာ အိမ်ဖော် လုပ်သွားတဲ့ မအောင်ရင်ပေါ့၊ ခင်ဗျားကလည်း နှိပ်စက်လိုက်တာ မပြော ပါနဲ့တော့၊ ဟိုး. . .တောကြီးမြက်မည်းထဲက ခြံတစ်ခြံမှာ အစောင့်လုပ် နိုင်းတယ်၊ သူ့ခမျာ မိန်းမသားတစ်ယောက်တည်း မကြောက်မလန့်နဲ့ သွားပြီးစောင့်ရရှာတယ်၊ ခင်ဗျားသမီးလေးကို သူက သမီးအမှတ်နဲ့ မွေး တော့ ဒီကလေးအသက်ရှင်ဖို့ နို့မှုန့်ကအစ လိုလာတယ်မဟုတ်လား၊ အဲဒီအတွက် သူ့ခမျာ အိမ်ဖော်လုပ်ရရှာတာ၊ ဒီကြားထဲ ခင်ဗျားက အနိုင် ကျင့်သေးတယ်. . .'ဟု ကိုပိုကာက ဆေးလိပ်ဖွာရင်း အေးအေးဆေး ဆေးပြောလေ၏။

''အခု အဲဒီကလေးနဲ့ အောင်ရင်က ဘယ်ရောက်နေပြီလဲ. . .'' ဟု မိမိကြီးက မေးလိုက်လေ၏။

''ဩ. . .ခင်ဗျားက မေးဖော်ရသေးတယ်၊ မေးတော့လည်း ဖြေရတာပေါ့ဗျာ၊ မော်ဘီမြို့အထွက် ပြည်ဘက်ကိုထွက်တဲ့အထွက်မှာ ထမင်း ဆိုင်ကြီးတစ်ဆိုင်ဖွင့်ထားတယ်၊ ဈေးကြီးနှစ်ဈေးက ရွှေဆိုင်ကြီး နှစ်ဆိုင်ပိုင် တယ်၊ မယ်ပေါ်ဆိုတဲ့ ဆေးဆိုးပန်းရိုက်လုပ် ငန်းကြီးတစ်ခု လည်းပိုင်တယ်၊ ကျုပ်က သူ့ဆီမှာ အလုပ်သမားအဖြစ် အလုပ်လုပ်နေ တော့၊ ခင်ဗျား တို့စက်ရုံက ပိတ်အုပ်တွေကို ဝယ်နေတာ သူပဲ . . .၊ ကလေးကတော့ အခုလာမယ့်နှစ်မှာ ဆယ်တန်းရောက်ပြီ၊ ရုပ်ကလေး ကလည်း ခင်ဗျားနဲ့ တူလို့ချောပါရဲ့ . . .၊ အကျင့်စာရိတ္တကတော့


BURMESE CLASSIC .com

မအောင်ရင်နဲ့တူလို့ ကောင်းပါရဲ့ ...၊ နာမည်လေးကတော့ မအောင်ရင် ကိုယ်တိုင်ပေးထား တာ...၊ အောင်ကျော်မတဲ့ ...၊ စာလည်းတော် တယ်၊ မအောင်ရင်နဲ့အတူ ရှိနေတယ်၊ အဲဒီကလေး လူ့ဘဝမှာ ရပ်တည် ဖို့ မအောင်ရင်က ခင်ပျားတို့အိမ်မှာ ကျွန်ခံခဲ့ရတာ၊ ခင်ပျားက မညှာတာ ခဲ့ဘူး၊ ဘယ်လောက်ရယ်ဖို့ ကောင်းသလဲ''ဟု ကိုပိုကာက ပြောလိုက် လျှင် မိမိကြီး၏မျက်လုံးအိမ်မှ မျက်ရည်ပေါက်များသည် ပေါက်ခနဲ ပေါက်ခနဲထွက်၍ကျလာလေတော့၏။ ကိုပိုကာလည်းဆက်၍ စကား မပြောတော့ဘဲ ထွက်၍လာခဲ့လေ၏။

ဆိုင်သို့ ပြန်ရောက်သောအခါ၌ ထိုအဖြစ်အပျက်ကို မအောင်ရင် အား ပြောပြရာ မအောင်ရင်က တစ်စုံတရာ ပြန်၍မပြောဘဲ ပြုံး၍နေ လေ၏။

''ဒီလို ကိုပိုကာရဲ့ ...၊ မိမိကြီးက အတော့်ကို ညံ့တဲ့မိန်းမ၊ အပြုအမူလည်း ညံ့တယ်၊ အတွေးအခေါ်လည်း ညံ့တယ်၊ တစ်သက် လုံး လူတွေကို အပေါ်စီးက နေသွားရလိမ့်မယ်လို့ ထင်နေတာကိုး၊ အဲဒီ မကောင်းတဲ့စရိုက်တွေ အောင်ကျော်မလေးမှာ ပါမလာအောင်တော့ အများကြီးဂရုစိုက်ရလိမ့်မယ်'' ဟု မအောင်ရင်က ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ကိုပိုကာနှင့် မအောင်ရင်တို့သည် ဆေး ဆိုးပန်းရိုက်လုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြလေ၏။

ကိုပိုကာက ပါတိတ်ဆင်များကို ဦးစားပေး၍ရိုက်ရန်ပြော၏။ သို့ရာတွင် မအောင်ရင်ကအမျိုးသမီးများ နှစ်သက်မည့် အဆင်များကို ဒီဇိုင်းဆရာများနှင့်တိုင်ပင်ကာ အဆင်ဆန်းများရိုက်ရန်ကို အလိုရှိကြောင်း ပြော၏။ ထိုအခါ ကိုပိုကာက


BURMESE CLASSIC .com

www.burmeseclassic.com


''ဒီလိုရှိတယ် မအောင်ရင်၊ ပါတိတ်ဆင်တွေက စျေးကွက်ရှိတယ်မျ''ဟု ပြောရာ မအောင်ရင်က –

''မှန်ပါတယ် ကိုပိုကာ၊ ဒါပေမဲ့ အဆင်ဆန်းတွေ ရိုက်ပြီးတော့လည်း စျေးကွက်ကို ချဲ့ရမှာပေါ့၊ အခု ကိုပိုကာတို့ရိုက်တဲ့ အဆင်တွေဟာ အဆင်အနေနဲ့ ကောင်းပါတယ်၊ ဒါပေမဲ့ အရောင်တွေကသိပ်ပြီးတော့ မစိုဘူး၊ကျွန်မအထင်ပြောတာနော်၊ အထည်တွေမှာအနက်ရောင်လေး တွေလိုနေတယ်၊ အနက်ရောင်နဲ့ ကပ်လိုက်မှကာလာတွေဟာရစ်ချ် ဖြစ်သွားလိမ့်မယ်၊ ဟောဟိုက ခန်းဆီးနှစ်ခုကိုကြည့်၊ အနက်ရောင်ပါ တာက ပိုပြီးစိုသလိုဖြစ်နေတယ် မဟုတ်လား. . .''ဟု ပြောလျှင် ကိုပိုကာက ခေါင်းကို တဆတ်ဆတ်ညိတ်၏။

''ဒီကိစ္စကို ဟုတ်တယ်၊ မဟုတ်ဘူးလို့ ကျုပ် မပြောချင်ဘူးဗျာ၊ ဒီဇိုင်းဆရာတွေနဲ့ တိုင်ပင်လိုက်ဦးမယ်'' ဟု ကိုပိုကာက မတင်မကျပြော၍ ဆေးဆိုးပန်းရိုက်လုပ်ငန်းကိစ္စကို စကားဖြတ်ပစ်လိုက်လေ၏။

ထိုအချိန်၌မှာပင် အောင်ကျော်မသည် ကျောင်းမှပြန်၍ ရောက်လာပြီဖြစ်၏။ လွယ်အိတ်ကို ချိတ်ပြီးနောက် မအောင်ရင်အား ပြေး၍ဖက်လိုက်၏။ မအောင်ရင်ကလည်း အောင်ကျော်မ၏ဆံပင်လေးကို ပွတ်ပေးရင်း

''သမီး မဆာဘူးလား၊ ဆာရင်ကော်ဖီဖျော်သောက်. . .၊ ဟောဟိုကြောင်အိမ်ထဲမှာလည်းသမီးအတွက်အမေကိုယ်တိုင် ပူတင်းဖုတ်ထားတာရှိတယ်''ဟု ပြောရာအောင်ကျော်မက

''မဆာပါဘူးအမေရယ်. . .၊ သမီးကျောင်းဆင်းတော့ သမီးသူငယ်ချင်းအိမ်ကို လိုက်သွားတယ်၊ သူတို့အိမ်မှာ စန္ဒရားရှိတယ် အမေ


BURMESE CLASSIC .com

www.burmeseclassic.com


ရဲ့ ...၊ သမီး သူငယ်ချင်းက ကျောင်းကပြန်တာနဲ့ စန္ဒရားသင်ပေးမယ့် ဆရာက စောင့်နေတယ်၊ အဲဒီမှာ စန္ဒရားသင်ပေးတာကို နားထောင်ခဲ့ရ တာ . . .၊ သမီးလည်း အဲဒီလို သင်ချင်တယ်အမေ'' ဟု ပြောရာ မအောင်ရင်က အောင်ကျော်မ၏နဖူးကလေးကို နမ်း၍

''သမီးက သမီးသူငယ်ချင်း လုပ်တာကို ကြည့်ပြီး အားကျ တာပါ...၊ ဝါသနာမဟုတ်ပါဘူး၊ သမီးသူငယ်ချင်းက စန္ဒရားမသင်ဘဲ ပန်းချီဆရာတစ်ယောက်ကိုပင့်ပြီး ပန်းချီဆွဲသင်နေတာတွေ့ရင်လည်း သမီးပန်းချီဆွဲချင်မှာပါ၊ တကယ်ဝါသနာပါတာမဟုတ်ဘဲ အားကျပြီး လုပ်တဲ့ အလုပ်တွေဟာ ထူးချွန်ခဲတယ်ကွယ်...'' ဟု မအောင်ရင်က ရှင်းပြလေ၏။

''သမီးသူငယ်ချင်း မေရီကိုသင်ပေးတဲ့ စန္ဒရားဆရာက သမီး ကိုပြောတယ်၊ လူဆိုတာ ကိုယ်ပိုင်အားလပ်ချိန်ဆိုတာ ရှိတယ်တဲ့...၊ အဲဒီလို ကိုယ်ပိုင်အားလပ်ချိန်ကို ဂီတဖြစ်စေ၊ အခြားအနုပညာတစ်ခုခု ကိုဖြစ်စေ ဖန်တီးတတ်အောင် လုပ်ထားရတယ်တဲ့ ...၊ အဲဒီ ဖန်တီးနေ တဲ့ သဘောကိုက ဘဝဟာ မသေဘဲရှင်နေတာတဲ့ . . .၊ ဘဝရဲ့ အဓိပ္ပါယ်ဆိုတာလည်း အဲဒီအထဲမှာရှိတယ်တဲ့ ...'' ဟု ပြောလိုက်လျှင် မအောင်ရင်က ပြုံးလေ၏။

**''သမီးတစ်ခုစဉ်းစားကြည့်လေ၊ ဘဝဟာမသေဘဲ ရှင်နေဖို့ ဆိုတဲ့ကိစ္စရယ်၊ ဘဝဟာ အဓိပ္ပါယ်ရှိနေဖို့ဆိုတဲ့ကိစ္စရယ်ဟာ ဂီတ သမားတွေ၊ ပန်းချီဆရာတွေစတဲ့ အနုပညာသည်တွေကို ပေးထား တဲ့ သီးသန့်အခွင့်အရေးမဟုတ်ပါဘူး၊ ဘဝရှင်သန်ဖို့၊ ဘဝ အဓိပ္ပါယ်ရှိဖို့ဆိုတာဟာ လူတိုင်းရဲ့မွေးရာပါ အခွင့်အရေးတစ်ခုပါ**


BURMESE CLASSIC .com

www.burmeseclassic.com


**ကွယ် . . .၊ အဲဒါကြောင့် အထူးကျွမ်းကျင်တဲ့ အတတ်ပညာတွေ မပါဘဲနဲ့လည်း ဘဝမှာ ရှင်သန်ခွင့်၊ ဘဝမှာ အဓိပ္ပါယ်ရှိခွင့်၊ ပျော်ရွှင်ခံစားခွင့်တွေရှိပါတယ်၊ ထမင်းချက်ရင်းနဲ့လည်း ဘဝရဲ့ ရှင်သန်မှုကို ရနိုင်ပါတယ်၊ အိမ်ကို သန့်ရှင်းရေးလုပ်ရင်းနဲ့လည်း ပျော်ရွှင်မှုကို ရနိုင်ပါတယ်၊ စန္ဒရားတီးတတ်မှ၊ ပန်းချီဆွဲတတ်မှ မဟုတ်ပါဘူး သမီးရဲ့ ...၊ အမေက သမီးလေးဟာ ဝါသနာမဟုတ်တာကို ဝါသနာလို့ထင်ပြီး ကိုယ့်စိတ်ကိုကိုယ် လှည့်စားမိမှာကိုပဲ စိုးရိမ်တယ်၊ လောကကြီးမှာ ဘယ်သူ့ကိုပဲ လှည့်စားမိ လှည့်စားမိ ဖြေဆေးရှိပါတယ်၊ ကိုယ့်ကိုကိုယ် လှည့်စားမိရင်တော့ ဖြေဆေး မရှိဘူးသမီးလေး . . .**”ဟု ဆိုကာ မအောင်ရင်သည် အောင်ကျော်မ အား နမ်းရှုံ့လိုက်လေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၁ )

# စာရေးဆရာကာဘိုးကြီး
# မအောင်ရင်၏ထမင်းဆိုင်၌ထမင်းစားခြင်း

တစ်နေ့သည်၌ မော်ဘီမြို့အစွန် ပြည်လမ်းပေါ်တွင် ဖွင့်လှစ်ထားသည့် မအောင်ရင်၏ မုဆိုးကျော်ထမင်းဆိုင်နှင့် များစွာမဝေးလှသော ခြံကြီးတစ်ခြံ၏အဝတွင် မော်တော်ကား လေးငါးစီးလာ၍ ဆိုက်လေ၏။ ကားပေါ်မှ လူများဆင်းလာကြ၏။ ထိုခြံကြီးအတွင်းသို့ဝင်ကာ လှည့်ပတ် ကြည့်ကြ၏။ အချင်းချင်းပြောဆိုကြ၏။ ရယ်မောကြ၏။ မအောင်ရင်သည် ထိုအချင်းအရာကို ဆိုင်မှနေ၍ လှမ်းမျှော်ကြည့်ရှုနေ၏။ ထိုသို့ ကြည့်ရှုနေရာ လူအများအနက်မှ ကွဲပြားခြားနားသော လူကြီးတစ်ယောက်ကို သတိပြုမိလေ၏။



BURMESE CLASSIC .com

ထိုလူကြီးသည် ဟိန္ဒူကုလားကြီး ဖြစ်ဟန်တူ၏။ ဆံပင်မှာ လွန်စွာရှည်၏။ မုတ်ဆိတ်၊ နှုတ်ခမ်းမွေး တို့မှာလည်း ရှည်၏။ အရပ်ထောင်ထောင်မောင်းမောင်းရှိသော်လည်း ဗိုက်လွန်စွာရွဲ၏။ မအောင်ရင်သည် စူးစမ်းသောသဘောဖြင့် ထိုလူကြီးအား ကြည့်နေ၏။ ထိုလူကြီးသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်သောက်နေ၏။ ထို့နောက် သူ၏လူများကိုတစ်ယောက်ချင်းခေါ်၍ ညွှန်ကြားနေ၏။ ထို့နောက် ၎င်းတို့လူစုသည် အနီးအပါးလက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်များမှာယူကာ စားသောက်ရယ်မောနေကြ၏။ ကိုပိုကာသည် မအောင်ရင်အနီးသို့ရောက်လာ၏။

"ကိုပိုကာ ဟောဟိုလူမနေတဲ့ ခြံကြီးမှာ လူတွေရုံးစုရုံးစုနဲ့ ဘာလုပ်နေကြတာလဲမသိဘူး..." ဟု ပြောလိုက်ရာ ကိုပိုကာက–

"အခုမအောင်ရင်ပြောတဲ့ လူမနေတဲ့ ခြံကြီးဆိုတာ ကုလားတစ်ယောက်ပိုင်တယ်ဗျ။ ပိုင်ရှင်က ပုသိမ်ဘက်မှာနေတယ်ထင်တယ်၊ သူ့ခြံကို အဲဒီနားက ခြံတစ်ခြံကို အပ်ထားတယ်၊ အဲဒါ အခုအရောင်းအဝယ်ဖြစ်သွားတာဗျ။ အဲဒါကို နောက်ဝယ်တဲ့လူက ခြံရှင်းပြီး အိမ်ဆောက်ဖို့ နေရာလာကြည့်တာပါဗျာ..." ဟု ကိုပိုကာက ပြောပြလေ၏။

"မူလခြံပိုင်ရှင်က ကုလား၊ အခု နောက်ဝယ်တာလည်း ဟိန္ဒူကုလားကြီးပဲနဲ့တူတယ်၊ ဆံပင်ကလည်း အရှည်ကြီး၊ မုတ်ဆိတ်မွေးကလည်း အရှည်ကြီး၊ ဗိုက်ရွဲရွဲနဲ့၊ လူကောင်ထွားထွားနဲ့ ဟိန္ဒူကုလားကြီးပဲ..."ဟု ပြောလိုက်လျှင် ကိုပိုကာက ရယ်လေ၏။

"မအောင်ရင် ခင်ဗျားပြောသလို ဟိန္ဒူကုလားကြီးတော့ မဟုတ်ဘူးဗျ။ ဗမာကြီး၊ ထူးထူးဆန်းဆန်းအကြောင်းအရာတွေကို ရေးတတ်တဲ့ စာရေးဆရာကြီးဗျ။ ပြီးတော့ အဲဒီလူကြီးက ဗေဒင်လက္ခဏာပညာ


BURMESE CLASSIC .com

လည်းတတ်တယ်ဆိုပဲ. . .” ဟု ကိုပိုကာက ပြောလေ၏။

“နေစမ်းပါဦးကိုပိုကာရယ်၊ ဒီလူကြီးက ရန်ကုန်မှာနေရာကနေ ဘာကြောင့် ဒီနေရာမှာ လာဝယ်ရတာလဲ. . .”ဟု မအောင်ရင်က မေး လိုက်လေ၏။

“ဒီလူကြီးမှာက တပည့်တွေအများကြီးဗျ၊ တပည့်ဆိုတာလည်း တခြားတပည့်မဟုတ်ဘူး၊ ဗေဒင် လက္ခဏာသင်ပေးထားတဲ့ တပည့် တွေဗျ၊ ဒီနေရာမှာ နေချင်တယ်ဆိုတော့ အဲဒီတပည့်တွေကစုပြီး ခြံဝယ် ပေးလိုက်တာ၊ ဒီနေ့ သူတို့ခြံကိုလာပြီး သန့်ကြတာ၊ မကြာခင်မှာ သူအိမ် ဆောက်မှာပေါ့၊ ပြီးရင် အဲဒီမှာ နေမှာပေါ့ . . .” ဟု ကိုပိုကာက ပြော လေ၏။

“ရန်ကုန်မှာ မနေဘဲ ဒီနေရာမျိုးမှာ လာနေတယ်ဆိုတော့ နားအေးပါးအေးနေချင်လို့ ဖြစ်မှာပေါ့. . .”ဟု မအောင်ရင်က ပြန်ပြော လိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး မကြာသောကာလ၌ ထိုလူကြီး၏ တပည့်နှစ်ဦးဖြစ်သော အောင်အောင်ဆိုသော သူငယ်က လေး တစ်ဦးနှင့် ဦးကျော်မြိုင်ဆိုသော အသက် ၅၀အရွယ် ပန်းရံဆရာ ကြီး တစ်ဦးတို့သည် ထိုခြံအတွင်း၌ အိမ်ဆောက်ကြလေတော့၏။ ထိုသို့ အိမ်ဆောက်နေစဉ်အတွင်း ၎င်းတို့ ၂ ဦးသည် မအောင်ရင်၏ မုဆိုး ကျော်ထမင်းဆိုင်တွင် ထမင်းစားကြရလေ၏။ ထမင်းစားသည့်အခါ တိုင်း စာရင်းရှင်းကြ၏။ အလုပ်အကြောင်း စကားပြောကြ၏။ ထိုသို့ စကားပြောသည့်အခါတိုင်း၌ ၎င်းတို့၏ ဆရာကြီးအကြောင်းပါ၏။ ၎င်းတို့ ၏ ဆရာကြီးကို ၎င်းတို့က အဘဟုခေါ်ကြကုန်၏။ မအောင်ရင်သည်

ဂင်းတို့ ၂ ဦးနှင့် အတော်အတန်ရင်းနှီးသွားပြီဖြစ်၏။ ထို့ကြောင့် မအောင်ရင်က ဂင်းတို့ ၂ ဦးအား . . .

"ရှင်တို့ အဘက အိမ်ပြီးတာနဲ့ ပြောင်းလာမှာလား . . ." ဟုမေးလိုက်ရာ အောင်အောင်ဆိုသူက–

"အိမ်ပြီးတဲ့အထိ မနေပါဘူး အစ်မရယ်၊ နေလို့ရရင်ကိုပဲ ပြောင်းလာမှာပါ၊ ထမင်းလည်း ဒီဆိုင်မှာပဲ စားမှာပါ၊ အိမ်ပြီး သွားရင်တော့ သူ့ဟာသူ ချက်စားလိမ့်မယ်ထင်တယ် . . ." ဟု ပြန်၍ဖြေလေ၏။ ထိုအခါ မအောင်ရင်က–

"ဦးကျော်မြိုင်တို့ဆောက်တဲ့အိမ်က ဒီဘက်မှာ ဒီလိုပုံစံမျိုး မဆောက်ကြဘူး၊ ပြင်ဦးလွင်တို့ ကလောတို့မှာတော့ ဒီလိုပုံစံမျိုး ဆောက်လေ့ရှိကြတယ် . . ." ဟု တီးခေါက်သောသဘောဖြင့် မေးလိုက်ရာ . . .

"အဲဒီပုံစံလည်း အဘကိုယ်တိုင်ပဲ ဆွဲတာပဲ၊ ပြီးမှ အင်ဂျင်နီယာကို အိမ်ပုံစံတင်ဖို့ အပ်လိုက်တာ၊ အဲဒါတော့ သူ့စိတ်ကြိုက်ပုံစံပဲ . . ." ဟု ဦးကျော် မြိုင်ကပြန်၍ဖြေလေ၏။

မအောင်ရင်သည် လက်ဖက်သုပ်တစ်ပွဲနှင့် ရေနွေးကြမ်းကို ချပေးရင်း . . .

"လက်ဖက်သုပ်လည်း စားကြပါဦး၊ ရေနွေး ကြမ်းလည်း သောက် ကြပါဦး၊ အောင်အောင်ရယ် အစ်မကိုတော့ စပ်စုတယ်လို့ မထင်ပါနဲ့၊ အစ်မက မသိလို့မေးတာပါ၊ မင်းတို့ အဘရဲ့ ခြံရဲ့သံတံခါးမှာ လက်ဝါး ကပ်တိုင် လိုပုံကြီးက ဘာကြီးလဲ . . ." ဟု မေးလိုက်လေ၏။

"လက်ဝါးကပ်တိုင် ခရော့စ်မဟုတ်ပါဘူး အစ်မရဲ့၊ အင်္ဂလိပ်စာလုံး T ပုံစံ အပေါ်မှာ 'ဝ' လုံး တပ်ထားတာပါ၊ အဲဒါက ရှေးဟောင်း


BURMESE CLASSIC .com

www.burmeseclassic.com


အီဂျစ် တွေရဲ့ သင်္ကေတပါ၊ "ANK" (အင့်ခ်)လို့ခေါ်တယ်၊ အသက် စာတ်တံဆိပ်ပါ၊ အသက်ရှည်ခြင်းကို အကျိုးပြုတယ်. . .'' ဟု ပြော လိုက်လျှင် မအောင်ရင်က–

''ဩော် . . .အီဂျစ်တွေရဲ့ အသက်ရှည်ခြင်း အထိမ်းအမှတ် လား၊ အောင်အောင်တို့ အဘက အီဂျစ်လား . . .''ဟု မေးလိုက်ရာ ဦးကျော်မြိုင်က–

''မအောင်ရင်ရေ . . .၊ အဘက အီဂျစ်တော့မဟုတ်ဘူး၊ မအီဘဲ ဂျစ်တာ၊ အခု ဒါလုပ်ခိုင်းလိုက်၊ လုပ်ပြီးရင် မကြိုက်ဘူးဆိုပြီး ပြန်ဖျက် ခိုင်းလိုက်၊ ကျွန်တော်တို့ နှစ်ယောက်လည်း ဖတ်ဖတ်ကိုမောနေပြီ''ဟု ပြောကာနှစ်ယောက်သားရယ်မောကြလေ၏။

''နေစမ်းပါဦး အောင်အောင်ရယ်၊ နင်တို့ အဘက ဒီအိမ်မှာ သူ့ မိသားစုနဲ့ လာနေမှာလား''ဟု မအောင်ရင်က မေးလိုက်ပြန်၏။

''မဟုတ်ပါဘူး အစ်မရယ်၊ သူ့မိသားစုဆိုတာလည်း တခြား လူမဟုတ်ပါဘူး၊ ကျွန်တော်တို့တွေပါပဲ၊ ဒီတပည့်တွေနဲ့ နေမှာပဲ၊ ပြီး တော့ ဒီနေရာမှာက သဲအင်းတို့၊ ချမ်းမြေ့တို့နဲ့လည်း နီးတယ်မဟုတ် လား၊ အဘ တရားအားထုတ်မယ်ထင်တယ်...'' ဟု အောင်အောင်က ပြန်၍ပြောလေ၏။

''မသိပါဘူး အောင်အောင်ရယ်၊ ဗေဒင်လက္ခဏာများ ဟောဦး မလားလို့ပါ'' ဟု မအောင်ရင်က ပြန်၍မေးလိုက်လေ၏။

''အဲဒါတွေတော့ လုပ်နိုင်မယ် မထင်ဘူး အစ်မရဲ့၊ အဘက မျက်လုံးသိပ်မကောင်းတော့ဘူး၊ ဆီးချိုရောဂါကြောင့် အသက် ၆၀ လောက်ကတည်းက အတော့်ကို မှုန်သွားရှာတာ၊ နားလည်း အတော်


BURMESE CLASSIC .com

www.burmeseclassic.com


လေးသွားပြီ၊ သွားတွေကလည်း မကောင်းရှာတော့ဘူး၊ လမ်းသွားတာတောင် အဖော်အတွဲမပါဘဲ မသွားနိုင်ရှာဘူး၊ အတော့်ကို ခနော်ခနဲ့ဖြစ်သွားပြီ ...'' ဟု အောင်အောင်က ပြောလိုက်ရာ မအောင်ရင်က–

''အဘိုးကြီး သနားပါတယ်နော်''ဟု ပြောလေ၏။ ထိုအခါ ဦးကျော်မြိုင်က–

''မသနားနဲ့ မအောင်ရင်ရေ၊ သူ ဒီမှာ ထမင်းလာစားတဲ့အခါ သူ့ကို သနားတယ်လို့ သွားမပြောနဲ့၊ သူက မကြိုက်ဘူး'' ဟု ပြောလေ၏။

ထို့နောက်တွင်ကား ဦးကျော်မြိုင်နှင့် အောင်အောင်တို့သည် သူတို့ အဘ၏အိမ်ကြီးကို ဆက်လက်၍ ဆောက်လုပ်ကြလေ၏။ ပြီးကာနီးတွင် သူတို့၏ အဘဆိုသူ အဘိုးကြီးရောက်လာလေ၏။ ထိုအဘိုးကြီး ရောက်လာသည်နှင့်အတူ ဧည့်သည်များလည်း မပြတ်ရောက်လာလေတော့၏။ ထိုအဘိုးကြီးအား အောင်အောင်က မအောင်ရင်၏ ဆိုင်သို့ခေါ်လာလေ၏။ အဘိုးကြီးသည် မအောင်ရင်၏ ဆိုင်၌ပင် နံနက်စာ၊ ညစာစားလေ၏။ မအောင်ရင်သည် အဘိုးကြီး ထမင်းစားပြီးသောအခါ၌ သရက်သီး၊ ငှက်ပျောသီး၊ ထန်းလျက်စသည်များချပေး၏။ အဘိုးကြီးသည် ထိုအရာများကို မစားဝံ့ပေ။ မအောင်ရင်သည် အဘိုးကြီးနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်၍ထိုင်ကာ ...

''စားရသောက်ရတာ အဆင်ပြေရဲ့လား...'' ဟု မေးလေ၏။

''ပြေပါတယ်ဗျာ၊ မအောင်ရင်တို့ ဆိုင်က လက်ရာက ကျုပ်အမေချက်တဲ့ လက်ရာနဲ့တူတယ်၊ အမေက မအူပင်သူပါ၊ ဟင်းချက်၊ ထမင်းချက် အလွန်ကောင်းတယ်ဗျ...''ဟု ထိုအဘိုးကြီးက ပြောလိုက်လျှင် မအောင်ရင်က...


BURMESE CLASSIC .com

“သြော် … မအူပင်သူလား၊ ကျွန်မရဲ့ ဇာတိလည်း မအူပင်ပါပဲ၊ ပေါ်တော်မူဘုရားနားကပါ . . .” ဟု ပြောလေ၏။

ထိုသို့ စကားစမြည်ပြောရာမှအစ မအောင်ရင်သည် ထိုအဘိုးကြီးနှင့် ရင်းနှီးသွားလေ၏။ ထို့ကြောင့် မအောင်ရင်သည် ထိုအဘိုးကြီး ကြိုက်တတ်သော ဖလံတောင်မွေးကြော်၊ ခရမ်းချဉ်သီး မီးဖုတ်သုပ်၊ ကုလားပဲဟင်းစသည်များ အထူးစီမံ၍ပေးတတ်လေ၏။ နေ့ခင်းတစ်နာရီလောက်တွင်လည်း အဘိုးကြီးအား လက်ဖက်ရည်သောက် ဖိတ်ထားပြီးလျှင် လက်ဖက်ရည်များ ဖျော်တိုက်လေ၏။ ထိုအဘိုးကြီးနှင့် ကိုပိုကာလည်း ခင်မင်ရင်းနှီးသွားပြီဖြစ်၏။ တစ်ခါတရံ အဘိုးကြီးသည် မအောင်ရင်၏ဆိုင်၌ လက်ဖက်ရည်သောက်ရင်း ကိုပိုကာနှင့်လည်းကောင်း၊ မအောင်ရင်နှင့်လည်းကောင်း ညနေစောင်းသည်အထိ စကားလက်ဆုံ ကျနေတတ်လေ၏။ တစ်ခါတရံ၌လည်း ကိုပိုကာနှင့် စစ်တုရင် ထိုးနေတတ်လေ၏။ အဘိုးကြီးသည် ကိုပိုကာ၏အကြောင်းကို တစ်စတစ်စ မေးမြန်းလေ၏။ မအောင်ရင်၏ အကြောင်းကိုလည်း တစ်ခေါက်လျှင်တစ်ခါ အနည်းငယ် မေးမြန်းတတ်လေ၏။ ထို့ကြောင့် ကိုပိုကာက မအောင်ရင်အား–

“မအောင်ရင်ရေ . . .၊ ခင်ဗျားနဲ့ ကျုပ်အကြောင်းကိုတော့ တစ်ခေါက်လာရင် အတော်လေးကို သိသွားပြီ၊ ဘယ်တော့လောက် ကျရင်ကျုပ်တို့နှစ်ယောက်အကြောင်းကို ဝတ္ထုရေးဖြစ်မယ် မဆိုနိုင်ဘူးနော် . . .” ဟု ပြောလိုက်ရာ မအောင်ရင်က–

“ရေးချင်တဲ့ အချိန်ရေးပေါ့ . . .” ဟု ပြန်၍ ပြောလိုက်လေတော့၏။

တစ်နေ့တွင် အဘိုးကြီးသည် ထမင်းစားမည့် အချိန်ထက် များ


BURMESE CLASSIC .com

www.burmeseclassic.com


စွာနောက်ကျလာလေ၏။ ထိုသို့ ရောက်လာလျှင် မအောင်ရင်က . . .

"အဘ နောက်ကျလှချေလား . . ." ဟု မေးရာ အဘိုးကြီးက

"နောက်ကျတာတော့ မပြောနဲ့ မအောင်ရင် ရေ၊ အိမ်ကကလေးတွေက အပြည့်အစုံလုပ်မထားဘူး၊ ရေချိုးမလို့လုပ်တော့ ရေတင်မထားဘူး၊ ရေတင်ပြီးပြန်တော့လည်း ဆပ်ပြာမရှိဘူး၊ တစ်ယောက်က စက်ဘီးနဲ့ပြေးပြီး ဆပ်ပြာဝယ်ပေးတယ်၊ ဆပ်ပြာရောက်လို့ ရေချိုးပြန်တော့လည်း မျက်နှာသုတ်ပုဝါက မရှိပြန်ဘူး၊ ရေချိုးပြီးလို့ ဆေးလိပ်သောက်မယ် လည်းလုပ်ရော ဆေးလိပ်က ကုန်နေပြီ၊ ဆေးလိပ်ထွက်ပြီး ဝယ်ပြန်တော့ မီးခြစ်က ဂက်စ်မရှိဘူး၊ အိုဗျာ . . . ပြည့်စုံတယ်လို့ မရှိပါဘူး၊ အခုမှ မဟုတ်ဘူးဗျို့ ဘဝတစ်လျှောက်လုံး မပြည့်စုံခဲ့ဘူး" ဟု အဘိုးကြီး က ချူသံပါအောင် ညည်းလိုက်လေတော့၏။ ထိုအခါ မအောင်ရင်က

**"မပြည့်စုံတာဟာ စိတ်ပျက်စရာလည်း မဟုတ်ဘူး၊ ညည်းညူစရာလည်း မဟုတ်ပါဘူး အဘရယ် . . .၊ မပြည့်စုံခြင်းအပေါ်မှာ ဂုဏ်ယူရမှာ . . .၊ ဘာကြောင့်လဲဆိုတော့ ဘဝဆိုတာရဲ့ တည်ဆောက်မှုမဏ္ဍိုင်ကိုက မပြည့်စုံမှုနဲ့ တည်ဆောက်ထားတာမို့လား၊ အဲဒီတော့ ဒီလိုစဉ်းစားရအောင်လား အဘရယ်၊ မပြည့်စုံတာဟာ ဘဝပဲ၊ ဘဝဆိုတာဟာ မပြည့်စုံခြင်းပဲ၊ မအောင်ရင်ပြောချင်တာက တော့ ဒါပါပဲ . . ." ဟု ပြောလိုက်လျှင် အဘိုးကြီးသည် မအောင်ရင်၏ မျက်နှာကို အံ့ဩသောမျက်နှာဖြင့် ငေးကြည့်လျက် . . .**

**"ဗျို့ . . ."** ဟု ရေရွတ်လိုက်လေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၂ )

## မအောင်ရင်၏ ထူးခြားသောခြံ

ရွှေဂါချည်စက်သူဌေး ဦးဖြိုးသည် မော်ဘီတွင်ဝယ်၍ ပစ်ထားသောခြံကို ရောင်းလေ၏။ ထိုအခါ၌ မအောင်ရင်သည် အောင်ကျော်မ၏ အမည်ဖြင့် ထိုခြံကို ဝယ်ယူလိုက်လေ၏။ ထိုခြံမှာ မအောင်ရင် တစ်ခါက လာ၍နေရသောခြံဖြစ်၏။ မအောင်ရင်၏ဘဝကို အပြောင်းအလဲဖြစ်စေခဲ့သော ခြံလည်းဖြစ်၏။ မအောင်ရင်သည် ထိုခြံကြီးကို ဝယ်ပြီးနောက် ခြံကို ရှင်းရန်အတွက် အလုပ်သမားများငှားကာ ခြံသို့ သွားရောက်ခဲ့လေ၏။ ခြံကြီးမှာ သီဟိုဠ်ပင်အုပ်အုပ်ကြီးများ၊ ဝါးရုံပင်ကြီးများကြောင့် အုပ်ဆိုင်းရှိနေလေ၏။ အောင်ကျော်မသည် ခြံကြီးအတွင်းသို့ ရောက်သောအခါ၌ မအောင်ရင်အား

BURMESE CLASSIC .com

www.burmeseclassic.com


"အမေရယ် . . .၊ ခြံကြီးကလည်း မည်းမှောင်နေတာပဲ၊ ကြောက်စရာကြီး . . ."ဟု ပြောလိုက်ရာ မအောင်ရင်က ရယ်လေ၏။

"သမီးရေ . . .၊ အဲဒီခြံကြီးထဲမှာ အမေတစ်ယောက်တည်း နေခဲ့တာ . . .၊ ဘာကြောင့်နေလဲဆိုတော့ ငါ့သမီးလေး အသက်ရှင်ဖို့ နို့မှုန့်ဖိုးရအောင် ဒီခြံကြီးထဲမှာ ခြံစောင့်လုပ်ခဲ့ရတာ . . ." ဟုပြောရာ အောင်ကျော်မသည် မအောင်ရင်၏မျက်နှာကို ငေးစိုက်ကြည့်၍ နားထောင်နေလေ၏။ မအောင်ရင်သည် ရွှေဂဲချည်စက်သူဌေးဦးမြို့၏ အိမ်၌ အိမ်ဖော်လုပ်ခဲ့ရပုံ၊ သူဌေးသမီး မိမိကြီးက နှိပ်စက်ပုံ၊ မိမိအနေနှင့် ရပ်ဝေးတွင်ထားခဲ့ရသော အောင်ကျော်မဆိုသည့် သမီးကလေး မျက်နှာကိုထောက်၍ ခေါင်းငုံ့ခံခဲ့ရပုံတို့ကိုပြောပြခဲ့ရာ အောင်ကျော်မ၏မျက်လုံးအိမ်၌ မျက်ရည်များ ရစ်ဝိုင်းလာလေ၏။ နောက်ဆုံးတွင် 'တမံကျိုးသကဲ့သို့' မျက်ရည်များ ဒလဟော စီးကျလာလေတော့၏။ မအောင်ရင်သည် အောင်ကျော်မ၏ ခေါင်းမှ ဆံပင်လေးများကို ပွတ်ရင်း ၎င်းကိုယ်တိုင်တူးခဲ့သော ရေတွင်းကိုပြ၏။

"ရေသောက်ဖို့တောင်မရှိဘူး သမီး . . .၊ ဘုန်းကြီးကျောင်းကပေါက်တူးငှားပြီး အမေတစ်ယောက်တည်း တူးခဲ့တဲ့ရေတွင်း . . ." ဟုပြောလျှင် အောင်ကျော်မသည် ရေတွင်းကိုငုံ့ကြည့်ပြီးနောက်

"ဒီမိမိကြီးဆိုတဲ့ မိန်းမကြီးဟာ ဘယ်လိုအငြိုးနဲ့ အမေ့ အပေါ်မှာ ဒါလောက် ဒုက္ခပေးရတာလဲ . . ."ဟု မေးလေတော့၏။ မအောင်ရင်သည် အောင်ကျော်မအား ထိုအိမ်ကြီးအကြောင်း ဆက်လက်ပြောပြလေ၏။ ထို့နောက် သူဌေးဦးမြို့ပိုင်သော စက်ရုံများအကြောင်းကို ရှင်းပြလေ၏။ အောင်ကျော်မသည် အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်ရင်း


BURMESE CLASSIC .com

www.burmeseclassic.com


မအောင်ရင် ပြောသမျှကို နားထောင်နေလေ၏။ ၎င်း၏နှလုံးသား၌လည်း သူ့ဒွေးဦးမြို့ မိသားစုအပေါ်၌ နာကြည်း၍ သွားလေတော့၏။ ထို့နောက်တွင်ကား မအောင်ရင်သည် ခြံရှင်းသော အလုပ်သမားများကို ထားခဲ့ပြီးနောက် ဆိုင်သို့ပြန်လာခဲ့လေ၏။ ဆိုင်သို့ရောက်လျှင် အဘိုးကြီး ရောက်နေသည်ကို တွေ့ရလေ၏။ မအောင်ရင်သည် သန်းသန်းအား ရွှေဖရုံသီးနှင့် ပုစွန်ရောချက်ထားသော အရည်သောက်ဟင်းတစ်ခွက်၊ မန်ကျည်းသီး ငါးပိချက်တစ်ခွက်၊ ငါးလေးအိုးကပ်ဟင်း တစ်ခွက်ဖြင့် အဘိုးကြီးအတွက် ထမင်းပြင်ပေးရန် ပြောလိုက်လေ၏။ အဘိုးကြီး လည်းသူ၏ ထမင်းပန်းကန်ပေါ်တွင် ရွှေဖရုံသီးဟင်းရည်များကို ဆမ်းလိုက်လေ၏။ ငါးလေး အိုးကပ်ဟင်းမှ အနှစ်များကိုလည်း လောင်းချလိုက်လေ၏။ ပြီးလျှင် ကောင်းစွာနယ်လိုက်၏။ ထို့နောက် မန်ကျည်းသီး ငါးပိချက်ကိုမြှုပ်ကာ မြိန်ယှက်စွာ စားသောက်နေလေတော့၏။ မအောင်ရင် သည် စားပွဲ၏ တစ်ဖက်မှ ထိုင်ခုံတွင်လာ၍ထိုင်ပြီး အဘိုးကြီးထမင်း စားသည်ကို ကြည့်နေ၏။

"အဘ . . .၊ ထမင်းစားလို့ မြိန်တယ်မဟုတ်လား"ဟု မေး လိုက်လေ၏။

"မြိန်ပါတယ် မအောင်ရင်၊ အတော့်ကို မြိန်ပါတယ်" ဟု အဘိုးကြီးက ကျေကျေနပ်နပ်ကြီး ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က

"အဘရဲ့အဝတ်အစားတွေ ဘယ်သူလျှော်ပေးတုံး . . ." ဟု မေးလေ၏။

"များများစားစားဝတ်တာမှမဟုတ်ဘဲ မအောင်ရင်ရယ် . . .၊

အဲဒီတော့ ရေချိုးရင်းနဲ့ပဲ တစ်ထည်တလေ ကိုယ့်ဖာသာ လျှော်တာပေါ့၊ မီးပူလေး ဘာလေးထိုးဖို့လိုတဲ့အခါကျရင်တော့ ကျော်မြင့်တို့ မီးပူထိုးတဲ့အခါရောပြီးထည့်ပေးလိုက်တာပဲ . . .'' ဟု အဘိုးကြီးက ပြန်၍ ပြောလေ ၏။ ထိုအခါ မအောင်ရင်က

''ဒီလိုလုပ်ပါ အဘ၊ ထမင်းစားလာတဲ့အခါ လျှော်ဖို့ရှိတဲ့ အဝတ်အစားတွေ ဒီကိုယူလာခဲ့ပါ၊ ကျွန်မတို့ဆိုင်က တာဝန်ယူပါရစေ . . .'' ဟု ပြောလေ၏။ ထိုအခါ၌ အဘိုးကြီးသည် ခေါင်းကိုညိတ်ပြရင်း ပြုံးလိုက်လေ၏။ ထို့ကြောင့် မအောင်ရင်က

''ဘာပြုံးတာလဲ အဘ'' ဟု မေးလိုက်လေ၏။

''ဒီလို မအောင်ရင်ရဲ့ . . .၊ အသက်ကြီးလာတဲ့အခါမှာ တဖြည်းဖြည်းဆုတ်ယုတ်လာတယ်၊ ကိုယ်လုပ်နိုင်တာရယ်လို့ ဘာမှမယ်မယ်ရရ မရှိတော့ဘူး၊ အခုလည်း ကြည့်လေ့၊ မနက်အိပ်ရာထ အပေါ့အပါးသွားပြီးမျက်နှာသစ်၊ ကော်ဖီလေးတစ်ခွက်သောက်၊ ဟိုလျှောက် ဒီလျှောက်လျှောက်၊ အိမ်ကိုရောက်လာတဲ့ဧည့်သည်နဲ့ စကားလေးဘာ လေးပြော၊ ဧည့်သည်ပြန်သွားတော့ ရေချိုး၊ ရေချိုးရင်းနဲ့ အဝတ်ကလေးဘာလေး လျှော်၊ ပြီးတော့ ထမင်းစားဖို့ ဒီဆိုင်ကိုထွက်လာ၊ ထမင်းစားပြီးတော့ တစ်ရေးတမောအိပ်၊ အိပ်ရာကနိုးတော့ နေ့လယ်စာ ကော်ဖီသောက်၊ ပြီးတော့ ရောက်လာတဲ့ ဧည့်သည်နဲ့ စကားလေးဘာလေးပြော၊ ဧည့်သည်ပြန်သွားတော့ ဟိုဟာလေးကောက်ကိုင်လိုက်၊ ပြန်ချလိုက်နဲ့ ညနေစောင်းသွားရော့၊ အဲဒီတော့ ညနေစာ ဒီဆိုင်ကိုလာစား၊ ထမင်းစားပြီး အိမ်ပြန်ရောက်တော့ ဘုရားလေး ဘာလေးရှိခိုးပြီး အိပ်ရပြန်ရော၊ ဒီကြားထဲ မအောင်ရင်က အဝတ်အစားလျှော်တဲ့တာဝန်ကို ယူလိုက်ပြန်တော့


BURMESE CLASSIC .com

www.burmeseclassic.com


အလုပ်တစ်ခုက လျော့သွားပြန်ရော့၊ တစ်နေ့တစ်နေ့ အိပ်လိုက်၊ နိုးလိုက်၊ စားလိုက်၊ သောက်လိုက်၊ စကားပြောလိုက်နဲ့ အချိန်တွေကုန်သွားရော ...၊ ဘာမှကို အဓိပ္ပါယ်မရှိဘူး၊ ဘဝဟာ အဓိပ္ပါယ်မဲ့နေတယ်၊ ရည်ရွယ်ချက်မဲ့နေတယ်၊ ပြဿနာချက်တွေ မဲ့နေတယ်၊ အဲဒါကို တွေးမိလို့ပြုံးတာပါ...'' ဟု အဘိုးကြီးက ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က

''အဘ စိတ်မဆိုးဘူးဆိုရင် ကျွန်မ တစ်ခုလောက် ပြောချင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက ဆရာလုပ်ပြီး ပြောသလိုဖြစ်နေမှာစိုးလို့ပါ...'' ဟု ပြောလိုက်လေ၏။

''ပြောပါဗျာ . . .ပြောပါ၊ ဒီလို မယူဆပါဘူး၊ လွတ်လွတ်လပ်လပ်သာပြောပါ''ဟု အဘိုးကြီးက ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က

**''ဒီလို အဘရဲ့ . . .၊ ဘဝဆိုတဲ့ အရာမှာ အဘပြောတဲ့ အဓိပ္ပါယ်တွေ၊ ရည်ရွယ်ချက်တွေ၊ ပြဿနာချက်တွေကို မရှာပါနဲ့၊ ဘဝဆိုကတည်းက အဲဒီအရာတွေ သူ့ဖာသာသူ ပါပြီးသားလို့ နားလည်လိုက်ပါ၊ ဘဝဆိုတဲ့ အရာရဲ့ အဆုံးစွန်သော အဓိပ္ပါယ်ကိုလည်း မစဉ်းစားပါနဲ့၊ သူ့ဟာသူစပြီး သူ့အဆုံးနဲ့သူ ပြည့်စုံပြီးသားပါ၊ သူ့ အဓိပ္ပါယ်နဲ့သူ ရှိပြီးသားပါ၊ ကဲ . . .ဆိုကြပါစို့ရဲ့ . . .၊ အတောင်တဖျပ်ဖျပ်ခတ်ပြီး ပျံနေတဲ့ငှက်၊ လေပြည်လေညင်းထဲမှာ ယိမ်းနွဲ့ကစားနေတဲ့ နှင်းဆီပွင့်၊ မနက်မိုးလင်းတာနဲ့ အရှေ့မိုးကုပ်စက်ဝိုင်းက တက်လာတဲ့ သူရိယနေမင်း၊ ညမှောင်သွားတာနဲ့ နက်ပြာရောင် မိုးကောင်းကင်ကြီးမှာ တွေ့ရတဲ့ ကြယ်တာရာတွေ၊**


BURMESE CLASSIC .com

www.burmeseclassic.com


မိန်းမတစ်ယောက်ကို အရူးအမူးချစ်နေတဲ့ ယောက်ျားတစ်ယောက်၊ လမ်းပေါ်မှာ ပြေးလွှားဆော့ကစားနေတဲ့ကလေး၊ အဲဒီအရာတွေဟာ သူ့ဖာသာသူဖြစ်နေတာ . . .၊ အဲဒီအရာတွေမှာ အဓိပ္ပါယ်ဘာလဲ၊ ပြဿနာချက် ဘာလဲလို့ မေးလို့မရနိုင်ဘူး၊ နှင်းဆီပန်းဟာ ဘာလို့ ပွင့်နေတာလဲလို့မေးရင် နှင်းဆီပွင့်ဟာ ဖြေနိုင်မှာမဟုတ်ဘူး၊ အဲဒီလိုပဲ နေမင်းကြီးကိုလည်း ဘာကြောင့်များ အရှေ့ဘက်ကထွက်ထွက်နေရတာလဲလို့ မေးကြည့်ပါလား၊ ဖြေဖို့ အဖြေမရှိဘူး၊ အဲဒီလို အရှေ့ကထွက်နေတာကိုက နေရဲ့အလုပ်ပဲ၊ နေရဲ့ဘဝပဲ၊ နေရဲ့အနက်အဓိပ္ပါယ်ပဲ၊ နေရဲ့ပြဿနာချက်ပဲ၊ အဲဒီသဘောအတိုင်းပါပဲ၊ ပွင့်နေတာကိုက နှင်းဆီပန်းရဲ့အလုပ်၊ နှင်းဆီပန်းရဲ့ဘဝ၊ အတောင်တဖျပ်ဖျပ်နဲ့ ပျံနေတာကိုက ငှက်ရဲ့အလုပ်၊ ငှက်ရဲ့ဘဝ၊ လမ်းပေါ်မှာ ပြေးလွှားဆော့ကစားနေတာကိုက ကလေးရဲ့အလုပ်၊ ကလေးရဲ့ဘဝ၊ ဘာလဲလို့ ထပ်ပြီးမေးစရာ အလုပ်ကိုမရှိတော့ဘူး၊ အဲဒီလိုပဲ သက်ကြီးရွယ်အို အဘိုးကြီးတစ် ယောက်ရဲ့ ဘဝဟာ အိပ်လိုက်၊ ထလိုက်၊ တလှုပ်လှုပ်နဲ့ လှုပ်ရှားလိုက်၊ စကားလေး ဘာလေးပြောလိုက်၊ ပြန်အိပ်လိုက်၊ အဲဒါကိုက အဓိပ္ပါယ်ရှိနေတာ . . .၊ အဲဒါကိုက ပြဿနာချက်ရှိနေတာ . . .၊ အဲဒါကိုက ရည်ရွယ်ချက် ပြည့်နေတာ . . .၊ အဲဒါကိုက အဘိုးကြီး ဖြစ်နေတာမို့လား . . .၊ အဘိုးကြီးဖြစ်တယ်ဆိုတာ ပြသချက်တစ်ခုလည်း မဟုတ်ဘူး၊ လုပ်ငန်းတစ်ခုလည်းမဟုတ်ဘူး၊ အဲဒါအကုန်ပဲ၊ အဲဒါ အဘိုးကြီးရဲ့ ဘဝဖြစ်စဉ်ပဲ၊ အဘိုးကြီးရဲ့ကဗျာပဲ၊ အဘိုးကြီးရဲ့ ပန်းချီကားပဲ၊ အဘိုးကြီးရဲ့ဂီတပဲ၊ အဘိုးကြီးဆိုတဲ့ အရာအားလုံး

www.burmeseclassic.com


**ဟာ အဲဒီမှာ ပြည့်စုံပြီးသားပဲ၊ ဘာများ အဲဒီအထဲမှာ အဘအနေနဲ့ ထပ်ပြီးရှာဦးမှာလဲ. . .'** ဟု မအောင်ရင်က တစ်လုံးချင်း ပြောပြလေ၏။ အဘိုးကြီးသည် မအောင်ရင်၏စကားဆုံးသည့်အခါ၌

'ဟေ. . .' ဟု ရေရွတ်လိုက်လေတော့၏။ ထို့နောက် တစ်ကိုယ်တည်း စဉ်းစားရင်း ခေါင်းတဆတ်ဆတ် ညိတ်နေလေတော့၏။ ထို့နောက်မှ

''ကျုပ်သဘောပေါက်သွားပြီ မအောင်ရင်၊ ကျုပ်ရင်ထဲမှာ လင်းသွားပြီ မအောင်ရင်၊ ကျေးဇူးတင်လိုက်တာမအောင်ရင်ရယ်. . .''ဟုဆိုကာ လက်ဝါးနှစ်ဖက်ကို ပူးကပ်၍ မအောင်ရင်ဘက်သို့လှည့်ပြီး လက်အုပ်ချီလိုက်လေတော့၏။ မအောင်ရင်က လက်ကိုကာ၍ တားလိုက်လေ၏။ ထိုအခါ၌ အဘိုးကြီးသည် သူ၏လက်အုပ်ချီခြင်းကို ဖြုတ်၍ ထမင်းကိုဆက်၍စားရန် ဟန်ပြင်လိုက်လေ၏။ မအောင်ရင်သည် အဘိုးကြီးအားကြည့်၍ ကျေနပ်စွာ ပြုံးလိုက်လေ၏။ အဘိုးကြီးသည် မအောင်ရင်မျက်နှာကိုလှမ်း၍ကြည့်လိုက်ရာမအောင်ရင်ပြုံးနေသည်ကိုတွေ့ရ၏။ မအောင်ရင်၏ အပြုံးသည် အဘိုးကြီးအား

''အသက် ဒီလောက်ကြီးနေပြီ၊ ဒါလေးတောင်မသိဘူးလား'' ဟူ၍ လှောင်ပြောင်နေသည့်အလား. . .။

''တစ်ချက်တည်းပြောလိုက်တာနဲ့ တစ်ခါတည်းသဘောပေါက်သွားတယ်၊ အတော့်ကို ဉာဏ်ကြီးတဲ့ လူသားပါလား'' ဟူ၍ ချီးမွမ်းနေသည့်အလား. . .။

ရွှင်ပျပျော်ရွှင်နေသော အပြုံးမျိုးဖြစ်၏။

ကြေကွဲဝမ်းနည်းနေသော အပြုံးမျိုးနှင့်လည်း တူ၏။


BURMESE CLASSIC .com

www.burmeseclassic.com


အမှန်စင်စစ်အားဖြင့် မအောင်ရင်၏အပြုံးကို တိကျသော အနက်အဓိပ္ပါယ်ဖော်နိုင်စွမ်းမရှိ။ အကွက်လည်အောင်သွေးထားသော စိန်ပွင့်၏ မျက်နှာစာများကဲ့သို့ ဝင်းတောက်သော မျက်နှာစာများ သို့မဟုတ်ပွင့်လင်းသော စိန်ကွက်များကဲ့သို့ ဖြစ်နေပေသည်တကား..။

◆


BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

အခန်း ( ၁၃ )

## ကိုပိုကာ သူဌေးဦးမြို့အား သွားရှာတွေ့ခြင်း

ရွှေဂါအထည်စက်ရုံသည် ချည့်စျေး အတက်အကျကြောင့် များစွာအရှုံးပေါ်နေပြီဖြစ်၏။ အထည်စက်ရုံသူဌေး ဦးမြို့သည် နှလုံးရောဂါရကာ အလုပ်မလုပ်နိုင်ဘဲရှိလေ၏။ ထို့ကြောင့် ၎င်း၏သမီးအကြီး မိမိကြီးကသာလျှင် ဦးမြို့၏လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်နေရ၏။ အမှန်စင်စစ် သူဌေးဦးမြို့၏ လုပ်ငန်းများတွင် အထည်စက်ရုံတစ်ခုတည်းသော အရှုံးပေါ်သည်မဟုတ်ပေ။ ဘီစကွတ်စက်ရုံ၊ အဝေးပြေးကားလုပ်ငန်း၊ မင်းတုံး၊ ပတ္တာလုပ်ငန်း အားလုံးလိုလို အရှုံးပေါ်နေပြီဖြစ်၏။ မိမိကြီးသည် ဦးမြို့၏နေရာတွင် ခေတ္တဝင်ရောက်လုပ်ကိုင်နေသောကြောင့် ကိုပိုကာနှင့် မကြာခဏတွေ့ဆုံရလေ၏။ ထိုအချိန်၌

www.burmeseclassic.com

မအောင်ရင်၏ မွေးစားသမီး အောင်ကျော်မလေးမှာလည်း ဆယ်တန်းအောင်သွားပြီဖြစ်၍ တက္ကသိုလ်ကျောင်းသို့ တက်နေပြီဖြစ်၏။

တစ်နေ့တွင် မိမိကြီးနှင့် ကိုပိုကာတို့သည် အထည်စက်ရုံ၌ဆုံမိကြလေ၏။ မိမိကြီးက ကိုပိုကာအား–

"ဟဲ့ပိုကာ . . ."ဟု လှမ်းခေါ်၏။ ကိုပိုကာက မကြားချင်ယောင်ဆောင်နေ၏။ မိမိကြီးသည် စိတ်ဆိုးလာပြီးလျှင် ကိုပိုကာ၏ ရှေ့တွင် လာ၍ရပ်ကာ

"နင့်ကို ငါခေါ်နေတာ မကြားဘူးလား. . ."ဟု မေးလေ၏။

"ခင်ဗျားအသံကိုတော့ ကြားပါတယ်၊ ဒါပေမဲ့ ကျုပ်ကို ခေါ်တယ်မထင်ဘူး၊ ခင်ဗျားအိမ်က ဒရိုင်ဘာကို ခေါ်နေတယ် အောက်မေ့လို့ လှည့်မကြည့်တာပါ၊ ကျုပ်က ခင်ဗျားအိမ်က ဒရိုင်ဘာမဟုတ်ဘူး၊ ခင်ဗျားတို့ စက်ရုံက အထည်တွေကိုဝယ်နေတဲ့ ဆေးဆိုးပန်းရိုက်လုပ်ငန်းရှင် ဦးပိုကာလေဗျာ. . ."ဟု မခိုးမခန့်မျက်နှာဖြင့် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ၌ မိမိကြီးသည် စွေ့စွေ့ခုန်အောင် ဒေါသထွက်သွားလေ၏။

"အောင်မယ်လေးတော် . . .၊ ကြီးကျယ်လိုက်တာ၊ ဘားတန်းပေါ်မှာ မျောက်လွှဲကျော်တစ်ကောင်လို ကျွမ်းထိုးနေရတဲ့ သတ္တဝါက ဆပ်ကပ်အဖွဲ့ကြီး ပျက်သွားလို့ ထမင်းတော်ပြီး မသေအောင် ငါ့ကားကို မောင်းခိုင်းပြီး ထမင်းကျွေးခဲ့တဲ့ ကျေးဇူးကို မေ့သွားပြီလား. . . မျောက်လွှဲကျော်ရဲ့ . . ."ဟု မိမိကြီးက ရန်တွေ့လေတော့၏။ ကိုပိုကာသည် မခိုးမခန့် ပြုံးလိုက်၏။

"ခင်ဗျားပြောသလို ကျုပ်ဟာ မျောက်လွှဲကျော် တစ်ကောင်ဆို


BURMESE CLASSIC .com

ရင်တော့ သူဌေးသမီး အထည်ကြီးနဲ့ အိမ်ထောင်ကျသွားတဲ့ မျောက် လွှဲကျော် ဖြစ်လိမ့်မယ်ထင်တယ်၊ ဒီမှာ ဒေါ်မိမိကြီး မာနကြီးတာတွေ၊ မောက်မာတာတွေလျှော့ပေတော့၊ ခင်ဗျားတို့ ခေတ်ကုန်သွားပြီ၊ စက်ရုံ တွေ အားလုံး အရှုံးပေါ်လို့ ဘဝပျက်တော့မယ်၊ အခြေအနေကိုလည်း နားလည်မှပေါ့ ...''ဟု ကိုပိုကာက တစ်လုံးချင်း ပြောလိုက်လေတော့ ၏။ မိမိကြီးလည်း ချာကနဲ လှည့်၍ထွက်သွားလေတော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ အချိန် အတွင်း၌မှာပင် ကိုပိုကာ ပြောသည့်အတိုင်း သူဌေးဦးမြို့၏ လုပ်ငန်းများ သည် အရှုံးပေါ်ရုံမျှမက အကြွေးများ တင်လာကာ အတိုးများ ဖိစီးလာ ၏။ ထို့ကြောင့် စက်ရုံများနှင့် လုပ်ငန်းများကို အပြီးအပိုင် ရောင်းချ၍ အကြွေးများ ဆပ်ရလေတော့၏။ နောက်ဆုံးတွင် ထည်ဝါခန့်ညားစွာ ဆောက်လုပ်နေထိုင်ခဲ့သော အိမ်ကြီးကိုပင် ရောင်းချပစ်လိုက်ရလေတော့ ၏။ သူဌေးဦးမြို့ ရောင်းချသော စက်ရုံများ၊ အိမ်များ၊ လုပ်ငန်းများကို မအောင်ရင်သည် တစ်ဖက်လှည့်နှင့် ဝယ်ယူခဲ့လေ၏။ ဝယ်ယူသောအခါ ၌လည်း အောင်ကျော်မ၏ အမည်ဖြင့်သာ ဝယ်ယူခဲ့သည်ဖြစ်၏။

မအောင်ရင်သည် ကိုပိုကာအား စက်ရုံနှင့် လုပ်ငန်းများကို အုပ်ချုပ်ရသော မန်နေဂျာအဖြစ် ခန့်ထားလေ၏။ မန်နေဂျာနှင့် ထိုက်တန်သော အဆောင်အယောင်များကိုလည်းပေးလေ၏။ ကိုပိုကာ အတွက် နေစရာအိမ်၊ စီးစရာမော်တော်ကား ...စသည်ဖြင့် ဖန်တီးပေး ထားလေ၏။ ကိုပိုကာသည် ရွှေခဲအထည်စက်ရုံကို ဗဟိုထား၍ ကျန် စက်ရုံများကို လှည့်လည်ကာ ကြီးကြပ်ကွပ်ကဲလေ၏။ သူဌေးဦးမြို့တို့ မိသားစုမှာမူ ကျောက်မြောင်းဘက်တွင်ရှိသော အရိုးကုန်းရပ်ကွက်


BURMESE CLASSIC .com

www.burmeseclassic.com


အတွင်းရှိ သုံးပင်နှစ်ခန်း ပျဉ်ထောင်အိမ်ကလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပြီဖြစ်၏။ အိမ်ထောင် ပရိဘောဂများမှာ လွန်စွာများပြားသည်ဖြစ်ရာ ထိုအိမ်ကလေးတွင်ထားရန် မဆန့်သောကြောင့် ပရိဘောဂအဟောင်းရောင်းသောဆိုင်သို့ ရောင်းချပစ်ရလေတော့၏။ ကိုပိုကာသည်ထိုပရိဘောဂအဟောင်းများကို ပြန်လည်၍ ဝယ်ယူထားပြီး ဦးမြို့တို့နေထိုင်သော အိမ်ကြီး၌ပင် ပြန်လည်၍ ထားခဲ့လေ၏။

တစ်နေ့တွင် မအောင်ရင်က ကိုပိုကာအား

"ဒီမှာ ကိုပိုကာ၊ တခြားမှာမနေပါနဲ့၊ ဦးမြို့တို့ရဲ့ အိမ်ကြီးမှာပဲ လောလောဆယ်နေပါ၊ အိမ်ကြီးကိုလည်း ချို့ယွင်းတဲ့နေရာတွေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုပြင်ထားပါ . . ." ဟု မှာကြားလေ၏။ ကိုပိုကာကလည်း မအောင်ရင်စိတ်ကြိုက် ဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပေးလေ၏။

တစ်နေ့တွင် ကိုပိုကာသည် သူဌေးဦးမြို့ နေထိုင်ရာ အရိုးကုန်းရပ်ကွက်ရှိ နေအိမ်သို့ သွားရောက်ခဲ့လေ၏။ ဦးမြို့သည် အိမ်ရှေ့ခန်း ဘုရားစင်ရှေ့ ဖျာကလေးပေါ်တွင် ပက်လက်လှန်၍နေလေ၏။ အနီးတွင်လည်း ဆေးပုလင်းများ၊ ကော်ဖီပန်းကန်များကို တွေ့ရလေ၏။ မိမိကြီးသည် ကိုပိုကာကို မြင်လျှင်

"ရှင် . . . ဘာလာလုပ်တာလဲ" ဟု မေးလေ၏။

"ခက်တော့တာပဲ ဒေါ်မိမိကြီးရယ် . . .၊ အန်ကယ်ဦးမြို့ နေမကောင်းဘူးကြားလို့ သတင်းလာမေးတာပါဗျာ၊ အဆိုးမမြင်စမ်းပါနဲ့ . . ." ဟု ပြောလေ၏။ ထို့နောက် ကိုပိုကာသည် ဦးမြို့အနီးတွင် ထိုင်ကာ ကျန်းမာရေးအခြေအနေကို မေးလေ၏။ မှီဝဲစားသုံးနေသော


BURMESE CLASSIC .com

ဆေးအမည်များ၊ ဓာတ်စာများ၏ အမည်များကို ရေးမှတ်လေ၏။ ဦးမြို့မှာမူ နေထိုင်မကောင်း ဖြစ်နေရုံမျှမက ဥစ္စာဗျာသနဘေး ကြုံတွေ့နေရသူတို့၏ ထုံးစံအတိုင်း လွန်စွာမှ ညှိုးချုံးလျက်ရှိလေ၏။ သူ့ဒွေးကတော် ဒေါ်ခင်မမှာမူ အကောင်းစား ပါတိတ်လုံချည်ကို ဝတ်ထားဆဲပင်ဖြစ်၏။ မိမိကြီးသည် ကိုပိုကာအတွက် ကော်ဖီတစ်ခွက် လာ၍ချပေးရင်း–

"ကိုပိုကာတို့ကတော့ မော်တော်ကားတွေ ဘာတွေနဲ့ အတော့်ကိုဟန်ကျနေပြီပဲ. . ."ဟု ငေါ့တော့တော့ ပြောလိုက်လေ၏။

"ဟန်မကျပါဘူး ဒေါ်မိမိကြီးရယ့်. . .၊ မျောက်လွှဲကျော်ဟာ မျောက်လွှဲကျော်ပါပဲ၊ နောက်လည်း မျောက်လွှဲကျော်ပဲ ဖြစ်ဦးမှာပဲ၊ ဟိုဘက်တန်းကနေ ဒီဘက်တန်းကို ခုန်ကူးထားတာဆိုတော့ နည်းနည်းပုံပြောင်းသွားတာပါ၊ မျောက်ကတော့ မျောက်ပါပဲ. . ." ဟု အေးအေးဆေးဆေးပင် ပြန်၍ပြောလိုက်လေ၏။

"နေစမ်းပါဦး ကိုပိုကာရဲ့. . .၊ ကျွန်မတို့ စက်ရုံတွေ၊ လုပ်ငန်းတွေကို ဝယ်လိုက်တာဟာ အရင်က အိမ်မှာ အိမ်ဖော်လုပ်သွားတဲ့ မအောင်ရင်ဆို"ဟု မေးလိုက်လေ၏။

"မဟုတ်ပါဘူးဗျာ. . .၊ ဒေါ်အောင်ကျော်မဆိုတဲ့ ချမ်းသာတဲ့ အမျိုးသမီးတစ်ယောက်က ဝယ်လိုက်တာပါ၊ သူကပဲ ကျုပ်ကို အလုပ်ခန့်ထားတာပေါ့၊ ခင်ဗျားပြောတဲ့ မအောင်ရင်က မော်ဘီမြို့အထွက်မှာ ထမင်း ရောင်းစားနေရဆဲပါဗျာ. . ."ဟု ကိုပိုကာက ပြန်၍ဖြေလျှင် မိမိကြီးက–

"နေပါဦး. . .နေပါဦး၊ ဒေါ်အောင်ကျော်မဟုတ်လား. . .၊ ဒီနာမည်ကိုကြားဖူးသလိုပဲ. . ." ဟု ဖြေလိုက်လျှင် ကိုပိုကာက–

"ဒေါ်မိမိကြီးရဲ့ ...၊ ခင်ဗျား ကြားဖူးတယ်ဆိုလည်း ဟုတ်မှာပါ၊ ဒါပေမဲ့ ခင်ဗျားကြားဖူးတဲ့ အောင်ကျော်မဆိုတဲ့ နာမည်နဲ့ ဒီ အောင်ကျော်မက တခြားစီပါ၊ နာမည်တူမို့ ဖြစ်ပါလိမ့်မယ်၊ လောကကြီးမှာ လူတူမရှား၊ နာမည်တူမရှားလေ . . ."ဟု ပြောဆိုလေ၏။ ထို့နောက်ကိုပိုကာသည် သူဌေးဦးမြို့အား ငွေတစ်သောင်းကန်တော့၍ပြန်ခဲ့လေ၏။ ထိုသို့ပြန်ခဲ့ရာ၌ မှော်ဘီရှိ မအောင်ရင်၏ ထမင်းဆိုင်သို့တန်း၍ ပြန်ခဲ့ခြင်းဖြစ်၏။ ကိုပိုကာသည် မအောင်ရင်နှင့် တွေ့လျှင်

"ကဲ . . . မအောင်ရင်ရေ . . .၊ ခင်ဗျားပြောတဲ့အတိုင်း ဦးမြို့ နေမကောင်းတာကိုလည်း သွားကြည့်ပြီးပါပြီ၊ ခင်ဗျားမှာတဲ့အတိုင်း ငွေတစ်သောင်းလည်း သွားပေးပြီးပါပြီ၊ မိမိကြီးကတော့ သူတို့စက်တွေဝယ်တာ ခင်ဗျားလို့ထင်နေတယ်၊ အဲဒါနဲ့ ကျုပ်လည်း လှည့်ပတ်ပြီး ငြင်းခဲ့ရသေးတယ် . . ."ဟု ပြောလျှင် မအောင်ရင်က ခေါင်းညိတ်လေ၏။

"ဒီလိုပါ ကိုပိုကာ၊ အခု ရှင်လုပ်ရတဲ့အလုပ်တွေဟာ မန်နေဂျာ အလုပ်တင်မကပါဘူး၊ ခုလို အပိုအလုပ်တွေလည်းပါပါတယ်၊ အဲဒီ အတွက်လည်း ကျွန်မက သပ်သပ်ကျေးဇူးဆပ်ဦးမှာပါ . . ." ဟု မအောင်ရင်က ပြောလိုက်လျှင် ကိုပိုကာက . . .

"ဆပ်သင့်တာပေါ့ မအောင်ရင်ရယ်၊ ကျုပ်မှာ မျောက်လွှဲကျော်လို့ အပြောခံရပြီး ဒီကောင်မနဲ့ တွေ့နေရတာဗျ ..."ဟု ပြောလိုက်လျှင် မအောင်ရင်က

"နောက်ဆုံးကျတော့ အဲဒီမျောက်လွှဲကျော်နဲ့ သူဌေးသမီး


BURMESE CLASSIC .com

အကြောင်း ဆက်ပြီး ပေါင်းဖက်သွားကြဦးမယ်နော်…'' ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုပိုကာက…

''မဦးမချွတ်ဗျာ၊ ကျုပ်က လူပျိုဗျ၊ သူက တစ်ခုလပ်…၊ ခင်ဗျားမို့ မဆီမဆိုင် ဆက်စပ်တတ်ပလေဗျာ…'' ဟု ပြောဆိုကာ ရယ်မောနေလေ၏။ ထိုအချိန်၌မှာပင် အဘိုးကြီးသည် ထမင်းစားရန် ဆိုင်သို့ရောက်လာပြီဖြစ်၏။ ထိုအဘိုးကြီး စားပွဲသို့ ထိုင်လိုက်သည့် အချိန်၌မှာပင် မအောင်ရင်သည် မီးဖိုဘက်သို့လှည့်ကာ…

''သန်းသန်းရေ…၊ အဘ ထမင်းစားမယ်ဟေ့၊ သခွားသီးသုပ်ရယ်၊ ကင်ပွန်းချဉ်ရွက်ငါးပိချက်ရယ်၊ ကုလားပဲဟင်းချိုရယ်၊ ငါးမြင်းဆီပြန်ရယ်၊ တို့စရာက မလွှပွင့်တွေပြုတ်ထားတယ်…'' ဟု ပြောလိုက်လျှင် သန်းသန်းသည် အဘိုးကြီးအတွက် ထမင်းဟင်းလျာများလာ၍ ချပေးလေ၏။

''အဘ မနေ့က ညနေစာ လာမစားပါလား'' ဟု မအောင်ရင်က မေးလိုက်လျှင်

''မနေ့က ညနေက နေမကောင်းဘူးလေ၊ အဲဒါနဲ့ ညစာ မစားဘဲ ကော်ဖီလေးတစ်ခွက်ပဲ သောက်နေလိုက်တာ…'' ဟု အဘိုးကြီးက ပြောလိုက်လေ၏။

''အဘရယ်…၊ နေမကောင်းဖြစ်လည်း ကျွန်မတို့ကို အကြောင်းကြားပါ၊ အဘတစ်ယောက်တည်းဥစ္စာ အားနာဖို့မရှိပါဘူး၊ ဒီမှာက သန်းသန်းရော၊ ကျွန်မရော၊ အောင်ကျော်မရော၊ စိန်ဝင်းမောင်ပါရှိကြတာပဲ…''ဟု မအောင်ရင်က ပြောလေ၏။

''ကောင်းပါပြီ မအောင်ရင်၊ အခုဖြစ်တာလည်း အနည်းအကျဉ်း


BURMESE CLASSIC .com

www.burmeseclassic.com


ပါ၊ တကယ်ဖြစ်ရင်တော့ မအောင်ရင်တို့လူစုကိုပဲ အကြောင်းကြားရမှာပေါ့ ...'' ဟု အဘိုးကြီးက ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က

မနေ့က အဘ နေမကောင်းတော့ ဘာလုပ်လဲ၊ ဘာဆေးတွေသောက်လဲ...'' ဟု မေးလေ၏။

''ဆေးမသောက်ပါဘူးဗျာ...၊ အစာ မစားဘဲ ကော်ဖီပူပူလေးတစ်ခွက်သောက်ပြီး ကမ္မဋ္ဌာန်းထိုင်နေလိုက်တာပါပဲ...'' ဟု အဘိုးကြီးက ပြောလိုက်လျှင် မအောင်ရင်က

''ကောင်းပါတယ်အဘ၊ ကမ္မဋ္ဌာန်းထိုင်တယ်ဆိုတာ ဘဝရဲ့ အဆိပ်အတောက်တွေကို ဖြေပေးတဲ့ ဖြေဆေးပါပဲ၊ ပြီးတော့ မိမိအဖြစ်၊ မိမိသဘာဝကြီးကိုလည်း အာဟာရထည့်ပေးလိုက်သလိုပါပဲ၊ လုပ်သင့်တဲ့အလုပ်၊ လုပ်ရမယ့်အလုပ်ပါ...''ဟု ပြောလိုက်လျှင် အဘိုးကြီးက

''ဘယ်လို...ဘယ်လို မအောင်ရင်၊ ခုန စကားလေး ပြန်ပြောပါဦး၊ ကျုပ်မဖမ်းမိလိုက်ဘူး''ဟု ပြန်၍ပြောလိုက်ရာ မအောင်ရင်သည် ပထမပြောခဲ့သော စကားကိုပြန်၍ပြော၏။ သို့ရာတွင် မြန်မာလိုပြောခြင်းမဟုတ်၊ လွန်စွာကောင်းသော လေယူလေသိမ်းဖြင့် အောက်ပါ အင်္ဂလိပ်စကားကို ပြောလိုက်လေတော့သတည်း။

*"Meditation is the antidate to all the poisons of your life. It is the nowrishment of your authentic nature."*

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၄ )

## မရမ်းတလင်းတောခြံမှာ အိမ်ကလေးတစ်လုံးဆောက်ပြီ

မအောင်ရင်၏ဆိုင်တွင် အလုပ်လုပ်သော သန်းသန်းနှင့် စိန်ဝင်းမောင်၏ အခြေအနေမှာ လိုအပ်သည်ထက်ပို၍ တပူးပူးတတွဲတွဲ ဖြစ်လာလေ၏။ ထို့ကြောင့် မအောင်ရင်က ၎င်းတို့နှစ်ဦးအား အကြင်လင်မယားအဖြစ် အသိအမှတ်ပြုပေးလိုက်ပြီဖြစ်၏။ ၎င်းတို့အားလည်း မြို့ကြီးအတွင်း၌ပင် အိမ်ကလေးတစ်လုံးဆောက်၍ ပေးထားလေ၏။ ဒေါ်ခွေးမြှူမှာ ကျန်းမာရေး မကောင်းဘဲ တရှောင်ရှောင်ဖြစ်လာ၏။ နောက်ဆုံးတွင် အိပ်ရာထဲ၌ ဖုံးဖုံးသားလဲ၍ လူမမာကြီး ဖြစ်သွားလေတော့၏။ ထို့ကြောင့် မအောင်ရင်သည် ဆရာဝန်ပင့်၍ ဒေါ်ခွေးမြှူ၏ ကျန်းမာရေးကို ကြပ်မတ်ကုသလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com


တစ်နေ့တွင် အဘိုးကြီးသည် မအောင်ရင်၏ဆိုင်သို့ ထမင်းလာ၍စားရင်း မအောင်ရင်အား–

“မဒွေးဖြူတစ်ယောက်ကော အခြေအနေ ဘယ်လိုလဲ. . .” ဟုမေးလေ၏။

“မသက်သာပါဘူး အဘရယ်”ဟု မအောင်ရင်က ပြန်၍ပြောလိုက်ရာ အဘိုးကြီးသည် ဒေါ်ဒွေးဖြူကိုတွေ့လိုကြောင်း ပြောလေတော့၏။ ထို့ကြောင့် မအောင်ရင်က ဒေါ်ဒွေးဖြူရှိရာ အိမ်ကလေးဆီသို့ ခေါ်သွားလေ၏။ အဘိုးကြီးသည် ဒေါ်ဒွေးဖြူကိုတွေ့လျှင် အားပေးစကားပြော၏။ ထို့နောက် ဒေါ်ဒွေးဖြူ၏ဘေးတွင်ရှိသော ဆေးပုလင်းများကိုကောက်ယူ၍ကြည့်ရှုလေ၏။ ထို့နောက်–

“ဘယ်ဆရာဝန်နဲ့ ကုနေတာလဲ”ဟု မေးလျှင် မအောင်ရင်က–

“ဒေါက်တာ အောင်သက်တင်နဲ့ ကုနေတာ. . .” ဟု ပြောလိုက်ရာ အဘိုးကြီးက–

“ဒေါက်တာ အောင်သက်တင်လား၊ သိတယ်. . .သိတယ်၊ သဘောအလွန်ပြည့်တယ်၊ သူ့ဖခင်နဲ့ ကျုပ်နဲ့လည်း အလွန်ရင်းနှီးကြပါတယ်၊ ကောင်းပါတယ်၊ ကောင်းပါတယ်. . .” ဟု ပြောဆိုကာ အဘိုးကြီးသည် ဒေါ်ဒွေးဖြူ၏ မွေးသက္ကရာဇ်များကိုမေးပြီးလျှင် တွက်ချက်၍ ပြုလုပ်ရမည့် ယတြာများကို မအောင်ရင်အား ပြောပြလေ၏။ ထို့နောက် ဒေါ်ဒွေးဖြူအား လက်အုပ်ချီခိုင်းပြီးလျှင် ခုနစ်ဆူဘုရားရှိခိုးနည်းကိုတိုင်ပေး၏။ ဒေါ်ဒွေးဖြူက လိုက်၍ဆိုရ၏။ ပြီးလျှင် အဘိုးကြီးသည် ဒေါ်ဒွေးဖြူအား–

“ဒီလို မဒွေးဖြူရဲ့၊ ကိုယ့်ကို ကုသပေးနေတဲ့ ဆရာဝန် ဒေါက်တာ


BURMESE CLASSIC .com

အောင်သက်တင်ကိုလည်း လေးလေးနက်နက် မေတ္တာပို့ရမယ်၊ ပြီးတော့ ကိုယ် သောက်နေတဲ့ ဆေးတွေကိုထုတ်လုပ်တဲ့ လူတွေကိုလည်း မေတ္တာ ပို့ရမယ်. . .” ဟုဆိုကာ မေတ္တာပို့ပုံ၊ ပို့နည်းကို သင်ပြပေးလေ၏။ ခုနစ်ဆူဘုရားရှိခိုးကိုလည်း စာရွက်တွင်ရေး၍ ဒေါ်ဒွေးဖြူ၏ ခေါင်းရင်းတွင် ကပ်ထားပေးလိုက်ပြီး–

“မဒွေးဖြူ. . .ဟောဒီမှာ ဘုရားရှိခိုးစာရွက် ကပ်ထားတယ်၊ အဲဒီအတိုင်းဖတ်ပြီးရှိခိုးပေတော. . .” ဟု မှာကြားခဲ့လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ၅ ရက်ခန့်ကြာသော အခါ၌ အဘိုးကြီး ထမင်းလာစားချိန်တွင် မအောင်ရင်နှင့် စကားပြော ဖြစ်လေ၏။

“အဘရေ. . .ဟောဟိုမှာ လမ်းလျှောက်နေတာ ဒေါ်ဒွေးဖြူပဲ၊ ကောင်းကောင်းကြီး နာလံထပြီ၊ ဒေါက်တာ အောင်သက်တင်လည်း တော်ပါတယ်၊ အဘရဲ့ယတြာလည်း စွမ်းပါတယ်၊ ဘယ်လိုနည်းများ လဲ အဘရယ်. . .” ဟု မအောင်ရင်က မေးလိုက်လေ၏။

“ယတြာ မဟုတ်ပါဘူး မအောင်ရင်ရဲ့၊ ဒီနည်းက ဟိုးရှေးနှစ် ပေါင်းများစွာက ပြည်မြို့ ရွာဘဲရပ်၊ နေကျော်တန်းမှာနေခဲ့တဲ့ ဆရာကြီး ဦးသာဂရ ဆိုတဲ့ ပုဂ္ဂိုလ်ကြီး အစပြုပြီးလုပ်ခဲ့တဲ့ အသက်ကယ်တဲ့ ဆေး ကြီးပါ၊ ကျမ်းစာအုပ်တွေ၊ ဘာတွေလည်းရှိပါတယ်၊ ဒီဆရာကြီးက ရှမ်း ပြည်နယ် သီပေါမြို့မှာ စော်ဘွားကြီးရဲ့ ပိဋကတ်တိုက်မှာ အလုပ်လုပ် ပြီး နှစ်စေ့လို့ပြန်လာတဲ့အခါမှာ သူ့ရဲ့ တပည့်ငါးရာ လောက်ရှိတဲ့အထဲ က တစ်ဝက်ကျော်ကျော်လောက် ကွယ်လွန်အနိစ္စရောက်ကုန်တာကို တွေ့ရတော့ ဆရာကြီးက အတိတ်ကုသိုလ်ကံကို ထက်သန်အောင် မပြု


BURMESE CLASSIC .com

www.burmeseclassic.com


လုပ်တဲ့အတွက် အသက်တိုကြဟန်တူတယ်လို့ စဉ်းစားမိတာနဲ့ ကျန်တဲ့တပည့်တွေ အသက်ရှည်အောင်၊ အတိတ်ကုသိုလ်ကံထက်အောင် သီဒိမြတ်စွာဘုရားကအစ ဂေါတမမြတ်စွာဘုရားအထိ ခုနစ်ဆူသော ဘုရားရှိခိုးနည်းကို သင်ကြားပြသခဲ့တယ်။ အဲဒါကိုပဲကျမ်းအဖြစ် ပုံနှိပ်ပြီးဖြန့်ဝေခဲ့တယ်၊ ဆရာကြီး ဦးသာဂရရဲ့ ကျန်တပည့်တွေ့ဟာ အဲဒီနည်းနဲ့ပဲ အသက်ရှည်ကြရတယ်၊ ကျုပ်က အဲဒီ ကျမ်းစာအုပ်ကိုဖတ်ပြီးကတည်းက ကျုပ်နဲ့ နီးစပ်တဲ့ လူမမာတွေ့ရင် အဲဒီအတိုင်းလုပ်ပေးတာပဲ၊ မသိတဲ့ လူတွေက ကျုပ်ကို ဆေးကုတယ်လို့ထင်နေတာ၊ ကျုပ်က ဆေးမကုပါဘူး မအောင်ရင်ရဲ့'' ဟု အဘိုးကြီးက ရှင်းပြလေ၏။

''ဘာပဲဖြစ်ဖြစ် အဘရယ် အဲဒီလို ရောဂါဝေဒနာ ခံစားနေရတဲ့ သူတွေရောက်လာရင်တော့ အဘအနေနဲ့ ယတြာပေးတာမှန်ပါတယ်၊ ဒီနည်းက ရှေးဆရာကြီးလုပ်ခဲ့တာဆိုတော့ ပိုပြီးကောင်းတာပေါ့ . . .'' ဟု မအောင်ရင်က ပြောလိုက်စဉ်၌ပင် ဒေါ်ဒွေးဖြူသည် လမ်းလျှောက်နေရာမှ အနီးသို့ရောက်လာလေ၏။ ထိုအခါ အဘိုးကြီးက–

''ဘယ်လိုလဲ မဒွေးဖြူ နေကောင်းသွားပြီလား . . .''ဟု မေးလိုက်ရာ ဒေါ်ဒွေးဖြူက–

''နေကောင်းသွားပါပြီ၊ နေ့တိုင်းလည်း ခုနစ်ဆူဘုရားရှိခိုးကို ရှိခိုးပါတယ်''ဟု ပြန်၍ဖြေလေ၏။

''ပြီးတော့ ဆရာဝန်ကိုလည်း မေတ္တာပို့ရမယ်နော်၊ အဲဒီဆရာဝန်ကြီး ကျန်းမာမှ၊ ထက်မြက်မှကိုယ့်အတွက် နေရာကျမှာမို့လား၊ ကိုယ်သောက်တဲ့ ဆေးတွေကိုဖော်စပ်တဲ့ လူတွေကိုလည်း မေတ္တာပို့ရမယ်၊ အဲဒီ ဆေးတွေ အစွမ်းထက်မှ ကိုယ်အသက်ရှင်မယ်မဟုတ်လား၊ ပြီး


BURMESE CLASSIC .com

www.burmeseclassic.com


တော့ ဆရာဝန်နဲ့ ကုသနေတဲ့အခါမှာ ဆရာဝန်ရဲ့စကားကို တိတိကျကျ လိုက်နာရမယ်၊ အဲဒီလိုပဲ မြန်မာသမားတော်နဲ့ ကုနေတဲ့အခါမှာလည်း သမားတော်ရဲ့ စကားကို အတိအကျလိုက်နာရမယ်၊ လူတစ်ယောက် အဖို့ အသက်ဟာ အဖိုး အတန်အဆုံးပဲ၊ အဲဒါကို နားလည်ပါ မဒွေးဖြူ'' ဟု အဘိုးကြီးက စိတ်ရှည်လက်ရှည် ပြောလေ၏။ ထို့နောက် အဘိုးကြီး ထမင်းစားမည် ပြုရာ မအောင်ရင်က သန်းသန်းအား ခဝဲသီးကြော်ချက်၊ မုန်လာဥသုပ်၊ ငါးရံ့ဆီပြန်ဟင်းတို့ဖြင့် ထမင်းပြင်ခိုင်းလိုက်လေတော့၏။ အဘိုးကြီးသည် မြိန်ယှက်စွာ စားသောက်နေလေ၏။ ကိုပိုကာသည် မအောင်ရင်အား နှုတ်ဆက်၏။ ထို့နောက် အဘိုးကြီးကိုလည်း နှုတ်ဆက် ၏။ ပြီးလျှင် ၎င်းတို့၏ စားပွဲတွင် ဝင်၍ထိုင်ကာ–

''မအောင်ရင်ရေ . . .၊ အရိုးကုန်းရပ်ကွက်ထဲမှာ ဦးမြို့တို့ ငှားပြီးနေတဲ့ အိမ်ကို အိမ်ရှင်က 'နို့တစ်'ပေးပြီး ဖယ်ခိုင်းနေပြီ၊ ကျုပ် လည်း အဲဒီကို နှစ်ရက်တစ်ကြိမ် သုံးရက်တစ်ကြိမ်လောက် ရောက်ပါ တယ်၊ အဘိုးကြီးရဲ့ ကျန်းမာရေး အခြေအနေကို သွားကြည့်တာပါ . . .'' ဟု ကိုပိုကာက ပြောလိုက်လေရာ မအောင်ရင်က–

''ဦးမြို့ရဲ့ ကျန်းမာရေး အခြေအနေအတွက်လည်း ပါတာပေါ့ လေ၊ မိမိကြီးအခြေအနေရော မပါဘူးလား၊ ကျုပ်က လူပျို၊ မိမိကြီးက တစ်ခုလပ်ဆိုတဲ့ စကားမျိုးတွေ မပြောနဲ့နော်. . .'' ဟု ပြောလိုက်လေ ၏။ ထိုအခါ ကိုပိုကာက–

''မပြောပါဘူးဗျာ . . . မပြောပါဘူး၊ အချစ်မှာ မျက်စိမရှိဘူး မဟုတ်လား''ဟုပြောဆိုကာ ကိုပိုကာသည် ရယ်မောလိုက်လေ၏။ ပြီး လျှင် ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်လေ၏။ ထိုအခါ


BURMESE CLASSIC .com

မအောင်ရင်က–

“ကိုပိုကာ . . . မှားနေပြီထင်တယ်၊ လူမှာက အရာတိုင်း လောက်နီးနီးမှာ မျက်စိမရှိဘူး၊ အချစ်တစ်ခုတည်းမှာသာ မျက်စိရှိနေတာ၊ အဲဒီရှိနေတဲ့ မျက်စိဟာလည်း အမြဲပွင့်နေတာ၊ ဒါကြောင့် တခြားလူမမြင်တဲ့ အလှတွေကို မြင်တွေ့နိုင်တာပေါ့၊ ဒါကြောင့် အချစ်မှာမျက်စိရှိတယ်၊ အဲဒီ မျက်စိဟာလည်း ပွင့်နေတယ်၊ မအောင်ရင် ပြောချင်တာကတော့ ဒါပါပဲ . . .” ဟု ပြောလိုက်လေ၏။ ထိုစကားကိုကြားလျှင် အဘိုးကြီးသည် လွန်စွာသဘောကျ၍သွားလေ၏။

“ကောင်းပါ့ဗျာ . . . ကောင်းပါ့၊ ကျုပ်တစ်သက်လုံး ကြားဖူးတာကတော့ အချစ်မှာ မျက်စိမရှိဘူးဆိုတာပဲ ကြားဖူးတယ်၊ အခု မအောင်ရင် ပြောလိုက်မှ အရာအားလုံးဟာ မျက်စိမရှိဘူး၊ အချစ်တစ်ခုတည်းမှာသာ မျက်စိရှိတယ်ဟုတ်လား” ဟုပြောဆိုကာ အဘိုးကြီးသည် ရယ်မောလေ၏။ ထို့နောက် မအောင်ရင်သည် ကိုပိုကာ အား ထမင်းကျွေးရန် သန်းသန်းကို ထမင်းပြင်ခိုင်းလိုက်လေ၏။ သန်းသန်း ထမင်းပြင်ပြီးသောအခါ၌ ကိုပိုကာသည် ထမင်းစား၏။ ထမင်းစားရင်း မအောင်ရင်အား ကိုပိုကာက–

“သူဌေးဦးမြို့တို့ကိစ္စ ဘယ်လိုလုပ်ရမလဲ မအောင်ရင် . . .” ဟုမေးလိုက်လေ၏။ ထိုအခါ မအောင်ရင်က–

“လုပ်ဖို့က နှစ်နည်းပဲရှိတာပဲ၊ နေဖို့နောက် အိမ်တစ်လုံးငှားပေးချင်ပေး၊ အဲဒီလို မပေးချင်ရင်လည်း မှော်ဘီကိုခေါ်လာပြီး ကုလားကြီး ကုန်းနားက မရမ်းတလင်းခြံမှာ ထားလိုက်ပေါ့ . . .” ဟု ပြောလိုက်လေတော့၏။


BURMESE CLASSIC .com

“ခြံထဲမှာ ထားတာက ပိုပြီးကောင်းဦးမယ် ထင်တယ်၊ တစ်ခု တော့ရှိတာပေါ့ဗျာ၊ အဲဒီခြံဟာ မအောင်ရင်ရဲ့ခြံဆိုရင်တော့ မိမိကြီးက လိုက်ပြီး နေမှာမဟုတ်ဘူး၊ ကျွန်တော့်ခြံလို့ လိမ်ပြီးပြောရမှာပဲ. . .” ဟုကိုပိုကာက ပြောလေ၏။ ထိုအခါ မအောင်ရင်က–

“ယုံပါ့မလား. . .” ဟု ပြန်၍ မေးလိုက်ရာ ကိုပိုကာက–

“အေးဗျ၊ ယုံချင်မှ ယုံလိမ့်မယ်” ဟု ပြန်၍ပြောလေ၏။ ထို အချိန်၌ အဘိုးကြီးသည် ထမင်းစားပြီးသွားပြီဖြစ်၍ ရေနွေးကြမ်း သောက်နေ၏။ ထိုသို့ ရေနွေးကြမ်းသောက်နေရင်း ကိုပိုကာနှင့် မအောင်ရင်တို့၏ အခက်အခဲကို ရိပ်စားမိသည့်အလျောက်–

“ကျုပ်ခြံလို့ ပြောလိုက်ပေါ့ဗျာ” ဟု ဝင်၍ ပြောလိုက်လျှင် မအောင်ရင်သည် ခွက်ထိုးခွက်လှန် ရယ်လေ၏။ ရယ်ပြီးနောက်–

“အဘပြောတာ ဟုတ်တယ်၊ အဲဒါဆိုရင်တော့ ယုံမှာ၊ အဘ ခြံလို့ လုပ်ထားလိုက်. . .” ဟု မအောင်ရင်က ပြောလေ၏။ ထိုအခါ ကိုပိုကာက ထမင်းကို လက်စသတ်လိုက်ပြီးနောက်–

“ဘယ်တော့ပြောင်းပေးရမလဲ မအောင်ရင်ရဲ့ . . .” ဟု မေး လေ၏။

“တစ်လတော့ အချိန်ပေးပါ ကိုပိုကာရယ်၊ သူဌေးဦးမြို့ကြီး က ကျန်းမာရေးလည်းကောင်းတာ မဟုတ်ဘူးဆိုတော့ ခြံထဲမှာ ပျဉ်ထောင် အိမ်ကလေးတစ်လုံးသပ်သပ်ရပ်ရပ် ဆောက်ပေးရဦးမယ်၊ အိမ်သာတို့၊ ရေချိုးဖို့တို့လည်း အိမ်ပေါ်မှာတင်လုပ်နိုင်အောင် စီစဉ် ပေးရမယ်၊ မိမိကြီးက ရေဆွဲနိုင်မှာ မဟုတ်ဘူး၊ ရေတွင်းကနေ မော်တာ နဲ့စုပ်တင်ပြီး အိမ်ပေါ်ကို ပိုက်သွယ်ပေးရမယ်၊ နေဖို့လုံလုံလောက်


BURMESE CLASSIC .com

www.burmeseclassic.com


လောက်ခြောက်ခြောက်သွေ့သွေ့လေးဖြစ်အောင်လည်း ဖန်တီးပေးရမယ်၊ သူ့ဌေးဦးပြီး နေကောင်းလာတဲ့အခါ လမ်းလျှောက်လို့ရအောင် အိမ်တစ်အိမ်လုံးကို ဝရံတာ ပတ်ပေးထားရမယ်၊ ပြီးတော့လည်း သူတို့ အိမ်မှာ လက်တိုလက်တောင်း၊ ဟိုနား၊ ဒီနား ပြေးဖို့လွှားဖို့ ကလေးတစ်ယောက် ပို့ပေးထားရမယ်၊ အဲဒီလို ပို့တဲ့အခါမှာလည်း မိမိကြီးနဲ့ တည့်တဲ့သူဖြစ်ဖို့ကလည်း လိုသေးတယ်၊ အဲဒီတော့ ကိုပိုကာရယ့် ကျွန်မတို့ဆိုင်ကို လာလာနေတဲ့ ရဲကျော်သူဆိုတဲ့ ကောင်လေးသိတယ် မဟုတ်လား၊ ဒီကောင်လေးကို အကူအညီတောင်းရမှာပဲ . . .''ဟု မအောင်ရင်က ပြောလေ၏။ ကိုပိုကာသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ ထို့နောက်–

''မအောင်ရင်ပြောတဲ့ အိမ်ပုံစံကို ကျုပ် မျက်စိထဲမှာ မမြင်ဘူးဗျ၊ ခင်ဗျားဖာသာ ခင်ဗျား ဆွဲဗျာ၊ ကျုပ်ကတော့ အိမ်ပုံစံရတာနဲ့ ပဲခူးဘုရားကြီးဘက်က လက်သမား ဝင်းသိန်းတို့အဖွဲ့ကို သွားခေါ်မယ်ဗျာ၊ သူတို့နဲ့ဆောက်မယ် . . .''ဟု ကိုပိုကာက ပြောလေ၏။ ထို့ကြောင့် မအောင်ရင်သည် ၎င်းဆောက်လုပ်မည့် အိမ်ပုံစံအကြမ်းတစ်ခုကို ဆွဲလေ၏။ ပြီးလျှင် ဧရိယာတွက်ချက်ကာ တစ်ပေပတ်လည်လျှင် ကိုးရာနှုန်း သတ်မှတ်၍ ဗလင်အက်စတီမိတ်ခေါ် ဆောက်လုပ်ကုန်ကျမည့် ခန့်မှန်းခြေငွေကို တွက်ချက်လေ၏။ ထိုသို့တွက်ချက်ပြီးလျှင် ကိုပိုကာအား ငွေထုတ်ပေးလိုက်လေတော့၏။

များမကြာသောကာလတွင် ကိုပိုကာသည် ပဲခူးဘက်မှ လက်သမားတစ်စုနှင့် မရမ်းတလင်းခြံကို ရှင်းနေပြီဖြစ်၏။ လက်သမားခေါင်းဆောင်ဖြစ်သော ကိုဝင်းသိန်းသည် ကုန်ကျမည့် သွပ်၊ သံ၊ သစ်


BURMESE CLASSIC .com

များကို ဝယ်ယူလေ၏။ အိမ်ဆောက်မည့်နေ့ကို အခါကောင်း၊ ရက်ကောင်းရွေး၍ အဘိုးကြီးက ပန္နက်ရိုက်ပေးလေ၏။ မအောင်ရင်၏မိတ်ဆွေဗေဒင်ဆရာ အဘိုးကြီးသည် အိမ်ပန္နက်ရိုက်သည့်အခါ ဇာတာကို ကြည့်ကာ–


''မအောင်ရင်ရေ. . .၊ ဟောဒီ အိမ်ကလေးကို ပန္နက်ရိုက်တဲ့အခါ ဇာတာက အလွန်ကောင်းတာပဲ၊ လဂ်နဲ့ စန်းနဲ့လည်း ပူးနေတယ်၊ အတိသုဘ ကြာသပတေးဂြိုဟ်ကြီးကလည်း ကိုးတန်ကနေလှမ်းပြီး မြင်နေတယ်၊ ဒီအိမ်မှာ လာပြီးနေမယ့်သူကတော့ နေလိုက်တာနဲ့ ဆုံးရှုံးသွားတဲ့ သူ့ရဲ့ပစ္စည်းဥစ္စာတွေ၊ ဂုဏ်သိက္ခာ တွေပြန်ပြီး အဖတ်ဆည်နိုင်လိမ့်မယ်ဗျို့ . . .''ဟု ပြောလိုက်လေတော့၏။ ထိုအခါ မအောင်ရင်က–

''အဲဒီလိုပြန်ပြီး ရသွားပါစေလို့ပဲ ကျွန်မက ဆန္ဒပြုပါတယ် အဘရယ်. . .'' ဟု လေးလေးနက်နက် ပြောလိုက်လေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၅ )

# သူဌေးဦးမြို့မိသားစု မရမ်းတလင်းရွာသို့ ပြောင်းပြီ

မရမ်းတလင်းတောတွင်ရှိသော ယခင်က မအောင်ရင် နေထိုင်ခဲ့သည့် ခြံထဲတွင် ခြေတံရှည် ပျဉ်ထောင်အိမ်ကလေးတစ်လုံးကို မအောင်ရင်ကိုယ်တိုင်ဦးစီး၍ ဆောက်လုပ်နေလေ၏။ အိမ်ကလေးသည် ကွပ်ကွပ်ရွတ်ရွတ်နိုင်နိုင်မာမာရှိလှ၏။ ရေတွင်းမှ ရေကိုမော်တာဖြင့် စုပ်တင်၍ ပိုက်များသွယ်တန်းကာ အိမ်ပေါ်ရှိ တိုင်ကီဆီသို့ တင်၍ရအောင် စီမံထား၏။ လျှပ်စစ်မီးများလည်း ပြည့်ပြည့်စုံစုံသွယ်တန်းပေးထား၏။ ထိုအိမ်ကလေး ဆောက်လုပ်သည့်ကိစ္စ၌ မအောင်ရင်သည် ရဲကျော်သူဆိုသည့် သူငယ်ကလေးအား လက်သမားများကို ကြီးကြပ်ရန် တာဝန်ပေးနိုင်းစေခဲ့၏။ ခြံတွင်းရှိ မြက်များကိုလည်း အလုပ်သမား



BURMESE CLASSIC .com

www.burmeseclassic.com


များ ငှားရမ်း၍ ရှင်းရန် ရဲကျော်သူအား ခိုင်းစေခဲ့၏။

အားလုံးစုံပြီးသောအခါ၌ မအောင်ရင်သည် ကိုပိုကာအားခေါ်ယူကာ

''ကိုပိုကာရေ. . . အိမ်လည်း ဆောက်ပြီးပြီ၊ ရေလည်း သွယ်ပြီးပြီ၊ မီးတွေလည်း သွယ်ပြီးပြီ၊ သူဌေးဦးမြို့တို့ကို ရွှေ့ပေးချင် ရွှေ့ပေးထားတော့. . .''ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုပိုကာက. . .

''နက်ဖြန်မနက်ကိုပဲ ရွှေ့ပေးလိုက်မယ်''ဟု ပြောဆိုကာ ရန်ကုန်သို့ ပြန်သွားလေတော့၏။ နောက်တစ်နေ့နံနက်တွင် ကိုပိုကာသည် ရွှေဂဲအထည်စက်ရုံမှ ထရပ်ကားကြီးတစ်စီးကို ယူကာသူဌေး ဦးမြို့တို့၏ အိမ်သို့ရွှေ့ပေးလေ၏။ ဦးမြို့သည် မှော်ဘီရှိငှင်းနေထိုင်ရမည့်ခြံကြီးအတွင်းသို့ ရောက်သောအခါ၌

''မောင်ပိုကာရေ. . .အန်ကယ်တော့ ဒီနေရာကို ရောက်ဖူးသလိုလိုပဲ. . .''ဟု ပြောလေ၏။ မိမိကြီးကလည်း. . .

''ဟုတ်တယ် ကိုပိုကာ. . .၊ ကျွန်မလည်း ရောက်ဖူးသလိုပဲ. . .''ဟု ဝင်၍ပြောလေ၏။ ကိုပိုကာက ပြုံးလေ၏။ ကျေနပ်အောင်ပြုံး ပြီးနောက် ဦးမြို့ဘက်သို့လှည့်ကာ. . .

''ရောက်ဖူးသလိုလို မပြောပါနဲ့ အန်ကယ်ရယ်၊ ဒီခြံဟာအရင်က အန်ကယ်တို့ ပိုင်တဲ့ခြံပါ။ မအောင်ရင်ကို ခြံစောင့်အဖြစ် ပို့ထားတာ ဒီခြံပေါ့ ဒေါ်မိမိကြီး. . .၊ အဲဒီတုန်းကတော့ ဒီခြံဟာ တောကြီးပါ။ ရေလည်းမရှိဘူး။ မီးလည်းမရှိဘူး၊ နွယ်ပိတ်ပေါင်းတွေနဲ့ တောကြီးပါပဲ။ မအောင်ရင်ဟာ မှောင်ကြီးမည်းမည်းကြီးထဲမှာ တစ်ယောက်တည်း နေရရှာတာ၊ သူ့ခမျာ စားစရာမရှိလို့ ဟိုးဘက်က


BURMESE CLASSIC .com

ဘုန်းကြီးကျောင်းမှ ဆွမ်းကျန် ဟင်းကျန်လေးတွေ တောင်းပြီး စားရရှာတယ်။ ပြီးတော့ ဝါးတွေကို ကိုယ် တိုင်ခုတ်ပြီး သူနေဖို့ တဲကလေး တစ်လုံး ကိုယ်တိုင်ထိုးရတာ၊ သူသောက်ဖို့ ရေရဖို့အတွက်လည်း ရေတွင်းကို ကိုယ်တိုင်တူးရတာ၊ ဒါပေမယ့် ဒီခြံကြီးဟာ အခုတော့ အဲဒီတုန်းက အခြေအနေ မဟုတ်တော့ဘူး။ မြင်တဲ့အတိုင်းပဲ၊ အောက်ခြေရှင်းပြီး အရိပ်အာဝါသနဲ့ ပြည့်စုံတဲ့ ခြံကြီးဖြစ်နေပြီ၊ ခြံထဲမှာလည်း ပျဉ်ထောင်အိမ်ကလေးတစ်လုံးရှိတယ်။ ရေ၊ မီးအပြည့်အစုံနဲ့ပေါ့'' ဟု ကိုပိုကာက ရှင်းပြလိုက်လေ၏။

''တိတ်တိတ်ဆိတ်ဆိတ်နဲ့ စိတ်ချမ်းသာစရာပဲ၊ ဒီခြံကို ခု ဘယ်သူပိုင်သလဲ. . .''ဟု သူဌေးဦးမြို့က မေးလိုက်လေ၏။

''ဒီခြံရဲ့ ပိုင်ရှင်ကတော့ ဗေဒင်ဆရာကြီးဦးဗိုက်ပူပါခင်ဗျာ၊ ဒီခြံကို သူက ဝယ်ပြီး သူတပည့်တွေနဲ့အတူ ခုတ်ထွင်ရှင်းလင်းခဲ့တာ၊ အဲဒီ အိမ်ကလေးကလည်း သူနေဖို့ဆိုပြီး ဆောက်ထားခဲ့တာ. . .''ဟု ကိုပိုကာက ပြန်၍ပြောလေ၏။

''နေစမ်းပါဦး မောင်ပိုကာရယ်၊ မင်းပြောတဲ့ ဗေဒင်ဆရာကြီး နာမည်ကို ကြားဖူးသလိုပဲ . . .''ဟု သူဌေးဦးမြို့က ပြန်၍ ပြောလိုက်လေ၏။

''အန်ကယ်ရယ်. . . ဦးဗိုက်ပူဆိုတာ နာမည်ကြီး ဗေဒင် လက္ခဏာဆရာကြီးပဲ၊ ဝတ္ထုစာအုပ်တွေဘာတွေလည်း ရေးတယ်လေ. . .'' ဟုကိုပိုကာက ပြန်၍ပြောလိုက်လျှင် ဦးမြို့သည် တစ်စုံတစ်ခုကို ပြန်၍ အမှတ်ရသလို တွေဝေသွား၏။

''ဟုတ်ပြီ. . .ဟုတ်ပြီ. . .၊ အန်ကယ်ကောင်းကောင်း


BURMESE CLASSIC .com

www.burmeseclassic.com


မှတ်မိပြီ၊ ကျုပ်သူ့ဆီမှာ လက္ခဏာမေးဖူးတယ်၊ အသက် (၆၂)နှစ်မှာ စီးပွား ပျက်သွားမယ်၊ဘဝပျက်သွားမယ်လို့ ဟောဖူးတယ်။ သူ့လက်ရေးနဲ့ ရေးထားတဲ့ ဟောစာတမ်း အန်ကယ့်ဆီမှာ ရှိသေးတယ်၊ မှန်လိုက်တာကွယ်၊ (၆၂)နှစ်မှာ ပြုတ်ပြုတ်ပြုန်းသွားတာပဲ''ဟု သူဌေးဦးမြို့က ပြန်၍ပြောရင်း မျက်ရည်များ ရစ်ဝိုင်းလာလေတော့၏။

ထို့နောက် ကိုပိုကာဘက်သို့ လှည့်ကာ...

''မောင်ပိုကာရေ...၊ အဲဒီ ဗေဒင်လက္ခဏာ ဆရာဦးဗိုက်ပူကြီးဆီမှာ အန်ကယ့်အနေနဲ့ တစ်ခါလောက်တော့ လက္ခဏာ ထပ်ကြည့်ချင်သေးတယ်''ဟု ဦးမြို့က ပြောလျှင် ကိုပိုကာက...

''ကြည့်စရာမလိုပါဘူး အန်ကယ်ရယ်၊ ဒီအိမ်ဆောက်တုန်းကသူပဲ ပန္နက်ရိုက်တာ၊ သူပဲ အခါပေးတာ၊ အဲဒီအခါကိုကြည့်ပြီး တော့ ဗေဒင်စကားတွေပြောတာကျွန်တော်တော့ နားမလည်ပါဘူး။ ဒီအိမ် မှာ နေတဲ့လူဟာ ဆုံးရှုံးသွားတဲ့ ဥစ္စာပစ္စည်းတွေမှချပြန်ရမယ်လို့ အဟောထုတ်ထားတာရှိတယ်''ဟု ပြောလေ၏။ ထိုအခါ မိမိကြီးက...

''ဦးဗိုက်ပူကြီးကတော့ ဟောတာပေါ့လေ၊ ဒါပေမယ့် ကျွန်မအနေနဲ့ကတော့ အဲဒါတွေ ပြန်ရဖို့လမ်းစတောင် မမြင်ပါဘူးရှင်...''ဟု ဝင်၍ ပြောလေ၏။

''ဒေါ်မိမိကြီးရယ်...၊ ခင်ဗျားဟာ ခင်ဗျားလမ်းစမြင်မြင် မမြင်မြင် ဒီလူကြီးပြောတာက မှန်လိမ့်မယ်ဗျို့၊ ကျုပ်လေ သူ့အကြောင်းကြားဖူးတယ်၊ ဒီလူကြီးဟာ တကယ့်ကိန်းကြီးခန်းကြီးတွေ တတ်တာမဟုတ်ဘူးတဲ့၊ သူတို့ ပညာရှင်အချင်းချင်း ပြောတဲ့စကားပါ၊ သုံးတန်းပေါ်နိစ် ကိန်းဂဏန်းလောက်၊ ဂဏန်းဗေဒင်လောက်နဲ့


BURMESE CLASSIC .com

ဟောတာတဲ့၊ လက်ခွဏာဆိုတာကလည်း ကျကျနန သုတေသနတွေ ဘာတွေလုပ်ပြီးဟောတာမဟုတ်ဘူးတဲ့၊ ကိုင်ရိုဘာသာပြန် စာအုပ်နှစ် အုပ်လောက်ဝယ်ဖတ်ပြီး လက်ခွဏာဆရာ လုပ်နေတာတဲ့၊ ဒါပေမယ့် ဟောရင်တော့ အလွန်မှန်တယ်တဲ့၊ ယတြာတွေ၊ ဓာတ်ရိုက်ဓာတ် ဆင်တွေလည်း အကျအနဆရာနဲ့သင်ဖူးတာ မဟုတ်ဘူးတဲ့ အင်္ဂဝိဇ္ဇာ ကျမ်းလေးဖတ်၊ ဓာတ်ရိုက်ဓာတ်ဆင် ငါဘုရင်ဆိုတဲ့ စာအုပ်လေး ဖတ်ပြီးလုပ်ပေးနေတာတဲ့၊ ဒါပေမယ့် သူပေးတဲ့ယတြာတွေ၊ ဓာတ် ရိုက်ဓာတ်ဆင်တွေကတော့ အတော်လေး ထိရောက်တယ်တဲ့၊ သူတို့ ဆရာအချင်းချင်း ပြောတာကတော့ ဒီလူကြီးဟာ ထိပ်တန်းတက် မဟုတ်ဘူးတဲ့၊ ကံကောင်းတာတဲ့၊ အဲဒီတော့ ဒေါ်မိမိကြီးရယ် သူပြော တာမှန်မှာပါ၊ မှန်ပြီဆိုရင်တော့ ဒေါ်မိမိကြီးတို့ မိသားစုအတွက် ပျော်စရာအကောင်းဆုံးပေါ့ . . .''ဟု ကိုပိုကာက စိတ်ရှည်လက် ရှည်ပြောပြလေ၏။ ကိုပိုကာသည် သူဌေးဦးမြို့တို့၏ ပစ္စည်းများ ကိုအိမ်ပေါ်သို့တင်၍ နေရာထိုင်ခင်းများ ချပေးလေ၏။ သူဌေးဦးမြို့ သည်အိမ်ပေါ်သို့ရောက်လျှင် သမီးဖြစ်သူ မိမိကြီးအားတွဲ၍ အိမ်ကို ဝရံတာမှလှည့်ပတ်ကြည့်ရှုလေ၏။ ထို့အတူ အိမ်ဝရံတာမှနေ၍ အပြင် သို့ကြည့်ရှုလေ၏။ ထို့နောက် သူဌေး ဦးမြို့က, . . .

''ပေဒင်လက္ခဏာဆရာ ဦးမိုက်ပူကြီးက အတော့်ကို စိတ်ကူးကောင်းတာပဲ၊ ဟောဒီ သူဆောက်ထားတဲ့ အိမ်ကလေးမှာ နေရတာ အန်ကယ်ဖြင့် စိတ်ချမ်းသာလိုက်တာ. . .''ဟု ပြောလေ၏။

''အိမ်သာနဲ့ ရေချိုးခန်းလည်း အပေါ်မှာ လုပ်ထားတယ်၊ ညဘက်ကျရင် အောက်ဆင်းစရာ မလိုဘူး. . .''ဟု မိမိကြီးက ပြော


BURMESE CLASSIC .com

www.burmeseclassic.com


လေ၏။

"အဲဒီ စိတ်ကူးလည်း ဦးဗိုက်ပူကြီးက အလွန်ကောင်းတာပဲ၊ ညဘက်အောက် မဆင်းရဘူးဆိုတော့ အန္တရာယ် ကင်းတာပေါ့၊ ပြီးတော့ ဖေဖေ့လို လူမမာတစ်ယောက်အဖို့လည်း တက်ရဆင်းရတာ မလွယ်ဘူးလေ. . ."ဟု ဦးမြို့ကပြောလေ၏။

ကိုပိုကာသည် မိမိကြီးအား မီးခလုတ်များ၊ ရေတင်သောခလုတ်များကို ပြသပြီးနောက် ထိုခြံမှထွက်ခဲ့လေ၏။ ထိုသို့ပြန်ခဲ့ပြီးနောက် မအောင်ရင်၏ ထမင်းဆိုင်သို့ သွားလေ၏။ မအောင်ရင်က ကိုပိုကာအား တွေ့လျှင်တွေ့ချင်း. . .

"ဘယ်လိုလဲ ကိုပိုကာ၊ သူဌေးဦးမြို့တို့ကို ခြံထဲက အိမ်မှာနေရာချပေးခဲ့ပြီလား. . ."ဟု မေးလေ၏။

"နေရာချပေးခဲ့ပါတယ် မအောင်ရင်၊ ဦးမြို့က အိမ်ကလေးကို ကြိုက်လွန်းလို့ အဘဦးဗိုက်ပူကြီးကို ချီးမွမ်းလိုက်တာ မပြောပါနဲ့တော့"ဟု ကိုပိုကာက ပြောလျှင် မအောင်ရင်က ပြုံးလေ၏။ ထိုအချိန်၌မှာပင် အဘိုးကြီးသည် ထမင်းစားရန်အတွက် ဆိုင်သို့ရောက်လာလေ၏။ ထိုအခါ မအောင်ရင်က ကိုပိုကာသည် သူဌေးကြီးဦးမြို့တို့မိသားစုအား မရမ်းတလင်းခြံထဲရှိ အိမ်တွင် နေရာချထားပေးပြီးဖြစ်ကြောင်း၊ ထိုခြံနှင့်အိမ်ကို အဘိုးကြီးပိုင် ခြံနှင့်အိမ်ဟူ၍ လိမ်ပြောထားရကြောင်း၊ ရှင်းပြလေ၏။ ထိုအခါ အဘိုးကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်၏။

"ကျုပ် . . .ဗေဒင်လက္ခဏာဆရာ ဖြစ်ကာစမှာ အဲဒီ သူဌေးဦးမြို့ရဲ့ လက္ခဏာကို ကြည့်ဖူးပါတယ်။ ချမ်းသာကြွယ်ဝနေရာ


BURMESE CLASSIC .com

ကနေ ကုန်းကောက်စရာမရှိလောက်အောင် မွဲသွားလိမ့်မယ်လို့ ဟောဖူးပါတယ်။ အတော့်ကို ချမ်းသာတဲ့လူကိုး၊ အခုလို တောကြီးမျက်မည်းထဲက သူများခြံမှာလာပြီး မှီခိုကပ်နေရတဲ့ဘဝဟာ အတော့်ကို သနားဖို့ကောင်းတယ်။ အထည်ကြီးပျက်ဆိုတာ ဒါမျိုးကိုပြောတာ၊ နဂိုကတည်းက ဆင်းရဲတဲ့လူက ဘာမှမဖြစ်ဘူး။ အထည်ကြီးဖြစ်ပြီးမှ ပျက်သွားရတဲ့သူကတော့ အတော့်ကို မနေတတ်၊ မထိုင်တတ်ဖြစ်နေမှာ. . .'' ဟု အဘိုးကြီးက ဖြည်းဖြည်းချင်း ပြောလေ၏။ ကိုပိုကာကလည်း

''ဟုတ်ပါတယ် . . . အဘ၊ မအောင်ရင်သာ မကယ်ဘူးဆိုရင် သူတို့ဘဝဟာ မတွေးဝံ့စရာပါပဲ၊ ဦးမြို့ရဲ့သားငယ် ကိုထွေးဆိုတာရှိတယ်၊ သူကလည်း မလေးရှားကို သွားအလုပ်လုပ်တယ်ဆိုပြီး အဆက်အသွယ်လည်းမရဘူး။ ဒီမှာသူ့မိသားစု ဘာတွေဖြစ်နေတယ်ဆိုတာလည်းမသိဘူး။ မိမိကြီးနဲ့ ကိုထွေးကြားထဲက မိမိလတ်ဆိုတဲ့ သမီးတစ်ယောက် ကတော့ ပင်လယ်ကမ်းခြေတစ်ခုမှာ ပျော်ပွဲစားထွက်ရင်း ရေနစ်ပြီး ဆုံးသွားရှာတယ်။ အခုကျန်တာက ဦးမြို့ရယ်၊ ဒေါ်ခင်မမရယ်၊ သမီးအကြီး မိမိကြီးရယ် ဒါပဲကျန်တာ၊ သူတို့ ချမ်းသာတုန်းကတော့ ဆွေမျိုးဆိုတာ မနည်းဘူးပေါ့၊ အခုလို မွဲသွားတော့ တစ်ယောက်မှ ပေါ်မလာကြတော့ဘူး၊ သူတို့ဘက်က စဉ်းစားကြည့်ရင် အတော့်ဝမ်းနည်းဖို့ကောင်းတာ . . .''ဟု ပြောလေ၏။ ထိုအခါ မအောင်ရင်က. . .

''နေပါဦး ကိုပိုကာရဲ့ . . .၊ ဒေါ်ခင်မမတို့ရဲ့ တူကလေး မိုက်ကယ်ဆိုတဲ့ ကောင်လေးကောရှိသေးလား. . .''ဟု မေးလိုက်လေ၏။ ထိုအခါ ကိုပိုကာက. . .


BURMESE CLASSIC .com

"သိတယ် . . . သိတယ်၊ ခင်ဗျားမေးတဲ့ မိုက်ကယ်ကိုသိတယ်၊ တစ်ခါက ခင်ဗျား အဲဒီကောင်လေးကိုတောင် ရိုက်ဖူးသေးတယ်လေ၊ အဲဒီလိုရိုက်တဲ့အတွက် မိမိကြီးနဲ့တောင် ပြဿနာတက်ကြသေးတယ် မဟုတ်လား၊ အဲဒီကောင်လေးဟာ လူဆိုးလေးဖြစ်သွားပြီး၊ အခုထောင်ထဲမှာ . . ."ဟု ပြောလေ၏။

"ဒါနဲ့ ကိုပိုကာရဲ့ . . .၊ သူဌေးဦးမြို့တို့ ခြံဘေးက ဆပ်ပြာစက်သူဌေး ဦးမြခင်ကိုရော သိသလား . . ."ဟု မအောင်ရင်က မေးလိုက်ရာ ကိုပိုကာက . . .

"သိပါတယ် မအောင်ရင်၊ သူတို့လည်း အဲဒီမှာမရှိကြတော့ဘူး၊ အိမ်တွေရော၊ စက်ရုံတွေရော ရောင်းပြီး ပြင်ဦးလွင်ကို ပြောင်းသွားကြပြီ၊ ဦးမြခင်ကြီးလည်း အလုပ်မလုပ်တော့ဘူး၊ သူ့သား မောင်ကွန့်လေးအကြောင်း ခင်ဗျားသိချင်တာ မဟုတ်လား၊ မိုက်ကယ်နဲ့ ရန်ဖြစ်တဲ့ ကောင်လေးလေ . . ." ဟု ကိုပိုကာက ပြော လိုက်လျှင် မအောင်ရင်က–

"ဟုတ်တယ် . . . ဟုတ်တယ်၊ မောင်ကွန့် မောင်ကွန့် အဲဒီကလေးကော ဘယ်ရောက်သွားပြီလဲ . . ."ဟု မေးလိုက်လေ၏။

"မောင်ကွန့်ကလေးက စစ်တက္ကသိုလ်တက်ပြီး ကျောင်းဆင်း သွားပြီ၊ သူ့အဖေ ဦးမြခင်ကြီးကတော့ ပြင်ဦးလွင်က ရိပ်သာတစ်ခုမှာ တရားအားထုတ်နေတယ်၊ ဦးမြခင်ရဲ့ မိန်းမကြီးကတော့ ဘုရားဖူးသွားရင်း၊ ကားမှောက်လို့ ခြေထောက်ကျိုးသွားရှာတယ်၊ အခုတော့ ချိုင်းထောက်ကြီးနဲ့ လျှောက်နေရရှာတယ်၊ အဘွားကြီးနာမည်က ဒေါ်လှရင်တဲ့ လူကြုံတိုင်း ခင်ဗျားအကြောင်းကိုမေးနေလေရဲ့၊


BURMESE CLASSIC .com

ဒုက္ခရောက်ရင်လည်း သူတို့ဆီလာဖို့ မှာလိုက်တယ် . . .''ဟု ကိုပိုကာက ပြောလိုက်လေ၏။ အဘိုးကြီးသည် ထမင်းစားပြီးသွားပြီ ဖြစ်၏။ထို့ကြောင့် ထန်းလျက်ဖြူဆုပ်ကို မြည်း၍ ရေနွေးကြမ်းသောက် နေလေ၏။ ထို့နောက် အဘိုးကြီးက. . .

''မအောင်ရင်ရဲ့ နောက်နောင်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကိုတော့ မဒွေးဖြူတို့၊ သန်းသန်းတို့၊ စိန်ဝင်းမောင်တို့၊ မြတ်လှတို့ဆီက ဟိုတစ်စ၊ သည်တစ်စဆိုသလို ကြားပြီးနေပါပြီ၊ ကျုပ်ကလည်း စပ်စုတာကိုး၊ အတော့်ကို ဝတ္ထုဆန်တဲ့ အဖြစ်အပျက်ပဲ၊ အဲဒီဝတ္ထုဆန်တဲ့အဖြစ် အပျက်မှာအဓိက ဇာတ်ဆောင်က နှစ်ယောက်ဖြစ်နေတယ်၊ တစ်ယောက်က မိမိကြီး၊ တစ်ယောက်က မအောင်ရင်၊ ဒါပေမယ့် ဇာတ်သဘောအရ အပြိုင်ဖြစ်ပေမယ့် မအောင်ရင်က မိမိကြီးထက် အဖိုးတန်ပါတယ် . . .''ဟု လေးလေးနက်နက် ပြောလိုက်လေ၏။

**''ကျွန်မကတော့ ဒီလိုမထင်ဘူး အဘရေ၊ လူတစ်ယောက်ဟာနှင်းဆီပင်ကို ကြည့်ပြီး နှင်းဆီပန်းက ကောင်းတယ်၊ နှင်းဆီဆူးက ဆိုးတယ်လို့ ပြောနေတာ၊ အမှန်ကတော့ နှင်းဆီပန်းလည်း ဆိုးတာမဟုတ်ဘူး၊ နှင်းဆီပွင့်လည်းကောင်းတာမဟုတ်ဘူး၊ နှင်းဆီပင်ကိုကြည့်ပြီး နှင်းဆီပွင့်နဲ့ဆူးကို ဆုံးဖြတ်တန်ဖိုးပေးနေတဲ့လူဟာ ကမ္ဘာမြေကြီးပေါ်က ပျောက်ချင်ပျောက်သွားမယ်၊ နှင်းဆီပန်းနဲ့ နှင်းဆီဆူးကတော့ ကမ္ဘာပေါ်မှာ ရှိနေဦးမှာပဲ၊ အမှန်ကတော့ နှင်းဆီပန်းဟာ နှင်းဆီဆူးထက်ပိုပြီး ကောင်းတာလည်းမဟုတ်ဘူး၊ နှင်းဆီဆူးဟာလည်း နှင်းဆီပန်း**


BURMESE CLASSIC .com

www.burmeseclassic.com


ထက်ပိုပြီးဆိုးတာလည်းမဟုတ်ပါဘူး။ ကျွန်မတို့ဘေးကနေ နှင်းဆီပင်ကိုမြင်ရတဲ့လူတွေက နှင်းဆီပွင့်နဲ့ ဆူးကို တသီးတခြားစီဖွဲ့ပြီး တန်ဖိုးသတ်မှတ်နေကြတာပါ။ တကယ်က အဲဒီလို တန်ဖိုးသတ်မှတ်လို့မရပါဘူး။ အခုလည်း မအောင်ရင်ရဲ့ အဖြစ်အပျက်မှာ မအောင်ရင်က ကောင်းတယ်၊ မိမိကြီးက ဆိုးတယ်ဆိုတာက ဒီဇာတ်လမ်းရဲ့ အပြင်ဘက်ကလူတွေရဲ့ ကန့်သတ်ချက်ပါ၊ အမှန်က မအောင်ရင်နဲ့ မိမိကြီးဟာ နှင်းဆီပွင့်နဲ့ နှင်းဆီဆူးလိုပါပဲ၊ ခြားနားမှုရယ်လို့ ကျွန်မဖြင့် မတွေ့ပါဘူး။ မအောင်ရင် ပြောချင်တာကတော့ ဒါပါပဲ . . .''ဟု ပြောလိုက်လျှင် အဘိုးကြီးသည် ယောင်ယမ်း၍

''ဗျို့ . . .''ဟု ရေရွတ်လိုက်လေတော့သတည်း။

◆

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၆ )

## မိန်းမငါးယောက်အတွက် ရွှေတစ်ဆယ်သားလျော်လိုက်ရခြင်း

ကိုပိုကာသည် မရမ်းတလင်းခြံအတွင်းရှိ ဦးမြို့ထံသို့ မှန်မှန်ရောက်ရှိလေ၏။

မအောင်ရင်ကလည်း ကိုပိုကာအား ဦးမြို့အတွက် ဒေါက်တာ အောင်သက်တင်ကိုပင့်၍ ကုသပေးရန်ပြောလေ၏။ စရိတ်စကကို မအောင်ရင်ကခံလေ၏။ ဦးမြို့တို့အနေနှင့် ကိုပိုကာ၏ စရိတ်နှင့် ကုသနေသည်ဟု မှတ်ထင်စေခဲ့၏။ ဦးမြို့မှာ ပြန်လည်နာလန်ထလာပြီဖြစ်၏။ အစပထမတွင် ဝရံတာတွင် လမ်းလျှောက်နေရသော်လည်း ယခုအခါတွင် ခြံတွင်းသို့ ဆင်း၍လမ်းလျှောက်နိုင်ပြီဖြစ်၏။ ကိုပိုကာနှင့် မအောင်ရင် တွေ့သောအခါ၌ ကိုပိုကာက

BURMESE CLASSIC .com

မအောင်ရင်အား ...

"မအောင်ရင်ရေ ...၊ ဦးမြို့ကြီးကတော့ နာလန်ကောင်း ကောင်းထပြီ၊ ခြံထဲဆင်းပြီး လမ်းတွေ ဘာတွေလျှောက်နေပြီ..." ဟုပြောလိုက်ရာ မအောင်ရင်က

"ဒီလို နာလန်ထစမှာ ဆေးဝါးထက် အစာက ပိုပြီးအရေး ကြီးတယ် ကိုပိုကာရဲ့၊ ဒီအချိန်မှာ ခံတွင်းတွေ့မယ့် အစာလေးတွေ စားလိုက်ရရင် တစ်ခါတည်း လူကောင်းပြန်ပြီးဖြစ်သွားမယ်၊ မိမိကြီး ကထမင်းဟင်း ကောင်းကောင်းချက်တတ်တာမှ မဟုတ်ဘဲ၊ အဲဒီ တော့ ကျွန်မတို့က ထမင်းဟင်းပို့မယ်၊ ပို့တဲ့အခါမှာလည်း ကျွန်မ အနေနဲ့ပို့ရင် စားမှာမဟုတ်ဘူး၊ အဲဒီတော့ အဘက ထမင်းချက်၊ ဟင်း ချက်ဝါသနာပါတယ်၊ လူမမာ ခံတွင်း တွေ့အောင် အဘကချက်ပြီး ပို့တာလို့ လိမ့်ပြီးပြောထားမယ်၊ မကောင်းဘူးလား..." ဟု ပြန်၍ ပြောလေ၏။ ကိုပိုကာကလည်း ထိုအကြံအစည်ကို သဘောတူ၏။ ထို့ကြောင့် အဘိုးကြီးလာသောအခါ၌ ထိုအကြောင်းကို ပြောပြရာ အဘိုးကြီးက ရယ်လေ၏။ ဤသို့ ၎င်း၏နာမည်ကို သုံးထားခြင်း အတွက်လည်း ကန့်ကွက်ရန်မရှိကြောင်း အဘိုးကြီးက ပြောလေ၏။ ထို့ကြောင့် မအောင်ရင်သည် ထမင်းဟင်းလျာများစီမံ၍ ဦးမြို့တို့ ထံပို့ပေးလေ၏။ ထမင်းချိုင့်ကိုမူ ရဲကျော်သူဆိုသော သူငယ်လေးက လာ၍ယူရ၏။ ရဲကျော်သူကိုလည်း ဗေဒင်လက္ခဏာဆရာကြီး ဦးဗိုက်ပူထံ မှ ထမင်းဟင်းလျာများ ယူကြောင်း ပြောပြထားလေ၏။ ပထမနေ့ ထမင်း ပို့ရာတွင်မူ ရဲကျော်သူကို အသုံးမပြုဘဲ ကိုပိုကာ ကိုယ်တိုင်ပို့လေ၏။

"အန်ကယ်ရေ ... ဟိုဗေဒင် လက္ခဏာ ဆရာကြီး ဦးဗိုက်ပူ


BURMESE CLASSIC .com

ကြီးက အနံကယ်နေကောင်းပြီး နာလန်ထတယ်ကြားလို့ အတော်ပဲ ဝမ်းသာနေတယ်၊ အခုလို နာလန်ထစမှာ ခံတွင်းတွေ့မယ့် အစားအသောက် ကလေးတွေ ချက်ကျွေးချင်လို့ပါဆိုလို့ အဲဒါ ကျွန်တော် ယူခဲ့တယ် . . .''ဟု ကိုပိုကာကပြော၍ ကျောက်ကာဖြင့် ပြုလုပ်ထားသော ငါးဆင့်ချိုင့်ကြီးကို ဦးမြို့၏ ရှေ့သို့ချထားပေးလိုက်ရာ ဦးမြို့က

''ပေဒင်လက္ခဏာဆရာ ဦးပိုက်ပူကြီးက တယ်လည်းစေတနာကောင်းပါလား . . .၊ မုန့်စမ်း၊ ဘာတွေများပါလိမ့် . . .'' ဟုဆိုကာ ဖွင့်၍ကြည့်လေ၏။

''ဟောဒါက ကြက်သားဟင်းပါလား၊ မဆလာနံ့ကို သင်းနေတာပဲ၊ ဟောဒါက ကင်ပွန်းရွက်ချဉ်ရေဟင်း၊ ဟောဒါက ငါးပိထောင်း၊ ဟောဒါက တို့စရာတွေ၊ ဟောဒါက ပန်ထရီကြော် . . .''ဟု ဟင်းများကို တစ်ခုချင်းလိုက်၍ ပြောနေ၏။

''ကားပေါ်မှာ ထမင်းအုပ် ကျန်သေးတယ်၊ ကျွန်တော်ယူလာခဲ့မယ်၊ ထမင်းစားပြီး စားဖို့လည်း ပူတင်းဖုတ်ပေးလိုက်သေးတယ် . . .'' ဟု ကိုပိုကာက ပြောဆိုကာ ထမင်းအုပ်နှင့် ပူတင်းပန်းကန်ကိုယူပေးလေ၏။

ဦးမြို့မိသားစုသည် ထမင်းစားကြလေ၏။ ဦးမြို့ကမူ ထမင်းစား၍ လွန်စွာမြိန်ကြောင်း ကိုပိုကာကို ပြောလေ၏။ ထမင်းစားပြီးသောအခါ၌လည်း ပူတင်းနှင့် ရေနွေးကြမ်းကို စားသောက်လေ၏။ မိမိကြီးနှင့် ဒေါ်ခင်မမလည်း ထမင်းနှင့်ဟင်းကို ချီးကျူးကြလေ၏။ စား၍ကောင်းကြောင်းလည်း ဝန်ခံကြလေ၏။

ထိုအချိန်မှစ၍ မအောင်ရင်၏ ထမင်းဆိုင်မှ ကျောက်ကာ


BURMESE CLASSIC .com

www.burmeseclassic.com


ထမင်းချိုင့်ကြီးနှင့် ထမင်းအုပ်ကြီးသည် ဗေဒင်ဆရာဦး မိုက်ပုကြီး ၏ ထမင်းချိုင့်အဖြစ် မရမ်းတလင်းတောရှိ ဦးမြို့တို့မိသားစုနေထိုင်ရာ ခြေတံရှည်အိမ်ကလေးသို့ မှန်မှန်ရောက်နေလေတော့၏။

မအောင်ရင်သည် ၎င်း၏လုပ်ရပ်များအတွက် ကျေနပ်လျက် ရှိလေ၏။ ထိုအချိန်၌ ဆိုင်တွင်းသို့ ဒရိုင်ဘာသန်းမောင် ဝင်လာလေ ၏။ သန်းမောင်ကိုမြင်လျှင် မအောင်ရင်က . . .

''အလို့သန်းမောင်ပါလား၊ ငါ့ဆီကိုလာလည်တာလား . . .'' ဟု ပြုံးပြုံးရွှင်ရွှင်နှင့် ဝင်မေးလိုက်၏။

''ဒီလို . . . မအောင်ရင်ရဲ့ . . .၊ သန်းသန်းနဲ့ ကျုပ်နဲ့က ကွဲ သေးတာမဟုတ်ဘူးလေ၊ သန်းသန်းကို စိန်ဝင်းမောင်က ယူလိုက်တယ် ဆိုတော့ ကျုပ်က ဒီအတိုင်း ကြည့်နေလို့မရဘူး၊ ဒီကောင့်ကို မယား ခိုးမှုနဲ့ ထောင်ထဲ ထည့်ရမယ် . . .'' ဟု ဒေါနှင့်မောနှင့်ပြောလေ၏။

''ဒီမှာ သန်းမောင်၊ သန်းသန်းကို နင် ပေါင်းတာလည်း မဟုတ်ဘူး၊ ပစ်ထားခဲ့တယ်၊ ကုလားမကို နင်ခိုးပြေးသွားတယ်၊ အဲဒီ တော့ သန်းသန်းက နောက်ယောကျ်ားယူတယ်၊ ယူတဲ့ယောကျ်ားကို နင်က မယားခိုးမှုစွဲမယ်ဟုတ်လား၊ တရားသဖြင့်လုပ်ပါ သန်းမောင်ရယ်၊ သန်းသန်းနောက်ယူတဲ့ စိန်ဝင်းမောင်ဆိုတာလည်း တခြားလူမှ မဟုတ် ဘဲ . . .၊ တို့ရဲ့သားသမီး လိုနေတဲ့ကောင်လေး . . .၊ အဲဒီတော့ ရှင်းရှင်း မေးမယ်ဟယ် . . .၊ စိန်ဝင်းမောင်ကို ပြဿနာမလုပ်ပါနဲ့၊ သန်းသန်း ကို ကွာစာလက်မှတ်ထိုးပေးပါ၊ အဲဒီအတွက် နင် ဘယ်လောက်ရရင် ကျေနပ်မလဲ . . .'' ဟု မအောင်ရင်က မေးပြီးနောက် မအောင်ရင် သည် သန်းမောင်၏မျက်နှာကို အကဲခတ်သလိုကြည့်လိုက်လေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


သန်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ နှုတ်ခမ်းဖျားတွင် ဟန်ပါပါတေ့လိုက်ပြီး မီးညှိကာ ရှိုက်ဖွာလိုက်၏။ မီးခိုးများကို ဝှူးခနဲ မှုတ်ထုတ်လိုက်၏။ ထို့နောက်မှ...

"လျော်ကြေးပေးမှာက စိန်ဝင်းမောင်ပေးမှာမှ မဟုတ်ဘဲ၊ မအောင်ရှင်ကပေးမှာ...၊ ကျုပ်အနေနဲ့ ဘယ်ပြောထွက်ပါ့မလဲ..." ဟု သန်းမောင်က ပြန်ပြောလေ၏။ ထိုအခါ မအောင်ရှင်က

"နင့်အနေနဲ့ ပြောမထွက်လည်း ငါပဲပြောပါ့မယ်၊ ဟောဟို မုန့်ပုံးထဲက ရွှေထည် လက်ဝတ်လက်စားတွေ အားလုံးဟာ တစ်ဆယ် သားရှိတယ်၊ အဲဒီ့ တစ်ဆယ်သား နင်အကုန်ယူသွား၊ လက်မှတ်ထိုး ပေး..." ဟု ပြောဆိုကာ ရွှေမုန့်ပုံးကို ယူခိုင်းပြီးလျှင် ရွှေထည်ပစ္စည်း များအားထုတ်၍ သန်းမောင်အား ချိန်တွယ်ပြလေ၏။ ထိုသို့ ချိန် တွယ်လိုက်သောအခါ တစ်ဆယ်သားကျော်ကျော်ခန့်ရှိ၏။ မအောင်ရှင် သည် နို့မှုန့်ဗူးအလွတ်တစ်လုံးကိုထုတ်၍-

"အဲဒီအထဲထည့်၊ ရုံးသွားပြီး ကွာရှင်းပြတ်စဲကြောင်း လက် မှတ်ထိုးပေး၊ အဲဒါ နင်ယူသွား..."ဟု ပြောလိုက်လေ၏။ သန်းမောင် ကလည်း သန်းသန်းကို ရုံးသို့ ခေါ်သွားပြီးလျှင် ကွာရှင်းပြတ်စဲကြောင်း အမှုကို ပြုလုပ်ရလေ၏။ သန်းမောင်သည် ကွာရှင်းပြတ် စဲပြီးသောအခါ ၌ မအောင်ရှင်၏ဆိုင်သို့ ပြန်မလာတော့ဘဲ ရုံးမှပင်ထွက်သွားလေ ၏။ သန်းသန်းသည် ဆိုင်သို့ ရောက်သောအခါ၌-

"မအောင်ရှင်ရယ် သူက သက်သက်လာပြီး ညစ်တာ၊ ရွှေ တစ်ဆယ်သားတောင်ပေးတာ၊ မများဘူးလား . . ."ဟူ၍ပြောလေ ၏။ ထိုအခါ မအောင်ရှင်က


BURMESE CLASSIC .com

"မများပါဘူး၊ သန်းမောင် ဒီလိုလာပြီးလုပ်မယ်ဆိုတာ ငါသ တင်းကြားနေတာ တစ်လလောက်ရှိပြီ၊ သန်းသန်းတို့ ဆိုင်နားက ဈေးကြမ်းပိုး ဂေါ်ဒရားဆိုတဲ့ကောင်လေး ငါ့ကို လာပြောတယ်လေ..." ဟု ပြောလေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ဆယ်ရက်ခန့်ကြာ သောအခါ၌ မကုလားမသည် မအောင်ရင်၏ ဆိုင်သို့ ရောက်လာလေ ၏။ မကုလားမသည် မအောင်ရင်ကို မြင်လျှင်မြင်ချင်းပြေး၍ဖက် ကာ ရှိုက်ကြီးတငင်ငိုကြွေးလေ၏။ မအောင်ရင်က ချော့မော့လေ ၏။ ထိုအခါ၌ မကုလားမက–

"သန်းမောင်လေ . . . သန်းမောင်၊ မအောင်ရင်က ရွှေတစ် ဆယ်သားလည်း လျော်ပေးလိုက်ရော ကျွန်မဆီ ပြန်မလာတော့ဘူး၊ ကားဂိတ်က ကွမ်းယာရောင်းတဲ့ ကောင်မလေးကို မ,ချသွားလေရဲ့၊ အဲဒီ ရွှေတစ်ဆယ်သား အထုပ်လိုက်ကို ကောင်မလေးကို ပေးလိုက် သတဲ့ . . ." ဟု ပြောကာငိုလေ၏။ ထို့နောက် မကုလားမသည် သန်းသန်းကို အနူးညွတ်တောင်းပန်လေ၏။ ထိုအခါ သန်းသန်းက–

"ကုလားမရယ် ...နင့်ကို ငါ အပြစ်မမြင်ပါဘူး၊ သန်းမောင် ဆိုတဲ့ကောင် လှည့်စားတာ နင်ခံရတာပဲ၊ တို့တွေဟာ ညီအစ်မတွေပဲ ဟာ၊ ပြီးတာတွေ မပြောပါနဲ့တော့ ကောင်မရယ်..." ဟု ဖျောင်းဖျ ရှာလေ၏။

မကုလားမရောက်ပြီး သုံးရက်ခန့်ကြာသောအခါ၌ ဈေးမှ ကုလားလေးဂေါ်ဒရား မအောင်ရင်ဆိုင်သို့ ရောက်လာလေ၏။

"ကိုသန်းမောင်တစ်ယောက် ရွှေအတုကို လိမ်ပြီးပေါင်မှုနဲ့


BURMESE CLASSIC .com

www.burmeseclassic.com


အချုပ်ထဲကိုရောက်သွားပြီ၊ သူက မအူကုန်းဘက်က အပေါင်ဆိုင်မှာ သွားပေါင်တာ၊ ရွှေအတုဂိုဏ်းပေါ်နေလို့ ရဲကစောင့်နေတာ၊ ကျန်စစ် လက်ကောက် နှစ်ကွင်းပေါင်တာ၊ အပေါင်ဆိုင်ကရာဖြတ်က ကတ်ကြေး နဲ့ ညှပ်ကြည့်တော့ ရွှေကပါးပါး လေးစွပ်ထားတာ၊ အထဲမှာ ကြေး ချောင်းကြီး၊ သူ့ကို ဖမ်းပြီး သူ့အိမ်တက်ရှာတော့ အဲဒီလိုပစ္စည်းမျိုး တစ်ဆယ်သားလောက်တွေ့တယ်ဆိုပဲ၊ သူယူထားတဲ့ မိန်းမလည်း ငိုပြီးအိမ်ပြန်သွားပြီ'' ဟု ပြောလေ၏။ အနီးတွင်ထိုင်နေသော ကိုပိုကာသည် ပြုံးလိုက်လေ၏။ ထိုအခါ၌ ကုလားလေး ဂေါ်ဒရားက–

''သူ့ကို ကျွန်တော် အချုပ်မှာ သွားတွေ့တယ်၊ ဒီအမှုနဲ့ သူ ဟာ ထောင်ကျမှာပဲတဲ့၊ ထောင်က လွတ်လာရင် မအောင်ရင်ကို သတ် မယ်တဲ့၊ အဲဒါလာပြီး သတိပေးတာ...''ဟု ပြောလေ၏။ မအောင်ရင် သည် ထိုကုလားလေးအား–

''ဒီလိုလာပြီး သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ရော့... ရော့ ... မင်းသုံးဖို့ ...'' ဟုဆိုကာ တစ်ရာတန်တစ်ရွက်ကို ထုတ်၍ ပေးလိုက်၏။

''နေပါဦး . . . ဂေါ်ဒရားရဲ့၊ သန်းမောင်ကို ထောင်ကြီးချုပ် မပို့သေးဘူး မဟုတ်လား၊ ခု ဂါတ်ချုပ်မှာပဲမို့လား . . .'' ဟု ပြော လိုက်လျှင်–

''သနားပါတယ်...ဩော်... နေဦး... နေဦး၊ ပြည်ကလာ တဲ့ ယောမင်းဦးဆိုတဲ့ ကောင်လေးငါ့ကို စွန်ပလွန်ယိုတစ်ထုပ် လက် ဆောင်ပေးသွားတယ်၊ သန်းမောင်က စွန်ပလွန်ယို သိပ်ကြိုက်တာ၊ ပေးလိုက်ပါကွယ်၊ အချုပ်ထဲမှာ စားရတာပေါ့''ဟု ဆိုကာ မအောင်ရင်


BURMESE CLASSIC .com

www.burmeseclassic.com


သည် ၎င်းကိုယ်တိုင် အိမ်ပေါ်သို့တက်၍ ၄က်ပျောရွက်နှင့် ထုပ်ထားသော စွန်ပလွန်ယိုထုပ်ကို ကုလားလေးအားပေးလိုက်လေ၏။ ကုလားလေးလည်း နှုတ်ဆက်၍ ပြန်သွားလေတော့၏။ ထိုသို့ပြန်သွားပြီးနောက်တစ်နေ့ ညနေတွင် ကုလားလေးသည် မအောင်ရင်၏ဆိုင်သို့ တစ်ခေါက်ပြန်၍ ရောက်လာပြန်လေ၏။

“ကိုသန်းမောင် တာမွေဂါတ်မှာ မရှိတော့ဘူး၊ မနေ့ညက ဆေးရုံပို့လိုက်ရတယ်၊ ဝမ်းတွေတအားသွားလို့ ဆေးရုံကြီး ဂါတ်ဝမှာတက်ပြီး ဆေးကုနေရတယ်၊ သူကတော့ ဝမ်းရောဂါဖြစ်တာ မဟုတ်ဘူးတဲ့၊ မအောင်ရင်ပေးလိုက်တဲ့ စွန်ပလွန်ယိုစားပြီးမှ အဲဒီလို ဖြစ်တာတဲ့ ...’ ကုလားလေးကပြောလျှင် အနီးတွင်ရှိသော ကိုပိုကာသည် ပြုံးလေ၏။ ထိုသို့ပြုံးပြီးနောက်–

“မအောင်ရင်ရဲ့ စွန်ပလွန်ယိုကို မသင်္ကာရင် ဓာတုဗေဒပို့ကြည့်ပေါ့ ...” ဟု ပြောလိုက်ရာ ကုလားလေးက–

“စွန်ပလွန်ယိုတစ်ထုပ်လုံးကို ကိုသန်းမောင်က အိမ်သာထဲပစ်ချလိုက်ပြီ၊ ပြီးတော့ တစ်ခုခက်တာက အဲဒီစွန်ပလွန်ယိုကို သူတစ်ယောက်တည်း စားတာမဟုတ်ဘူး၊ အခြားအချုပ်သားတွေပါစားတာ၊ တခြား အချုပ်သားတွေကတော့ ဘာမှမဖြစ်ဘူး...”ဟု ပြောလေ၏။ ထိုအခါ ကိုပိုကာသည် ပြုံးပြန်လေ၏။ မအောင်ရင်က–

“သန်းမောင်ဆီ ပို့လိုက်တဲ့ စွန်ပလွန်ယိုဟာ သန်းမောင်က ဘယ်ကလာ အရင်စားဝံ့မတုံး...၊ သူ့အရင်ရောက်နေတဲ့ အချုပ်သားကြီးတွေကို အရင်ကျွေးရမှာပေါ့၊ အဲဒီလူတွေ စားလို့ကျန်တဲ့ ဖက်နားကပ်နေတဲ့ စွန်ပလွန်ယိုတစ်ခု၊ နှစ်ခုလောက်ကိုသာ စားရမှာပါ၊ အဲဒီ


BURMESE CLASSIC .com

www.burmeseclassic.com


တစ်ခုနှစ်ခုဟာ ဝမ်းများများသွားတဲ့ သဘောလေးရှိမှာပေါ့၊ ဂေါ်ဒရားရယ် ဆေးရုံကို လိုက်သွားပြီးပြောပါ၊ ဘာမှမဖြစ်ပါဘူး၊ ဝမ်းနှုတ်တဲ့ သဘောပေါ့လို့ . . .''ဟု မအောင်ရှင်က ပြောလိုက်လေ၏။ ကုလားလေးလည်း မအောင်ရှင်ကို နှုတ်ဆက်၍ပြန်သွား၏။

ထိုအချိန်၌ ပေဒင်ဆရာဦးဗိုက်ပူဆိုသည့် အဘိုးကြီးသည် မအောင်ရှင်၏ဆိုင်သို့ ထမင်းစားရန် ရောက်လာလေတော့၏။ မအောင်ရှင်၏ဆိုင်တွင် ဖြစ်ပျက်လျက်ရှိသော အကြောင်းအရာများကိုလည်း အဘိုးကြီးသည် ကြားသိပြီးဖြစ်၏။ စိန်ဝင်းမောင်၊ သန်းသန်းနှင့် ကုလားမတို့သည် သန်းမောင်၏အကြောင်းကို ပြောဆိုနေကြ၏။ မအောင်ရှင်သည် စိန်ဝင်းမောင်အား–

''ရန်သူဖြစ်တဲ့ လူကျွေးတဲ့ အစားအသောက်ကို ဘယ်လိုအကြောင်းနဲ့မှ မစားသောက်ရဘူး . . .''ဟု ပြောလိုက်လေ၏။ ထိုအခါ ပေဒင်ဆရာအဘိုးကြီးက

''အစားအသောက်ဟာ သိပ်ပြီး အရေးကြီးတယ် မအောင်ရှင်ရဲ့ . . .'' ဟု ပြောလိုက်လျှင် မအောင်ရှင်က–

''ဟုတ်ပါတယ် အဘ၊ အစားတစ်ခုဟာ–နံပါတ်တစ် သန့်ရှင်းရမယ်၊ သန့်ရှင်းရမယ်ဆိုတာ မညစ်ပတ်တာတစ်ခုတည်းမဟုတ်ဘူး၊ အဆိပ်အတောက် ကင်းစင်ရမယ်။ နံပါတ်နှစ် အဲဒီအစားအသောက်ဟာ စားပြီးရင် အစာကျေညက်တဲ့ အစားအသောက် ဖြစ်ရမယ်။ နံပါတ်သုံး စားကောင်းတဲ့ အစားအသောက်ဖြစ်ဖို့လည်း လိုတယ်။ နံပါတ်လေး အာဟာရဖြစ်စေတဲ့ အစားအသောက်ဖြစ်မှလည်း ကောင်းတယ်၊ အဲဒီတော့ အစာတစ်ခုဟာ အဲဒီ အချက်လေးချက်နဲ့ညီမှ

www.burmeseclassic.com


စားသင့်ပါတယ်၊ မအောင်ရင် ပြောချင်တာကတော့ ဒါပါပဲ'' ဟု ပြော လိုက်လျှင် အဘိုးကြီးက–

''ကျုပ်ကတော့ စားကောင်းရင် စားနေတာပဲ၊ အဲဒီ့ အချက် လေးချက်ကို မသိပါဘူး. . .''ဟု ဝန်ခံလိုက်လေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၇ )

## မအောင်ရင်အဝတ်လျှော်တာဖြူတယ်မဟုတ်လား

ဒရိုင်ဘာသန်းမောင်သည် ရွှေအတုများလိမ်၍ ပေါင်မှုဖြင့် ထောင်တစ်နှစ်ကျသွားပြီဖြစ်၏။ မအောင်ရင်သည် ထောင်ကျနေသော သန်းမောင်အား(၁၅)ရက် တစ်ကြိမ်ထောင်ဝင်စာပို့ရန် တာဝန်ယူထားလေ၏။ သို့ရာတွင် ထောင်ဝင်စာကိုမူ သန်းသန်းနှင့် စိန်ဝင်းမောင်က တာဝန်ယူ၍ ပို့ရလေ၏။

ဗေဒင်လက္ခဏာဆရာ ဦးဗိုက်ပူဆိုသည့် အဘိုးကြီးသည် မအောင်ရင်၏ဆိုင်သို့ အချိန်မှန်မှန်လာ၍ ထမင်းစားနေဆဲဖြစ်၏။ အဘိုးကြီးသည် လာရောက်ထမင်းစားသည်ဟု ဆိုသော်လည်း ထမင်းကို ကောင်းစွာမစားနိုင်တော့ပေ။ သူ၏သွားဖုံးများ အား ပျော့လာသော

ကြောင့် သွားများသည် ပြုတ်ထွက်ကုန်ပြီဖြစ်၏။ ထို့ကြောင့် ဆန်ပြုတ်၊ ခေါက်ဆွဲ ပြုတ်လောက်ကိုသာ သောက်နိုင်ရှာတော့၏။ မအောင်ရင်သည် ထိုအဘိုးကြီးစားသောက်ရန်အတွက် ဆန်ပြုတ်ကိုသော် လည်းကောင်း၊ ခေါက်ဆွဲပြုတ်ကိုသော်လည်းကောင်း ကိုယ်တိုင်ပြုတ်၍ ပေးလေ၏။

တစ်နေ့တွင် အဘိုးကြီးသည် ဆန်ပြုတ်သောက်ရင်း မအောင်ရင်နှင့် စကားပြောလေ၏။

''ဒီမှာ မအောင်ရင် . . .၊ ကျုပ်ကတော့ ၊ ဒီ အသက်အရွယ် အထိဖြစ်သလိုနေခဲ့၊ ဖြစ်သလိုစားခဲ့၊ ဖြစ်သလိုနဲ့ပဲ အခုလိုအဘိုးကြီး အရွယ်ရောက်လာတာပါပဲ၊ မအောင်ရင်မှာကော ဘဝကို ဖြတ်သန်းတဲ့ နေရာမှာ ကျုပ်လိုပဲလား၊ ဒါမှမဟုတ် နည်းစနစ်တွေ ဘာတွေ ရှိပါသေးသလား . . .''ဟု အဘိုးကြီးကမေးလေ၏။ ထိုအခါ မအောင်ရင်က သောက်လက်စ ရေနွေးကြမ်းကို မော့ချလိုက်ပြီး နောက်–

''ဒီလိုပါ အဘ . . .၊ အဘမေးသလိုနေနည်း၊ ထိုင်နည်း သီးခြားပုံစံရယ်လို့တော့မရှိပါဘူး၊ သူလိုငါလိုပါပဲ၊ ဒါပေမဲ့ တစ်နေ့မှာ အဘအခုမေးတဲ့ မေးခွန်းမျိုးပဲ၊ ကျွန်မဖာသာ ကျွန်မပြန်မေးမိတယ်၊ ဒါမှမဟုတ် တွေးကြည့်မိတယ်ပေါ့ အဘရယ်၊ အဲဒီအခါမှာ ကျွန်မဟာ ဘဝကို အချက်(၁၀)ချက် ကိုင်စွဲပြီး ဖြတ်သန်းနေတာကိုတွေ့ရတယ်၊ အဲဒီ(၁၀)ချက်ဟာ . . .

**တစ် . . .**

လွတ်လပ်ခြင်း၊ ဒါမှမဟုတ် လွတ်လပ်မှုကိုမြတ်နိုးခြင်း၊ ဒါမှ


BURMESE CLASSIC .com

မဟုတ်လွတ်လပ်မှုကို အထိအခိုက်မခံခြင်း

**နှစ်** . . .

တစ်ကိုယ်ရေ တစ်ကာယဘဝကို နှစ်သက်ခြင်း၊ (အိမ်ထောင်မပြုခြင်း)

**သုံး** . . .

မေတ္တာ (ဖိုမကိစ္စနှင့် မပတ်သက်သော မေတ္တာ)

**လေး** . . .

စိတ်အေးချမ်းမှုကိုရစေသော ကမ္ဘာ့ဒွန်းပွားများခြင်း

**ငါး** . . .

မည်သည့်ကိစ္စကိုမျှ အသည်းအသန်မလုပ်ခြင်း၊ အသည်းအသန်ဟု မယူဆခြင်း

**ခြောက်** . . .

မည်သည့် အလုပ်ကိုလုပ်ရသည်ဖြစ်စေ ပျော်မွေ့အောင် လုပ်တတ်ခြင်း

**ခုနစ်** . . .

မည်သည့်ကိစ္စကိုမှ လေ့နံ့ဓားထစ် ပုံသေကားချပ်မတွက်၊ အလျဉ်းသင့်သလို အပြောင်းအလဲများ ဖန်တီးမှုများဖြင့်လုပ်ကိုင်တတ်ခြင်း

**ရှစ်** . . .

ကိုယ့်အတွက်လုပ်လုပ်၊ သူတစ်ပါးအတွက် လုပ်လုပ်အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် လုပ်ပေးတတ်ခြင်း

**ကိုး** . . .

ထိုင်းထိုင်းမှိုင်းမှိုင်း လေးလေးကန်ကန် မနေတတ်ခြင်း



BURMESE CLASSIC .com

**တစ်ဆယ့် . . .**

ထူးဆန်းအံ့ဩဖွယ်ရာများကို စိတ်ဝင်စားမှုရှိခြင်း . . .ရယ်လို့ ဖြစ်ပါတယ်. . .” ဟု မအောင်ရင်က သွက်သွက်လက်လက် ပြန်၍ ဖြေလိုက်လေ၏။ အဘိုးကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။ ကျေနပ်အောင် ညိတ်ပြီးနောက် အဘိုးကြီးက–

“မအောင်ရင် လက်ကိုင်ပြုထားတဲ့ (၁၀) ချက်ကိုတော့ သိရပါပြီ၊ အဲဒီ (၁၀)ချက်ထဲမှာ ဘယ်အချက်ဟာ အဓိကကျသလဲ. . .” ဟု မေးလိုက်လေ၏။

“မေတ္တာဟာ အဓိကကျလိမ့်မယ် အဘ” ဟု မအောင်ရင်က ပြန်၍ဖြေလိုက်လေ၏။

မအောင်ရင်သည် အဘိုးကြီးနှင့် စကားပြောနေစဉ်၌ပင် မီးဖိုဘက်သို့လှည့်ကာ သန်းသန်းအား–

“သန်းသန်းတို့၊ စိန်ဝင်းမောင်တို့ သန်းမောင်ကို ထောင်ဝင်စာ မပို့ဘူးလား၊ ဒီနေ့ ထောင်ဝင်စာ ပို့ရမယ့်နေ့လေ. . .”ဟု လှမ်း၍ သတိပေးလိုက်လေ၏။ ထိုအခါ စိန်ဝင်းမောင်က–

“ပြီးခဲ့တဲ့အပတ်က ထောင်ဝင်စာဟာ နောက်ဆုံးပဲအစ်မ၊ ကိုသန်းမောင် ထောင်က လွတ်သွားပြီ၊ ပို့စရာ မလိုတော့ဘူး. . .” ဟု ပြန်၍ ဖြေလိုက်လေ၏။ ထိုသို့ စကားပြောနေစဉ်အတွင်း၌ပင် ကိုပိုကာ ရောက်လာလေ၏။ ကိုပိုကာက–

“မအောင်ရင်ရေ. . .၊ ဦးမြို့ကတော့ ဒီက ခြံနဲ့တည့်တယ်၊ တကယ့်ကို လူကောင်း ပကတိဖြစ်သွားပါပြီ၊ ထမင်းလည်းကောင်းကောင်းစားနိုင်ပြီ၊ ခြံထဲဆင်းပြီး အပင်တွေဘာတွေတောင် စိုက်နေပြီ၊


BURMESE CLASSIC .com

သူ့အပင်တွေ သူ့ဟာသူ ရေလောင်းနေတယ်၊ ကျုပ်ဖြင့်ဗျာ အဲလိုတွေ့ရတာ သိပ်ပြီးပီတိဖြစ်တာပဲ၊ မအောင်ရင်ရဲ့ အကူအညီသာမရရင် ဒီအဘိုးကြီးသေမှာ...'' ဟုပြောလေ၏။ မအောင်ရင်ကမူ တစ်စုံတစ်ရာ ပြန်၍ပြောခြင်းမပြုဘဲ ပြုံး၍သာနေလေ၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး များစွာမကြာသော အချိန်တွင် အောင်ကျော်မသည် သိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရလေတော့၏။ မဟာသိပ္ပံဘွဲ့အတွက် တက်ခွင့်မီသောကြောင့် ဆက်၍တက်နေရလေ၏။ အောင်ကျော်မ၏ ပညာရေးကို မအောင်ရင်နှင့် ကိုပိုကာတို့သည် အထူး စိတ်ဝင်စားကြလေ၏။

ဤသို့နှင့်ပင် အချိန်ကာလ ပြည့်မြောက်သောအခါ၌ အောင်ကျော်မသည် မဟာသိပ္ပံဘွဲ့ကို ရပြန်လေ၏။ ထိုအခါ၌ ကျောင်းတွင်ဆရာမအဖြစ် လုပ်ကိုင်ပြီးနောက် အင်္ဂလန်နိုင်ငံတွင် ပညာဆက်၍သင်ရန်အတွက် မအောင်ရင်က ပို့လိုက်လေတော့၏။

ကိုပိုကာသည် အထည်စက်လုပ်ငန်း၊ ဘီစကွတ်စက်ရုံလုပ်ငန်း၊ အဝေးပြေး မော်တော်ယာဉ် လုပ်ငန်းများအပြင် သင်္ဘောများကို ငှားရမ်း၍လည်းကောင်း၊ အချို့ကိုဝယ်ယူ၍လည်းကောင်း မြစ်ဝကျွန်းပေါ်ဘက်တွင် ပြေးဆွဲသင့်ကြောင်း မအောင်ရင်ကို အကြံပေးလေတော့၏။

မအောင်ရင်သည် ထိုလုပ်ငန်းများကို များစွာစိတ်မဝင်စားသောကြောင့် မလုပ်ဖြစ်ပေ။

''ဒီလို ကိုပိုကာရဲ့၊ တခြားပစ္စည်းတွေက လိုအပ်ရင် နိုင်ငံခြားက သွင်းလို့ရပါတယ်၊ တကယ်လိုအပ်ရင် နိုင်ငံအစိုးရကလည်း


BURMESE CLASSIC .com

www.burmeseclassic.com


လက်ပိုက်ပြီး ကြည့်နေမှာ မဟုတ်ပါဘူး၊ သွင်းစရာရှိတာ သွင်းမှာပါပဲ၊ သွင်းလို့မရတဲ့ ပစ္စည်းကတော့ မြေကြီးပဲရှင့်၊ ရှိတဲ့လူဦးရေ တိုးတက်လာတဲ့အခါမှာ နေစရာမြေကြီးတွေ လိုလာလိမ့်မယ်၊ အဲဒီလို လိုလာတဲ့အခါမှာ နိုင်ငံခြားကနေ သွင်းလို့မရဘူး၊ သဘာဝတစ်ခုကို စဉ်းစားကြည့်လေ၊ 'ဘေးကိုချဲ့ မရရင်တော့ အပေါ်ကိုတက်သွားရမှာပဲ. . .' မဟုတ်လား၊ အဲဒီတော့ ရန်ကုန်မြို့ အနေအထားနဲ့ကြည့်ရင် လက်ရှိအဆောက်အဦးတွေ နေရာမှာ အထပ်တွေ အများကြီးပါတဲ့ အဆောက်အဦးတွေ အစားထိုးရတော့မယ်၊ အဲဒီတော့ လုပ်မယ်ဆိုရင်တော့ တခြားလုပ်ငန်းတွေထက် ဆောက်လုပ်ရေးလုပ်ငန်းထူထောင်တာက ပိုပြီးသဘာဝကျလိမ့်မယ်၊ ဒါကြောင့် ဆောက်လုပ်ရေး 'ဖမ်းမ်'တစ်ခု ထူထောင်ရမယ်၊ ဖြစ်ကတတ်ဆန်းလုပ်လို့တော့ မဖြစ်ဘူး၊ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေ၊ လျှပ်စစ်အင်ဂျင်နီယာတွေ၊ ဗိသုကာတွေက အစ ပြည့်ပြည့်စုံစုံခန့်ထားပြီး လုပ်ငန်းထူထောင်ရမယ်၊ မြေနေရာပေါ်မှာ အခြေပြုပြီး လုပ်ရမယ့်လုပ်ငန်းဆိုတော့ မြေပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်ပြီး အရှုပ်အရှင်း အမှုအခင်းတွေလည်း အများကြီးကြုံ တွေ့ရလိမ့်မယ်၊ အဲဒါကြောင့် ဆောက်လုပ်ရေးလုပ်ငန်း ထူထောင်မယ်ဆိုရင် ကျွန်မတို့ လုပ်ငန်းရဲ့ ပင်တိုင်အကြံပေး ဝတ်လုံတစ်ဦးလည်း လိုအပ်လိမ့်မယ်၊ အဲဒီဆောက်လုပ်ရေးလုပ်ငန်းကို ကျစ်လစ်တဲ့အဖွဲ့အစည်းပုံသဏ္ဍာန်နဲ့သွားရမယ်၊ အဲဒီလုပ်ငန်းကြီးတစ်ခုလုံးရဲ့ ဥက္ကဋ္ဌက ကိုပိုကာလုပ်ရမယ်၊ အတွင်းရေးမှူးတို့၊ အမှုဆောင်တို့ကိုတော့ အင်ဂျင်နီယာတွေ၊ ဗိသုကာတွေပဲထည့်ရမယ်၊ ကျွန်မတို့အဘ ဗေဒင်လက္ခဏာဆရာဦးဗိုက်ပူကြီးကိုလည်း အဆောက်အဦးတွေ ဆောက်တဲ့နေရာမှာ


BURMESE CLASSIC .com

www.burmeseclassic.com


နေ့ကောင်းရက်သာ ရွေးတာတို့ အခါပေးတာတို့အတွက် ပင်တိုင်ခန့်ထားရမယ်. . .” ဟု မအောင်ရင်က ပြောလိုက်လျှင် ကိုပိုကာက–

“နေစမ်းပါဦး . . .၊ မအောင်ရင်က ဘယ်နေရာမှာ ပါမှာတုံး. . .” ဟု မေးလေ၏။

“ကျွန်မက ဘယ်နေရာမှာမှ မပါပါဘူး၊ ကိုပိုကာတို့လုပ်ငန်းက လိုတဲ့ငွေကို ထုတ်ပေးမယ်၊ ပြီးတော့ ကျွန်မပြောချင်တာက အဲဒီ လုပ်ငန်းကို ဘယ်တော့စမယ်ဆိုတာ တစ်ခါတည်း ဆုံးဖြတ်ပြီး လှုပ်ရှားပေတော့ . . .” ဟု မအောင်ရင်က အကြံပေးလိုက်လေ၏။

“ဒီလို မအောင်ရင်ရဲ့ လုပ်ငန်းက အကြီး ကြီးဗျ၊ ချက်ချင်းစလို့ မဖြစ်ဘူး၊ အနည်းဆုံး လေးလလောက် အချိန်ယူရမယ်. . .” ဟု ကိုပိုကာ ကပြန်၍ပြောလေ၏။ ထိုသို့ မအောင်ရင်နှင့် ကိုပိုကာဆောက်လုပ်ရေး လုပ်ငန်းထူထောင်ရန် စကားပြောနေစဉ်၌ပင် ဦးဗိုက်ပူဆိုသည့် အဘိုးကြီး ဆိုင်သို့ရောက်လာလေ၏။ အဘိုးကြီးသည် ကိုပိုကာနှင့် မအောင်ရင် စကားပြောနေသည်ကို ကြားနေရ၏။ ၎င်းတို့အနေနှင့် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကြမည်ဟုလည်း နားလည်သွား၏။

အထက်ပါအတိုင်း ပြောဆိုကြပြီး ကိုပိုကာသည် ဆောက်လုပ်ရေးလုပ်ငန်း စတင်ရန်အတွက် လုပ်ကိုင်နေပြီဖြစ်၏။ မအောင်ရင်ထံမှ ငွေထုတ်စရာရှိသည်များကိုထုတ်၏။ လုပ်ငန်း၏ ရုံးခန်းနေရာအတွက် နေရာများရှာဖွေခဲ့ရာ မြေနီကုန်းဘက်တွင်ရ၏။ နေရာဝယ်ယူပြီးနောက် ရုံးခန်းအတွက် ပြင်ဆင်ရလေ၏။ အလုံးစုံ ပြင်ဆင်ပြီးသောအခါ၌ ရုံးအဖွဲ့ကို ဖွဲ့စည်း၍ခန့်ထားရလေ၏။ ထို့နောက် ဆောက်လုပ်ရေး


BURMESE CLASSIC .com

www.burmeseclassic.com



အင်ဂျင်နီယာများ၊ ဗိသုကာများ၊ လျှပ်စစ်အင်ဂျင်နီယာများ ခေါ်ယူခန့်ထားရလေတော့၏။ အလုံးစုံပြီးသောအခါ၌ ကိုပိုကာသည် ဆောက်လုပ်ရေးလုပ်ငန်း၏ အမည်ကို မည်သို့ မည်ပုံ မှည့်ရမည်ကို မအောင်ရင်အား မေးလေ၏။ ထိုအခါ မအောင်ရင်က–

**''မိုးထိအောင်''**
**ဆောက်လုပ်ရေး**

ဟူ၍ အမည်မှည့်ပေးလိုက်လေတော့၏။

ထိုအခါ၌ ကိုပိုကာသည် ထိုအမည်ဖြင့် ဆိုင်းဘုတ်များ၊ စာရွက်စာတမ်းများ၊ လိပ်စာကတ်များ ရိုက်နှိပ်လေတော့၏။ အလုံးစုံ အဆင်သင့် ဖြစ်သောအခါ၌ ၎င်း၏ရုံးခန်းသို့ အင်ဂျင်နီယာများ၊ ဗိသုကာများကို စုညီစွာခေါ်ယူပြီးလျှင် ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် စီစဉ်လေတော့၏။ ထိုအခမ်းအနားသို့ ဗောင်လကျွတ်ဆရာကြီး ဦးဗိုက်မှုကိုလည်းကောင်း၊ မအောင်ရင်ကိုလည်းကောင်း၊ အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားလိုက်လေတော့၏။ ရှည်လျားသော စားပွဲရှည်ကြီး၏ထိပ်တွင် လွန်စွာကြီးမားသော ကုလားထိုင်ကြီးတစ်လုံး ချထား၏။ ထိုကုလားထိုင်တွင် ကိုပိုကာထိုင်၏။ ကျန်ကုလားထိုင်များမှာမူ ရိုးရိုးကုလားထိုင်များသာဖြစ်၏။ မြတ်လှသည် 'မိုးထိအောင်' ဆောက်လုပ်ရေးအဖွဲ့၏ အတွင်းရေးမှူး ဖြစ်နေပြီဖြစ်၏။ ကိုပိုကာမှာမူ ထိုအဖွဲ့၏ ဥက္ကဋ္ဌဖြစ်၏။ စားပွဲကြီးတွင် ချထားသော ကုလားထိုင်များတွင် လူစေ့တက်စေ့ စုံနေပြီဖြစ်၏။ ဦးဗိုက်မှုကြီးပင် ရောက်နေပြီဖြစ်၏။ ကုလားထိုင်တစ်လုံးသာလျှင် လစ်လပ်နေ၏။ ထို ကုလားထိုင်မှာ မအောင်ရင်ထိုင်ရမည့် ကုလားထိုင်ဖြစ်၏။ အစည်းအဝေး စခါနီးတွင်

မအောင်ရင်ရောက်ရှိလာပြီ ဖြစ်၏။ မအောင်ရင်သည် ခါတိုင်းဆိုင်တွင် နေသည့်အခါ ဝတ်သည့် အဝတ်အစားကိုပင် ဝတ်ဆင်ထား၏။ လက် ဝတ်ရတနာဟူ၍ ထူးထူးခြားခြား ဝတ်ဆင်ထားခြင်းမရှိပေ။

မအောင်ရင် ရောက်လာသောအခါ၌ ဥက္ကဋ္ဌဖြစ်သော ကိုပိုကာ က လေးစားသောအားဖြင့် မတ်တပ်ရပ်လိုက်လေ၏။ ကျန်လူများလည်း ရောယောင်၍ရပ်လိုက်ကြလေ၏။ မအောင်ရင်က–

''ထိုင်ကြပါရှင် . . .'' ဟု ပြောကာ ၎င်းလည်း ကုလားထိုင် တွင် ဝင်ထိုင်လိုက်လေ၏။ စောစောကပင် မတ်တပ်ရပ်ခဲ့သော လူစုထဲ တွင် အင်ဂျင်နီယာတစ်ဦးသည် ပြန်၍မထိုင်ဘဲ ရပ်မြဲရပ်နေ၏။ သူသည် စားပွဲပေါ်တွင် လက်နှစ်ဖက်ကိုထောက်ကာ မအောင်ရင်အား စူးစူးဝါး ဝါးကြည့်နေလေ၏။ ထိုအခါ ကိုပိုကာက–

''အင်ဂျင်နီယာကြီးထိုင်လေဗျာ . . .''ဟု ပြောလေ၏။ ထို အင်ဂျင်နီယာသည် မထိုင်သေးဘဲ ကိုပိုကာကို လက်ကာပြ၏။ ထို့နောက် မအောင်ရင်အား–

''ခင်ဗျား မအောင်ရင် မဟုတ်လား . . .''ဟု မေးလေ၏။ မအောင်ရင်ကလည်း–

''ဟုတ်ပါတယ် . . .ကျွန်မ မအောင်ရင်ပါ'' ဟု ပြန်၍ဖြေ လိုက်လျှင် ထိုသူက–

''ခင်ဗျား ရွှေဂဲအထည်စက်သူဌေး ဦးမြို့အိမ်က အိမ်ဖော် မဟုတ်လား၊ ကျုပ် ကျောင်းတက်တုန်းက အဲဒီအိမ်မှာနေတာလေ၊ ကျုပ်ကို မမှတ်မိဘူးလား၊ အဲဒီတုန်းက ခင်ဗျားဟာ ကျုပ်ရဲ့အဝတ် အစားတွေကို လျှော်ပေးခဲ့ရတာလေ . . .''ဟု ပြောလေ၏။ ထိုအခါ


BURMESE CLASSIC .com

မအောင်ရင်က–

"အဲဒီတုန်းက ကျွန်မ လျှော်ပေးတဲ့ အဝတ်အစားတွေ ဖြူတယ်မဟုတ်လား. . ." ဟု ပြန်၍မေးလိုက်ရာ ထိုသူက

"ဖြူပါတယ်. . .ဖြူပါတယ်"ဟု ပြန်၍ ဖြေလေ၏။

"ဖြူတယ်ဆိုရင်တော့ ရှင့်အနေနဲ့ ဘာမှပြောစရာမလိုပါဘူး၊ ကျွန်မတာဝန်ကျေသွားပဲ၊ ကျွန်မက တာဝန်မကျေမှာ စိုးရိမ်နေတာ၊ အဲဒီတော့ ရှင်ထိုင်လိုက်ပါ"ဟု ခပ်ငေါက်ငေါက်လေသံဖြင့် ပြောလိုက်ရာ ကိုပိုကာက လက်ခုပ်တီး၍ ဩဘာပေးလိုက်၏။ ကျန်လူများကလည်း ရောယောင်၍ လက်ခုပ်တီးလိုက်ကြသည် ဖြစ်ရာ ထိုသူသည် ရှက်ကိုးရှက်ကန်းဖြင့် ထိုင်ချလိုက်ရလေတော့သတည်း။

◆



BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၈ )

## မအောင်ရင်၏ အလုပ်အကျိုးအမြားများ

တစ်နေ့တွင် ကိုဝိုကာသည် မအောင်ရင်၏ ထမင်းဆိုင်သို့ ရောက်လာ၏။ မအောင်ရင်နှင့် စကားစမြည်ထိုင်၍ ပြောနေ၏။

''ဒီလို မအောင်ရင်ရဲ့၊ ကျွန်တော်တို့ ဘက်ကတော့ အလုပ်ဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ ကုမ္ပဏီကို လာပြီး အလုပ်အပ်တာ မရှိသေးဘူးဗျ . . .''ဟု ကိုဝိုကာက ပြောလေ၏။

''ဒီလိုလုပ်ပေါ့ရှင်၊ အလုပ်အပ်မယ့်သူမရှိလည်း ကိုယ့်ဖာသာကိုယ် ပြန်အပ်ရမှာပေါ့ . . .'' ဟု မအောင်ရင်က စကားစလိုက်လျှင် ကိုဝိုကာက—

BURMESE CLASSIC .com

www.burmeseclassic.com


"ဘယ်လိုလုပ်ပြီး ကိုယ့်ဟာကိုယ် အလုပ် ပြန်အပ်ရမှာလဲ. . ." ဟု ပြန်၍ မေးလေ၏။

"ဒီလိုလေ ကိုပိုကာရဲ့၊ ရန်ကုန်မြို့မှာနေတဲ့ လူတွေဟာ စားရေး၊ ဝတ်ရေး၊ နေရေး (၃)ခုရှိတဲ့အနက်မှာ နေရေးဟာ အတော့်ကို အဓိကကျတယ်၊ အခက်အခဲတွေ့ရင်လည်း ဖြေရှင်းရခက်တယ်၊ အဲဒီတော့ ရုံးတွေအများစုရှိတဲ့ နေရာကနေသွားလို့လာလို့ လွယ်ကူတဲ့နေရာတွေမှာ မြေတွေဝယ်ရမယ်၊ ပြီးရင် လူနေတိုက်ခန်းတွေ ဆောက်ရမယ်၊ ပြီးတာနဲ့ အဲဒီတိုက်ခန်းတွေမှာ အရစ်ကျငွေသွင်းစနစ်နဲ့ ရောင်းရမယ်၊ အဲဒီလိုလုပ်လိုက်ရင် လူတော်တော်များများဟာ ကိုယ်ပိုင်အခန်းတွေရကုန်မယ်၊ ကုမ္ပဏီအနေနဲ့လည်း အခန်းပိုင်တွေ ရကုန်ပြီဆိုတဲ့အကြောင်း ဦးစားပေးပြီး ကြော်ငြာရမယ်. . ." ဟု ပြန်ပြောလိုက်လျှင် ကိုပိုကာက–

"မအောင်ရင်ပေးတဲ့ အကြံက ကောင်းပါတယ်၊ ဒါပေမဲ့ ငွေတွေ မြုပ်ကုန်မယ်၊ ဒီ့ထက်ဆိုးတာက အခန်းတွေ ရောင်းမထွက်ရင် ငွေပြတ်သွားမယ်"ဟု ပြန်၍ပြောလေ၏။

"ဒါက ဒီလိုလုပ်ရမယ်၊ နေရေးအတွက် အခက်အခဲရှိတဲ့ လူတွေ ဆီက ငွေတွေကတော့ ဖြည်းဖြည်းချင်း ကောက်သင်းကောက်သလို ကောက်ရမယ်၊ စီးပွားရေးလုပ်ဖို့ အခန်းကိုဝယ်တဲ့ လူတွေဆီကတော့ ငွေလက်ငင်းရမယ်၊ အဲဒီတော့ရှင် . . . လေးထပ်တိုက် ဆောက်တယ်ဆိုပါတော့၊ အပေါ်သုံးထပ်ကို လူနေဖို့ ပုံစံမျိုးဆောက်ပြီး အောက်ဆုံးထပ်ဟာ ဈေးဆိုင်ဖွင့်လို့ရအောင် စီစဉ်ရမယ်၊ အဲဒါတွေကလက်ငင်းရမယ်၊ နောက်ပြီးတော့ အဲဒီအခန်းတွေကလည်း


BURMESE CLASSIC .com

လူနေအခန်းတွေထက် ဈေးပိုမြင့်ရမှာပေါ့၊ အဲဒီအခန်းတွေဟာ စားသောက်ဆိုင်တို့၊ အထည်ဆိုင်တို့၊ ဆံပင်ညှပ်ဆိုင်တို့ လုပ်လို့ရအောင်ဆောက်ကတည်းက ထည့်သွင်းစဉ်းစားပြီး ဆောက်ရမှာပေါ့၊ အောက်ခန်းတွေ ဆောက်တဲ့ငွေဟာ အပေါ်ခန်းတွေဆောက်ဖို့ အရင်းအနှီးဖြစ်သွားပြီဆိုတော့ အရှုံးမပေါ်နိုင်တော့ဘူး...''ဟု မအောင်ရင်က ပြောရာကိုပိုကာက–

''ခင်ဗျားပြောတဲ့ အောက်ခန်းတွေကို ဝယ်တဲ့လူမရှိဘူး ဆိုရင်ရော ဘယ်လိုလုပ်ရမလဲ မအောင်ရင်...'' ဟုမေးရာ မအောင်ရင်က–

''ဝယ်တဲ့သူမရှိရင် ကိုယ့်ဖာသာကိုယ် ပြန်ဝယ်ရမယ်၊ ရှင်တို့ စပြီး ဆောက်ကတည်းက ရှင်တို့ဆောက်မယ့် တိုက်ပုံစံကို လူမြင်အောင် ရေးထားရမယ်၊ တိုက်က ရုပ်လုံးပေါ်လာပြီဆိုတာနဲ့ အောက်ခန်းသုံးလေးခန်းကို'ဝယ်ပြီး'ဆိုတဲ့ စာရေးထားရမယ်၊ ပြီးတော့ အိမ်ပွဲစားတွေ၊ အခန်းပွဲစားတွေကို ဆိုင်ဖွင့်ဖို့ အောက်ခန်းကို လိုချင်တဲ့အကြောင်းသူတို့ကိုပြောပြီး ရှာခိုင်းရမယ်၊ ရောင်းပြီးပြီလို့ ရေးထားတဲ့အခန်းတွေကို သဘောကျတဲ့အကြောင်း သူတို့ကို နားပူရမယ်၊ အဲဒီလို တောခြောက်၊ ပြီးတော့ အဆောက်အဦး ဆောက်ပြီးတာနဲ့ အောက်ခန်းနေရာကောင်းရဖို့ ငွေအရင်သွင်းထားတဲ့ စနစ်တစ်ခုဖြစ်လာအောင် ရှင်တို့ပါ ဖန်တီးရမယ်၊ အဲဒီလိုကြံပြီး ဝယ်တဲ့စနစ်ကိုလည်းတွင် ကျယ်အောင် ရှင်တို့က စပြီး လုပ်ပြရမယ်၊ ရောင်းပြီးပြီဆိုတဲ့အခန်းကို ကြိုက်တဲ့လူတွေကို ပြန်ရောင်းတာ မျိုး၊ ပွဲခလေး ဘာလေးနည်းနည်းအပွန်းခံပြီး လုပ်ပြရမယ်၊ အဲဒါကို ကြံပြီး စရံရိုက်တဲ့စနစ် (ဒါမှမဟုတ်) ကြံပွဲ့ပိုင်ပေါ့ရှင်၊ တစ်ခုခု


BURMESE CLASSIC .com

www.burmeseclassic.com


ခုကတည်းက နာမည်ပေးထားပါ . . .''ဟု မအောင်ရင်ကပြောလိုက်လျှင် ကိုပိုကာသည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေ၏။

''မအောင်ရင် ခင်ဗျားကတော့ အတော့်ကို တတ်တာပဲ၊ ပြီးတော့ ကျုပ်တို့ရဲ့ မိုးထိအောင် ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ဘာတွေ ပြင်ဆင်ထားရမလဲ ပြောပါဦး . . .'' ဟု ကိုပိုကာက မေးလိုက်လေ၏။

''ဒါက ဒီလိုပါ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ သတ်မှတ်ထားတဲ့ အချိန်အတိုင်းပြီးတာနည်းတယ်၊ အမြဲတမ်း နောက်ကျတယ်၊ အဲဒါ သဘာဝပဲ၊ အဲဒီသဘာဝကို အနိုင်ရအောင် စောစောပြီးဖို့လိုတယ်၊ မြန်မြန်ပြီးဖို့လိုတယ်၊ မြန်တာနဲ့ အဆောက်အဦးရဲ့ အရည်အသွေးဟာ မမှီတော့တာလည်း များတယ်၊ အဆောက်အဦးရဲ့ အရည်အသွေးလည်း မကျစေချင်ဘူး၊ မြန်လည်းမြန်ရမယ်၊ မိုးထိအောင်ကဆောက်ရင် အရည်အသွေးကောင်းတယ်လို့ သေချာအောင်ဖြစ်နေအောင်လို့ လုပ်ရမယ်၊ အဲဒီတော့ မြန်ရမယ်၊ သေချာရမယ်၊ (Be Swift, Be Sure) 'ဘီစွစ်ဘီရှူးဝါး'ဖြစ်နေ အောင်လုပ်ရမယ်၊ အမှန်ကတော့ လုပ်ငန်းရဲ့သဘောကိုက မြန်ရင် မကောင်းဖို့က များတယ်၊ ကျွန်မလိုချင်တာက မြန်လည်းမြန်ရမယ်၊ ကောင်းလည်းကောင်းရမယ်၊ နောက်တစ်ခု အကြံပေးချင်တာက ရှင်တို့လုပ်ငန်းမှာက မော်တော်ကား အသုံးများတယ်၊ တစ်ယောက်ချင်းသွားတဲ့ ကိစ္စမှာလည်း ကားတွေသုံးနေတယ်၊ ဟိုနားဒီနား တစ်ယောက်ချင်းသွားတဲ့ကိစ္စမှာ ကားကိုမသုံးသင့်ဘူး၊ ကားကို မသုံးနဲ့ဆိုလို့ မော်တော်ဆိုင်ကယ်ကိုလည်း မသုံးနဲ့၊ ပစ္စည်းတွေဘာတွေ ဝယ်တာလောက်ပဲ


BURMESE CLASSIC .com

www.burmeseclassic.com


ကားကိုသုံးပါ၊ ကျန်တဲ့နေရာတွေမှာ စက်ဘီးကို များများထုတ်ပေးထားပါ၊ စက်ဘီးဟာ အကောင်းဆုံးပဲ၊ ကားလောက်လည်းမမြန်ဘူး၊ ခြေကျင်လျှောက်တာလောက်လည်း မနှေးဘူး၊ ဆီလည်းမကုန်ဘူး၊ ပြီးတော့ လျှပ်စစ်မီးတွေလည်း အရမ်းသုံးတယ်၊ အဆောက်အဦးတွေက မပြီးသေးဘူး၊ အရမ်းထွန်းထားလေ့ရှိတယ်၊ အဲဒါတွေလည်း အတတ်နိုင်ဆုံးချွေတာပါ၊ ညဘက် အလုပ်လုပ်တဲ့အခါမှာ အထူးသဖြင့်ကတော့ လူအုပ်နဲ့လုပ်ရတဲ့ကိစ္စတွေ၊ စလပ်လောင်းတာတို့ဘာတို့ အဲဒီနေရာတွေမှာတော့ မီးသုံးရမှာပေါ့၊ ကျန်တဲ့နေရာတွေမှာတော့ မသုံးသင့်ဘူး၊ လူတွေထိုင်ပြီး စကားပြောနေတဲ့ နေရာတွေမှာလည်း မီး တွေ ထိန်နေတာမျိုးမဖြစ်ပါစေနဲ့၊ အလုပ်ရဲ့ အဓိက တာဝန်က ဘာလဲဆိုတာ ကိုပိုကာတစ်ယောက်တည်း သိနေလို့မဖြစ်ဘူး၊ အလုပ်သမားတစ်ဦးချင်း သဘောပေါက်နေဖို့လိုတယ်. . .'' မအောင်ရင်က ရှည်လျားစွာ ပြောပြလိုက်လေ၏။

''ဒီလိုရှိတယ် မအောင်ရင်ရဲ့၊ မြန်ဖို့ဘက်ကို ဦးစားပေးရင်တော့ မကောင်းနိုင်ဘူးဗျ၊ ကောင်းချင်ရင်တော့ မမြန်နိုင်ဘူးဗျ၊ ဒီနှစ်ခုဟာ အမြဲတမ်းပဋိပက္ခဖြစ်တာပဲ. . .'' ဟု ကိုပိုကာက စောဒကတက်လေ၏။ ထိုအခါ မအောင်ရင်က–

''ကျွန်မပြောတာ ဒီလိုပါ၊ တချို့အလုပ်တွေဟာ အချိန်စောင့်ရတာရှိပါတယ်၊ ဥပမာ–ဘိလပ်မြေ ခြောက်မှလုပ်ရမဲ့ကိစ္စကို အချိန်စောင့်တာနဲ့ မြန်ချင်တာနဲ့ လုပ်လို့မရဘူးလေ၊ စောင့်ကို စောင့်ရမှာပေါ့၊ အဲဒီလို စောင့်ဆိုင်းရတဲ့ကိစ္စကို မစောင့်ရဘူး၊ ပြီး အောင်လုပ်ရမယ်လို့ ကျွန်မမပြောပါဘူး. . .''ဟု မအောင်ရင်က ရှင်းပြလိုက်လေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


ကိုပိုကာသည် ခေါင်းတဆတ်ဆတ်ညိတ်လေ၏။

''ဒီလို ကိုပိုကာရဲ့ ကျွန်မ သိသလောက်ပြောတာနော်''ဟု မအောင်ရင်က စကားအစပျိုးလိုက်လေ၏။ ထို့နောက်မှ ဆက်၍ ပြော လေ၏။

''ကိုယ်လုပ်မယ့် လုပ်ငန်းကို မလုပ်ခင်မှာ အကဲခတ်ဖို့က အလုပ်သဘာဝ (၄)မျိုးရှိတယ်...၊

**(တစ်)လွယ်ကူတဲ့ အလုပ်အမျိုးအစား**

**(နှစ်) အစပိုင်းမှာလွယ်ကူပြီး နောက်ပိုင်းမှာ ခက်ခဲတဲ့ အလုပ်အမျိုးအစား**

**(သုံး) အစပိုင်းမှာ ခက်ခဲပြီး နောက်ပိုင်းမှာ လွယ်ကူသွားတဲ့ အလုပ်အမျိုးအစား**

**(လေး) အလုပ်တစ်ခုလုံးကအစကအဆုံးအထိခက်ခဲတဲ့ အလုပ် အမျိုးအစား...''ဟူ၍ ပြောလေ၏။ ထိုအခါ ကိုပိုကာ–**

''နေပါဦး မအောင်ရင်ရဲ့ အစပိုင်းမှာ လွယ်ကူပြီး နောက်ပိုင်းမှာ ခက်တဲ့အလုပ်အမျိုးအစားဆိုတာ ဘယ်လိုဟာမျိုးလဲ...'' ဟု မေးလေ၏။

''ကိုပိုကာ တစ်ခုစဉ်းစားကြည့်လေ၊ ရေတွင်းတူးတဲ့ အလုပ်ဆိုပါတော့၊ အစပိုင်းမှာ တူးရုံသက်သက်ပဲ၊ မြေစာပစ်ရတဲ့အလုပ် မပါဘူး၊ တွင်းနက်လေလေ မြေစာပစ်ရခက်လေလေမဟုတ်လား၊ အဲဒီလိုပဲ ချုံရှင်းရတဲ့ လုပ်ငန်းမျိုးကျတော့ အစပိုင်းမှာခက်တယ်၊ နောက်ပိုင်းကျ သူကလွယ်သွားတယ်...'' ဟု မအောင်ရင်ကပြောလိုက်လေ၏။ ထိုအခါ ကိုပိုကာသည် ဟက်ဟက်ပက်ပက်ရယ်ပြီးနောက်–


BURMESE CLASSIC .com

www.burmeseclassic.com


"မအောင်ရင်ကတော့ အတော့်ကို စေ့စပ်သေချာတဲ့ မိန်းမ ပါပဲဗျာ..." ဟု ချီးမွမ်းလိုက်လေ၏။ ထို့နောက် မအောင်ရင်က–

"အလုပ်ရဲ့ အကျိုးအမြတ်ကလည်း (၄) မျိုးရှိတယ်ရှင့်၊

**(တစ်) မိမိတစ်ဦးတည်း အကျိုးရှိမည့် အလုပ်မျိုး**

**(နှစ်) အများအကျိုးသာရှိပြီး မိမိအတွက် အကျိုးမရှိနိုင်မည့် အလုပ်မျိုး**

**(သုံး) မြင်သာသောအကျိုးအမြတ်ရှိမည့် အလုပ်မျိုး**

**(လေး) မမြင်သာသော အကျိုးအမြတ်ရှိမည့် အလုပ်မျိုးရယ် လို့ပေါ့ရှင်၊ အဲဒီတော့ ကိုယ်လုပ်တဲ့အလုပ်က ဘယ်အမျိုးအစား ထဲပါတယ်ဆိုတာ စဉ်းစားပြီး လုပ်ရမှာပေါ့ရှင့်"** ဟု ပြောလိုက်လေ တော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၉ )

# ဖျော်ရွှင်စေရာရှာခြင်း

မအောင်ရင်သည် ကိုဝိုကာအား မိုးထိအောင် ဆောက်လုပ်ရေးနှင့်ပတ်သက်သည့် ကိစ္စများကိုဆက်လက်၍ ပြောဆိုနေလေသီ။

"ဒီလို ကိုဝိုကာရဲ့၊ စီးပွားရေးလုပ်ငန်း လုပ်တယ်ဆိုတာ အပြိုင်အဆိုင်တွေ ရှိစမြဲပဲ၊ အဲဒီအပြိုင်အဆိုင်တွေဟာ ကိုယ်နဲ့သူနဲ့ သူနိုင်ကိုယ်နိုင် စစ်တိုက်ရသလိုပါပဲ၊ စီးပွားရေးစစ်မြေပြင်လို့တောင် ပြောလို့ရပါတယ်၊ ယက္ကန်းတွေထောင်ပြီး ပုဆိုးတွေ အရောင်းအဝယ် လုပ်တဲ့လူလည်း အခြားပုဆိုးတွေရောင်းတဲ့ လူနဲ့သူနိုင်ကိုယ်နိုင်စစ်ခင်းရတာပါပဲ၊ ပုဆိုးတိုက်ပွဲပေါ့၊ အဲဒီလိုပဲအလှကုန်တိုက်ပွဲ၊



BURMESE CLASSIC .com

ဖိနပ်တိုက်ပွဲ၊ ဘီစကွတ်မုန့်တိုက်ပွဲတွေ မျိုးစုံအောင် ရှိနေတာပေါ့၊ အဲဒီ တော့ တစ်ဦးနဲ့တစ်ဦး အနိုင်ရဖို့ လက်နက်တွေ သုံးကြတာပါ၊ အဲဒီသုံး တဲ့ လက်နက်တွေထဲမှာ အပြင်းထန်ဆုံး လက်နက်ကတော့ ကြော်ငြာ လက်နက်ပါပဲ၊ ကြော်ငြာဟာ စီးပွားရေးစစ်မြေပြင်မှာ လက်နက်ကြီး ပါပဲ၊ ဒါကြောင့် ရှင့်ရဲ့လုပ်ငန်းမှာ ကြော်ငြာသဘောကို နားလည်တဲ့ လူတွေနဲ့ ကြော်ငြာအဖွဲ့လေး သီးခြားဖွဲ့ထားရမယ်၊ အဲဒီမှာ ကျွန်မ တစ်ခု အကြံပေးချင်တာက ကိုယ်နဲ့ပြိုင်ဖက်တွေဟာ ဘာတွေလုပ်နေတယ် ဆိုတာသိမှ သူ့ထက်သာအောင် လုပ်နိုင်မယ် မဟုတ်လား၊ အဲဒါတွေ ကို သတင်းအတိအကျရဖို့ သတင်းပေးသူလျှို၊ ဒလံအဖွဲ့လေး တောင် ဖွဲ့ထားသင့်တယ်၊ ဒီနေရာမှာ သူလျှိုနဲ့ဒလံ မတူဘူးနော်၊ သူလျှို ဆိုတာ ကိုယ့်ဆီက လွှတ်တာ၊ ဒလံဆိုတာက သူ့ဘက်ကလူက ကိုယ့် ကိုလာပြီး သတင်းပေးတာ . . .''ဟု ပြောလိုက်လျှင် ကိုပိုကာ သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ ပြီးလျှင်မအောင်ရင် က ဆက်လက်၍ ပြောပြန်လေ၏။

''ပြီးတော့လည်း ကိုယ့်ဘက်ကနေ သူ့ဘက်က သတင်းကို ထောက်လှမ်းသလို သူ့ဘက်ကလည်း ကိုယ့်ဘက်က သတင်းကို ထောက်လှမ်းနေမယ်ဆိုတာ နားလည်ထားပါ၊ အဲဒီတော့ ရှင့်အနေနဲ့ လုပ်နေတဲ့ အလုပ်တွေကို ရုပ်ဖျောက်ထားဖို့ကိုလိုတယ်၊ မပြီးမချင်း ရုပ်ဖျောက်ထားပြီး၊ ပြီးတော့မှ ကြော်ငြာတွေ ဘာတွေသုံးပြီး အင်နဲ့အား နဲ့ ပွဲသိမ်းတိုက်ရမှာပေါ့ရှင့်၊ အဲဒီမှာတော့ အားသွန်ရမှာပဲ၊ တစ်ဖက်လူ မလှုန်နိုင်အောင် တအားတွန်းရမှာပဲ၊ အဲဒါကို 'ဖိုင်နယ်ပွတ်ရှ်'လို့ ခေါ်ရ မှာပေါ့၊ ရုပ်ဖျောက်တယ်ဆိုတဲ့အခါမှာ သတင်းအများတွေလည်း


BURMESE CLASSIC .com

www.burmeseclassic.com


ထုတ်ပေးရမှာပေါ့၊ သတင်းအမှားတွေ ထုတ်တယ်ဆိုတာလည်း ကိုယ့်မှာရှိတဲ့စွမ်းရည်ကို ပြောင်းပြန်ပြောရမှာပေါ့၊ ကိုယ်ဆောက်တဲ့ အဆောက်အဦးကြီး ပြီးခါနီးရင်ပြီးဖို့ လိုသေးတယ်၊ တော်တော်နဲ့မပြီးဘူးလို့ သတင်းလွှင့်ရမယ်၊ ကိုယ့်မှာ ဆောက်လုပ်ရေးပစ္စည်း ပြည့်ပြည့်စုံစုံရှိနေတဲ့အခါမျိုးမှာ ပစ္စည်းတွေပြတ်သွားပြီ၊ မရှိတော့ဘူးလို့ သတင်းလွှင့်ရမယ်၊ ကိုယ့်ရဲ့အလုပ်သမားတွေ တက်တက်ကြွကြွ လုပ်နိုင်တဲ့အခါမျိုးမှာ အလုပ်သမားတွေ ခိုင်းလို့မရဘူး၊ ဒါကြောင့် အလုပ်တွေ ကြန့်ကြာဦးမယ်လို့ သတင်းလွှင့်ရမယ်၊ တစ်ဖက်က ကိုယ့်ရဲ့ပြိုင်ဖက်ဟာ အနိုင်မရအောင်လို့ အမျိုးမျိုးလှည့်စားရမယ်၊ လှည့်စားနည်းကလည်း အမျိုးမျိုးရှိတယ်၊ 'အမြင်မှားလှည့်စား'၊ 'အကြား မှားလှည့်စား'၊ 'ထင်ယောင်ဝိုးဝါးလှည့်စား'၊ 'တအားပြော တအားပြုလှည့်စား'ရယ်လို့ ပရိယာယ်တွေ အမျိုးမျိုးရှိမှာပေါ့ရှင့်''ဟုပြောလျှင် ကိုပိုကာသည် သူ၏မှတ်စု၌ မအောင်ရင်ပြောသမျှကို လိုက်လံရေးမှတ်လေ၏။

ဤသို့လျှင် မအောင်ရင်သည် မိုးထိအောင် ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ကိုပိုကာအား မကြာခဏ ပြောပြလေ၏။ ကိုပိုကာလည်း မအောင်ရင်ထံမှ အကြံဉာဏ်များ ယူရလေ၏။ ဤသို့နှင့်ပင် ကိုပိုကာဦးစီးသော မိုးထိအောင် ဆောက်လုပ်ရေးလုပ်ငန်းကြီးသည် တစ်စထက်တစ်စ အကောင်အထည်ပေါ်လာပြီးလျှင် အောင်မြင်သောအဖြစ်သို့ ရောက်လေတော့၏။ ထိုလုပ်ငန်းကြီးသည် အကျိုးအမြတ်များစွာရလေ၏။ ထိုသို့ရသောအခါ၌ပြိုင်ဘက်အဖြစ်ဖြင့် အခြားသောလုပ်ငန်းရှင်များ ပေါ်ပေါက်လာကာ မိုးထိအောင် ဆောက်လုပ်ရေးလုပ်ငန်းအား ယှဉ်ပြိုင်လေတော့၏။


BURMESE CLASSIC .com

သို့ရာတွင် မအောင်ရင်၏ အကြံဉာဏ်များကြောင့် အခြားသော ဆောက်လုပ်ရေးလုပ်ငန်းများသည်ပင် မိုးထိအောင် လေ့ကားထောင်ကို ကျော်ဖြတ်ရန်မဆိုထားဘိ၊ အမီလိုက်နိုင်အောင်ပင် မဖြစ်နိုင်အောင်ရှိလေတော့၏။ ကိုပိုကာလည်း လုပ်ငန်းအောင်မြင်သည့်အတွက် နှစ်ထောင်းအားရဖြစ်မိလေ၏။ သို့ရာတွင် လုပ်ဖော်ကိုင်ဖက်များကြောင့် မကြာခဏ စိတ်ညစ်ရလေ၏။

တစ်နေ့တွင် ကိုပိုကာသည် မအောင်ရင်၏ ထမင်းဆိုင်သို့ ရောက်လာပြီးလျှင် လုပ်ငန်း၏အခြေအနေကို ပြောဆိုတင်ပြလေ၏။ ထိုသို့တင်ပြပြီးနောက် မအောင်ရင် တည်ခင်းဧည့်ခံသော မုန့်နှင့် လက်ဖက်ရည်ကို စားသောက်ကာ အခြားသော ရောက်တတ်ရာရာ စကားများပြောဆိုနေကြလေ၏။ ထိုသို့ပြောဆိုနေကြရာတွင် ကိုပိုကာက–

"ဒီလို မအောင်ရင်ရဲ့ ...၊ ကျုပ်အကြောင်းလည်း ခင်ဗျားသိပါတယ်ဗျာ၊ ကျုပ်ဟာ ချမ်းသာချင်တဲ့လူမဟုတ်ဘူးဗျ၊ ဒါပေမဲ့ ပျော်ရွှင်ချင်တယ်၊ ကျုပ်ဘဝတစ်လျှောက်လုံး ပျော်ရွှင်ခြင်းဆိုတာ မတွေ့ခဲ့ပါဘူးဗျာ၊ အဲဒီ ပျော်ရွှင်ခြင်းဆိုတဲ့ အရာကိုပဲ ကျုပ်က တရစပ်ရှာဖွေခဲ့တဲ့လူပါ..." ဟုပြောလေ၏။ ထိုအခါ မအောင်ရင်က–

"ဩော်...ကိုပိုကာရယ်၊ ပျော်ရွှင်ခြင်းဆိုတာ ကျွဲပျောက်၊ နွားပျောက်ရှာသလို လိုက်ပြီးရှာလို့ရတာမဟုတ်ဘူးရှင့်၊ ပျော်ရွှင်ခြင်းမှာ'ချည်တိုင်'ရှိတယ်၊ အဲဒီ 'ချည်တိုင်'ဟာ စိတ်ညစ်စရာလို့ခေါ်တယ်၊ အဲဒီ စိတ်ညစ်စရာဆိုတဲ့ 'ချည်တိုင်'မှာပဲ ပျော်ရွှင်ခြင်းကို ချည်ထားတာရှင့် ...၊ ဒါကြောင့် ပျော်ရွှင်ခြင်းဆိုတဲ့အရာဟာ စိတ်ညစ်စရာဒါမှမဟုတ် မပျော်နိုင်စရာ နားမှာကပ်နေတယ်၊ နီးနီးကလေးရယ်...၊


BURMESE CLASSIC .com

ရှင်တို့ ကျွန်မတို့ဟာ 'နာ'တဲ့ ဒုက္ခကိုတော့ အသိအမှတ်ပြုလေ့ရှိကြ တယ်၊ 'မနာတဲ့သုခ'ကိုတော့ သတိမေ့နေတတ်ကြတယ်၊ ဥပမာရှင်– လူတစ်ယောက်ဟာ သွားကိုက်တယ်ဆိုပါတော့၊ အဲဒီအခါမှာ သွား ကိုက်လို့ နာတဲ့ဒုက္ခကို သူဟာ သေချာသိတယ်ရှင့်၊ ဒါပေမဲ့ သွားကိုက် ပျောက်သွားလို့ မနာတော့တဲ့အခါမှာတော့ အဲဒီ'မနာ'ကိုမသိဘူးရှင့်၊ အဲဒီ'မနာ'ကိုစောစောက ဒုက္ခရဲ့ဆန့်ကျင်ဘက် 'သုခ'ပါလားလို့ အသိအမှတ် မပြုမိဘူး၊ လောကကြီးမှာ တကယ်ကို ကြေကွဲဝမ်းနည်း ဖူးတဲ့လူမှ ပျော်ရွှင်ခြင်းရဲ့ အရသာကို အကျအနခံစားရတတ် တာမျိုး ရှင့် . . .၊ ပြီးတော့ ကျွန်မတို့ဟာ စိတ်ညစ်စရာတွေ့ရင်လည်း စိတ် မညစ်တတ်ဘူး၊ တောင့်ထားတယ်၊ ဝမ်းနည်းစရာတွေ့ရင်လည်း အရမ်း ကာရော ဝမ်းမနည်းတတ်ကြဘူး၊ စိတ်က တင်းထားလိုက်တယ်၊ အဲဒီ စိတ်ညစ်စရာတွေ၊ ဝမ်းနည်းစရာတွေကို မျက်နှာပေါ်မှာ အရိပ် နိမိတ်တွေတောင် ပေါ်မလာအောင် ဖုံးအုပ်ထားလေ့ရှိတယ်၊ အဲဒီ တော့ စိတ်ညစ်စရာရှိရင်လည်း တောင့်မထားနဲ့၊ အပီသာ ညစ်ပစ် လိုက်၊ ဝမ်းနည်းစရာရှိရင်လည်း မျိုသိပ်မထားနဲ့၊ ပီပီသသသာ ဝမ်းနည်း ပစ်လိုက်၊ အဲဒီ စိတ်ညစ်စရာ အောက်မှာ စိတ်ချမ်းသာစရာရှိတယ်၊ အဲဒီ ဝမ်းနည်းစရာအောက်မှာ ပျော်ရွှင်ခြင်းရှိတယ်၊ တကယ်တော့ ပျော် ရွှင်ခြင်းဆိုတာ စိတ်ရဲ့ခံစားမှုပါ၊ အဲဒါကို ရှင်က အပြင်ဘက်မှာ အ ကောင်အထည်ဒြပ်တစ်ခုကို ရှာသလိုရှာနေလို့ ဘယ်လိုလုပ်ပြီး တွေ့ မှာလဲရှင် . . .''ဟု ပြောလိုက်လေ၏။ ကိုပိုကာသည် မအောင်ရင်၏ စကားကိုပြုံး၍ နားထောင်နေ၏။ ထို့နောက် ကိုပိုကာက–

''ပြောပါဦးဗျ. . .'' ဟုဆိုလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


"ဒီလို ကိုပိုကာရဲ့ ...၊ ပျော်ရွှင်ခြင်းဆိုတဲ့ အရာရဲ့ ဆန့်ကျင်ဘက် မပျော်ရွှင်ခြင်းကို အရင်စဉ်းစားရမယ်၊ မပျော်ရွှင်ခြင်းဆိုတာက ပုံစံ တစ်ခုတည်းမဟုတ်ဘူးရှင့်၊ ပုံစံအမျိုးမျိုးနဲ့ ပေါ်လာတာ၊ လောဘကို အကြောင်းခံတဲ့ မပျော်ရွှင်ခြင်းဟာ အဲဒီလောဘဖြုတ်ချလိုက်မှကို လွင့်ပျောက်သွားတာ၊ သူ လွင့်ပျောက်သွားတာနဲ့ သူ့အောက်မှာရှိနေတဲ့ ပျော်ရွှင်ခြင်းဟာ ဘွားကနဲပေါ်လာတာ၊ အဲဒီလိုပဲ...၊ ဒေါသကိုအကြောင်းခံတဲ့ မပျော်ရွှင်ခြင်းဟာလည်း ဒေါသပျောက်သွားမှကို သူလည်းပျောက်သွားတာ၊ အဲဒီလိုပျောက်သွားတာနဲ့ ဒေါသကြောင့်ဖြစ်တဲ့ မပျော်ရွှင်ခြင်းနေရာမှာ ဗလာဟင်းလင်းဖြစ်သွားတာ၊ အဲဒီဗလာဟင်းလင်းကိုပဲ ကျွန်မတို့က ပျော်ရွှင်ခြင်းလို့ နာမည်ပေးထားတာပါရှင့် ..." ဟု ပြောလိုက်လေ၏။

"ခင်ဗျားနဲ့ စကားပြောရတာ တော်တော့်ကို အကျိုးရှိပါတယ် မအောင်ရင်၊ ခင်ဗျားဟာ ဘယ်လိုရည်ရွယ်ချက်နဲ့၊ ဘယ်လိုလမ်းညွှန်မှုမျိုးနဲ့ ဘဝကို လျှောက်လှမ်းနေတယ်ဆိုတာ ကျွန်တော်တော့ အကဲမခတ်နိုင်သေးဘူးဗျ..."ဟု ကိုပိုကာက ပြောလိုက်လျှင် မအောင်ရင်က–

"ဒါဆိုရင်တော့ ကိုပိုကာနဲ့ ကျွန်မနဲ့ ဆွေးနွေးရမှာပဲ၊ ဘဝရဲ့ အဓိပ္ပာယ်ဆိုတာ ဘာလဲဆိုတာ ဆွေးနွေးလိုက်မှ ကျွန်မကို ရှင်နားလည်သွားမှာ..." ဟု ပြောလိုက်လျှင် ကိုပိုကာက–

"အိုကေ ..."ဟု ပြောလိုက်လေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၂၀ )

# ဇါးရဲ့ ကြောက်ထောင်းကြော

ဦးမြို့သည်လည်း မအောင်ရင်၏ ခြံတွင်နေထိုင်ရင်း ဆေးကုသခဲ့ရာ ပကတိကျန်းမာသော အခြေအနေသို့ ရောက်လာပြီဖြစ်၏။ ဦးမြို့တွင် သားသမီးများရှိသကဲ့သို့ ကွယ်လွန်သွားပြီ ဖြစ်သော ဦးမြို့၏ အစ်မမှ မွေးသည့် မောင်မောင်ကွန့်ဆိုသည့် တူတစ်ယောက်ကိုလည်း အမွေစား၊ အမွေခံအဖြစ် သားအမှတ်အဖြစ် မွေးစားခဲ့ဖူး၏။ ၎င်းမောင်မောင်ကွန့်အား ဦးမြို့သည် အိန္ဒိယပြည် ကာလကတ္တားမြို့သို့စေလွှတ်၍ ပညာသင်ခိုင်းခဲ့လေ၏။ မောင်မောင်ကွန့်သည် ပညာကို ဆုံးခန်းတိုင်အောင် မသင်ဘဲ ကုလားမတစ်ဦးနှင့် အိမ်ထောင်ကျခဲ့၏။ ကာလကတ္တား၌ပင် ဆက်လက်နေထိုင်ကာ မြန်မာပြည်သို့လည်း



BURMESE CLASSIC .com

www.burmeseclassic.com


ပြန်မလာ၊ ဦးလေးဖြစ်သူ ဦးမြို့နှင့်လည်း အဆက်အသွယ်မလုပ်ဘဲ အဆက်အသွယ်ပြတ်သွားခဲ့လေ၏။ သို့ရာတွင် ၎င်း၏မိန်းမ ဝမ်းရောဂါနှင့် ကွယ်လွန်သွားသောအခါ၌ မြန်မာ ပြည်သို့ပြန်လာ၏။ ထိုသို့ပြန်လာခဲ့ရာ နောက်ဆုံးတွင် ဦးမြို့နေထိုင်ရာ မှော်ဘီမြို့၊ မရမ်းတလင်းခြံသို့ ရောက်ရှိလာလေတော့၏။ မောင်မောင်ကွန့်သည် မိမိကြီး၊ ဒေါ်ခင်မမ စသူတို့ ချို့ချို့ငဲ့ငဲ့ နေထိုင်ရသည့်အဖြစ်ကို မြင်ကာ စိတ်ပျက်၍သွားလေတော့၏။ သို့ရာတွင် ၎င်းမှာလည်း နေစရာမရှိသောကြောင့် ဦးမြို့တို့အိမ်၌ပင် မှီခိုကပ်ရပ်နေရလေတော့၏။ မောင်မောင်ကွန့်သည် ဦးမြို့အား–

"အန်ကယ်ဘာမှအားမငယ်နဲ့၊ မူလ အခြေအနေရောက် အောင် ကျွန်တော်ပြန်ပြီး ကြိုးစားပေးမယ် . . ." ဟု ပြောလေ၏။ ထိုအခါ ဦးမြို့က–

"ဖြစ်နိုင်မယ် မထင်ပါဘူး မောင်မောင်ကွန့်ရယ်၊ မင်းမှာ အဲဒီလို အရည်အချင်းမျိုးမရှိပါဘူး၊ မင်းခုပြောတဲ့ စကားတွေက မင်းအကြောင်းကို မသိတဲ့လူတွေဆိုရင်တော့ အတော့်ကို အားရဖို့ကောင်းတယ်၊ ငါက မင်းအကြောင်းကို ကောင်းကောင်းသိလေတော့ ငါ့အဖို့ အားမတက်တဲ့အပြင် နားကလောတယ်ကွ" ဟုပြောလိုက်လေ၏။ သို့ရာတွင် မောင်မောင်ကွန့်သည် ပြန်လည်ချေပပြောဆိုခြင်းမပြုဘဲ ငြိမ်၍သာနေလေ၏။ မောင်မောင်ကွန့်သည် အိမ်၌နေသည်မရှိဘဲ ရန်ကုန်သို့ နေ့တိုင်းသွား၏။ ဆက်သွယ်ရမည့်လူများနှင့် ဆက်သွယ်၏။ တွေ့ရမည့်သူများနှင့် တွေ့ဆုံ၏။ ထိုသို့ပြုလုပ်နေရင်း ရန်ကုန်မြို့အလယ်တွင် တိုက်ခန်းတစ်ခန်းဝယ်ယူကာ ရုံးခန်းတစ်ခု ဖွင့်လှစ်လေတော့၏။ ၎င်း၏ ရုံးခန်းတွင်


BURMESE CLASSIC .com

www.burmeseclassic.com


'ငွေဒေါင်းဖြူသွင်း ကုန်ထုတ်ကုန်ကုမ္ပဏီ' ဟူသော ဆိုင်းဘုတ်ကို လည်း ချိတ်ဆွဲထားလေ၏။ ၎င်း၏ ရုံးခန်း၌မန်နေဂျာ၊ စာရေးစာချီ၊ ပြာတာမှအစ ပြည့်စုံစွာရှိ၏။ မောင်မောင်ကွန့်သည် လင့်ရှိဗာကား ကလေးတစ်စီးဝယ်၍ စီးနေပြီဖြစ်၏။ မြန်မာပြည်သို့ ပြန်ရောက်ပြီး အချိန်ကာလအားဖြင့် တစ်နှစ်တာမျှပင်မရှိသေးဘဲ မိန်းမနှစ်ယောက် ယူထားပြီးဖြစ်၏။ တတိယတစ်ယောက်ယူရန်လည်း စိုင်းပြင်းနေပြီဖြစ် ၏။ ၎င်းယူမည့် တတိယတစ်ယောက် မိန်းကလေးမှာ ယောကျ်ားရှိ ၏။ သို့ရာတွင် မိန်းကလေး၏ မိဘများက ထိုမိန်းကလေး၏ ယောကျ်ား နှင့် သဘောမတူသောကြောင့် ဖွတ်အတင်းခွဲပစ်လိုက်၍ တစ်ခုလပ် မဖြစ်သင့်ဘဲ ဖြစ်ရရှာသော မိန်းကလေးတစ်ဦးဖြစ်၏။ မောင်မောင်ကွန့် သည် ထိုတစ်ခုလပ်မကလေးအား တတိယမြောက် မယားငယ်အဖြစ် စာရင်းသွင်းရန် မိန်းကလေး၏မိဘများအား လည်းကောင်း၊ အဒေါ်များ အားလည်းကောင်း ငွေကြေးစသည်တို့ဖြင့် သိမ်းသွင်းလေ၏။ နောက် ဆုံးတွင် ထိုမိန်းကလေးသည် မောင်မောင်ကွန့်၏ တတိယမြောက် မယားဖြစ်သွားလေတော့၏။

မိမိကြီးသည် မောင်မောင်ကွန့်၏ အခြေအနေကို မြင်တွေ့ရ လျှင် ၎င်း၏ဖခင် ဦးမြို့အား–

''ဒယ်ဒီ ကိုကွန့်ကတော့ ဒီအိမ်ကို ပြန်မလာပေမဲ့ တစ်နှစ် အတွင်းမှာ အတော့်ကို ကြီးပွားသွားပြီ၊ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီပိုင် ရှင်ဖြစ်နေပြီ၊ သူ့ရုံးခန်းကို ကျွန်မရောက်ခဲ့တယ်၊ မန်နေဂျာတွေ၊ စာရေးတွေ၊ ပြာတာတွေနဲ့ ပြည့်ပြည့်စုံစုံပဲ၊ သူကလည်း ကားတစီးစီးနဲ့၊ ဒီနေ့ခေတ် လူကုံထံလောကမှာ ဝင်ဆန့်နေပြီ ဒယ်ဒီရဲ့ ...၊ မကြာခင်မှာ

သမီးတို့ ရောင်းပစ်ခဲ့ရတဲ့ ရွှေဂဲအထည်စက်ရုံလုပ်ငန်းတွေ၊ ဘီစကွတ်မုန့်လုပ်ငန်းတွေကို သူပြန်ပြီးဝယ်မယ်လို့တောင် သမီးကို ပြောလိုက်တယ်၊အားရစရာပါပဲ ဒယ်ဒီရယ်၊ သမီးတို့ ဂုဏ်သိက္ခာကို ကိုကိုကွန့်ပြန်ပြီး ဆယ်ပေးမှပဲဖြစ်တော့မယ့် အခြေအနေပဲ. . .” ဟု ပြောလိုက်လျှင် ဦးမြို့က ခေါင်းကို ဖြည်းညင်းစွာရမ်းလေ၏။ ထို့နောက်

“မထင်ပါနဲ့ သမီးရယ်၊ ဒီကောင်ကြီးပွားတယ်ဆိုတာ ဒယ်ဒီဖြင့်မယုံဘူး၊ သမီးပြောသလို သူကြီးပွားတာကို မျက်စိနဲ့ တပ်အပ်မြင်ရတယ်ဆိုရင်လည်း ပိုပြီးတောင် ရင်လေးဖို့ကောင်းသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မဟုတ်တဲ့နည်းနဲ့ ကြီးပွားတာပဲ ဖြစ်ရမယ်၊ ဟုတ်တဲ့နည်းနဲ့ ကြီးပွား ဖို့ဆိုရင် ဒါလောက် မြန်မြန်ဆန်ဆန် မဖြစ်နိုင်ဘူးသမီးရဲ့ . . .၊ နောက်တစ်ခုက ငကွန့်ဟာ ရိုးရိုးသားသား စိတ်ရှည်လက်ရှည်လုပ်ရမယ့်အလုပ်မျိုးကို မွေးကတည်းက ဝါသနာမပါဘူးကွယ်. . .”ဟု ဦးမြို့က ပြောလေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာသော အချိန်၌မှာပင် သတင်းစာကြီးများ၌ ငွေစက္ကူအတုလုပ်သော ဂိုဏ်းကြီး တစ်ဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဓာတ်ပုံနှင့်တကွပါလာ၏။ ထိုဂိုဏ်း၏ခေါင်းဆောင်မှာ မောင်မောင်ကွန့်ဖြစ်၏။

ကိုပိုကာသည် ထိုသတင်းစာကိုယူ၍ ဦးမြို့တို့ထံသို့လာ၍ ပေးလေ၏။ မိမိကြီးနှင့် ဦးမြို့သည် ထိုသတင်းစာကိုဖတ်ပြီးနောက် တစ်ဦးမျက်နှာကို တစ်ဦးကြည့်လေ၏။ ထို့နောက် မိမိကြီးက–

“ဒယ်ဒီပြောတာ သိပ်မှန်တာပဲ၊ ဒီ ကိုကိုကွန့်ကတော့ တစ်သက်လုံး ကောင်းကျိုးပေးမယ့်လူ မဟုတ်ပါဘူး. . .” ဟုပြောလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com


ကိုပိုကာသည် ဦးမြို့အိမ်မှ ပြန်လာပြီးနောက် မအောင်ရင်၏ မုဆိုးကျော် ထမင်းဆိုင်သို့ သွားရောက်လေ၏။ မအောင်ရင်လည်း သတင်းစာဖတ်၍ နေလေ၏။ ကိုပိုကာကိုမြင်လျှင် မအောင်ရင်က နှုတ်ဆက်စကား ပြောလေ၏။ ကိုပိုကာလည်း မအောင်ရင်အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်ကာ သတင်းစာထဲ၌ မောင်မောင်ကွန့်၏ ဓာတ်ပုံကိုကြည့်ရင်း–

"အဲဒါပေါ့ ဦးမြို့ရဲ့ မွေးစားသား၊ ဦးမြို့က တူအရင်းကိုပြန်ပြီး မွေးစားထားတာ၊ အရင် ကာလကတ္တားမှာနေတယ်၊ မြန်မာပြည်ကို ပြန် ရောက်တာ တစ်နှစ်တောင် မပြည့်သေးဘူး. . ." ဟုပြောလေ၏။ မအောင်ရင်လည်း ထိုသတင်းကို ဖတ်ပြီးပြီဖြစ်သောကြောင့် ပြုံးလေ၏။ ထို့နောက်

"တိုင်းပြည်ကို အနှောက်အယှက်ပေးတဲ့အလုပ်ထဲမှာ ငွေစက္ကူအတုလုပ်တာကတော့ အဆိုးဆုံးပဲလို့ထင်တယ်၊ တည်ငြိမ်နေတဲ့စီးပွားရေးတွေမှာ ဈေးနှုန်းတွေ ကတောက်ကဆဖြစ်ပြီး မတည်မငြိမ်ဖြစ်သွားနိုင်တယ်၊ အဲဒီလိုဖြစ်သွားရင်အများကြီး အကျပ်အတည်း ဆိုက်ကုန်နိုင်တယ်၊ ဥပဒေမှာတော့ ဘယ်လိုဆိုထားလဲ ကျွန်မနားမလည်ပါဘူး၊ ပြင်းပြင်းထန်ထန်အပြစ်ပေးဖို့လိုတယ်လို့ ကျွန်မစိတ်မှာ ထင်နေတယ်၊ ဒီအမှုကို ကျူးလွန်တဲ့လူဟာ ဓားပြ၊ သူခိုးထက်ဆိုးတယ်၊ ကိုယ်တစ်ယောက် ကြီးပွားချမ်းသာဖို့အတွက် တစ်တိုင်းပြည်လုံးကို နှိမ့်ချလိုက်တယ်၊ ဘယ်သူ့မျက်နှာကိုမှ မထောက်တဲ့ ရက်စက်မှုကြီးပဲ. . ." ဟု လေးလေးနက်နက်ပြောလိုက်လေ၏။

"ဒီလိုဗျ၊ အရမ်းချမ်းသာချင်တဲ့ လူတွေ မို့လား. . ." ဟု ကိုပိုကာက ပြောလိုက်လျှင်–


BURMESE CLASSIC .com

"ချမ်းသာချင်တာဟာ အပြစ်မဟုတ်ပါဘူး၊ ချမ်းသာအောင် လုပ်တဲ့နည်းမှာ အပြစ်မဲ့တဲ့နည်းရယ်၊ အပြစ်ရှိတဲ့နည်းရယ် နှစ်မျိုးရှိမှာပေါ့ရှင်၊ အခု မောင်မောင်ကွန့်ကတော့ အပြစ်ရှိတဲ့နည်းကို အသုံးပြုတာပေါ့၊ အဲဒီတော့ သူ့ကို ပြင်းပြင်းထန်ထန်အပြစ်ပေးသင့်တာပေါ့. . ." ဟု မအောင်ရင်က ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ထမင်းစားရန် အတွက် ပေဒင်ဆရာဦးမိုက်ပူကြီးဆိုင်သို့ ရောက်လာလေ၏။ မအောင်ရင်ကလည်း ဦးမိုက်ပူကြီးအတွက် ထမင်းပြင်ရန် အလုပ်သမားများအားမှာကြားလိုက်လေ၏။ ထို့နောက် ၎င်းကိုယ်တိုင်ထ၍ ငါးရံ့ခြောက်မီးဖုတ်ကို ထုထောင်းကာ ဆီရွှဲရွှဲဆမ်းလေ၏။ ဦးမိုက်ပူကြီးသည် မအောင်ရင်ချပေးသော ငါးရံ့ခြောက်ကိုကြည့်ပြီးလျှင်–

"မအောင်ရင်ရဲ့ စေတနာကိုတော့ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ဟောဒီမှာ ကျုပ်ရဲ့ပါးစပ်ကိုကြည့်ပါဦး. . ." ဟုဆိုကာ ပါးစပ်ကို ဟ၍ပြလိုက်လေ၏။ ဦးမိုက်ပူကြီး၏ ရှေ့သွားနှစ်ချောင်းအနက် တစ်ချောင်းကျိုးနေပြီဖြစ်ကြောင်းတွေ့ရလေ၏။

"ဘယ်လိုဖြစ်တာလဲ. . .၊ မနေ့ကအထိ အကောင်းကြီးပဲ. . ." ဟု မအောင်ရင်က မေးလိုက်လေ၏။

"ငယ်ငယ်တုန်းက အထိုးအကြိတ် အသတ်အပုတ်ကလေး လိုက်စားဖူးတယ်ဗျ၊ အဲဒါကြောင့် သွားတစ်ချောင်းဟာ ဒဏ်ဖြစ်နေတာ၊ အသက်အရွယ် ငယ်တုန်းကတော့ သွားဖုံးရဲ့ညှစ်အားနဲ့ အဲဒီသွားဟာ မကျွတ်ခဲ့ဘူးပေါ့ဗျာ၊ အခုလိုအသက်ကြီးပြီး အားနည်းလာတဲ့ အခါကျတော့ မနေ့က အပြီးအပိုင် ကျွတ်ထွက်သွားတာပေါ့ဗျာ၊ အဲဒါကြောင့် မအောင်ရင်ရဲ့ ငါးရံ့ခြောက်ကို မစားနိုင်ပါဘူးဗျာ. . ." ဟု


BURMESE CLASSIC .com

ဦးဖိုက်ပူကြီးက ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က–

''စားနိုင်အောင်တော့ လုပ်ပေးရမှာပေါ့၊ ဒါတွေကို ပြုတ်လိုက်မယ်၊ ပြီးရင်ထောင်းမယ်၊ မွနေအောင်ထောင်းပြီး ပြန်ကြော်ပေးမယ်'' ဟုဆို ကာ မအောင်ရင်သည် ငါးရံ့ခြောက်များကို ရေနွေးကျိုက်ကျိုက် ဆူတွင် ပြုတ်လေတော့၏။ ထို့နောက် ကျောက်ငရုတ်ဆုံတွင် တဒိုင်းဒိုင်း နှင့် ထောင်းလေတော့၏။ ထို့နောက် ကြက်သွန်ဖြူ ကြက်သွန်နီများ ထည့်ကာ နနွင်းအနည်းငယ်ထည့်၍ ကြော်လေတော့၏။ ထိုအချိန်၌ ဦးဖိုက်ပူနှင့် ကိုပိုကာသည် စကားပြော၍နေကြလေ၏။ ထိုသို့ပြောရင်း ငွေစက္ကူအတု လုပ်မှုအကြောင်းသို့ စကားဦးတည်သွားလေ၏။ ဦးဖိုက်ပူကြီးသည်များသောအားဖြင့် သူတစ်ပါးအကြောင်း ပြောလေ့ပြောထ မရှိပေ။ သို့ရာတွင်–

''ဒီလို မောင်ပိုကာရဲ့၊ ငွေစက္ကူအတုလုပ် တာကတော့ အတော့်ကို ဆိုးတယ်ကွာ၊ ဈေးနှုန်းတွေ ကတောက်ကဆဖြစ်ကုန်မယ်၊ ဆင်းရဲသူ ဆင်းရဲသားတွေ အများကြီးနစ်နာသွားနိုင်တယ်၊ မလောက်မင ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် ဒီလိုလူမျိုးတွေကိုတော့ ကြီးလေးတဲ့ အပြစ်ဒဏ်ပေးလိမ့်မယ် ထင်တယ်၊ ပေးလည်း ပေးသင့်ပါတယ်၊ ဒီလူတွေဟာ ဘီလူးထက်ကြောက် ဖို့ကောင်းတယ်''ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်ကား ဦးဖိုက်ပူကြီးသည် မအောင်ရင်ကြော်ပေးသော ငါးရံ့ခြောက် ထောင်းကြော်နှင့် မြိန်ယှက်စွာ စားသောက်သွားလေတော့သတည်း။

◆


BURMESE CLASSIC .com

www.burmeseclassic.com



အခန်း ( ၂၀ )

# ၄ကြမသိတော့ အကြရက် [စရက်] ချိုးထင်

မအောင်ရင်သည် ဦးဗိုက်ပူကြီးအား အကူအညီပေးလျက် ရှိ၏။ သွားဆရာဝန်နှင့်ပြရန် တိုက်တွန်း၍ ကျွတ်ထွက်သွားသောသွားကို ပြန်စိုက်ရန်တိုက်တွန်း၏။ ဦးဗိုက်ပူကြီးသည် မအောင်ရင်ကို လွန်စွာအားကိုး၏။ ဦးဗိုက်ပူကြီးမှာလည်း ကိုပိုကာတို့၏ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အခါပေးရသော လုပ်ငန်းတစ်ခုတည်းနှင့်ပင် အားလပ်သည်ဟူ၍မရှိပေ။ အခါပေးခဲ့သော အဆောက်အဦး၊ နေ့ရက်၊ အချိန်နာရီတို့ကိုလည်း ဦးဗိုက်ပူကြီးသည် စာအုပ်တစ်အုပ်နှင့် ရေးမှတ်ထားလေ၏။ မကြာခဏဆိုသလိုလည်း မိမိအခါပေးခဲ့သော အဆောက်အအုံများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ပြုလုပ်ရမည်ကို ကိုပိုကာအား

www.burmeseclassic.com


အကြံပေးလေ့ရှိ၏။

အချိန်ကာလသည် ကြာညောင်းခဲ့ပြီဖြစ်၏။ မအောင်ရင်ထံသို့မွေးကင်းစအရွယ်ဖြင့် ရောက်လာသော အောင်ကျော်မလေးသည်ပင် ဒေါက်တာဘွဲ့ယူရန်အတွက် အင်္ဂလန်နိုင်ငံသို့ ထွက်သွားပြီဖြစ်၏။ အသက်(၃၀) နီးပါးအရွယ်က ဦးမြို့၏အိမ်တွင် အိမ်ဖော်အဖြစ် အလုပ်လုပ်ခဲ့သော မအောင်ရင်သည်ပင် အသက်(၅၀)ပြည့်သွားပြီဖြစ်၏။ သို့ရာတွင် မအောင်ရင်သည် ရုပ်ရည်ကျဆင်းခြင်းမရှိ၊ အရွယ်တင်လျက်ရှိလေ၏။ အသားအရေမှာ တင်းတင်းရင်းရင်းပင်ရှိလေ၏။ ဒေါ်ဒွေးဖြူကြီးမှာ မည်သည့်အလုပ်ကိုမှ လုပ်ကိုင်နိုင်ခြင်းမရှိတော့သည့်အတွက် အေးချမ်းစွာ အနားယူလျက် အနီးရှိတရား ရိပ်သာကြီးတစ်ခုတွင် ယောဂီမကြီးအဖြစ် ကမ္မဋ္ဌာန်းတရားပွားများလျက်ရှိလေ၏။ ထိုဒေါ်ဒွေးဖြူကြီးသည် အဖိတ်နေ့ တိုင်းလိုလို မအောင်ရင်ထံသို့ ရောက်လာလေ့ရှိ၏။ မအောင်ရင်က ဒေါ်ဒွေးဖြူကြီးလိုအပ်သည်များကို ဝယ်ခြမ်းပေး၏။ ငွေကြေးများ ထောက်ပံ့၏။

တစ်နေ့တွင် မအောင်ရင်၏ဆိုင်၌ ပေဒင်ဆရာဦးမိုက်ပူကြီး ရောက်လာလျှင် အဖိတ်နေ့နှင့်ကြုံသောကြောင့် ဒေါ်ဒွေးဖြူကြီးပါ ရောက်လာလေ၏။ ဆိုင်တွင် အလုပ်လုပ်နေသော မကုလားမ၊ သန်းသန်းစသူတို့ လည်း ဒေါ်ဒွေးဖြူကြီးကိုမြင်လျှင် ပြေး၍ဖက်ကာ ခရီးဦးကြိုပြုကြလေ၏။ အမေဒွေးဟု ခေါ်ကြ၏။ တရားရိပ်သာစခန်းတွင်လည်း ဒေါ်ဒွေးဖြူကြီးနေရန် တရားစခန်းဇရပ်ဆောက်ထားပေး၏။ ထိုဇရပ်ကိုလည်း အမေဒွေး ဇရပ်ဟုခေါ်ကြ၏။ မအောင်ရင်သည် ဒေါ်ဒွေးဖြူကြီးအား ခရီးဦးကြိုပြုပြီးလျှင် ဆိုင်တွင်းသို့ခေါ်လာကာ နံနက်စာ

ထမင်းကျွေးလေ၏။ ဒေါ်ဒွေးဖြူကြီးမှာ ကောင်းစွာမစားနိုင်ရှာပေ။ ထို့ကြောင့် ဆန်ပြုတ်ပြုတ်၍တိုက်၏။ ဦးမိုက်ပူကြီးက ဒေါ်ဒွေးဖြူကြီးအား ငွေအစိပ်လှူဒါန်း၏။ ထိုသို့ လှူဒါန်းရင်း–

"ကဲ...ရသေ့မကြီး ဒေါ်ဒွေးဖြူကို မေးရဦးမယ်၊ တရားနဲ့နီးစပ်ပြီလား"ဟု ဦးမိုက်ပူကြီးကမေးလိုက်လေ၏။ ထိုအခါ ဒေါ်ဒွေးဖြူကြီးက

"ဆရာသမားတွေ သင်ပြတဲ့အတိုင်းတော့ လုပ်ပါရဲ့၊ နီးတော့ မနီးစပ်သေးပါဘူး ဦးမိုက်ပူကြီးရယ်..." ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ဦးမိုက်ပူကြီးက–

"သာဓု...သာဓု..." ဟုခေါ်လေ၏။ အနီးရှိမကုလားမသည်ဦးမိုက်ပူကြီး၏ ဗိုက်ကို လိမ်ဆွဲရင်း–

"မနီးစပ်သေးဘူးလို့ပြောတာ ဘာလို့ သာဓုခေါ်ရတာလဲ..." ဟု မေးလေ၏။

"အမှန်ကိုပြောလို့ သာဓုခေါ်တာပါ၊ တချို့က အဲဒီလို အမှန်အတိုင်းပြောလေ့မရှိဘူး...၊ ဒေါ်ဒွေးဖြူကတော့ ဖြောင့်မတ်တာကိုး...၊ အဲဒါကို သဘောကျလို့ သာဓုခေါ်တာ..." ဟု ဦးမိုက်ပူကြီးက ပြန်၍ဖြေလေ၏။

ထို့နောက် မအောင်ရင်သည် ဒေါ်ဒွေးဖြူအား ဆန်ပြုတ်တိုက်လေ၏။ သုံးစွဲရန်အတွက် ငွေကြေးလှူဒါန်းလေ၏။ ပရုပ်ဆီဘူး၊ သွေးဆေး စသည်တို့ကိုလည်းပေးလေ၏။

"ဇရပ်က မီးလုံးကျွမ်းသွားပြီ"ဟု ဒေါ်ဒွေးဖြူက ပြောသဖြင့် မအောင်ရင်က စိန်ဝင်းမောင်အား–

"စိန်ဝင်းမောင်ရေ မီးလုံးပြန်ပြီး မတပ်နဲ့၊ အဲဒီနေရာမှာ မီး



BURMESE CLASSIC .com

ချောင်း တပ်ပေးလိုက်ပါကွယ်၊ ဒီက ဇရပ်သော့ယူသွား . . .”ဟုဆို သဖြင့် ဒေါ်ဒွေးဖြူထံမှ ဇရပ်သော့ကိုယူ၍ စိန်ဝင်းမောင်လည်း ထွက် သွားလေတော့၏။

ဒေါ်ဒွေးဖြူပြန်သွားသောအခါ၌ ဦးဗိုက်ပူနှင့် မအောင်ရင် တို့ စကားပြောဖြစ်ကြလေ၏။ ဦးဗိုက်ပူကြီးသည် ရေနွေးကြမ်းတစ်ခွက် ကို မော့သောက်လိုက်ပြီးနောက်–

“ဒေါ်ဒွေးဖြူကြီးကတော့ ကမ္မဋ္ဌာန်းတရား ပွားများနေပြီ၊ မအောင်ရင်ရော တရားမထိုင်ဘူးလား...” ဟုမေးလိုက်လေ၏။ ထိုအခါ မအောင်ရင်က–

“ဒီလိုပါ အဘရယ်၊ ဒေါ်ဒွေးဖြူလိုတော့ ရိပ်သာတွေ၊ ဘာ တွေသွားပြီး တရားမထိုင်နိုင်ပေမဲ့ ကိုယ့် အိမ်မှာကိုယ်တော့ ထိုင်ဖြစ်ပါ တယ်၊ ကျွန်မက ညနာရီ ပြန်(၂)ချက်ထိုးရင် အိပ်ရာကထလေ့ရှိ တယ် အဲဒီ့အချိန်မှာ ကိုယ်လက်သန့်စင်ပြီးတာနဲ့ လယ်တီဆရာတော် ဘုရားကြီးရဲ့ ကမ္မဋ္ဌာန်း ကျမ်းကြီးမှာပါတဲ့ နည်းအတိုင်း ထိုင်တော့တာ ပါပဲ၊ အဲဒီလိုထိုင်တယ်ဆိုလို့ အထင်လည်း သိပ်မကြီးနဲ့ဦး၊ ထိုင်တာပဲရှိ တာ၊ ဘာမှကို မဖြစ်သေးဘူး...”ဟုပြော၍ သူ့ဘာသာရယ်လေတော့ ၏။ ထိုအခါ ဦးဗိုက်ပူကြီးက–

“မအောင်ရင်က ဘာကိုရယ်တာလဲ...’ ဟု မေးလေ၏။

“ကျွန်မ ဘာမှကိုမဖြစ်သေးတာကို ရယ်တာပါ . . .” ဟု မအောင်ရင်က ပြန်၍ဖြေလေ၏။ ထိုအချိန်၌မှာပင် ဆိုင်ရှေ့တွင် မော် တော်ကားလေးတစ်စီးလာ၍ ရပ်လေ၏။ ထိုမော်တော်ကားပေါ်မှ လူငယ်တစ်ဦး ဆင်းလာပြီး မအောင်ရင်အား မေးလေ၏။ မအောင်ရင်


BURMESE CLASSIC .com

က ထိုလူငယ်အား–

“ဒီမှာသူငယ် မင်းမေးတဲ့ အန်တီဒေါ် အောင်ရင်ဆိုတာ အန်တီပဲကွယ်. . .၊ ဘာကိစ္စလဲ. . .”ဟုပြောလိုက်လျှင် ထိုလူငယ်က–

“ကျွန်တော်က နိုင်ငံခြားမှာသွားပြီး ကျောင်းတက်နေတာပါ၊ မအောင်ကျော်မနဲ့ ကျောင်းနေဖက်ပါခင်ဗျာ၊ ကျွန်တော့်အမေ အသည်းအသန်ဖြစ်လို့ ခဏပြန်လာတာ၊ မအောင်ကျော်မက အန်တီ့ဆီ လူကြုံပါး လိုက်တဲ့ ပစ္စည်းလေးတွေလာပို့တာပါ. . .”ဟုဆိုကာ အထုပ်တစ်ထုပ်ကို ပေးလေ၏။ ထိုသို့ပေးရင်း ထိုသူငယ်က–

“ကျွန်တော့်နာမည်က မောင်ကြာပွင့်လို့ ခေါ်ပါတယ် . . .” ဟုပြောလေ၏။ မအောင်ရင်သည် ဦးဗိုက်ပူကြီးအား ခွင့်တောင်း၍ မောင်ကြာပွင့်အား ဧည့်ခံလေ၏။ မောင်ကြာပွင့်၏ မိဘမျိုးရိုးကို တီးခေါက်ကြည့်လေ၏။ မောင်ကြာပွင့်၏ မိခင်အသည်းအသန်ဖြစ်သည်ဆိုသော ရောဂါကို စုံစမ်းလေ၏။ မအောင်ရင်သည် မောင်ကြာပွင့်နှင့် စကားပြောနေလေ၏။ စကားပြောသည်ဆိုသော်လည်း စကားထဲတွင် မသိမသာ မေးခွန်းများထည့်၍မေးနေခြင်းဖြစ်၏။ မောင်ကြာပွင့် မပြန်မီ တစ်ခါ လာစေလိုကြောင်းလည်းမှာ၏။ မောင်ကြာပွင့် ပြန်သွားသောအခါ၌ မအောင်ရင်အား ဦးဗိုက်ပူကြီးက–

“ဟိုကောင်လေးနဲ့ စကားပြောနေတုန်း မအောင်ရင်ရဲ့ မေးခွန်းတွေက ဒလစပ်ကောင်လေးကို ပစ်နေတာပဲ၊ ကောင်လေးအကြောင်း တော်တော်သိသွားပြီလား. . .” ဟုပြောရာ မအောင်ရင်က ပြုံးလေ၏။

“ဒီလိုပါ အဘရယ်၊ ဒီကောင်လေးကို အောင်ကျော်မက ဒီကို လွှတ်လိုက်တာဟာ သူယူမယ့် ယောကျာ်းဟာ ဒါပဲလို့ ပြလိုက်

www.burmeseclassic.com


တာမဟုတ်လား၊ အဲဒီတော့လည်း ကျွန်မရဲ့ သမက်လောင်းပေါ့၊ အဲဒီတော့ နည်းနည်းပါးပါးသိအောင် တီးခေါက်ကြည့်တဲ့သဘောပါ။ အဲဒီလိုမှ မဟုတ်ရင် 'ငှက်မသိတော့ ဆက်ရက် (ဇရက်) ကိုချိုးထင်တယ်'၊ 'အချက်မသိတော့လည်း သမက်ကို သူခိုးထင်တယ်' မဟုတ်လား...''ဟု ပြန်၍ ပြောလိုက်လျှင် ဦးဗိုက်ပူကြီးသည်ရယ်လေ၏။ ထို့နောက်–

''အခုလို မေးခွန်းတွေပစ်လိုက်တော့ အတော်ကလေး သိသွား ပြီလား...''ဟု မေးလေ၏။

''ဒီလိုရှင့် ...၊ ကျွန်မမေးတဲ့ မေးခွန်းတွေကိုတော့ ကောင်လေးဟာ လုံးစိပတ်စိပြန်ပြီး ဖြေပါတယ်၊ ဒါပေမဲ့ သူ့အဖြေတွေဟာ အမှန်တွေ မဟုတ်ဘူး၊ လိမ်ပြီးဖြေနေတာဖြစ်တယ်...''ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ဦးဗိုက်ပူကြီးက–

''ဟောဗျာ...မအောင်ရင်တို့ နှစ်ယောက်စကားပြောနေတာကို ကျုပ်မြင်လည်းမြင်တယ်၊ စကားတွေကိုလည်း ကြားနေရတာပဲ၊ ဘယ်လိုကြောင့် ကောင်လေးက လိမ်တယ်လို့ မအောင်ရင်က ပြောနေတာတုံး...''ဟုပြန်၍မေးလိုက်လေ၏။

''ဒီလိုပါ အဘရယ်၊ လိမ်ပြောတဲ့လူ တော်တော်များများဟာ နှာခေါင်းနဲ့လက်ကို ပွတ်သပ်လေ့ရှိတယ်၊ ဘာကြောင့်လဲလို့ဆိုတော့ လိမ်တဲ့လူဟာ သူရဲ့ပါးစပ်ကို လူမမြင်အောင် ကွယ်ချင်တဲ့သဘောပါပဲ၊ ငါးနှစ်၊ ခြောက်နှစ်အရွယ်ကလေးတွေဆိုရင် လိမ်ပြောရင် သူတို့ပါးစပ်ကလေးတွေကို လက်ကလေးနဲ့ အုပ်ထားလေ့ရှိတယ်၊ လူငယ်လူရွယ်လေးတွေကျတော့ နှာခေါင်းကို လက်နဲ့ပွတ်လေ့ရှိတယ်၊ လူကြီးပိုင်းရောက်လာတော့ မျက်နှာကို ပွတ်သပ်လေ့ရှိ


BURMESE CLASSIC .com

တယ်၊ နောက်ပြီးတော့ မောင်ကြာပွင့်လေးဟာ စကားပြောရင်း ကုလားထိုင်ကြမ်းပြင်ကို မကြာခဏ လက်နှစ်ဖက်နဲ့ ဆုပ်လေ့ရှိတယ်၊ ဒီအချက်ဟာ ကျွန်မနဲ့ဆက်ပြီး စကားမပြောချင်ဘူးလို့ ဖော်ပြနေတာ၊ သိပ်ပြီးသိမ်မွေ့တယ် . . .''ဟုပြောလိုက်လျှင် ဦးဗိုက်ပူကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်လေ၏။ ထို့နောက်–

''မအောင်ရင်ဟာ အတော့်ကို သတိကောင်းတာပဲ . . .''ဟု ပြောလေ၏။ ထိုအချိန်မှာပင် ကိုပိုကာသည် မော်တော်ကားတစ်စီးနှင့် ရောက်လာလေတော့၏။ မအောင်ရင်သည် မော်တော်ကားကို လှမ်း၍ ကြည့်ပြီးနောက်–

''ကိုပိုကာက ဒီကိုမလာခင် မရမ်းတလင်းတောက ဦးမြို့တို့ အိမ်ကို ဝင်ခဲ့သေးတာကိုး၊ ဦးမြို့နဲ့တွေ့ဖို့တော့ ကိစ္စသိပ်မရှိပါဘူး၊ မိမိကြီးနဲ့ တွေ့ဖို့လိုအပ်တယ်ထင်တယ် . . .''ဟုပြောလိုက်ရာ ကိုပိုကာလည်း မျက်လုံးပြူးသွားလေ၏။

''အမှန်ပဲ မအောင်ရင်ရေ၊ အဲဒီကို ဝင်ခဲ့ပါသေးတယ်၊ ခင်ဗျား ပြောသလို မိမိကြီးနဲ့တွေ့ဖို့ မဟုတ်ပါဘူး၊ ဦးမြို့တူ မောင်မောင်ကွန့် ကိစ္စ ပြောဖို့ဝင်ခဲ့တာပါ၊ အဲဒီလိုဝင်ခဲ့တယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်ပြီးသိခဲ့တာလဲ . . .''ဟု မေးလိုက်ရာ မအောင်ရင်က–

''ရှင့်မော်တော်ကားရဲ့ ဘီးနဲ့ မတ်ကပ်မှာ ရွှံ့အနီတွေ ပေနေတယ်၊ မရမ်းတလင်းတောက ရွှံ့တွေက အနီရောင်တွေရှင့် . . .'' ဟု မအောင်ရင်က ပြောလိုက်လျှင် ဦးဗိုက်ပူကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့သတည်း။ ။

◆



BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၂၂ )

# တိုပိုကာလဝေဒနာ

တစ်နေ့တွင် မအောင်ရင်သည် သူ၏ဆိုင်မှအလုပ်သမားများအား အဝတ်အထည်များနှင့် လက်ဝတ်လက်စားများကို တစ်ဦးချင်းခေါ်ယူ၍ လက်ဆောင်ပေးနေလေ၏။ စိန်ဝင်းမောင်သည် လက်ပတ်နာရီတစ်လုံး၊ လက်စွပ်တစ်ကွင်း၊ ရှူးဖိနပ်တစ်ရံ၊ ဘောင်းဘီရှည်တစ်ထည်ရ၏။ မကုလားမမှာ နားကပ်နှင့် ပါတိတ်လုံချည်တစ်ထည်ရ၏။ မြတ်လှမှာ ဆွဲကြိုးနှင့် အနွေးထည်ရ၏။ ရိပ်သာသို့ရောက်နေသော ဒေါ်ဒွေးဖြူကြီးမှာ လက်ဆွဲ သားရေသေတ္တာတစ်လုံးနှင့် ကတ္တီပါခြုံထည်တစ်ခုရလေ၏။ ဒေါ်ဒွေးဖြူကြီးသည် လွန်စွာဝမ်းသာနေ၏။



BURMESE CLASSIC .com

www.burmeseclassic.com


“အတော်ပဲ…၊ ကျိုက်ထီးရိုး သွားမလို့ …”ဟု ပြောလေ၏။

“မဟုတ်တာဘဲ ဒေါ်ဒွေးဖြူရယ်၊ ကျိုက်ထီးရိုးကို ဒီသေတ္တာကြီးနဲ့ ဘယ်တက်နိုင်မလဲ၊ ခြုံထည်က အသုံးဝင်ရင်ဝင်မှာပေါ့၊ ကျိုက်ထီးရိုးတက်ဖို့လွယ်လို့ရတဲ့ သားရေအိတ်တစ်လုံးဝယ်ပေးပါဦးမယ်”ဟု မအောင်ရင်က ပြောလေ၏။ ထိုအချိန်မှာပင် ကိုပိုကာသည် ဆိုင်အတွင်းသို့ ဝင်လာလေ၏။

“ဒေါ်ဒွေးဖြူကြီး ကျိုက်ထီးရိုးသွားမလို့လား၊ ကျုပ်တို့နဲ့လိုက်ခဲ့”ဟု ကိုပိုကာက ပြောလိုက်ရာ မအောင်ရင်က–

“ဘယ်လို…၊ ကျုပ်တို့ဆိုပါလား၊ ကျိုက်ထီးရိုးကို ဘယ်နှစ်ယောက်တောင်သွားမလို့တုံး…”ဟု မေးလိုက်လေ၏။

“ဒီလိုပါ မအောင်ရင်ရယ်၊ ဦးမြို့ကနေကောင်းသွားပြီမဟုတ်လား၊ အဲဒီတော့ ကျိုက်ထီး ရိုးဘုရားကို ဖူးချင်တယ်လို့ပြောတာ သုံးခါရှိသွားပြီ၊ ကျုပ်ကလည်း ပို့ပေးမယ်လို့ ကတိခံထားလေတော့ ပို့ပေးမလို့ပါ၊ အဲဒီအကြောင်း မအောင်ရင်ကိုလာပြီးပြောတာပါ…”ဟု ကိုပိုကာက ပြောလိုက်လေ၏။

“အခုတော့ ကျိုက်ထီးရိုးတက်ဖို့လာပြီး ခွင့်တောင်းတာပေါ့လေ၊ သိပ်မကြာခင်မှာ မိမိကြီးနဲ့ လက်ထပ်တော့မယ်ဆိုတဲ့အကြောင်းလာပြီးခွင့်တောင်းရဦးမယ်ထင်တယ်…”ဟု မအောင်ရင်က ပြောလိုက်လျှင် ကိုပိုကာက–

“နိမိတ်မဖတ်စမ်းပါနဲ့ မအောင်ရင်ရယ်၊ ပိုကာလို လူရှေ့မှာ ကျွမ်းထိုးပြပြီးမှထမင်းစားရတဲ့ ဆပ်ကပ်သမားတစ်ယောက်ကို မိမိကြီးလိုသူဌေးသမီးတစ်ယောက်က ယူမလားတဲ့ဗျာ…”ဟု ပြန်ပြီးပြော


BURMESE CLASSIC .com

လိုက်လေ၏။ ထိုအခါ မအောင်ရင်က–

''မဟုတ်ဘူး ကိုပိုကာ၊ တစ်ချိန်တုန်းက ရှင့်ကို မိမိကြီးက မျောက်လွှဲကျော်တစ်ကောင်လောက် သဘောထားချင်ထားမှာ၊ အခု တော့ ရှင့်အရည်အချင်းတွေ သိသွားပြီလေ၊ ရှင့်ကို အဲဒီလိုမထင်တော့ ဘူး ရှင့်ကို အထင်ကြီးတတ်သွားပြီလေ၊ ခံစားတတ်သွားပြီ၊ ဘဝ တစ်ခုလုံးအတွက် အားကိုးရမယ့်လူလို့ နားလည်သွားပြီ၊ အဲဒီတော့ မိမိကြီးကစပြီး ရှင့်ကို ရည်းစားစကားမပြောရင် ကံကောင်းတယ်လို့ မှတ်ပေတော့၊ များသောအား ဖြင့် မိန်းမတွေဟာ ယောကျ်ားတစ် ယောက်ကို လက်ခံတာဟာ အချစ် အတွက်ချည်းပဲမဟုတ်ဘူးနော်၊ အားကိုးချင်တာလည်းပါတယ်...''ဟု ပြောလိုက်လေတော့၏။

''တစ်ခုတော့ရှိတယ်မအောင်ရင်၊ ခင်ဗျားပြောတာ သဘာ ဝကျပါတယ်၊ ဒါပေမဲ့ ခုချိန်ထိတော့ ဘာမှမဟုတ်သေးပါဘူး'' ဟုပြန်၍ပြောရင်း ကိုပိုကာသည် စားပွဲပေါ်မှ ရေနွေးကြမ်းကို မော့လိုက် လေ၏။ ထို့နောက် ကိုပိုကာက–

''ထားပါတော့ မအောင်ရင်ရယ်၊ ဒါတွေက အရေးမကြီးပါ ဘူး၊ အလုပ်စကားလေးနည်းနည်းပြောချင်တယ်၊ ကျုပ်တို့လုပ်ငန်းတွေ အားလုံးထဲမှာ အထည်စက်ရုံလုပ်ငန်းက နည်းနည်းကျတယ်၊ အဲဒါ ကြောင့် သိပ်ပြီးနစ်နစ်နာနာ အရှုံးမပေါ်အောင် လူလျှော့ဖို့ စဉ်းစားထား တယ်၊ ဘယ်လောက်လျှော့မယ်၊ ဘယ်တော့လျှော့မယ်ဆိုတာကို ကျိုက်ထီးရိုးက ပြန်လာမှ မအောင်ရင်ကိုတင်ပြမယ်...''ဟု ကိုပိုကာက ပြောလေ၏။

''လုပ်ငန်းအရှုံးပေါ်လို့ ဖာထေးရတဲ့ကိစ္စမျိုးမှာ အလုပ်သမား



BURMESE CLASSIC .com

www.burmeseclassic.com


လျှော့တဲ့နည်းဟာ အညံ့ဆုံးပဲ၊ ဒီ့ထက်ပိုပြီးပြောရရင် အရက်စက်ဆုံးပဲ၊ အန္တရာယ်လည်းအများဆုံးပဲ၊ လူတွေကို ကိုယ်လိုတုန်းက ခေါ်သုံးပြီး အလို မရှိတဲ့အခါ မောင်းထုတ်ပစ်တာ မလုပ်သင့်ဆုံးအလုပ်ပဲ၊ ပြီးတော့ ကိုပိုကာကိုပြောရဦးမယ်၊ အခုခေတ်စီးပွားရေးဆိုတာက အေးဆေးတည်ငြိမ်တဲ့ စီးပွားရေးမဟုတ်ဘူးနော်၊ စစ်တိုက်သလို လုပ်ရတာလို့ ကျွန်မ မကြာခဏပြောခဲ့တာပဲ၊ ဘီစကွတ်မုန့်လုပ်ရင် ဘီစကွတ်မုန့်စစ်ပွဲပဲ၊ အထည်လုပ်ရင်လည်း အထည်စစ်ပွဲပဲ၊ အလှကုန်လုပ်ရင်လည်း အလှကုန်စစ်ပွဲပဲ၊ ခရီး သွားလုပ်ငန်းလုပ်ရင်လည်း ခရီးသွားလုပ်ငန်းစစ်ပွဲ၊ သူနိုင်ကိုယ်နိုင် ဆင်နွှဲရတာ၊ ရှင်တစ်ခု စဉ်းစားကြည့်လေ၊ ကျွန်မတို့ဟာ လုပ်ငန်းတွေအများကြီး လျှောက်လုပ်ထားတာပဲ၊ အဲဒီတော့ စစ်မျက်နှာတွေ အများကြီးဖြန့်ထားတာပေါ့ရှင်၊ သဘာဝချင်းမတူတဲ့ စစ်မျက်နှာအမျိုးမျိုးဖြန့်ထားတယ်လို့ နားလည်ရတယ်၊ အဲဒီတော့ စစ်မျက်နှာအားလုံးမှာ ကိုယ်က ချည်းအနိုင်ရမယ်လို့ မျှော်လင့်မထားရဘူးရှင့်၊ ရွံ့နွံထူထပ်တဲ့နေရာမျိုးမှာ ကိုယ်ကအနိုင်ရ ချင်ရနေမယ်၊ ခြောက်သွေ့ပြီး ရေရှားတဲ့ စစ်မျက်နှာမျိုးမှာတော့ ကိုယ့်ဘက်က ရှုံးချင်ရှုံးနေမှာပေါ့၊ အဲဒီသဘာဝကို နားလည်ထားရင် အရှုံးပေါ်နေတဲ့ လုပ်ငန်းအတွက် စိတ်အနှောက်အယှက် ဖြစ်စရာ မရှိပါဘူး၊ ရှင့်ကို ကျွန်မ ပြောပြမယ်၊ ကျွန်မတို့ အထည်စက်ရုံက အရှုံးမပေါ်သေးပါဘူး၊ အရှုံးနဲ့ အမြတ်ကြားထဲက မာဂျင်မှာ တန်းနေတာပါ၊ အဲဒါဘာကြောင့်ဖြစ်ရသလဲဆိုတော့ တရုတ်ပြည်ဘက်က အထည်တွေဝင်လာလို့ရှင့်၊ အဲဒါကလည်း ခိုးပြီးဝင်လာတဲ့ လမ်းကြောင်းပါ၊ တစ်နေ့က သတင်းစာမှာ ဖမ်းဆီးပိတ်အုပ် တွေအကြောင်းပါလာ

www.burmeseclassic.com


တယ်၊ သက်ဆိုင်ရာက မျက်ခြေမပြတ်ပါဘူး၊ စပြီးတော့ ပိတ်နေပါပြီ၊ မကြာခင်မှာ အဲဒီလမ်းကြောင်းပိတ်သွားမယ်၊ ဒါပေမဲ့ တစ်ခုစဉ်းစား ကြည့်ရမယ်၊ သူ့ဆီက မလာလို့ ကိုယ့်ပစ္စည်းရောင်းရတယ် ဆိုတာလည်း ကောင်းတဲ့သဘာဝမဟုတ်ဘူး၊ ကိုယ့်ပစ္စည်းက ကောင်းလို့ တန်လို့ ဝယ် တဲ့ လူများတာပဲလိုချင်တယ်၊ ရွေးချယ်စရာမရှိလို့ ကိုယ်တစ်ယောက်တည်း အနိုင်ရတာမျိုး ဘာလုပ်မလဲရှင်၊ အခု ကိုပိုကာ စက်ရုံကို ကိုင်နေတာ က အထည်များများထွက်ရေးကို ဦးစားပေးပြီးတော့ အရေအတွက် အဓိ က လုပ်နေတာ၊ ကျွန်မ လိုချင်တာက အထည်ကောင်းကောင်းထွက် ရေးကို ဦးတည်စေချင်တယ်၊ 'ကွာလတီဒရိုက်' (Quality Drive) ဖြစ်စေချင်တယ်၊ အဲဒီအခါကျရင် ဘယ်ကဘာပဲဝင်လာဝင်လာ မှုစရာမလိုပါဘူး . . .''ဟု မအောင်ရှင်က ပြောလေ၏။ ထိုအခါ ကိုပိုကာသည် ၎င်း၏ မှတ်စုစာအုပ်ကို ထုတ်၍ မအောင်ရှင်ပြောသမျှ ကို တစ်လုံးမကျန် လိုက်လံရေးမှတ်လေ၏။ မအောင်ရှင်သည် ကိုပိုကာ ၏ လုပ်ပုံကိုင်ပုံကိုကြည့်ကာ မသိမသာ ပြုံးလိုက်လေ၏။ ကိုပိုကာသည် မအောင်ရှင်ပြုံးသည်ကို မြင်တွေ့သွားသည်ဖြစ်ရာ–

''မအောင်ရှင် ခင်ဗျားပြုံးလိုက်သလိုပဲ၊ ဘာကို သဘောကျပြီး ပြုံးတာလဲ. . .''ဟု မေးလေတော့၏။

''ကိုပိုကာ စိတ်မဆိုးဘူးဆိုရင် ကျွန်မဘာကြောင့် ပြုံးတယ် ဆိုတာကို ပြောပြပါ့မယ်. . .''ဟု မအောင်ရှင်က ပြန်၍ပြောလေ၏။

''စိတ်မဆိုးပါဘူး မအောင်ရှင်ရယ်၊ ပြောပါ. . .''ဟု ကိုပိုကာ က ပြောကာ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာရင်း နားထောင်ရန် အသင့်အနေအထား ပြုလုပ်လိုက်လေ၏။


BURMESE CLASSIC .com

"ရှင် ကျွန်မနဲ့ တွေ့တဲ့အခါတိုင်း ဘောင်းဘီအိတ်ထဲက မှတ်စု စာအုပ်ကလေးကိုထုတ်ပြီး ကျွန်မပြောတဲ့စကားတွေကို လုံးစေ့ပတ်စေ့လိုက်ပြီး ရေးမှတ်လေ့ရှိတယ်၊ အဲဒါနဲ့ပတ်သက်လို့ ကျွန်မသတိထားမိ တာကြာပါပြီ၊ ဘာကြောင့်ရှင် အဲဒီလိုလိုက်ပြီးရေးတယ်၊ အဲဒီလို လိုက်ပြီး မှတ်တယ်ဆိုတာကို ကျွန်မ စဉ်းစားကြည့်တယ်၊ အဲဒီလို စဉ်းစားကြည့်တဲ့အခါမှာ ပထမအချက်က ကျွန်မ ပြောတဲ့စကားတွေဟာ အရေးကြီးတယ်၊ မှတ်သားစရာလည်းကောင်းတယ်လို့ အဓိပ္ပာယ်ရတယ်။ ဒုတိယအချက်ကတော့ ရှင်ဟာ သိပ်ကိုသတိမေ့တတ်တယ်၊ အဲဒီလိုကြီး မရေးရင် မမှတ်ရင် အကုန်လုံးမေ့ကုန်မှာပဲလို့ အဓိပ္ပာယ်ရတယ်၊ တတိယအချက်ကတော့ မအောင်ရင်ရေ. . . ခင်ဗျားကို ကျုပ်က လေးစားပါတယ်ဗျာ၊ ခင်ဗျား ပြောသမျှကို တသွေမတိမ်းလိုက်နာဖို့ ကျုပ် ဒီမှာမှတ်စုစာအုပ်နဲ့တောင် လိုက်ပြီးရေးမှတ်ထားတယ်လို့ ကျွန်မကို တစ်နည်းတစ်ဖုံအားဖြင့် အသိပေး နေတာဖြစ်တယ်၊ လုပ်ပြနေတာဖြစ်တယ်၊ ပထမ အချက်နှစ်ချက်ဟာ ကောင်းပါတယ်၊ နောက်ဆုံးအချက်အတွက် ရှင့်အနေနဲ့ မှတ်စုစာအုပ်ထုတ်ပြီး ရေးပြနေတယ်ဆိုရင်တော့ မလုပ်ပါနဲ့တော့၊ ကျွန်မနဲ့ ကိုပိုကာရဲ့ ဆက်ဆံရေးမှာ အဲဒါတွေမလိုပါဘူး၊ ပြီးတော့ တကယ်လုပ်တာ မဟုတ်ဘဲ လုပ်ပြနေတာမျိုးကို ကျွန်မအနေနဲ့ မျက်စိနောက်လို့ပါ၊ ကျွန်မပြောတဲ့ စကားတွေဟာ စာအုပ်နဲ့လိုက်ပြီး ရေးမှတ်ထားဖို့ မလိုပါဘူး၊ လိုအပ်ရင် စိတ်နဲ့လိုက်ပြီး ရေးမှတ်ထားလို့ရပါတယ် . . ." ဟု မအောင်ရင်က ပြောလိုက်လေ၏။ ကိုပိုကာက–

"ဒီလိုရှိတယ် မအောင်ရင်၊ ကျုပ်က အလုပ်ကို တိတိကျ


BURMESE CLASSIC .com

ကျလုပ်ချင်တဲ့လူ၊ အဲဒီတော့ ခင်ဗျားပြောတာတွေကိုလိုက်ပြီး ရေးထားရမှာပဲ၊ နောင်တစ်ချိန်မှာ ကျုပ်က ခင်ဗျားပြောတဲ့အတိုင်း လုပ်ထားပါလျက် ခင်ဗျားက 'ကျွန်မ ဒါတွေ မပြောမိပါဘူး'လို့ ငြင်းခဲ့ရင်လည်း ကျုပ်ဘက်က အထောက်အထားရတာပေါ့ . . .'' ဟု ပြောလိုက်လျှင် မအောင်ရင်က–

''ဒီလိုဆိုရင် ကိုပိုကာက အလုပ်ကို ကောင်းကောင်းလုပ်တာ မဟုတ်ပါဘူး၊ ကျွန်မကို ချည်ဖို့ကြိုးစားနေတာပဲ၊ ကျွန်မ ပြောလို့လုပ်တယ်ပဲထားဦး၊ အဲဒီအလုပ်က မှားသွားရင် အဖြေဟာ အမှားပဲ၊ မအောင်ရင်ပြောတဲ့အတိုင်းလုပ်တာပါဗျာ၊ ကျုပ်သဘောနဲ့ ကျုပ်လုပ်တာမဟုတ်ဘူးဆိုရုံ လောက်နဲ့ အမှားဟာ အမှန်ဖြစ်မလာနိုင်ဘူး၊ အခု ကိုပိုကာ လုပ်နေပုံက အလုပ်ကြီးတစ်ခုလုံး မှားယွင်းသွားမှာကိုမကြောက်ဘူး၊ ရှင့်အပေါ်မှာ အပြစ်ပုံချမှာကိုပဲ ရှင်က စိုးရိမ်နေပုံရတယ်၊ အဲဒါကိုက ရှင့်အနေနဲ့ ပျော့ညံ့တဲ့အချက်ပဲ၊ ဘယ်သူ့ကြောင့်ပဲ မှားမှားပေါ့ရှင်၊ ဒီအလုပ်မှာ ရှင်ဟာ တာဝန်ခံတစ်ယောက်ပဲ၊ ရဲရဲကြီး တာဝန်ယူလိုက်ပေါ့၊ ဘာဖြစ်လို့ ဒီလောက်တောင် သူရဲဘောနည်းနေတာလဲ . . .''ဟု ပြောလိုက်လေ၏။

''ဒီလိုတော့ မဟုတ်သေးဘူး မအောင်ရင်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားနဲ့ ကျုပ် အကျေအလည်ဆွေးနွေးရဦးမယ်၊ ကျုပ်ရဲ့ဘဝ တစ်လျှောက်လုံးမှာ၊ ကျုပ်ရဲ့ လေ့လာသင်ယူမှုတွေမှာ ရေးမှတ်တဲ့နည်းကို ကျုပ်က အလွန်အားပြုတယ်၊ ဝါသနာလည်းပါတယ်၊ အဲဒါကိုလည်း ခင်ဗျား စဉ်းစားတဲ့အထဲမှာထည့်ပြီး စဉ်းစားဖို့လိုတယ်''ဟု ကိုပိုကာက လေပြေကလေးဖြင့် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က



BURMESE CLASSIC .com

နှစ်လိုဖွယ်ရာ ပြုံးလိုက်ရင်း–

''ရှင်ပြောတဲ့စကားမှာ ဝါသနာဆိုတဲ့ စကားလုံးပါနေတယ်၊ ဝါသနာတို့ အကျင့်တို့ဆိုတာတွေပါနေရင် အဲဒီကြားထဲကို ကျွန်မ ဝင်လို့ မရတော့ဘူး၊ အဲဒါတွေကို ကျွန်မ ဖြေလည်းမဖြေရှင်းတတ်ဘူး၊ ဝါသနာတို့ အကျင့်တို့ဆိုရင် လွှတ်ပေးထားရမှာပဲ၊ လုပ်လို့မရဘူး၊ အဲဒါကြောင့် ကိုပိုကာ တစ်ယောက် မှတ်စုစာအုပ်ကလေး တစ်ကိုင်ကိုင် လုပ်နေတာကို၊ ထပ်ပြီး ဆွေးနွေးဖို့ မလိုတော့ပါဘူးရှင်၊ ဝါသနာကို၊ အကျင့်ကို . . .၊ ဘယ်တတ် နိုင်မလဲရှင်၊ ထားလိုက်ပါတော့၊ လိုရင်လည်း ပြောပါ၊ ပြောသမျှတွေလိုက်ပြီး ရေးဖို့ ရှင့်ကို မှတ်စု စာအုပ်တွေ လက်ဆောင်ပေးပါ ဦးမယ်''ဟု ဆိုကာ ဟက်ဟက်ပက်ပက် ရယ်မော လိုက်လေတော့သတည်း။

(ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . .)

◆


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၂၃ )

# ဘယ်မှာလဲတရုံး

မအောင်ရင်သည် ပေဒင်ဆရာ ဦးဖိုက်ပူကြီး စားရန် အတွက် ငါးမြင်းးမိုက်သားကို မန်ကျည်းမှည့်ဖြင့် ကိုယ်တိုင်ချက်ပြုတ်နေလေ၏။ ထိုသို့ ချက်ပြုတ်ရင်း မုန်လာပင်ပေါက်များကိုလည်း ငါးရံ့ခေါင်းဖြင့် အချဉ် ရည်ဟင်းတစ်ခွက်ချက်၍နေ၏။ ထို့နောက် ဆေးဘဲဥကိုသုပ်၍ တရုတ်နံနံများ အပေါ်မှ အုပ်လေ၏။ ထိုအချိန်၌မှာပင် ပေဒင်ဆရာ ဦးဖိုက်ပူကြီး ရောက်ရှိလာသဖြင့် မအောင်ရင်က

"သြ. . .ဒီနေ့တော့ အဘက စောတာကိုး၊ အဘစားဖို့ ကျွန်မကိုယ်တိုင်ချက်နေတာ . . ."ဟုလှမ်း၍ အော်ပြောလိုက်လေ၏။ ထို့နောက် မအောင်ရင်သည် ဦးဖိုက်ပူကြီးအား ထမင်းဟင်းများ ခူးခပ်၍

www.burmeseclassic.com


ကျွေးမွေးလေတော့၏။ ဦးဖိုက်ပူကြီးလည်း မအောင်ရင် ချက်ပြုတ်ကျွေးမွေးသော ထမင်းဟင်းများကို မြိန်ယှက်စွာ စားသောက်လေ၏။ ထိုသို့ စားသောက်ရင်း

''မအောင်ရင် ဟင်းချက်တာ တယ်ကောင်းတာကိုး၊ ဒါကတော့ သင်ပေးတဲ့ဆရာ ရှိကိုရှိရမယ်''ဟု ဦးဖိုက်ပူကြီးက ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က

''တစ်ခါတုန်းက တရုတ်ပြည်မှာ အလွန်ကျော်ကြားတဲ့ 'ဗင်ဖိုင်း'ဆိုတဲ့ပညာရှိတစ်ယောက်ရှိတယ်၊ သူ့မှာက တပည့်တွေ အများကြီးပဲ၊ တစ်နေ့မှာ ဗင်ဖိုင်းဟာ သူ့တဲလေးရှေ့မှာ ပန်းပင်စိုက်နေတယ်၊ အဲဒီအချိန်မှာ ဗင်ဖိုင်းဆိုတဲ့ ပညာရှိကိုတွေ့ချင်လို့ လူကုံထံတစ်ယောက်ဟာ ရောက်လာတယ်၊ ပန်းပင်စိုက်နေတဲ့ ဗင်ဖိုင်းကိုတွေ့တဲ့အခါမှာ အဲဒီလူကုံထံဟာ ဗင်ဖိုင်းကို မသိရှာဘူး၊ အဲဒီတော့ လူကုံထံဟာ ပန်းပင်စိုက်နေတဲ့ ဗင်ဖိုင်းကို ဒီခြံမှာ ဗင်ဖိုင်းဆိုတဲ့ ဆရာကြီးနေတယ်လို့ ကြားဖူးတယ်၊ အဲဒါ ဘယ်မှာလဲ လို့မေးတယ်၊ အဲဒီတော့ ဗင်ဖိုင်းက 'ကျုပ်ကတော့ ပန်းပင်စိုက်တဲ့လူပဲ၊ ခင်ဗျားအနေနဲ့ ဆရာဗင်ဖိုင်းကို တွေ့ချင်ရင်တော့ ဟောဟိုတဲထဲကို သွားပါ...'' လို့ ပြောပြီး သူက တဲနောက်ကနေ လူကုံထံရဲ့အရင် တဲထဲကို ဝင်ပြီး ခုံမှာထိုင်နေတယ်၊ လူကုံထံဟာ တဲထဲကိုရောက်တဲ့အခါမှာ ထိုင်နေတဲ့ ဗင်ဖိုင်းကိုတွေ့တယ်၊ ဒါပေမဲ့ ခြံရှေ့မှာ ပန်းပင်စိုက်နေတဲ့လူဆိုတာ မှတ်မိသွားလေတော့ အတော့်ကို ဒေါပွသွားတယ်၊ အဲဒီတော့ အသံနက်ကြီးနဲ့ အော်ပြီး 'အောက်ကိုဆင်းထိုင်စမ်းပါ၊ အောက်ကိုဆင်းပြီး ထိုင်စမ်းပါ ပန်းပင်စိုက်သမားရဲ့၊ ကျုပ်ဟာ ဘယ်လို လူကုံထံ


BURMESE CLASSIC .com

မျိုးဆိုတာ မသိသားဆိုးဝါးလှချည်လား’ လို့ပြောလိုက်တော့ ဗင်ဖိုင်းက ခုံပေါ်ကနေ အောက်ကို ဆင်းထိုင်ပေးရှာတယ်၊ အဲဒီအခါကျမှ လူကုံထံက ‘ပန်းပင်စိုက်သမား၊ ဘယ်မှာလဲ ဆရာဗင်ဖိုင်း’ လို့ မေးပြန်တယ်၊ အဲဒီတော့ ဗင်ဖိုင်းက ‘စောစောကအထိတော့ ဆရာဗင်ဖိုင်းဟာ ခုံပေါ်မှာ ထိုင်နေတာပဲ၊ အခုတော့ ခုံပေါ်ကနေ ပျောက်သွားပြီ’ လို့ ပြောလိုက်တယ်၊ အဲဒီတော့မှ လူကုံထံဟာ ပညာရှိ ဆရာဗင်ဖိုင်းရယ်၊ ပန်းပင်စိုက်နေတဲ့ လူရွယ်ဟာ တစ်ယောက်တည်းပဲလို့ သဘောပေါက်သွားတယ်၊ အဲဒီလို သဘောပေါက်သွားတော့ ‘နာမည်ကြီးလွန်းလို့လာခဲ့တာပဲ၊ ထူးထူးထွေထွေ ဆရာဗင်ဖိုင်းဘာများလုပ်ပြနိုင်လဲ’ လို့ မေးလိုက်တယ်၊ အဲဒီတော့ ဆရာဗင်ဖိုင်းက ‘ထူးထူးထွေထွေ လုပ်ပြနိုင်တာ ကတော့ ကျုပ်ဟာဆာရင်စားတယ်၊ ရေငတ်ရင် ရေသောက်တယ်၊ အိပ်ချင်လာရင် အိပ်လိုက်တယ်၊ ဒါပါပဲ’ လို့ ပြန်ပြီးဖြေတယ်၊ အဲဒီတော့ လူကုံထံက ‘ဒါများဆန်းသလားဗျာ၊ ဆာရင် ကျုပ်တို့လည်း စားတာပဲ၊ ရေငတ်ရင်လည်း ရေသောက်တာပဲ၊ အိပ်ချင်ရင်လည်း အိပ်တာပဲ၊ ဘာများဆန်းလို့တုံး ...’’ လို့ ပြန်ပြီးပြောတယ်၊ အဲဒီတော့ ဆရာဗင်ဖိုင်းကရယ်တယ်၊ ‘အခု ကျုပ်ပြောနေတာတွေက လူတိုင်းမလုပ်နိုင်ဘူးဗျ၊ တချို့က မဆာဘဲနဲ့စားနေတယ်၊ ထားပါတော့လေ၊ ဆာလို့စားတယ်ပဲထားဦး၊ ကောင်းကောင်း မစားဘူး၊ စားလျက်နဲ့ သွားနေတယ်၊ အလုပ်က စားတဲ့အလုပ်ကို လုပ်ပြီး စိတ်က သွားတဲ့ အလုပ်ကို လုပ်ချင်နေတာ၊ တချို့က သောက်တယ်၊ လူက သောက်နေပေမဲ့ စိတ်က တခြားကို ရောက်ပြီး တခြားဟာတစ်ခု စိတ်နဲ့လုပ်နေတတ်တယ်၊ အိပ်တဲ့


BURMESE CLASSIC .com

ကိစ္စမှာလည်း ဒီအတိုင်းပဲ လူကအိပ်တယ်၊ စိတ်က မအိပ်ဘဲ တခြား ရောက်ချင်ရာကို ရောက်နေတတ်တယ်၊ တစ်ထပ်တည်း မကျဘူး၊ ကျုပ်ကတော့ တစ်ထပ်တည်းကျတယ်၊ စားလျက်မသွားဘူး၊ သောက်လျက် မအိပ်ဘူး၊ အိပ်လျက် မတွေးဘူး၊ အဲဒါ မဆန်းဘူးလား၊ လူတိုင်းမှ မလုပ်နိုင်တာပဲ၊ ဆန်းတာပေါ့'လို့ ပြန်ပြီးပြောလိုက်တယ် . . .'' ဟု မအောင်ရင်က ပုံပြင်ကလေးတစ်ခုဖြင့် အဘိုးကြီးအား ရှင်းပြလိုက်လေ၏။ အဘိုးကြီးသည် လွန်စွာသဘောကျသွား၏။

''မအောင်ရင်ပြောတဲ့ စကားဟာ သိပ်မှန်တာပဲ၊ စောစောက ကျုပ် ကထမင်းသာစားနေတာ၊ တကယ်မစားဘူး၊ မအောင်ရင်တစ်ယောက် ဒီလိုချက်တတ်အောင် ဘယ်လိုဆရာမျိုးနဲ့ သင်ထားပါလိမ့်ဆိုတာ လျှောက်ပြီးတွေးမိတယ်၊ အဲဒီတော့ ကျုပ်ဟာ စားတဲ့အချိန်မစားဘဲ တွေးနေတဲ့လူထဲမှာပါတယ်၊ မအောင်ရင်ရှင်းပြတဲ့ ပုံပြင်ထဲမှာ ပန်းပင်စိုက်တဲ့အချိန်မှာ ပန်းပင်စိုက်တဲ့ ဗင်ဗိုင်းဖြစ်နေတယ်လို့ပါနေတယ်၊ ဒီပုံပြင်အရဆိုရင် မအောင်ရင်ရဲ့ ဆရာဟာ မအောင်ရင်ပဲပေါ့၊ သူများအိမ်မှာ အိမ်ဖော် လုပ်ခဲ့တုန်းက အိမ်ဖော်မအောင်ရင်၊ အခုလို ထမင်းဆိုင်ထောင်ပြီးတော့ ထမင်းရောင်းနေတဲ့ အခါကျတော့လည်း ထမင်းဆိုင်ရှင် မအောင်ရင်ပေါ့၊ ကိုယ်နဲ့ ဆွေမတော် မျိုးမတော် အောင်ကျော်မလေးကို မွေးကျွေးသုတ်သင်ပြီး နေလိုက်တော့ အောင်ကျော်မတို့အမေ မအောင်ရင်ပေါ့၊ စက်ရုံတွေကို ဝယ်နိုင်အောင် ကြိုးစားပြီး ဝယ်လိုက်ပြန်တော့လည်း စက်ရုံပိုင်ရှင် သူဌေးမကြီး မအောင်ရင်ပေါ့၊ ကျုပ်ကို ထမင်းဟင်းတွေ ချက်ကျွေးပြန်တော့လည်း ထမင်းချက်တဲ့ မအောင်ရင်ပေါ့၊ ကျုပ်လို ထူတဲ့ပိန်းတဲ့ အဘိုးကြီးကို


BURMESE CLASSIC .com

www.burmeseclassic.com


ပုံတို ပတ်စနဲ့ပြောပြပြီး သင်ကြားပေး၊ ဆရာလုပ်ပြန်တော့လည်း ကျုပ်ရဲ့ ဆရာသခင် မအောင်ရင်ပေါ့ဗျာ၊ ကျုပ် သဘောပေါက်ပါပြီ''ဟု ကျေကျေနပ်နပ်ကြီးပြောလိုက်လေတော့၏။ ထိုအချိန်၌မှာပင် ဆိုင်ရှေ့သို့ ကိုပိုကာ၏ ဂျစ်ကားလေး ရောက်ရှိလာလေ၏။ ကားပေါ်မှ ကိုပိုကာ ဆင်းလာ၏။ ကိုပိုကာအား မအောင်ရင်က နှုတ်ဆက်၍ လက်ဖက်ရည် တိုက်ကျွေးလေ၏။ ကိုပိုကာသည် စာအုပ်တစ်အုပ်ကိုထုတ်၍ လုပ်ငန်းများ၏ အခြေအနေကို မအောင်ရင်အား တင်ပြလေ၏။

''ဒီလို မအောင်ရင်ရေ့...၊ အထည်စက်ရုံလုပ်ငန်းဟာ ပြန်ပြီး ဦးမော့သွားပြီ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ လုပ်တဲ့အလုပ်တွေထဲမှာ အရှုံးပေါ်နေတဲ့ အလုပ်ဆိုလို့ သယ်ယူပို့ဆောင်ရေးအလုပ်ပဲရှိတယ်...''ဟု ပြောလိုက်လျှင် မအောင်ရင်က ပြုံးလေ၏။ ထိုသို့ ပြုံးပြီးနောက်

''မဟုတ်တာ မပြောပါနဲ့ ကိုပိုကာရယ်၊ ကျွန်မနဲ့ ရှင်နဲ့လုပ်တဲ့ အ လုပ်အားလုံး အောင်မြင်နေတယ်၊ ဘယ်အလုပ်မှ မရှုံးပါဘူး၊ ကိုပိုကာဆိုတဲ့ လူဟာ သူများအိမ်မှာ ကားမောင်းရတာလေ၊ ဘယ်လုပ်ငန်းကိုမှ ဦးစီးချယ်လှယ်ခွင့်မရှိဘူး၊ လုပ်ပိုင်ခွင့်လည်းမရှိဘူး၊ မအောင်ရင်ဆိုတဲ့ မိန်းမဟာ သူများအိမ်မှာအဝတ်လျှော်ရ၊ တံမြက်စည်းလှည်းရ၊ တောက်တိုမယ်ရ လုပ်ရတဲ့ အိမ်ဖော်မိန်းမတစ်ယောက်လေ၊ နှစ်ယောက်စလုံးဟာ သုညချည်းပါပဲ၊ သုညဟာ နှစ်ခုပဲ ပေါင်းပေါင်း၊ သုံးခုပဲပေါင်းပေါင်း 'တစ်' ဖြစ်လာစရာအကြောင်း မရှိပါဘူး၊ အခုကြည့်စမ်း...၊ ကျွန်မဆိုရင် စက်ရုံတွေ၊ လုပ်ငန်းတွေအများကြီး ပိုင်နေပြီ၊ ရှင်ဟာလည်း အဲဒီစက်ရုံတွေ၊ လုပ်ငန်းတွေရဲ့ မန်နေဂျာကြီး အဖြစ် အုပ်ချုပ်ချယ်လှယ်နေပြီ၊ အဲဒါကိုများ ရှင်က အရှုံးတွေ တွေ့နေ


BURMESE CLASSIC .com

www.burmeseclassic.com


လို့လား၊ အဲဒီလုပ်ငန်းတွေ၊ အဲဒီလုပ်ပိုင်ခွင့်တွေ အားလုံး ပျောက်ဆုံးကုန်ရင်လည်း မရှုံးသေးဘူး၊ အရင်းပဲရှိသေးတယ်၊ တကယ်နှိုက်နှိုက်ချွတ်ချွတ်ပြောရရင် အရင်းတောင် မကပါဘူး၊ အချိန်ကာလတစ်ခု အထိ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရလိုက်တာကိုက အမြတ်မဟုတ်လား၊ အတွေ့အကြုံတွေ ရလိုက်တာကိုက အမြတ်မဟုတ်လား၊ ဘယ်မှာလဲအရှုံး. . .'' ဟု ပြောလိုက်သောအခါ၌ ကိုပိုကာသည် ပါးစပ်အဟောင်း သားဖြင့် မအောင်ရင်၏ မျက်နှာကို မော့၍ကြည့်နေလေ၏။ အနီးရှိ ဦးဗိုက်ပူကြီးကမူ တခစ်ခစ်ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက်

''ကဲ. . .မောင်ပိုကာ. . .၊ ဘယ်မှာလဲ အရှုံး၊ သူကတော့ အမြတ် တွေကြီး မြင်နေတယ်၊ အရှုံးကို မတွေ့ဘူးတဲ့. . .''ဟု လှမ်း၍မေး လိုက်ရာ ကိုပိုကာက

''အဲဒီလို စဉ်းစားရင်တော့ ဘယ်ရှုံးတော့မလဲ အဘရယ်. . .'' ဟု ပြန်၍ပြောလေ၏။ ထိုအခါ အဘိုးကြီးက

''အဲဒီလို စဉ်းစားမှလည်း မှန်မယ် မောင်ပိုကာရေ. . .''ဟု ပြောလိုက်ရာ ကိုပိုကာက

''ဟုတ်ပဲ့ အဘရယ်. . .၊ ဘာမှရှုံးစရာ မရှိတော့ပါဘူး၊ အားလုံးအမြတ်တွေချည်းပါပဲ. . .''ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က

''အဲဒီ အမြတ်တွေချည်းထဲမှာမှ အောင်ကျော်မဆိုတဲ့ လမ်းဘေး အမှိုက်ပုံမှာ သေသွားရမယ့် လူသားတစ်ယောက်ဟာ မသေဘဲနဲ့ လူ့လောကမှာ ထည်ထည်ဝါဝါ ရပ်တည်နိုင်တယ်ဆိုတဲ့ အချက်ကိုလည်းထည့်ပြီး စဉ်းစားရမယ်၊ ပြီးတော့ ကျွန်မရဲ့သမီးအဖြစ်


BURMESE CLASSIC .com

ရယူနိုင်ခဲ့တာကိုလည်း အမြွတ်ထဲမှာ ထည့်ရမယ်၊ နောက်တစ်ချက်ကတော့ စိတ်ကြီးဝင် ဘဝင်မြင့်နေတဲ့ မိမိကြီးကို သူဌေးသမီး တစ်ယောက် စိတ်ဓာတ်ပုံမှန်ဖြစ်သွား အောင်လုပ်ပေးနိုင်တာဟာလည်း အမြွတ်စာရင်းမှာ ထည့်ရမှာပဲ၊ ဆပ်ကပ်ထဲမှာ ကလောင်းအဖြစ်နဲ့ ကြိုးတန်းလျှောက်ရ၊ ကျွမ်းထိုးလိုက်လုပ်လာခဲ့တဲ့ ကိုပိုကာလိုလူသား တစ်ယောက်ကို မျောက်လွှဲကျော် တစ်ကောင်ထက်ပိုပြီး အမှတ်ပေးမထားတဲ့ မိမိကြီးဟာ ကိုပိုကာကို လင်ယောက်ျားတော်ရတော့မယ်၊ ဒီအချက်ဟာလည်း ကျွန်မတို့ရဲ့ အမြွတ်အစွန်းမှာ ထည့်ထားရမယ်၊ ပြီးတော့ ဦးမြို့ရဲ့စက်ရုံက အလုပ်ပြုတ်သွားတဲ့ သန်းမောင်တို့၊ ကုလားမတို့၊ သန်းသန်းတို့ဟာ ဥမကွဲသိုက်မပျက် တစ်နေရာတည်းမှာ ရှင်သန်ရပ်တည်နေနိုင်တာကိုလည်း အမြွတ်စာရင်းမှာ ထည့်ရမှာပေါ့ရှင်၊ ဒီလောက် မြွတ်နေပါလျက် ကိုပိုကာက အရှုံးကို ရှာချင်တာကိုး၊ အဲဒီတော့ မအောင်ရင်ပြောချင်တာက ကျွန်မတို့ ရှင်တို့ဘဝတွေဟာ ဘယ်တော့မှ အရှုံးမပေါ်ဘူး၊ အနည်းဆုံး အတွေ့အကြုံဆိုတဲ့ အမြွတ်တွေတော့ ကျန်မယ်၊ မအောင်ရင်ပြောချင်တာက ဒါပါပဲ . . .''ဟု ဆိုကာ စကားကို အဆုံးသတ်လိုက်လေတော့သတည်း။ ။

◆

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၂၄ )

# ကိုဗိုကာ လက်ထပ်တော့မယ်

တစ်နေ့တွင် မအောင်ရင်၏ ထမင်းဆိုင်သို့ ကိုဗိုကာ ရောက်လာလေ၏။ ကိုဗိုကာနှင့် မရှေးမနှောင်းဆိုသလိုပင် ဦးဖိုက်မူကြီးလည်း ထမင်းစားရန် ရောက်လာလေ၏။ မအောင်ရင်သည် ဦးဖိုက်မူကြီးအတွက် ချက်ပြုတ်ထားသော ထမင်းဟင်းများ ပြင်ဆင်ပေးရန် ဆိုင်မှ အလုပ်သမားများကို ပြောလိုက်လေ၏။ မအောင်ရင်သည် ဦးဖိုက်မူ ထမင်းစားသော စားပွဲခုံနှင့်ပင် ဝင်၍ထိုင်ကာ ရေနွေးကြမ်းသောက်နေလေ၏။ ကိုဗိုကာလည်း ထိုစားပွဲနှင့်ပင်ဝင်၍ထိုင်၏။ ကိုဗိုကာက မအောင်ရင်အား

''မအောင်ရင်ကို ကျွန်ုပ် တစ်ခုပြောစရာရှိတယ်''ဟု စကား

BURMESE CLASSIC .com

စလိုက်လျှင် မအောင်ရင်က''လုပ်ငန်းတွေလည်း တည်တည်ငြိမ်ငြိမ် ရှိသွားပါပြီ၊ ဒါကြောင့် စက်ရုံဝင်းထဲက အိမ်ကြီးမှာ မနေချင်တော့ဘူး၊ တခြားကို ရွှေ့ချင်တယ်ဆိုတဲ့ စကားရယ်၊ ကျုပ် မိန်းမယူတော့မယ်ဆိုတဲ့ စကားရယ်...၊ အဲဒီ စကားနှစ်မျိုးကလွဲရင်ပြောလေ...'' ဟု ပြောလိုက်လျှင် ကိုပိုကာက

''မအောင်ရင် ခင်ဗျား အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်လွဲနေပြီ၊ ဗေဒင်ဟောစားရမှာ၊ ထမင်းဆိုင်ဖွင့်ရမှာလည်း မဟုတ်ဘူး၊ စက်ရုံထောင်ရမှာလည်းမဟုတ်ဘူး...'' ဟု ပြောလိုက်လေ၏။

''ကျွန်မအနေနဲ့ ထမင်းဆိုင်ဖွင့်တဲ့ အလုပ်ရော၊ စက်ရုံထောင်တဲ့ အလုပ်ရောဟာ ကိုပိုကာဆိုတဲ့ မန်နေဂျာတစ်ယောက်ကြောင့် အစစအရာရာ အဆင်ပြေနေပါတယ်ရှင်၊ ဒါကြောင့် ဗေဒင်ဆရာအလုပ်ကို မလုပ်ပါရစေနဲ့ ...''ဟု မအောင်ရင်က ရယ်ရယ်မောမောနှင့်ပင် ပြန်၍ပြောလိုက်လေ၏။

''ကျုပ်အနေနဲ့ ကိုယ့်အိမ်လည်း မဟုတ်ဘဲနဲ့ ဦးမြို့ရဲ့ အိမ်ကြီး အိမ်ကောင်းမှာ နေရတာ စိတ်မသန့်ဘူးဗျာ၊ အဲဒါကြောင့် ကျုပ်ပြောင်းမယ်၊ ပြောင်းပြီး သိပ်မကြာခင်မှာ အိမ်ထောင်ပြုမယ်...''ဟု ကိုပိုကာက ပြောလိုက်လေ၏။

''ဒီလိုဆိုတော့လည်း ပြောင်းရမှာပေါ့ရှင်၊ ပြောင်းတဲ့အခါမှာ မရမ်းတလင်းတောကိုပြောင်းတာ အကောင်းဆုံးပါပဲ၊ ဘာကြောင့်လဲဆိုတော့ ရှင်ယူမယ့် မိန်းမက မိမိကြီးမဟုတ်လား၊ ဒီလိုအချိန်မျိုးမှာ မိမိကြီးကို သူ့အဖေနဲ့ ခွဲထုတ်သွားလို့ မကောင်းဘူးရှင့်၊ ဘာပဲဖြစ်ဖြစ် ရှင်က အဲဒီ မိသားစုထဲကို ဝင်သွားရမှာ၊ ဦးမြို့ရဲ့မိသားစုထဲက


BURMESE CLASSIC .com

မိမိကြီးကို ထုတ်လိုက်ရင် ဦးမြို့အသက်ရှည်ဖို့ မလွယ်ဘူး၊ နှစ်ယောက်တည်း နေချင်တယ်ဆိုတဲ့ စိတ်ကူးမျိုးကို ခေါင်းထဲက ထုတ်ပစ်လိုက်ပါ . . .''

မအောင်ရှင်၏စကားဆုံးသည်နှင့် တစ်ပြိုင်နက် ထမင်းစားနေသော ဦးဗိုက်ပူကြီးက ပလုတ်ပလောင်းလေသံကြီးဖြင့်

''မအောင်ရှင်ပြောတာ ကျုပ် သိပ်သဘောကျတာပဲ၊ ဂျပ်စ်အင်ဖဲယားဖြစ်တယ်၊ အဲဒါကိုတော့ မောင်ပိုကာ လိုက်နာရလိမ့်မယ် . . .'' ဟု ဝင်၍ပြောလေ၏။

''ဟုတ်ပါတယ် မအောင်ရှင်၊ ခင်ဗျားပြောတဲ့အတိုင်းပဲ စီမံရမှာပါပဲ၊ မိမိကြီးကို ကျုပ်ယူတာနဲ့ပတ်သက်လို့ ခင်ဗျားအနေနဲ့ ဘာပြောစရာရှိသလဲ'' ဟု ကိုပိုကာက မေးလိုက်လေ၏။

''ဒီလိုပါ ကိုပိုကာ . . .၊ ရှင် သဘောပေါက်ထားဖို့ကတော့ ဘယ်မိန်းမကိုပဲယူယူပါ၊ ကဗျာဆန်ဆန်လက်ထပ်ပြီး ဝတ္ထုဆန်ဆန်ကွဲသွားလို့တော့မဖြစ်ဘူး၊ ပြီးတော့ လူတစ်ယောက်ဟာ တစ်ကြိမ်မင်္ဂလာဆောင်တာကတော့ သဘာဝတာဝန်ကို ထမ်းဆောင်တာပဲ၊ နှစ်ကြိမ်မင်္ဂလာဆောင်တာကတော့ မိုက်မဲမှုတစ်ခု ပြုလုပ်တာပဲ၊ သုံးကြိမ်မင်္ဂလာဆောင်တယ်ဆိုရင် တော့ ရူးသွပ်တာပဲ၊ အဲဒီတော့ ရှင်က မင်္ဂလာ အခုမှဆောင်တာဆိုတော့ သဘာဝတာဝန်ကို ထမ်းဆောင်တာပါ၊ မိမိကြီးအဖို့ကတော့ ရှင်နဲ့ လက်ထပ်တာဟာ ဒုတိယအကြိမ်ဖြစ်လိမ့်မယ်ထင်တယ်၊ သူ့အဖို့ကတော့ မိုက်မဲရာတာ၊ အဲဒီတော့ ရှင်ဟာ သူ့ကိုအများကြီး ညှာတာထောက်ထားနိုင်မှ လက်ထပ်ပါရှင့် . . .၊ ယောက်ျားတွေရဲ့ ရိုင်းပျမှုအမျိုးမျိုးထဲမှာ ကိုယ်ယူထားတဲ့မိန်းမကို


BURMESE CLASSIC .com

www.burmeseclassic.com


ရိုက်ပုတ်နှိပ်စက်တာလောက် ရိုင်းပျတဲ့အပြုအမူဟာမရှိပါဘူး၊ အဲဒီ ရိုင်းပျမှုမျိုး ရှင်မကျူးလွန်ဘူးဆိုရင်တော့ ကျွန်မ သဘောတူပါ တယ်၊ ထောက်လည်း ထောက်ခံပါတယ်၊ လက်ထပ်မယ့်ကုန်ကျ စရိတ်ကို ကျွန်မအကုန်အကျခံပါ့မယ်. . .''ဟု မအောင်ရင်က ပြောလိုက် လျှင် ကိုပိုကာက ပြုံးလေ၏။ ထို့နောက်မှ

''စိတ်ချပါဗျာ . . .၊ ကျုပ်ဟာ လူရိုင်းတစ်ယောက်မဟုတ် ပါဘူး၊ နောက်တစ်ခုက အောင်ကျော်မလေးရဲ့ ဖခင်ဖြစ်ချင်ပါတယ် . . .'' ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မအောင်ရင်က မခိုးမခန့်ပြုံး၍

''မဟုတ်တာ မပြောပါနဲ့ ကိုပိုကာရယ်၊ အောင်ကျော်မလေး ရဲ့ လောလောဆယ်မိခင်ဟာ မအောင်ရင်ပါ၊ အောင်ကျော်မလေးရဲ့ ဖခင်ဖြစ်ချင်ရင် မိမိကြီးကို ယူလို့ဘယ်ရမလဲ၊ မအောင်ရင်ကို ယူမှ သူ့ရဲ့ဖခင်ဖြစ်တော့မပေါ့ . . .၊ အခု ရှင့်ဉစ္စာက အောင်ကျော်မကို အမှိုက် ပုံမှာ စွန့်ပစ်လိုက်တဲ့ မိန်းမကိုယူပြီး အောင်ကျော်မရဲ့ ဖခင်လုပ်ချင် တယ်ဆိုတာဟာ သဘာဝကျပါ့မလား၊ အခု ကျွန်မပြောတဲ့စကားဟာ ရှင်ပြောတဲ့စကားကို သဘာဝလမ်းကြောင်းပေါ်ကို တင်ပေးတာပါ၊ ကျွန်မက ရှင့်ကို လိုချင်နေတယ်လို့ ပြောတာမဟုတ်ဘူးနော် . . .'' ဟု ပြောလိုက်လျှင် ကိုပိုကာသည် ယောင်ယမ်း၍ မအောင်ရင်အား လက်အုပ်ချီလိုက်လေ၏။

''အမယ်လေး . . .အမယ်လေး၊ မိုးကြိုးတွေ ပစ်ကုန်တော့ မယ်၊ မအောင်ရင်က ကျုပ်ရဲ့အမေလေဗျာ . . .၊ ကျုပ်က ခင်ဗျားကို အမေလို့ သတ်မှတ်ထားတာ . . .''ဟု ကိုပိုကာက ပြောလိုက်လျှင် ဦးမိုက်ပူကြီးကပါ


BURMESE CLASSIC .com

''မောင်ပိုကာ ပြောတာဟာ အမှန်ပဲ...၊ မအောင်ရင်ဟာ မိခင် စိတ်ရှိတယ်၊ လူတွေကို ကြင်နာတယ်၊ ဒါကြောင့် မောင်ပိုကာ အနေနဲ့ ပြောရရင် မအောင်ရင်ဟာ အလုပ်ရှင်မဟုတ်ဘူး၊ အမေ...၊ ဒါတင်မဟုတ်သေးဘူး၊ ကျုပ်ကလည်း ဒီမှာ ထမင်းလာစားနေပေမဲ့ မအောင်ရင်ဟာ ထမင်းဆိုင်ပိုင်ရှင်မဟုတ်ဘူး၊ ကျုပ်ကို စောင့်ရှောက်တယ်၊ ကျုပ်ရဲ့ အမေပဲ၊ ဒါကြောင့် ညတိုင်း ရှိခိုးအိပ်တယ်၊ အသက်အရွယ်နဲ့ကြည့်ရင် ကျုပ်သမီးလောက်ပဲရှိပါတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ စိတ်ထဲမှာတော့ မအောင်ရင်ဟာ အမေပဲ၊ ကျုပ်အသက်ကြီးမှ အမေတော်ခွင့်ရတဲ့ မိန်းကလေးပါ...''ဟု လေးလေးနက်နက်ကြီး ပြောလိုက်လေတော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးများမကြာမီ၌ ကိုပိုကာသည် ဦးမြို့တို့နေထိုင်ရာ မရမ်းတလင်းအိမ်သို့ ပြောင်းရွှေ့လာလေတော့၏။ မိမိကြီးနှင့် သူ၏မိခင်သည် ဦးမြို့အား အကြောင်းစုံဖွင့်ပြော၍ ခွင့်တောင်းလိုက်ပြီဖြစ်၏။ ဦးမြို့ကလည်း ငြင်းဆန်ခြင်း မပြု၊ သဘောတူလိုက်ပြီဖြစ်၏။ သို့ရာတွင် လက်ထပ်ခြင်း မပြုကြသေးသောကြောင့် တစ်အိမ်တည်းနေသော်လည်း အကြင်လင်မယားကဲ့သို့ မနေထိုင်ကြသေးပေ။

ဦးမြို့၏ ကျန်းမာရေးမှာမူ အထူးကောင်းမွန်နေပြီဖြစ်၏။ ကိုပိုကာနှင့် မိမိကြီးတို့ လက်ထပ်မည့်ရက်ကိုမူ မအောင်ရင်က သတ်မှတ်ပေးပါမည်ဟု ကိုပိုကာအားပြောထား၏။ ဗေဒင်ဆရာ ဦးဗိုက်ပူကြီးကလည်း မအောင်ရင်အား

''မအောင်ရင်ရယ်...၊ မောင်ပိုကာတို့ လက်ထပ်မင်္ဂလာ


BURMESE CLASSIC .com

ကိစ္စက ဘယ်ရက်လောက်လုပ်မှာလဲ၊ ကျုပ်က မင်္ဂလာရက်မြတ် ရွေးပေးချင်လို့ပါ'' ဟု ပြောရှာလေ၏။

ထိုအချိန်ပိုင်းလောက်မှာပင် ရွှေလိမ်၍ ရောင်းမှုဖြင့် ထောင်ကျသွားသော ဒရိုင်ဘာသန်းမောင်သည် ထောင်မှလွတ်လာပြီး လျှင် မအောင်ရင်၏ဆိုင်သို့ ရောက်လာလေ၏။ ထို့နောက် ရဟန်းဘောင်သို့ ဝင်ချင်သည်ဆိုသဖြင့် မအောင်ရင်ကိုယ်တိုင်ပင် သင်္ကန်း၊ ပရိက္ခရာ ဝယ်ကာ မှော်ဘီရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ရဟန်းဝတ်ရန် စီစဉ်ပေးခဲ့လေ၏။ ရဟန်းဝတ်ပြီး တစ်ပတ်ခန့်ကြာသည့် အချိန်၌မှာပင် ဦးဇင်းသန်းမောင်က ရွှေစက်တော်အနီးတွင်ရှိသော ၎င်း၏အသိ ဘုန်းကြီးကျောင်းတွင် သွားရောက်သီတင်းသုံးလိုသည်ဟု ဆိုကာ ကြွသွားလေတော့၏။

မအောင်ရင်သည် ဦးမိုက်ပူကြီး၏အိမ်နှင့် ကပ်လျက် ခြံကြီးကိုပါ ဝယ်ယူကာ အလုပ်သမားများနှင့် ရှင်းလင်းနေလေ၏။ ထိုခြံကြီးမှာ အပင်များ စုံလင်လှသောကြောင့် အရိပ်အာဝါသကောင်းရလေ၏။ ရှင်းလင်းလိုက်သောကြောင့် အရိပ်ကောင်း၍ အောက်ခြေရှင်းသော တောအုပ်ကဲ့သို့ ရှိလေ၏။

ထိုခြံကြီးမှာ သုံးလေးဧကခန့်ရှိလေ၏။ မအောင်ရင်သည် ထိုခြံကြီးအတွင်း၌ နားနေရန် အုတ်ခုံများ၊ ပန်းအလှများဖြင့် တန်ဆာဆင်ထားသော ရေအိုင်ငယ်ကလေးများ၊ ရေတံခွန်ငယ်ကလေးများ. . . စသည်ဖြင့် တည်ဆောက်လိုက်သောအခါ၌ ထိုခြံကြီးသည် လွန်စွာ သာယာလှပသွားလေတော့၏။

မအောင်ရင်သည် ထမင်းဆိုင်၌မရှိဘဲ ထိုခြံကြီးအတွင်း၌


BURMESE CLASSIC .com

သာပင် ပန်းရုံများ၊ လက်သမားများနှင့် အလုပ်ရှုပ်လျက်ရှိလေ၏။ ထို့ကြောင့် ဦးဖိုက်ပူကြီးက

"မအောင်ရင်လည်း ထမင်းဆိုင်မှာကို မရှိဘူး၊ ခြံကြီးထဲမှာ ချည်းပဲ၊ ခြံကြီးကိုလည်းပြင်နေလိုက်တာ၊ မနေ့ကမှကျုပ်ဝင်ကြည့်မိတယ်၊ ရေအိုင်လေးတွေ၊ ပန်းပင်လေးတွေ၊ ရေကျနေတဲ့ ရေတံခွန်လေး တွေနဲ့ တကယ့်ကို သာယာတာပဲ၊ သစ်ပင်တွေအောက်မှာလည်း အုတ်ခုံလေးတွေ၊ ပန်းအိုးလေးတွေနဲ့ ခြံထဲကိုဝင်လိုက်တာနဲ့ အေးစိမ့်သွား တာပဲ၊ ကျုပ်ရဲ့ ခြံနဲ့ တစ်ဆက်တည်းဆိုတော့ ကျုပ်ခြံကြီးပါရောပြီး အေးသွားတာပဲ၊ အုတ်ခင်းထားတဲ့ လမ်းကလေးတွေပါ ဖောက်ထား တော့ ကျုပ်အဖို့ အိမ်ကနေထွက် ပြီး မနက်တစ်ခါ ညနေတစ်ခါ လမ်း လျှောက်လို့ရပြီပေါ့၊ ခြံရဲ့နောက်ဖက်မှာလည်း သစ်သားအိမ်လေးနှစ် လုံးသုံးလုံးဆောက်နေတာကို တွေ့ပါလား၊ အိမ်ကလေးတွေက မကျဉ်း မကျယ် အုတ်ကြွပ်မိုးတွေနဲ့ဆိုတော့ တောအုပ်နဲ့ အတော့်ကို ပနာရ တာပဲ..."ဟု ပြောလေ၏။ ထိုအခါ မအောင်ရင်က

"ဟုတ်တယ် အဘ၊ ကျွန်မရဲ့ အနာဂတ်အတွက် ထိုက် သင့်သလောက် ပြင်ဆင်နေတာပါ၊ ဘယ်လိုပြင်ဆင်ထားတယ်ဆိုတာ တော့ အဘနောက်တော့ သိရမှာပေါ့၊ အခုတော့ စောပါသေးတယ်... " ဟုဆိုကာ နှစ်ထောင်းအားရစွာ ရယ်မောလိုက်လေတော့ သတည်း...။ ။

◆

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

အခန်း ( ၂၅ )

## လာခြင်းကောင်းသော ချောင်ကျော်မ

တစ်နေ့နံနက်က ကိုပိုကာသည် အထူးစိတ်လှုပ်ရှားနေလေ၏။ ဂျစ်ကားဖြင့် မအောင်ရင်ဆိုင်သို့ ဝင်လိုက် ပြန်၍ထွက်သွားကာ မရမ်းတလင်းအိမ်သို့သွားလိုက်၊ စက်ရုံသို့သွားလိုက်နှင့် အလုပ်ရှုပ်လျက်ရှိလေ၏။

စက်ရုံဝင်းကြီးအတွင်းရှိ တစ်ခါကဦးမြို့တို့ မိသားစုနေထိုင်ခဲ့သော အိမ်ကြီးမှာလည်း မအောင်ရင်၏ ကြပ်မတ်ပြင်ဆင်မှုဖြင့် သစ်လွင်၍နေ၏။ လျှပ်စစ်သမားများသည် ထိုအိမ်ကြီးကိုသာမက စက်ရုံတစ်ခုလုံးကို ရောင်စုံမီးများ သွယ်တန်းလျက်ရှိလေ၏။ စက်ရုံအလုပ်သမားများမှာလည်း မြို့ကြီးအတွင်း၌ စားပွဲများ ခင်း

BURMESE CLASSIC .com

သူက ခင်း၏။ သန့်ရှင်းရေးလုပ်သူက လုပ်၏။ ပန်းပင်များကို ရေလောင်းသူကလောင်း၏။ နံနက် ထမင်းစားချိန်လောက်တွင် ကိုပိုကာသည် မအောင်ရင်ထံသို့ ရောက်လာပြန်၏။

''မအောင်ရင် . . . ဒီနေ့အောင်ကျော်မ ပြန်ရောက်မယ်နော် . . .'' ဟု မေးလိုက်လေ၏။

''ဟုတ်တယ် ကိုပိုကာ၊ အဲဒီအတွက် သွားပြီးကြိုဖို့ စီစဉ်ထားပြီးပါပြီ၊ အဲဒါတင်မဟုတ်ပါဘူး၊ ဘာမဆို ကျွန်မ စီစဉ်ထားပြီးပါပြီ၊ အဲဒါကြောင့် ကိုပိုကာအနေနဲ့ မရမ်းတလင်းအိမ်ကိုပြန်ပြီး အနားယူလိုက်ပါ၊ အချိန်ကျရင် စိန်ဝင်းမောင်နဲ့ သန်းမောင်ကိုလွှတ်ပြီး အခေါ်ခိုင်းလိုက်ပါ့မယ်၊ ညနေကျရင် ညစာစားပွဲရှိတယ်၊ ဦးမြို့တို့မိသားစုကိုလည်း တက်ရောက်ဖို့ ဖိတ်ကြားလိုက်ပါ၊ ညစာစားပွဲက စက်ရုံထဲက အိမ်ကြီးပေါ်မှာလုပ်မှာ . . .''ဟု မအောင်ရင်က ပြောလိုက်လေ၏။ ထို့နောက် မအောင်ရင်ကပင်

''ဦးမြို့တို့မိသားစုကိုတော့ ညစာစားပွဲလို့ပဲ ပြောထားပါ၊ နေရာကိုတော့ မပြောနဲ့ . . .''ဟုမှာ ကြားလိုက်သေး၏။ ကိုပိုကာလည်း မအောင်ရင် ပြောသမျှကို နားထောင်ပြီးနောက် ပြန်သွားလေတော့၏။

ညနေ နှစ်ချက်ကျော်သောအခါ၌ မအောင်ရင်သည် လေဆိပ်သို့ သွား၍ အောင်ကျော်မကို ကြိုလေ၏။ အောင်ကျော်မသည် မအောင်ရင်ကို မြင်လျှင်မြင်ချင်း 'အမေ . . .'ဟုဆိုကာ ပြေး၍ဖက်လေ၏။ မအောင်ရင်ကလည်း အောင်ကျော်မကို သိုင်းဖက်၍ ပါး၊ နဖူးစသည်တို့ကို နမ်းရှုံ့၏။ ဆံပင်ကို လက်ဖြင့်ဖွပေး၏။


BURMESE CLASSIC .com

www.burmeseclassic.com


''အမေက သမီးကို သတိမရပါဘူး၊ စာတောင် မရေးဘူး...''
ဟု အောင်ကျော်မက အပြစ်တင်လေ၏။

''သမီးရယ်...သတိရတာပေါ့၊ သမီးလေး တစ်တိုင်းတစ်ပြည်မှာ အားငယ်နေမှာစိုးလို့ အမေ စာမရေးတာပါ၊ အားလုံးနဲ့ အဆက်အသွယ်ပြတ်ပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်တဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုမျိုးလိုတယ် သမီးရဲ့၊ အဲဒီစိတ်ဓာတ်မျိုးရဖို့ဆိုတာက သမီးအခုယူလာတဲ့ဘွဲ့ထက် မနိမ့်ဘူးထင်တယ်...''ဟု ပြောလိုက်ရာ

''အမေ့မှာတော့ အမြဲတမ်း အဖြေတွေရှိနေတာပဲ . . .''
ဟု အောင်ကျော်မက ပြော၍ မအောင်ရင်အား လက်ဖြင့် ဆိတ်ဆွဲလေ၏။ ထို့နောက် မအောင်ရင်သည် အောင်ကျော်မအား မှော်ဘီရှိ၎င်း၏ ဆိုင်ရှိရာသို့ ခေါ်လာလေ၏။

''ဘွဲ့ယူတဲ့နေ့က ရိုက်ထားတဲ့ဓာတ်ပုံ သမီးပို့လိုက်တာအမေရပါတယ်၊ အမေ့ရဲ့မိတ်ဆွေ ဓာတ်ပုံဆရာ ကိုစိန်မြင့်ဆိုတာက အဲဒီဓာတ်ပုံကို အကြီးကြီးချဲ့ထားတယ်၊ ဘောင်လည်း အကောင်းစားတပ်ထားတယ်...''ဟု မအောင်ရင်က ပြောလေ၏။

ထို့နောက် မအောင်ရင်သည် အောင်ကျော်မအား နားနေစေလေ၏။ အောင်ကျော်မလည်း မအောင်ရင်၏ အိပ်ရာတွင် လျောင်းစက်နားနေရင်း အိပ်ပျော်သွားလေ၏။

*    *    *    *

ညနေ နေဝင်ချိန်သို့ ရောက်နေပြီဖြစ်၏။ နေဝင်သွားသော်လည်း အလင်းရောင်မှာ ကောင်းစွာ ရှိသေး၏။ အထည်စက်ရုံဝင်းတစ်ခုလုံးတွင် မီးရောင်စုံများ စတင်လင်းနေပြီဖြစ်၏။ စက်ရုံဝင်း၏


BURMESE CLASSIC .com

အချို့နေရာများတွင်ရှိသော ဆောင်းဘောက်စ်များမှ သီချင်းသံများ စတင်ထွက်နေပြီဖြစ်၏။

ထိုအချိန်၌မှာပင် လွန်စွာကောင်းသော ခေတ်မီနောက်ဆုံးပေါ် မော်တော်ကားကြီးတစ်စီးဝင်လာ၏။ ထိုကားကို ရွှေစက်တော်အနီးတွင် တစ်သက်တာပတ်လုံး ဘုန်းကြီးဝတ်ပါတော့မည်ဆိုကာ တစ်လမပြည့်မီ လူထွက်၍ ပြန်လာသော ဒရိုင်ဘာသန်းမောင်က မောင်း၏။ ကားပေါ်တွင် ဦးမြို့၊ ဒေါ်ခင်မမနှင့် မိမိကြီးတို့ လိုက်ပါလာ၏။ ၎င်းတို့အားလုံးသည် သစ်လွင်တောက်ပသော အဝတ်အစားများ ဝတ်ဆင်ထားကြ၏။ အဝင်လမ်းနှစ်ဖက်တွင် အလုပ်သမားများ တန်းစီ၍ရပ်ကာ ကားဝင်လာသည်နှင့် လက်ခုပ်တီး၍ နှုတ်ဆက်ကြလေ၏။ ဦးမြို့ကားပေါ်မှဆင်းသောအခါ၌ ကိုပိုကာကလာ၍တွဲကြို၏။ အလုပ်သမားများက

"ဦးလေးမြို့ သက်တော်ရာကျော် ရှည်ပါစေ . . ."ဟူ၍ အော်ဟစ်ဆုတောင်းကြလေ၏။ လက်အုပ်ချီသူကချီ၏။ ဦးမြို့၊ ဒေါ်ခင်မမနှင့် မိမိကြီးတို့သည် ရှေ့သို့ဆက်၍ မသွားနိုင်သေးဘဲ စက်ရုံကြီးကို လှမ်းမျှော်ကြည့်ရှု၏။ ၎င်းတို့နေခဲ့သော အိမ်ကြီးကိုလည်း ကြည့်ရှုကာ အံ့သြနေ၏။

ကိုပိုကာနှင့်အတူ ဗေဒင်ဆရာ ဦးမိုက်ပူကြီးလည်း ရောက်ရှိနေပြီ ဖြစ်ရာ ဦးမြို့တို့မိသားစုအား အပေါ်ထပ်သို့ကြွရန် ဖိတ်ခေါ်နေ၏။ ဗေဒင် ဆရာဦးမိုက်ပူကြီးသည် အပေါ်ဖြူ အောက်ဖြူဝတ်ထား၏။

၎င်းတို့သည် အပေါ်ထပ်ဆီသို့ ဖြည်းညှင်းစွာ တက်သွားကြလေ၏။ စက်ရုံအလုပ်သမားများသည် ၎င်းတို့၏ ထင်မြင်ချက်ကို အမျိုး


BURMESE CLASSIC .com

မျိုးပြောဆိုနေကြကုန်၏။ ထို့ကြောင့် စက်ရုံဝင်းကြီးတစ်ခုလုံး တသောသော ညံလျက်ရှိလေ၏။ စက်ရုံဝင်းအတွင်းသို့ ကုလားမ၊ သန်းသန်း၊ စိန်ဝင်းမောင်၊ မြတ်လှ. . . စသည်တို့လည်း ရောက်နေကြပြီဖြစ်၏။

များမကြာမီ၌ အကောင်းစားမော်တော်ကား အဖြူရောင်တစ်စီး ဝင်းအတွင်းသို့ ဝင်လာပြန်၏။ ကားမောင်းလာသူမှာ မအောင်ရင်ကိုယ်တိုင်ဖြစ်၏။ စက်ရုံအလုပ်သမားများသည် လက်ခုပ်လက်ဝါးတီးကြပြန်၏။ ဝမ်းသာအားရ အော်ဟစ်ကြပြန်၏။

''အမေ မအောင်ရင်လာပြီ . . .''ဟု အော်ဟစ်ကြ၏။ အောင်ကျော်မသည် ကားပေါ်မှဆင်းပြီး မအောင်ရင်၏ လက်ကိုလာ၍ ကိုင်ထား၏။ အောင်ကျော်မ၏အနီးသို့ ယောဂီဝတ်စုံနှင့် မိန်းမကြီး တစ်ဦးရောက်လာ၏။ ထိုမိန်းမကြီးမှာ ဒေါ်ဒွေးဖြူကြီးဖြစ်၏။

ဘီစကွတ်စက်ရုံမှ မန်နေဂျာတစ်ဦးက မအောင်ရင်အား

''အမေက ကားမောင်းတတ်တာပဲ'' ဟု ပြော၏။ ထိုအခါ အခြား အလုပ်သမားတစ်ဦးက

''ကျုပ်တို့အမေ မတတ်တာ ဘာများရှိလို့လဲဗျာ . . .''ဟု ပြန်ပြောလိုက်လေ၏။ မအောင်ရင်သည် ရင်ဘတ်တွင် ဖဲပွင့်တပ်ထားသောသူ တစ်ဦးအားခေါ်၍ အကျွေးအမွေးစရန် ပြောလိုက်လေ၏။ ထို့နောက် အပေါ်ထပ်သို့ တက်သွားလေ၏။ အပေါ်ထပ်တွင် ထမင်းစားပွဲရှည်ကြီး တည်ခင်းထား၏။ ဟိုတယ်မှ စားပွဲထိုးများသည် စားပွဲထိုးရန် အဆင်သင့် ရပ်နေကြ၏။ စားပွဲထိပ်တည့်တည့်ကုလားထိုင်တွင် မအောင်ရင်ဝင်၍ ထိုင်လိုက်၏။ ၎င်း၏ ညာဘက်ခုံတွင် အောင်ကျော်မ ထိုင်၏။ အခြားသော ထိပ်တစ်ဖက်တွင် သူဌေးဦးမြို့ထိုင်၏။ မအောင်ရင်


BURMESE CLASSIC .com

www.burmeseclassic.com


၏ လက်ဝဲဘက်တွင် မိမိကြီးထိုင်၏။ မိမိကြီး၏ဘေးခုံတွင် ကိုပိုကာ ထိုင်၏။ အခြားခုံများတွင် ဒေါ်ဒွေးဖြူ၊ မြတ်လှနှင့် ဦးမိုက်ပူကြီး ထိုင်၏။ အခြားဖိတ်ကြားထားသော ဧည့်သည်သုံးလေးဦးလည်း ထိုင်ကြကုန်၏။

အားလုံးသည် ဝတ်ကောင်းစားလှများ ဝတ်ထားကြကုန်၏။ မအောင်ရင်တစ်ဦးတည်းသာလျှင် အဝတ်ဟောင်းများ ဝတ်ထား၏။ အဝတ်များမှာ ဟောင်းသော်လည်း သန့်ရှင်းဖြူစင်လှ၏။ ထိုအဝတ်အစားများမှာ ဤအိမ်ကြီးတွင် မအောင်ရင် အိမ်ဖော်အဖြစ် နေထိုင်ခဲ့စဉ်က အဝတ်အစားများဖြစ်၏။ ကိုပိုကာ ဝတ်ထားသော အဝတ်အစားမှာလည်း အဟောင်းပင်ဖြစ်၏။ မတ္တရာဘက်တွင် မိမိကြီး တိတ်တိတ်ပုန်းကလေး မွေးရန်အတွက် ရောက်ရှိစဉ်က ကိုပိုကာသည် ကားဒရိုင်ဘာဖြစ်ခဲ့၏။ ထိုစဉ်က ဝတ်လေ့ဝတ်ထရှိသော အောက်တွင် ကြိုးစည်းပါသည့် ဘောင်းဘီပွပွကြီးကို ဝတ်ထားခြင်းဖြစ်၏။ ထို ဘောင်းဘီကြီးမှာ ကိုပိုကာဆပ်ကပ်ထဲတွင် ကလောင်းလုပ်စဉ်က ဝတ်ခဲ့သော ဘောင်းဘီကြီးပင်ဖြစ်၏။ အင်္ကျီမှာလည်း လက်စည်းပါသော အင်္ကျီပွပွကြီးဖြစ်၏။

ဦးမြို့သည် အူကြောင်ကြောင်နှင့် မအောင်ရင်အား လှမ်း၍ကြည့်၏။ ထို့အတူ ဒေါ်ခင်မမနှင့် မိမိကြီးကလည်း မအောင်ရင်ကို လှမ်း၍ကြည့်၏။ မအောင်ရင်သည် ထိုင်ရာမှ ထလိုက်ပြီးလျှင်

"အခု ပြုလုပ်တဲ့ ညစာစားပွဲဟာ ကျွန်မ မအောင်ရင်က တည်ခင်း ကျွေးမွေးတာပါ၊ ဘာအတွက် ကျွေးမွေးတာလဲလို့ ဆိုတော့ ဟောဒီ မိန်းကလေးကို ဂုဏ်ပြုတဲ့ညစာစားပွဲပါ..."ဟု စကားစလိုက်


BURMESE CLASSIC .com

လျှင် မျက်စိများသည် အောင်ကျော်မထံသို့ ရောက်သွားကြလေ၏။

''ဒီမိန်းကလေးဟာ အင်္ဂလန်နိုင်ငံ တက္ကသိုလ်တစ်ခုက ဒေါက်တာဘွဲ့ယူပြီး ပြန်လာတာပါ၊ ဒေါက်တာအောင်ကျော်မလို့ ခေါ်ပါတယ်၊ သူ့ကို မွေးပြီးပြီးချင်း သူ့အမေက အမှိုက်ပုံကို ပစ်နိုင်းပါတယ်၊ ဒီကလေးဟာ အမှိုက်ပုံမှာပဲ အအေးမိလို့ဖြစ်စေ၊ ခွေးစားလို့ဖြစ်စေ ဇီဝိန်ကြွေသွားရမယ့် ကလေးပါ၊ သူ့ကို သွားပစ်ဖို့ တာဝန်ယူရတဲ့ လူကတော့ ဟောဒီလူပါပဲ၊ သူ့နာမည်ကကိုပိုကာတဲ့၊ ကိုပိုကာက မပစ်ဘဲ ကျွန်မကိုလာပြီးပေးပါတယ်၊ အဲဒီအခါမှာ ကျွန်မဟာ ဒီကလေးကို မွေးဖို့စရိတ်တွေလိုပါတယ်၊ အဲဒါကြောင့် သူဌေးဦးမြို့ရဲ့ ဟောဒီ အိမ်ကြီးမှာလာပြီး အိမ်စေလုပ်ရပါတယ်၊ ကျွန်မသာ မမွေးခဲ့ရင် ဒီကလေးမလေးဟာ ဒီလောကကြီးထဲကို လာခြင်း ကောင်းခဲ့သော်လည်း ပြန်ခြင်းမကောင်းနိုင်ပါဘူး၊ အဲဒီလာခြင်းကောင်းတဲ့ သမီးလေး အောင်ကျော်မကို ကျွန်မဟာ ဒီအခြေအနေရောက်အောင် ကြိုးစားပြီးမွေးခဲ့ပါတယ်၊ ဒါကြောင့်လာခြင်းကောင်းတဲ့ အောင်ကျော်မဟာ ဒေါက်တာအောင်ကျော်မ ဖြစ်သွားပါပြီ၊ သူ့ကို စွန့်ပစ်ခဲ့တဲ့ မိခင်ဟာ ကျွန်မရဲ့ ဘယ်ဘက်မှာ ထိုင်နေတဲ့ မိမိကြီးပါပဲ၊ ကျွန်မ အခုလိုပြောရတာဟာ မိမိကြီးကို အရှက်ခွဲချင်လို့မဟုတ်ပါဘူး၊ လူဆိုတဲ့ သတ္တဝါတစ်ဦးရဲ့ တန်ဖိုးကို အသိအမှတ်ပြုစေချင်လို့ပါ၊ ဒီ စက်ရုံကြီးရော၊ ဒီအိမ်ကြီးရောကို ကျွန်မ ပိုင်ပါတယ်၊ ဝတ်လုံတွေလည်း ခေါ်ထားပါတယ်၊ ဒီပစ္စည်းတွေရော တာမွေမှာရှိတဲ့ ဘီစကွတ်စက်ရုံရော၊ အင်းစိန်မှာရှိတဲ့ မော်တော်ကားတွေနဲ့ အဝေးပြေးလုပ်ငန်းရောကို ကျွန်မရဲ့ မွေးစားသမီးလေး ဒေါက်တာအောင်ကျော်မကို



BURMESE CLASSIC .com

www.burmeseclassic.com


အများလူကြီးမင်းများရဲ့ ရှေ့မှောက်မှာ အမွေလွှဲအပ်လိုက်ပါပြီ . . .''
ဟု ဆိုလိုက်သည်နှင့် ဝတ်လုံတော်ရတစ်ဦးသည် ဖိုင်တွဲတစ်ခုကို ယူလာပြီးလျှင် မအောင်ရင်၏ရှေ့၌ ဖွင့်လေ၏။ ထိုဖိုင်တွဲမှာ စာချုပ်များ ထည့်ထားသော ဖိုင်တွဲဖြစ်၏။ မအောင်ရင်သည် စာချုပ်များပေါ်တွင် လက်မှတ်ရေးထိုး၏။ အောင်ကျော်မနှင့် သက်သေများလည်း လက်မှတ်ရေးထိုးကြ၏။ ပြီးလျှင် စာချုပ်များကို အောင်ကျော်မလက်သို့ အပ်လိုက်လေ၏။ ထို့နောက် မအောင်ရင်က

''နောက်ပြောဖို့ ကျန်တဲ့ စကားကတော့ သမီးအောင်ကျော်မဟာ ဒီအိမ်ကြီးမှာ ဘိုးဘိုးကြီး ဦးမြို့ရယ်၊ ဘွားဘွားကြီး ဒေါ်ခင်မမရယ်၊ မိခင်ရင်း ဒေါ်မိမိကြီးရယ်၊ မိခင်ရဲ့ချစ်သူ ဦးပိုကာရယ်ကိုထားရမယ်၊ တာဝန်ယူရမယ်၊ အဲဒါ အမေ့ဆန္ဒပဲ၊ တစ်ဆက်တည်းမှာ ပြောချင်တာက ကိုပိုကာနဲ့ မိမိကြီးတို့လည်း မကြာခင်မှာ မင်္ဂလာဆောင်ကြမှာဆိုတော့ မင်္ဂလာရှိတဲ့ ဒီအချိန်၊ ဒီနေရာမှာပဲ သူတို့နှစ်ယောက်ကို အကြင်လင်မယားအဖြစ် အသိအမှတ်ပြုလိုက်ကြရအောင်လားရှင် . . .''
ဟု ပြောလိုက်လျှင် အားလုံး လက်ခုပ်တီးလိုက်ကြလေ၏။ ထိုအခါ၌ ကိုပိုကာသည် ကုလားထိုင် လက်တန်းပေါ်တွင် လက်နှစ်ဖက်ကို ထောက်ကာ ဆတ်ခနဲ ကင်းမြီးကောက်ထောင်လေတော့၏။ ပြီးလျှင် ကင်းမြီးကောက်ထောင်လျက်သားနှင့်ပင် ရှုပ်ပွလျက်ရှိသော ပန်းကန်ခွက်ယောက်များကို ရှောင်တိမ်းရင်း ထမင်းစားပွဲပေါ်၌ ဟိုမှဒီမှ လျှောက်သွားနေလေ၏။ မိမိကြီးကမူ

''အို . . . ကိုပိုကာရယ် . . .၊ ဘာလုပ်တာလဲ''ဟု မေးလိုက်လေ၏။ ကိုပိုကာသည် ကင်းမြီးကောက်ထောင်ရာမှ ခုန်ထွက်၍


BURMESE CLASSIC .com

စားပွဲဘေးတွင် မတ်တပ်ရပ်လိုက်၏။ ပြီးလျှင် ပရိသတ်ကို ခါးညွတ်၍ အရိုအသေပေးပြီးနောက်

''ဒီလိုပါ ကျွန်တော်က ဆပ်ကပ်ထဲက ကလောင်းတစ်ယောက်ပါ၊ ကျွန်တော့်ကို လူတစ်ယောက်က နှိမ်လိုတဲ့အတွက် 'ထမင်းတစ်လုတ်စားရဖို့ မျောက်လွှဲကျော်လို ကင်းမြီးကောက်ထောင်နေရတဲ့ လူစားမျိုး'လို့ ပြောဖူးပါတယ်၊ အဲဒီစကားကို အမှတ်ရလို့ အခုလို ထမင်းစားခါနီးမှာ ကင်းမြီးကောက်ထောင် ကြည့်တာပါ၊ မထောင်ရတာကြာလို့ လုပ်မှလုပ်နိုင် သေးရဲ့လားလို့စမ်းကြည့်တဲ့ သဘောပါ၊ ဒါပေမဲ့ ကလောင်းဟာ ကလောင်းပါပဲ . . .''ဟု ပြောလိုက်လျှင် ကြားရသူအပေါင်းသည် လက်ခုပ်လက်ဝါးတီးကြလေ၏။ မိမိကြီးတစ်ဦးသည်သာလျှင် တစ်ချက်မဲ့၍ သွားလေ၏။ ထို့နောက် မအောင်ရင်က

''သမီး အောင်ကျော်မ၊ ဘိုးဘိုးတို့ ဘွားဘွားတို့ မေမေတို့ ဦးဦး တို့ကို သမီးအိမ်မှာနေဖို့ ဖိတ်ခေါ်ပေတော့ . . .''ဟု ပြောလိုက်လျှင် အောင်ကျော်မသည် ထိုင်ရာမှ ထသွားပြီးလျှင် ဦးမြို့အားလည်းကောင်း၊ ဒေါ်ခင်မမအား လည်းကောင်း၊ မိမိကြီးအားလည်းကောင်း၊ ကိုပိုကာအား လည်းကောင်း လက်အုပ်ချီ၍ ကန်တော့ပြီးလျှင် ဤအိမ်ကြီး၌ပင် နေထိုင် ကြရန်ပြောလေ၏။ ထို့နောက် ပျော်ရွှင်စွာစားသောက်ကြလေ၏။ ပြီးလျှင် ၎င်းတို့သည် ခြံတွင်းသို့ဆင်းကာ အလုပ်သမားများကို နှုတ်ဆက်ကြလေ၏။

အလုပ်သမားများသည် မအောင်ရင်အား လာရောက်ကန်တော့ကြကုန်၏။ မအောင်ရင်သည် ထိုည၌ပင် ကုလားမ၊ သန်းသန်း၊

www.burmeseclassic.com


သန်းမောင်၊ မြတ်လှ၊ စိန်ဝင်းမောင်တို့အား ဘဝတွင် ရပ်တည်နိုင်ရန် ပမာဏရှိသော ငွေကြေးများကို ချက်လက်မှတ်ရေးထိုး၍ အမွေပေးလေတော့၏။ အားလုံးလည်း ပျော်ရွှင်သွားကြကုန်၏။ ထို့နောက် မှော်ဘီသို့ ပြန်ခဲ့လေတော့၏။

မအောင်ရင်၏ ထမင်းဆိုင်ကြီးကိုမူ ကုလားမနှင့် သန်းသန်းကို လွှဲပေးလိုက်ပြီဖြစ်၏။ သန်းမောင်မှာမူ တက္ကစီကားတစ်စီး ဝယ်ယူ၍ တက္ကစီဆွဲနေပြီဖြစ်၏။ ဦးမြို့၊ ဒေါ်ခင်မမတို့သည် ၎င်းတို့နေခဲ့သော အိမ်ကြီးပေါ်တွင် ချမ်းသာစွာပြန်၍နေရပြီဖြစ်သဖြင့် ဘဝကို အကျေနပ်ကြီး ကျေနပ်နေကြလေ၏။


အထူးမှာ ငွေဂုဏ်မောက်သော မိမိကြီးသည် သူ၏မောက်မာမှုများ အပြီးတိုင်ကြေလွင့်သွားပြီဖြစ်ရာ နှိမ့်ချသိမ်မွေ့သော အမျိုးသမီးကောင်းလေးတစ်ဦးဖြစ်သွားပြီဖြစ်၏။

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီး လအတန်ငယ်ကြာသော အခါ၌ ပြည်–ရန်ကုန်ကားလမ်းရှိ မှော်ဘီမြို့လေး၏ ပြည်ဘက်မှ ဝင်လာသော မြို့အဝင် ဆိုင်းဘုတ်အနီးတွင် ကျယ်ဝန်းသော ခြံကြီးတစ်ခြံကိုတွေ့ရမည်ဖြစ်၏။ ထိုခြံကြီးထဲတွင် နီညိုရောင်ဝတ်စုံ ဝတ်ထားသော မိန်းမတစ်ဦးနှင့် အဘွားကြီးတစ်ဦးမှာ လမ်းလျှောက်နေသည်ကိုလည်းကောင်း၊ တံမြက်စည်းလှည်းနေသည်ကိုလည်းကောင်း ကားဖြင့်ဖြတ်သွားသော ခရီးသည်တို့ တွေ့ကြရမည်ဖြစ်၏။

ထိုနှစ်ဦး၏ မလှမ်းမကမ်းတွင်လည်း နီညိုရောင်ဝတ်စုံဝတ်ထားသော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ ဆွတ်ဆွတ်ဖြူလျက်ရှိသော အဘိုးကြီးတစ်ဦးကိုလည်း တွေ့ရမည်ဖြစ်၏။


BURMESE CLASSIC .com

ထိုမိန်းမနှစ်ဦးအနက် အသွားကြီးမှာ ဒေါ်ဒွေးဖြူကြီး ဖြစ်သည် ဆိုသည်ကိုလည်းကောင်း၊ အဘိုးကြီးမှာ ဦးဗိုက်ပူကြီး ဖြစ်သည် ဆိုသည်ကို လည်းကောင်း၊ ကျန်မိန်းမတစ်ဦးမှာ ဣဝတ္တု၏ ဇာတ်လိုက်ဖြစ်သော မအောင်ရင်ဖြစ်မည်ဆိုသည်ကိုလည်းကောင်း ဖော်ပြရန်မလိုတော့ပါ။





BURMESE CLASSIC .com

www.burmeseclassic.com

